www.burmeseclassic.com

# မယ်မင်းဘို

ပင်လယ်အအေးပတ်အောင်

ချစ်သူ့ကလေစိမ်းတိုက်လေသည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# မယ်မင်းတို့




www.burmeseclassic.com

www.burmeseclassic.com



## အဖွင့်

သို့

ချစ်သူ ...

ကိုယ် သတိရလွမ်းဆွတ်စွာနဲ့ စာရေးလိုက်ပါတယ်။ အချစ်က တကယ်နေနိုင်တယ်ကွာ။ ကိုယ့်ကို ဖုန်းလေး တစ်ချက်တောင် ဆက်ဖော်မရဘူး။ ကိုယ့်ကို မေ့သွားပြီလား ဟင် ? ။ ဒါမှမဟုတ် နောက်တစ်ယောက်များ အသစ် တွေ့နေလို့လား။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ကိုယ်ကတော့ နေ့တိုင်း လွမ်းနေတယ်။ အချိန်ရတယ်ဆို ကိုယ့်ဆီ ဖုန်း လေး ဘာလေး ဆက်ပါဦး။

ချစ်တဲ့

ချမ်း။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းသည် စာကိုဖတ်ပြီးသွားသည့်နောက်တွင်တော့ နားမလည်စွာဖြင့် ခေါင်းကို အသာယမ်းမိသည်။ စာတိုက်ကတစ်ဆင့် ပို့လိုက်တဲ့စာဟာ စိမ့်ပန်း နာမည်နဲ့လာတာ ဖြစ်ပေမယ့် ဒီစာဟာ စိမ့်ပန်းနဲ့ သက်ဆိုင်မှု မရှိပါ။ စာရေးတဲ့ "ချမ်း" ဆိုတာကိုလည်း စိမ့်ပန်း မသိချေ။ ပြီးတော့ စိမ့်ပန်းမှာလည်း ချစ်သူဆိုတာ မရှိပါချေ။

အခုစာက ချစ်သူကိုလွမ်းလို့ သတိရကြောင်း ရေးလိုက်တဲ့စာဖြစ်တာကြောင့် အတော်အံ့ဩရသလို စာပါအကြောင်းအရာနှင့် စာရေးတဲ့သူကို စိမ့်ပန်း တကယ်ကိုပဲ လုံးဝမသိချေ။ ဘယ်သူများပါလိမ့်။ စိမ့်ပန်း နာမည်ရယ် လိပ်စာရယ်ကပါ တိတိကျကျ ရေးထားတာမို့ စာမှားရောက်လာတာလည်း မဖြစ်နိုင်ပါ။ စိမ့်ပန်းသည် ပဟေဠိအတွက် စဉ်းစားခန်းဖွင့်နေရပေသည်။

"စာထဲကအတိုင်း ဆိုရင်တော့ ကောင်လေးက နင့်ကို တော်တော်ချစ်ရှာတဲ့ပုံပဲ။ ဟဲ့ ... မိန်းမ၊ အမှန်အတိုင်းဖြေနော်၊ ဒါ နင် ရန်ကုန်မှာထားခဲ့တဲ့ ရည်းစားလား"

"ဟယ် ... ပေါက်တတ်ကရ။ မရှိပါဘူးဟယ်။ ငါ ရန်ကုန်ဆင်းတိုင်း နင်တို့နှစ်ယောက် အမြဲတမ်းပါနေတဲ့ဟာ။ ဘယ်လိုရည်းစားထားမလဲ။ ပြီးတော့ ငါ အဲဒီလူကိုလည်း တကယ်မသိရပါဘူးဟာ"





"ဒါဆိုရင်တော့ တော်တော်ထူးဆန်းသွားပြီ။ နင်က အဲဒီလူကို လုံးဝမသိဘူး။ အဲဒီလူကကျတော့ နင့်ကိုချစ်သူတွေဘာတွေ ကောက်ခေါ်ပြီး စာတောင် လှမ်းရေးတယ်ဆိုတော့ ဘာကြီးလဲ။ တမင်တကာ ဦးနှောက်စားအောင်ပဲ နှောက်တာများလား"

ပီယစကားက အများကြီး ဖြစ်နိုင်ချေရှိတာမို့ လောလောဆယ်မှာ အဲဒီအတိုင်းပဲ လက်သင့်ခံရတော့မှာဖြစ်သည်။

"အင်း ... ဟုတ်မယ် ထင်တာပဲ။ ဒါ တစ်ယောက်ယောက် လက်ကလိပြီး ပို့လိုက်တာဖြစ်မယ်။ ထားလိုက်ပါဟာ ... အဲဒီအကြောင်းတွေ ခေါင်းထဲထည့်မနေနဲ့တော့"

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



သို့

ချစ်သူ ...

မနေ့က မင်းရဲ့ဓာတ်ပုံလေးကို ကိုယ်ထုတ်ကြည့်ပြီး မင်းကို အရမ်းလွမ်းနေခဲ့တာ။ ကိုယ့်ဘဝမှာ ဘယ်တော့မှ စွန့်လွှတ်လို့မရမယ့် စိတ်တစ်ခုရှိတယ်။ အဲဒါက စိမ့်ပန်းကိုချစ်တဲ့စိတ်ပဲ။ တကယ်ပါကွာ ... အခုလို ကိုယ်တို့ဝေးနေလည်း ကိုယ်ကတော့ ချစ်ဆဲပဲ။ စိမ့်ပန်းလည်း ကိုယ့်ကို လွမ်းနေလိမ့်မယ်လို့ ကိုယ်မျှော်လင့်ပါတယ်။ အချိန်ရတယ်ဆို ကိုယ့်ဆီ ဖုန်းလေး ဘာလေး ဆက်ပါဦး။

ချစ်တဲ့

ချမ်း။

စာကို အစအဆုံးဖတ်ပြီးသွားသောအခါ စိမ့်ပန်းတို့တတွေသည် ခေါင်းကိုတွင်တွင်ယမ်းကာ ဒီပဟေဠိအတွက် ရေလည်စားနေရပါသည်။





"မဟုတ်ဘူး ... လုံးဝမဟုတ်တော့ဘူး။ သူက ဘယ်သူလဲ။ ငါ့ကို ပိုင်စိုးပိုင်နင်း ချစ်သူလို သဘောထားပြီး ဘာကိစ္စ ဒီစာတွေ ပို့နေရတာလဲ ...

ကျစ် ... လုံးဝအဓိပ္ပာယ်မရှိဘူး"

"နင် အဲဒီလူနဲ့ တကယ်ပဲ မပတ်သက်ပါဘူးနော်"

"ဒုက္ခပါပဲဟယ်။ မပတ်သက်ပါဘူးဆို ငါ အဲဒီလူကိုလည်း မသိဘူး။ တောက် ... စိတ်အနှောင့်အယှက် တော်တော်ပေးတဲ့သူပဲ။ ငါ့ဓာတ်ပုံကို သူက ဘယ်ကဘယ်လို ရရတာလဲ။ ကျစ် ... ဘာလဲဟာ"

စိမ့်ပန်းက ဒီစာကြောင့် အနှောင့်အယှက်က တော်တော့်ကို ဝင်တာပဲဖြစ်သည်။ ဒီစာဟာ အခုဆို ဒုတိယမြောက်စာပဲဖြစ်သည်။ ဘာမှန်းညာမှန်း မသိဘဲ ရောက်,ရောက်လာတဲ့ ဒီစာဟာ စိမ့်ပန်း သူငယ်ချင်းတွေရဲ့ သို့လော သို့လော ထင်ကြေးကို ခံရလေသည်။ တောက် ... အရမ်းဒေါသဖြစ်ဖို့ ကောင်းတာပဲ။

"စာက ရန်ကုန်ကနေ ပို့လိုက်တာဆိုတော့ အဲဒီလူက ရန်ကုန်မှာ နေတာပဲဟ။ ခက်တာက သူ့လိပ်စာလည်း အတိအကျ မရေးထားဘူး။ အဲဒီ ချမ်းဆိုတဲ့ကောင်က ဘာသဘောနဲ့ ဒီစာပို့ရတာလဲ။ အင်း ... ရှီးရှီးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်တော့ သူ့ချစ်သူကို အရမ်းလွမ်းကြောင်းရေးထားတဲ့စာမျိုးပဲဆိုတော့ ဒါ စိမ့်ပန်းရည်းစားမို့လို့ပေါ့”

ရွှေဆင်းကပါဝင်ပြီး မှတ်ချက်ပေးလေလျှင် စိမ့်ပန်းမှာ ထိုင်တောင် ငိုချင်စိတ် ပေါက်သွားရသည်။ ဒုက္ခပါပဲ ... မဟုတ်ရပါဘူး။ ရှင်းလို့လည်း မရတော့ပါဘူးဟယ်။

“ဟဲ့ ... နင်တို့ ထင်ရာမပြောစမ်းပါနဲ့ဟယ်။ ငါ အဲဒီလူကို တကယ်မသိတာပါဟာ။ သူနဲ့ ဘာမျိုးမှလဲ မပတ်သက်ဘူး။ ဟား ... ဘယ်ကောင် လက်ကမြင်းပြီး စာတွေလာလာပို့နေလဲ မသိဘူး”

“ထူးတာကတော့ ထူးဆန်းတယ်ဟဲ့။ ဒီစာတွေဟာ အကြောင်းမဲ့သက်သက်တော့ စိမ့်ပန်းဆီ ရောက်လာတာ မဖြစ်နိုင်ဘူး။ အဲဒီ ချမ်းက နင့်ကို ကျိတ်ကြိုက်နေတာလား မသိဘူးနော်”

ဘာတွေမှန်းမသိတဲ့ အတွေးတွေ လျှောက်တွေးရင်းဖြင့် စိမ့်ပန်းတို့မှာလည်း အရူးဖြစ်ရသည်။ ဘယ်ကလာမှန်းမသိ၊ ဘယ်သူရေးမှန်းမသိတဲ့စာဟာ စိမ့်ပန်းအတွက်တော့ ကြီးစွာသော အနှောင့်အယှက် ဖြစ်ပါသည်။

✣ ○ ✣





သို့

ချစ်သူ ...

ကိုယ့်ကိုမေ့နေပြီလား။ ကိုယ်ကတော့ မင်းကိုအမြဲတမ်း လွမ်းနေတယ်။ ဒီနေ့ကိုယ် YKKO ရောက်ဖြစ်တယ်။ အဲဒီရောက်တော့ စိမ့်ပန်းကို အရမ်းသတိရသွားတာပဲ။ စိမ့်ပန်းက ရန်ကုန်လာတိုင်း YKKO မှာ ပင်လယ်စာကြေးအိုး အမြဲစားတတ်တယ်လေ။ ပင်လယ်စာ ဘယ်လောက်ပဲ ဟိုမှာစားရစားရ စိမ့်ပန်းက ရန်ကုန်ရောက်လည်း ပင်လယ်စာကြေးအိုးပဲစားတဲ့ ကောင်မလေး ဘယ်တော့ ရန်ကုန်လာမှာလဲဟင်။ ကိုယ် မျှော်နေတယ်ဆိုတာ သတိရပေးပါ ချစ်ရယ်။ အချိန်ရရင် ကိုယ့်ဆီ ဖုန်းဆက်ပါဦး။

ချစ်တဲ့ ...

ချမ်း။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တော့ဘူး စိမ့်ပန်း။ နင် ဘယ်လိုငြင်းငြင်း ဒါ နင့်ရည်းစားဆိုတာ ထင်ရှားနေပြီ။ ရန်ကုန်မှာ နင် ဘာ ကြေးအိုးစားတယ်ဆိုတာကအစ သူ သိတယ်ဆိုကတည်း က ဒါ နင့်ဘဲဆိုတာ Sure ပဲ"

"ဟုတ်တယ် စိမ့်ပန်း။ အခုမှတော့ ရှက်မနေပါနဲ့တော့ဟာ။ သူ့ခမျာ နင့်ကို တော်တော်လွမ်းနေရှာတယ်ထင်တယ်။ သနားပါတယ်ဟယ်။ ဖုန်းလေး ဘာလေးဆက်ပါဦး"

စိမ့်ပန်းသည် ဟိုမိန်းမနှစ်ယောက်ရဲ့ တစ်ယောက် တစ်ပေါက် စွပ်စွဲချက်တွေကို ဖြေရှင်းဖို့အတွက် လေပူတစ်ချက်ကို မှုတ်ထုတ်ကာ မျက်လုံးတွေကို အသာမှေးကျဉ်းလိုက်တော့သည်။ တောက် ... ဒီလူဟာ တရားလွန်နေပြီ။ တစ်ပတ်ကိုတစ်စောင်လာတဲ့ ဒီစာဟာ အခုဆို တတိယမြောက်စာဖြစ်သည်။ အခုဆို စိမ့်ပန်းရဲ့ personal တွေပါ ပါလာပြီဆိုတော့ သိပ်အစွန်းရောက်သွားပြီဖြစ်၏။

"ငါ သူနဲ့ ဘာမှမပတ်သက်ဘူးလို့ ပြောထားပြီးပြီ။ အဲဒီလူကို ငါ တကယ်မသိရပါဘူးဟာ။ ပြီးတော့ နင်တို့ထင်သလို ငါ့ရည်းစား မဟုတ်ရပါဘူး။ ငါ့ရည်းစားသာဆို





ငါ ဒီလို နင်တို့ကို ပြောပြပါ့မလား၊ ဒိုင်လျှိုဖုန်းဆက်လိုက်မှာပေါ့။ နည်းနည်းပါးပါးလေးလည်း စဉ်းစားကြပါဦး ပီယနဲ့ ရွှေဆင်းရယ်။ ငယ်ငယ်လေးကတည်းက ပေါင်းလာတဲ့ ငါ့စိတ်ကို နင်တို့ မသိဘူးလား။ ငါက ရည်းစားခိုးထားရမယ့် အရွယ်လား။ တကယ်ကို သူက ငါ့ရည်းစား မဟုတ်ရပါဘူးဟယ်"

"နင်ကသာ မဟုတ်ဘူး ဖင်ပိတ်ငြင်းနေတာ။ တစ်ပတ်တစ်ခါ ရောက်လာတဲ့ ဒီစာတွေထဲက စကားတွေက တကယ်ကြီးအတိုင်းပဲဟ။ ငါတို့လည်း ဝေခွဲရခက်ခက်ပဲ။ နင်ကလည်း မဟုတ်ပါဘူး ငြင်းတယ်။ ဟိုကလည်း နင် ရန်ကုန်ရောက်ရင် YKKO မှာ ပင်လယ်စာကြေးအိုးစားတယ်ဆိုတာ သိရုံတင်မကဘူး။ နင် ပြောပြောနေကြ ဟိုမှာ ပင်လယ်စာ ဘယ်လောက်ပဲ စားရစားရ ရန်ကုန်ရောက်လည်း ပင်လယ်စာကြေးအိုးပဲဆိုတဲ့ စကားကိုပါ သူ သိနေတယ်လေ"

စိမ့်ပန်းက ခေါင်းရှုပ်စွာဖြင့် ဆံပင်တွေကို လက်ညှိုးဖြင့် ခွေလိမ်နေရင်း ထောက်ပြရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကြေးအိုးစားတိုင်း နင်တို့နှစ်ယောက် ပါနေတာပဲလေ။ ဘယ်တုန်းကများ ငါတစ်ယောက်တည်း သွားစားဖူးလို့လဲ။ ဒီလူက ဒီစကားတွေပါ သိနေတယ်ဆိုတော့ ထူးဆန်းတာတော့ အမှန်ပဲ။ ဒါပေမဲ့ ငါကလည်း အဲဒီစကားကို နင်တို့ကိုပဲ ပြောတာဆိုတော့"

စိမ့်ပန်းက ဘာကိုရည်ရွယ်လိုက်တယ်ဆိုတာကို ဒက်ခနဲ တန်းသိလေတဲ့ မိန်းမနှစ်ယောက်က အကြောက်အကန် ငြင်းကာ ...

"ဟော့ ... ဟော့ ... ဘာမှ ငါတို့ဘက် ပတ်မယမ်းနဲ့။ ငါတို့က သူငယ်ချင်းကို သစ္စာမဖောက်ဘူးဟေ့။ ကျိုင်လာမရစ်နဲ့နော် အဘွားကြီး။ နင် ဘာပြောတာလဲ ငါသိတယ်။ နင့်ကျိုင်က ငါတို့ကျိုင်လာမပတ်နဲ့"

စိမ့်ပန်းက စိတ်ရှုပ်နေတဲ့ကြားက တဟားဟားနှင့် သဘောကျစွာ ရယ်မိသွားတော့သည်။ ပြီးတော့ ဘာမှန်းမသိတဲ့ ကိစ္စအတွက်လည်း ထိုင်ပြီးစိတ်ရှုပ်မခံချင်တော့ပေ။

အဲဒီအတွက် အဲဒီပဟေဠိကို အဲဒီမှာပဲ ကိစ္စဖြတ်လိုက်တော့သည်။





"ထားလိုက်စမ်းပါဟာ၊ ဒီကိစ္စကို ခေါင်းထဲထည့်မနေနဲ့။ သူက ငါ့ရည်းစားလည်း မဟုတ်တဲ့အတွက် ငါလည်း ဘာမှမဖြစ်ဘူး။ သူ့ဘာသာ သူရူးလို့ပို့တာ ပို့ပလေ့စေ။ ငါကတော့ don't care ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့

ချစ်သူ ...

ကိုယ့်ကို အဆက်အသွယ်မလုပ်ဘဲ ဘာလို့ပစ်ထားရတာလဲ။ ကိုယ် ဘာများ အမှားလုပ်မိလို့လဲ။ ကိုယ်တောင်းပန်ပါတယ် စိမ့်ပန်းရယ်။ ကိုယ့်ကို တစ်ခုခု တုံ့ပြန်ပါ။ ဒီနေ့က စိမ့်ပန်းအမေရဲ့ဘတ်ဒေးမှလား။ စိမ့်ပန်းပြောပြထားလို့ ကိုယ် မှတ်ထားတယ်နော်။ အန်တီ့ကိုလည်း ကိုယ်က HAPPY BIRTHDAY ပါလို့။ စိမ့်ပန်းရယ် ... ကိုယ့်ကို အချိန်နည်းနည်းလေးပေးပြီး ဖုန်းပြောခွင့်ပေးပါကွာ။ ကိုယ် တကယ်လွမ်းနေလို့ပါ။

ချစ်တဲ့

ချမ်း။





စာဖတ်ပြီးသွားသည့် နောက်မှာတော့ စိမ့်ပန်းသည် ဘာပြောရမှန်း မသိလောက်အောင်ကို အံ့ဩရလေသည်။ သူက ဒီနေ့ စိမ့်ပန်းမေမေ မွေးနေ့ကိုတောင် သိနေတယ်။ သူ ဘယ်သူလဲ။ ဘာကိစ္စ စိမ့်ပန်းဆီကို တစ်ပတ်တစ်ခါ စာတွေပို့ပို့ပေးနေရတာလဲ။

"စိမ့်ပန်း ... ဘာလဲတော့ မသိဘူးနော်။ သူ့ကြည့်ရတာ တကယ်ကြီးခံစားပြီး ရေးထားတဲ့ပုံပဲ၊ ပြီးတော့ အန်တီ့ဘတ်ဒေးကအစ သူသိနေတာတော့ အရမ်းထူးဆန်းလွန်းနေတယ်။ ဒါ နင်ပြောမှသိမယ့် စကားတွေချည်းပဲနော်"

"အေးဟာ ... ငါလည်း ဘာပြောရမှန်းကို မသိတော့ဘူး။ အရမ်းကို ထူးဆန်းနေတယ်။ သူက ဆိုက်ကိုလား မသိဘူးနော်။ ငါ တော်တော် အာရုံနောက်လာပြီဟာ"

"အင်းနော် ... သူက နင့်ဘဲ မဟုတ်တာ သေချာရင်တော့ စိတ္တဇအချစ်ရူးပဲ ဖြစ်ရမယ်"

ပီယရဲ့ကောက်ချက်ချမှုအတွက် စိမ့်ပန်းဟာ ကျောထဲက စိမ့်ခနဲတောင် ဖြစ်သွားရပေသည်။ သူဟာ တကယ်ပဲ စိမ့်ပန်း မသိတဲ့ အစိမ်းသက်သက်ဖြစ်၏။ ဘာအဓိပ္ပာယ်၊ ဘာ ရည်ရွယ်ချက်နဲ့ ဒီစာတွေ ပို့နေသလဲ ဆိုတာကတော့ သူမှပဲ သိနိုင်ပေလိမ့်မည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရေ ...

နင့်ရဲ့ ချိုချိုခါးခါး အမှုအကျင့်တိုင်းကို

ငါက လိုလိုလားလား မက်မောနေရသူပါ။

နင့်အတွက် ရက်ရာဇာတွေ ပန်ဆင်းပေးဖို့

ငါက ဘာပဲဖြစ်ဖြစ် ဖြစ်ပါစေကွာ။



၁

ဝီရသည် စာတိုက်ပုံးထဲကို စာထည့်ပြီးနောက်မှာတော့ ကျေနပ်ကြည်နူးစွာ ပြုံးလိုက်မိသည်။ သူ့ရဲ့လုပ်ရပ်ဟာ အရမ်းကို ရိုမန့်စ်ဖြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ် မှတ်ယူလေသည်။ သူ သိပ်ချစ်ရတဲ့ တစ်ပြည်သူမရွှေစိမ့်ပန်း တစ်ယောက်တော့ ရေလည်ခေါင်းစားနေလောက်ပြီဖြစ်သည်။ ဒီလိုမျိုး တစ်ပတ်တစ်ခေါက် ပုံမှန်ပို့ခြင်းအားဖြင့် စိမ့်ပန်း တစ်ယောက်လည်း တော်တော်ခေါင်းစားနေမှာကို သိပေမယ့် သူဟာ ဗျူဟာတစ်မျိုးသုံး၍ စိမ့်ပန်း အနားကို ချဉ်းကပ်ချင်လို့ ဖြစ်ပေသည်။

"ဟိတ်ကောင်ကြီး ... စာထည့်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပြီးသွားပြီကွာ။ အင်း ... ဒီနေ့က ငါးစောင်မြောက်စာဆိုတော့ သူ့နှလုံးသားထဲမှာ နည်းနည်းတော့ ပဟေဠိအဖြေညှိစရာလေးတွေ ဖြစ်နေပါပြီ။ ဒီလိုပဲ တဖြည်းဖြည်းချင်းတော့ ငါ့ကိုခိုက်မှာပါ"

"ဟား ဟား ... ကိုယ်ထင် ခုတင်ရွှေနန်းပေါ့ကွာ။ ဝီရရာ မင်းကလေ တကယ့်ဂေါက်သီး။ ဟိုက မင်းကိုလည်း သိတာမဟုတ်ဘူး။ အဲဒါကို မင်း ဇာတ်လမ်းဘယ်လိုဆက်မလဲ"

သူက တစ်ယောက်တစ်ပေါက်မေးနေကြတဲ့ ဆော်ဒါတွေရဲ့အမေးစကားကို ပြန်မဖြေသေးဘဲ moonsoon သို့ မောင်းချသွားကာ ဟိုရောက်မှ စားသောက်ဖွယ်ရာအစုံစုံ မှာကြားပြီးနောက်မှာတော့ သူတို့စကားဝိုင်းလေးဟာ ချောင်းသာသူလေး စိမ့်ပန်းဆီသွေး အကြောင်းပဲဖြစ်၏။

"ဆက်စမ်းပါဦး သားကြီးရ။ မင်းက ဒီဇာတ်ကို ဘယ်လိုဆက်ရေးမယ် စိတ်ကူးသလဲ"

ဝီရသည် ဘီယာတစ်ငုံသောက်လိုက်ပြီး အာလူးချောင်းကြော်တစ်ဖတ်ကို တူဖြင့်ညှပ်၍ ဝါးစားလိုက်ပြီးမှ ...





"ဘယ်လိုဆက်လုပ်မလဲဆိုတော့ စာတစ်စောင် နှစ်စောင်ထပ်ပို့လိုက်ဦးမယ်။ ပြီးသွားတော့မှ ငါ့ရဲ့လှုပ်ရှားမှုတွေကို ပိတ်ကားထက်မှာ ဆက်ရှုစားတော့"

"ဟား ... လာပြီးလျှို့နေပြန်ပြီ။ ဟေ့ကောင် ... မင်း စိမ့်ပန်းဆီသွေးကို တွေ့ခွင့်ရတာ ငါ့ကျေးဇူးကြောင့်ဆိုတာ မမေ့နဲ့။ ငါသာ ဘတ်ဒေးအတွက် ချောင်းသာသွားဖို့ စပွန်ဆာမပေးဘူးဆို မင်း စိမ့်ပန်းဆီသွေးနဲ့ တွေ့ဖို့အတွက် ဝေးစွခြောက်ပါးပဲ"

ရောင်စင်က သူစပွန်ဆာပေးတာကို ထပြီးမဏ္ဍပ်တိုင်တက်ပြလိုက်လျှင် သူဟာ သဘောကျစွာဖြင့် ရယ်မိသွားသည်။ အဲဒါတော့ ခြွင်းချက်မရှိ ဟုတ်ပါသည်။ ပြီးခဲ့တဲ့ မေလက ရောင်စင်ရဲ့မွေးနေ့အတွက် ချောင်းသာမှာ သွားကဲကြရာ သူတို့ရောက်တဲ့အချိန်မှာ ဟိုတယ်တွေက အခန်းပြည့်နေတာကြောင့် သူ့နှလုံးသားတစ်ခုလုံး လှုပ်ခတ်သွားစေမည့် ရင်ခုန်သံလေးရဲ့ ဟိုတယ်မှာ တည်းဖြစ်သွားရာက ရင်ခုန်သံလေးကို အဲဒီကစလို့ ရင်ခုန်ခဲ့တာဖြစ်သည်။

ပြောရမယ်ဆို သူ့အဖြစ်က နည်းနည်းတော့ကြောင်တယ် ပြောရပါမည်။ သူက ရန်ကုန်သား ဖြစ်ပါသည်။ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကနေ အပန်းဖြေခရီးထွက်လာတဲ့ တစ်ပတ်တာချောင်းသာအစီအစဉ်မှာ သူမကို ဟတ်ထိသွားခဲ့ပေမယ့် ထိုသူမကတော့ သူဆိုတဲ့ကောင် သူမအနားမှာ တဝဲလည်လည် ရှိနေခဲ့တယ် ဆိုတာတောင် သိမယ့်ပုံ မပေါ်ပါ။ သူက ဗျူဟာတစ်မျိုးဖြင့် ရန်ကုန်ပြန်ရောက်တော့ စာတွေပို့ပို့ပေးနေသော်လည်း သေချာစွာ အာမခံနိုင်မည့်အချက်က သူ ဘယ်သူလဲ ဘယ်ကလဲဆိုတာ စိမ့်ပန်းတစ်ယောက် လုံးဝသိမှာမဟုတ်ပါ။

"မင်း ချောင်းသာတော့ ထပ်သွားဦးမှာမှလား"

"အာ ... ချစ်ကြီးကလည်း မေးစရာလားကွ။ ငါ့နှလုံးသားက ချောင်းသာမှာရှိတဲ့ဟာ သွားရမှာပေါ့။ ငါက သူ့မျက်နှာလေးကို မြင်ချင်လှပြီကွ။ လောလောဆယ်တော့ ချောင်းသာလစ်လို့ မရသေးဘူး။ ဟိုကောင် သီဟက MBA ကိုကိုလုပ်ချင်တာနဲ့ ဩစီလစ်သွားတော့ ဒီမှာ အလုပ်တွေကို ငါပဲဦးစီးနေရတာကွ။ လောလောဆယ်တော့ သွားလို့မရသေးဘူး"

"အေးကွာ ... အဲဒီတော့ မင်း ဂွမ်းနေရတာပေါ့။ ဒါပေမဲ့ သီဟ မင်းအတွက် try ပေးထားတာတွေ အများကြီးပါ။ စိမ့်ပန်းဆီရဲ့ data အားလုံးနီးပါး သူပဲ ချောင်းသာမှာ





inquisitor (စုံစမ်းသူ)လုပ်ပေးတာပဲ။ မင်းက အဆင်သင့်ပါပဲကွာ။ ဟဲ ... ဟဲ ... ဒီကောင်ကြီးက မင်းဒုက္ခမခံချင်လို့ မြန်မြန်ဩစီလစ်တာဖြစ်မယ်"

သူတို့က သီဟ အကြောင်းကို ပြောနေရင်းကမှ သီဟကို သတိရနေတုန်း ရောင်စင်က ဝင်မေးလေသည်။

"ဒါနဲ့ မေးရဦးမယ်။ သီဟ မင်းကို စုံစမ်းပေးတဲ့ထဲမှာ စိမ့်ပန်းဆီသွေး ဟန်းဖုန်းနံပါတ်ပါတယ်မှလား။ အဲဒါ ဘာလို့ ဖုန်းမဆက်တာလဲ

"အာ ... ရိုးတယ်ကွာ။ ဖုန်းဆက်ပြီး အီတာတွေက လူတိုင်းလုပ်နေကြပါပြီကွာ။ တစ်ခါတလေမှာ ရှေးရှေးတုန်းက စနစ်အတိုင်း စာရေးပြီး ရင်ခုန်အောင်လုပ်ရတယ်ကွ။ နောက်ပြီး ငါက သူ့ကို သူ့ဘဲပုံစံနဲ့ကို အကြောင်းရိုက်ပြီး ရေးထားတာလေကွာ။ ဘယ်လိုပဲ ရင်မခုန်ဘူး စိတ်မဝင်စားဘူးပြောပြော သူ့စိတ်ထဲမှာ ငါ့စာတွေက လုံးဝကို လွှမ်းမိုးထားမှာ"

"ဟင်း ... ပိုင်ပါ့ကွာ။ တွက်ရေးကတော့ စက်သူဌေးပဲနော်။ တော်ကြာ မင်းပို့တဲ့စာကို ဟိုက ဖတ်တောင်မကြည့်ဘဲ ယောက်ျားကောက်ယူသွားမှ သားသား အသည်းကွဲတယ်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နဲ့နော်။ တစ်ရွာသူကိုများ သူမို့ ရည်းစားလုပ်ချင်တယ်။ ငါတို့ကတော့ ရန်ကုန် to ရန်ကုန်ပဲ။ ဒါမှ အနေမဝေးဘဲ အချစ်တွေ ဆတက်ထမ်းပိုး တိုးဟရို့”

ဘီယာလေးနည်းနည်းဝင်တာနှင့် အပြင်းချထားသူလို အာကရိုက်လာသော ချစ်ကြီးကို သူက ပခုံးတစ်ချက်တွန့်ပြကာ...

“ဟော့ကောင် ... ခေတ်ကြီးကိုက ICT ခေတ်ကွ။ IT ခေတ်က long long ago မှာ ကျန်ခဲ့ပြီ။ Information communication Technology ခေတ်ထဲမှာ ကမ္ဘာကြီးက ရွာကြီးထက်တောင် ကျဉ်းသွားပြီ။ ဖုန်းလည်းဆက်လို့မရ လူကြုံပါးလို့မရတွေ မရှိတော့ပါဘူးကွာ။ ပြီးတော့ ငါ ဟိုမှာ စပိုင်လွှတ်ထားတယ်ကွ။ ငါ ရန်ကုန်ရောက်နေလည်း I can see her”

သူ့ရဲ့အနိုင်မခံ ပြောစကားတွေကို ဘော်ဒါတွေက ဘီယာငုံနှုတ်ပိတ်ကာ ငြိမ်သွားကြတော့သည်။ သူဟာ စိမ့်ပန်းဆိုတဲ့ ချစ်စရာပင်လယ်သူလေးအကြောင်း စဉ်းစားမိသွားတာနှင့် သူ့အာရုံတွေဟာ ပင်လယ်ရနံ့ချိုချိုလေးဆီ ရောက်သွားကာ ရင်ခုန်သံတွေက တဒိန်းဒိန်း မြည်နေပါသည်။

✣ ◯ ✣





၂

စိမ့်ပန်းသည် ဘယ်လိုလွမ်းရပါကြောင်း၊ သတိရပါကြောင်း ငိုကာဖွဲ့ ရေးပါသောစာကို ဖတ်ရပါသောအခါ ဘာမှကို ဝေဖန်ပြောချင်စိတ် မရှိတော့ပါ။ တစ်ပတ်တစ်ခါ ရောက်ရောက်လာလေတဲ့ ဒီစာပိုင်ရှင်ဟာ ဘယ်သူဆိုတာလဲ မသိပါ။ ဘာမှန်းညာမှန်း မသိပါဘဲ ရောက်ရှိလာတဲ့ အဲဒီစာအတွက် ရေလည်ခတ်ပျက်ရပါသည်။

“အစ်မလေး ... ဆရာဦးရွှေမောင်က လာခဲ့ပါဦးတဲ့”

လင်းရန်က လာခေါ်လျှင် စိမ့်ပန်းက ခဏနေလာခဲ့မယ်လို့ လှမ်းပြောလိုက်ကာ လက်ထဲကစာကို ပီယဆီအပ်ထားလိုက်ပြီးမှ လေးမောင်ဆီ ထွက်လာခဲ့တော့သည်။ လေးမောင်က



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲမှာ စောင့်နေတာဖြစ်တာကြောင့် စိမ့်ပန်းသည် ဘန်ကလိုတန်းဘက်က ဖြတ်လျှောက်လာစဉ် အနောက်က ဝန်ထမ်းတစ်ယောက်က စိမ့်ပန်းကို လိုက်ခေါ်ကာ ...

"အစ်မလေး ... အစ်မလေး ... ရှာလိုက်ရတာဗျာ။ ဆရာဦးရွှေအောင်က လာခဲ့ပါဦးတဲ့"

ဟင် ... လေးအောင်ကလည်း ခေါ်ပြန်ပြီ။ ဘာလုပ်မလို့ပါလိမ့်။ စိမ့်ပန်းသည် ခေါင်းတစ်ချက် ဆတ်ပြကာ ...

"အေး ... အေး ... လာခဲ့မယ်နော်။ အခု လေးမောင်ဆီ ခဏသွားရဦးမလို့။ လာခဲ့မယ်လို့ ပြောလိုက်"

"ဟုတ် ... အစ်မ"

စိမ့်ပန်းက ပြောပြီးဆက်လျှောက်လာကာ လေးမောင်ဆီ ရောက်လျှင်တော့ လေးမောင်က ဆိုဖာပေါ်မှာ စီးကရက်ခဲ၍ မိန့်မိန့်ကြီးထိုင်လျက် ...

"ထိုင် ... သမီး ... ထိုင်"

"ဟုတ် ... ဟို ... လေးမောင် သမီးကို ဘာခိုင်းစရာရှိလို့လဲ"

"အင်း ... ခိုင်းစရာရှိတာ မဟုတ်ပါဘူး။ သမီးကိုပြောစရာရှိတာပါ"





လေးမောင်ရဲ့ intro က နည်းနည်းဆန်းနေတာကြောင့် စိမ့်ပန်းသည် စိတ်တော့ဝင်စားသွားပါသည်။ လေးမောင်က ဘာပြောချင်လို့ ဒီလိုစကားပလ္လင်တွေ ခံနေရတာပါလိမ့်။ စိမ့်ပန်းက လေးမောင် ဆက်ပြောလာမည့် စကားတို့ကို အာရုံစိုက် နားထောင်လိုက်ပါသည်။

"ဒီလို သမီး၊ လေးမောင်လည်း အသက်ကြီးပြီ။ သမီးက လေးမောင်တို့ရဲ့ အားထားရတဲ့ မျိုးဆက်လေ။ သမီးလည်း အရွယ်ရောက်လာပြီဆိုတော့ သမီးနောင်ရေးအတွက် စိတ်အေးရအောင် အိမ်ထောင်ပြုရမယ်"

"ဟင်"

စိမ့်ပန်းသည် လေးမောင်စကားကြောင့် ဟင်,ခနဲတောင် ဖြစ်သွားရသည်။ ဘာမှလဲ မဆိုင်ဘူး။ စိမ့်ပန်း နောင်ရေးစိတ်အေးချင်တာနဲ့ပဲ စိမ့်ပန်းကို အိမ်ထောင်ပြုပေးစရာလား။ လက်မခံပါဘူး။ စိမ့်ပန်းက မျက်နှာကိုရှုံ့မဲ့လိုက်ကာ ခေါင်းကိုတွင်တွင်ယမ်း၍ ...

"ဟာ ... ဘာမှမဆိုင်ပါဘူး လေးမောင်ရာ။ သမီးက ဘာလို့ အိမ်ထောင်ပြုရမှာလဲ။ မပြုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



“မငြင်းပါနဲ့ သမီးရယ်။ သမီးအတွက် သင့်တော်မဲ့လူကို လေးမောင် ရှာတွေ့ထားတယ်။ သမီးအမေကလည်း ဘာမှ မငြင်းဘူး”

“အာ … မယူဘူး။ မေမေကတော့ လေးမောင်တို့သဘောပဲ ဟာ။ ဘာပြောမှာမို့လို့လဲ။ မလုပ်ပါနဲ့ လေးမောင်ရာ။ သမီး ယောကျ်ားမယူချင်သေးဘူး”

စိမ့်ပန်းက အသေအကြေ ငြင်းနေလျှင် လေးမောင်က ပြုံးပြုံးကြီးကြည့်ကာ စီးကရက်တစ်ဖွာ ထပ်ဖွာ၍ …

“သမီးရယ် … ဘာလို့များ ငြင်းနေရတာလဲ။ ကောင်လေးက ရည်ရည်မွန်မွန်ပါ။ လေးမောင်တို့က သမီးအတွက် ကောင်းမယ်ထင်လို့ စီစဉ်တာကို မငြင်းစမ်းပါနဲ့”

စိမ့်ပန်းက ဘာမှဆက်မပြောချင်တော့တာနဲ့ပဲ ဒီကိစ္စကို ဒီမှာတင်ရပ်ကာ လေးမောင်ကို စကားစဖြတ်လိုက်တော့သည်။

“တော်ပါပြီ လေးမောင်ရာ။ ဒီကိစ္စ နောက်မှဆက်ပြောတာပေါ့။ သမီး သွားတော့မယ်”

“ဟဲ့ … ညည်းက ဘယ်တုံး ဒါ”

“လေးအောင်ကလည်း စိမ့်ပန်းကို လာခဲ့ဖို့ ခေါ်ထားသေးတယ်။ အဲဒါ သူ့ဆီသွားမလို့”





လေးအောင် ဆိုတာနှင့် လေးမောင်က ဟင်းခနဲ နှာခေါင်းရှုံ့လိုက်ကာ မျက်စောင်းကဲကြည့်၍ …

“ဒီကောင်က ဘာကိစ္စရှိလို့လဲ။ ရှုပ်ကိုရှုပ်တယ်။ ကဲ … သွားသွား။ ဟော့ … ဒါပေမဲ့ ညည်း ငါပေးစားတဲ့ယောကျ်ားကို ယူရမယ် ကြားလား”

စိမ့်ပန်းက ဘာမှပြန်မဖြေဘဲ ပခုံးတစ်ချက်တွန့်ကာ လေးအောင်ဆီကို ထွက်လာခဲ့တော့သည်။ စိမ့်ပန်းမှာလည်း ဒီဦးလေး နှစ်ယောက်ကြား တော်တော်ခေါင်းစားရတာ ဖြစ်ပါသည်။ မေမေ့ရဲ့အစ်ကိုနှစ်ယောက်ဖြစ်သော လေးလေးဦးရွှေမောင်နှင့် ဦးရွှေအောင်ဟာ တစ်ယောက်နှင့်တစ်ယောက် လုံးဝအကြေအတည့်ကြတာ မဟုတ်ပါ။ ဖေဖေ ဆုံးသွားပြီးကတည်းက စိမ့်ပန်းနဲ့ မေမေဟာ လေးမောင်တို့ရဲ့ စီမံခန့်ခွဲမှုအောက်မှာပဲ အေးအေးလူလူ နေထိုင်ခဲ့ကြတာဖြစ်ပေသည်။ မတည့်ကြတဲ့ လေးမောင်နှင့် လေးအောင်ရဲ့လက်အောက်မှာ နေရတာဟာ ဟိုလိုတစ်မျိုး ဒီလိုတစ်မျိုးဖြင့် နေရတာဖြစ်၏။ အခုလည်း လေးအောင်ဆီရောက်ရင် ဘာတွေပွားဦးမလဲ မသိပါ။ စိမ့်ပန်းက စိတ်ပျက်လက်ပျက်ပုံကြီးနှင့် လေးအောင်ဆီ ရောက်သွားလျှင် လေးအောင်က စိမ့်ပန်းကို မျက်မှောင်ကြုတ်ကြည့်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လာတာလဲ သမီး၊ ညည်းကို ဟိုကောင် ဘာပြောလိုက်လို့လဲ"

စိမ့်ပန်းက လေးအောင်ကို ပြန်ဖြေဖို့အတွက် ဆိုဖာမှာ ဆောင့်ကြီးအောင့်ကြီး ဝင်ထိုင်လိုက်ကာ လေးမောင်အကြောင်းကို ဖောက်သည်ချလိုက်တော့သည်။

"ဘာဖြစ်ရမလဲ လေးအောင်ရဲ့။ လေးမောင်လေ သမီးကို ယောကျ်ားပေးစားမလို့တဲ့။ ကြည့်ပါဦး လေးအောင်ရယ်။ သမီးက ကလေးပဲရှိသေးတာကို ဖွတ်စီစဉ်နေကြတယ်"

"ဘာ ... ဘာဖြစ်တယ်၊ ဒီကောင်က ယောကျ်ားပေးစားမယ် ဟုတ်လား။ တောက် ... ဒီကောင်ကွာ။ အဲဒီတော့ သမီးက ဘာပြောလိုက်လဲ"

အဲ ... တော်ပါသေးရဲ့။ စိမ့်ပန်းဘက်က လေးအောင် တစ်မဲ ရှိနေပြီဆိုတော့ အများကြီးခံသာသွားပြီဖြစ်သည်။ လေးမောင် စိမ့်ပန်းကို ယောကျ်ားပေးစားဖို့ကိစ္စ ဖွတ်စီစဉ်လို့ မရတော့ပေ။ စိမ့်ပန်းသည် လေးအောင်အားကိုးဖြင့် စွာစိလန် ပြောပြလိုက်တော့သည်။

"ဘာပြောရမှာလဲ လေးအောင်ရဲ့။ အပြတ်ကို ငြင်းပစ်တာပေါ့။ လေးမောင် စီစဉ်တာချည်းကို သမီး လက်မခံနိုင်ပါဘူး"





လေးအောင်က သဘောကျစွာဖြင့် တဟားဟား ရယ်မောကာ လက်ဖျောက်တစ်ချက်တီးကာ စိမ့်ပန်းဆီသို့ လျှောက်လာ၍ စိမ့်ပန်း ပခုံးကို ဖွဖွပုတ်ကာ ...

"ဟုတ်တယ် ... သိပ်မှန်တယ်။ ဘာကိစ္စ ဘာအကြောင်းကြောင့်မှ ဟိုကောင့်စကား နားထောင်စရာ မလိုဘူး။ သူ ပေးစားတဲ့ ယောကျ်ားလည်း ဘာမှယူစရာမလိုဘူး။ လေးအောင် ပေးစားတဲ့ယောကျ်ားပဲယူ ... ကြားလား"

"ဟုတ် ... အင်"

စိမ့်ပန်းက ယောင်ပြီး ဟုတ် ပြောပြီးတော့မှ လေးအောင် စီစဉ်ပေးတဲ့ ယောကျ်ားကိုပဲ ယူဆိုတော့မှ စိမ့်ပန်းက မျက်လုံးအပြူးသားဖြင့် လေးအောင်ကို ပြူးကြည့်မိသွားကာ ...

"ဘာ ... ဘာကြီးလဲ လေးအောင်"

"ဒီလို သမီးရဲ့။ သမီးကို လေးအောင်က လေးအောင် သဘောကျတဲ့ ကောင်လေးနဲ့ စီစဉ်ပေးမလို့။ ကောင်လေးက ချောတယ်၊ တော်တယ်၊ ရုပ်ကလည်း အမိုက်စားပဲ။ လေးအောင်က သမီးအတွက် သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ထားတာ။ လေးအောင် စီစဉ်တာကိုပဲ လက်ခံနော်။ ဟိုကောင် ရွှေမောင် ပြောတာ နားမထောင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟား ... သေလိုက်ပါတော့ဟယ်။ ဒုက္ခပါပဲ။ လေးအောင်က ရှင်ကြီးထက် ဆိုးနေပါလား။ လေးမောင် စီစဉ်တာကို လက်မခံတဲ့ စိမ့်ပန်းက လေးအောင် စီစဉ်တာကိုလည်း လုံးဝလက်မခံနိုင်ပါ။

"ဟား ... ဒုက္ခပါပဲ။ လေးအောင် ... သမီးက ယောကျ်ား မယူချင်ပါဘူးဆိုကွာ။ ဒုက္ခပါပဲ။ လေးအောင်ရယ် မလုပ်ပါနဲ့။ သမီး အေးဆေးနေချင်သေးတယ်"

"စိမ့်ပန်းလေးရယ် ... တွေ့ကြည့်လိုက်ပါဦး။ သူ့ကိုသမီး လက်ခံမှာပါ။ ကိုယ့်တူမနဲ့တောင် သဘောတူတယ်ဆိုမှတော့ ဒီကောင်လေးဟာ လေးအောင် လက်ခံနိုင်လို့ပေါ့ကွာ။ လေးအောင် ဘယ်လောက် ချေးများတယ်ဆိုတာ သမီး သိပါတယ်"

"မသိဘူး။ သမီးတော့ တကယ် စိတ်ညစ်တယ်။ လေးအောင် ပြောတာလည်း လက်မခံဘူး။ လေးမောင် ပြောတာလည်း လက်မခံဘူး။ မယူဘူးဆို မယူဘူးဘဲ။ လေးအောင်နော် ဒီယောကျ်ားပေးစားမယ့်ကိစ္စ ထပ်ပြောကြည့်။ သမီး ဒီကနေ အဝေးကြီးထွက်သွားလိုက်မယ် ... ဟွန်း"





စိမ့်ပန်းက အပြတ်ငြင်းကာ ထွက်လာခဲ့ပြီး စိတ်တိုတိုဖြင့် ကမ်းခြေဘက်သို့ ထွက်လာခဲ့ပါသည်။ ဟား ... အရမ်း စိတ်ညစ်တာပါပဲ။

ဒီတလောမှာ ဗေဒင်များ သွားမေးကြည့်လို့ကတော့ စိမ့်ပန်းဆီသွေးတို့ သိပ်စန်းပွင့်နေတယ်လို့များ ဟောလိုက်မယ်ဆိုတာ ကြိုပြီးတော့တောင် သိနေပါသည်။

✣ ○ ✣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဟား ဟား ... အဲဒါကတော့ ငါ့အတွက် ကံကြမ္မာက ဖန်တီးပေးလိုက်တဲ့ အကောင်းဆုံး creation ပဲ။ အရမ်းမိုက်တယ်ကွာ။ ဒီလောက်ကောင်းတဲ့ အခြေအနေမျိုး တစ်ခါမှ မတွေ့နိုင်ဘူး"

ချစ်ကြီးက သူ့ရဲ့ဝမ်းသာအားရ ဟစ်ကြွေးမှုအတွက် ကြောင် ဆိုတဲ့ မျက်လုံးမျိုးနှင့် ပြူးကြည့်ကာ သူ့ကိုပခုံးပုတ်၍...

"မင်းကွာ ... ရူးများနေသလား။ စိမ့်ပန်းဆီသွေးကို သူ့ဦးလေးနှစ်ယောက်က ယောက်ျားပေးစားဖို့ စီစဉ်တဲ့ကိစ္စကို မင်းက ကောင်းတယ် ဟုတ်လား။ ဟေ့ကောင် ... ဝီရ၊ ဘိုးတော်ကြီးနှစ်ပါးက သူတို့ရဲ့တူသမက်ဖြစ်မယ့်လူကို





နှစ်ယောက်တောင် ရွေးထားတာနော်။ မင်းက အဲဒါ ဘယ်နေရာကနေသွားပြီး ကံကောင်းရတာလဲ။ ဆိုစမ်းပါဦး"

ဝီရသည် ပုံမှန်အတွေးတိုင်း တွေးလိုက်လျှင် မှန်နေသောစကားအတွက် သူက ဘာမှဖြေရှင်းချက် မပေးလိုပေ။ စိမ့်ပန်းရဲ့ဦးလေးနှစ်ယောက်က မတည့်ကြဘူးဆိုတာလည်း သူကြားထားပြီးသား။ ပြီးတော့ စိမ့်ပန်းကို ယောက်ျားပေးစားဖို့ စီစဉ်ကြရာမှာလည်း တစ်ယောက်ကို တစ်မျိုးစီ။ စိမ့်ပန်းကလည်း လုံးဝလက်သင့်မခံပါဘူးလို့ ငြင်းထားကြောင်း ပြန်ကြားထားရသည့်အတွက် သူဟာ အလကားနေရင်း ဝမ်းသာနေရသူဖြစ်သည်။

"ဟေ့ကောင် ... ဖြေလေကွာ။ ဘာလဲ ... မပြောနိုင်တော့ဘူးမှလား။ ငါတို့ အစကတည်းက တားပါတယ်ကွာ။ မင်းဟာက တစ်ရွာသူကို ရည်းစားလုပ်ချင်တဲ့ကောင် အခုတော့ ဂွမ်းပြီ"

ရောင်စင်ကပါ သူ့ကိုဖွဲ့နေလေလျှင် သူဟာ ရောင်စင်နဲ့ ချစ်ကြီးကို ငယ်ပါသေးတယ်ဆိုပြီး ပခုံးသွားပုတ်လိုက်ပြီးမှ ...

"မင်းတို့က ဒီလောက်ပဲ သိကြသေးတာလေကွာ။ ဒီ့ထက်ပိုပြီး လျှပ်ခတ်တဲ့သတင်းကို မသိကြသေးဘဲကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ဟိုနှစ်ကောင်က စိတ်ဝင်စားသွားဟန်ဖြင့် သူ့ကို မေးတစ်ချက် ဆတ်ပြကာ ...

"ဘာလဲ ... ဘာသတင်းလဲ"

"ပြောပြမယ်လေ။ စိမ့်ပန်းရဲ့ဦးလေး ဦးရွှေမောင် သဘောတူထားတဲ့လူက လာမယ့်ဆန်းဒေးမှာ ချောင်းသာကိုရောက်မယ်။ သဘောကတော့ လူငယ်ချင်း ရင်းရင်းနှီးနှီးအထာပေါ့ကွာ"

"ဟား ... အဲဒီသတင်းကတော့ ထူးတယ်၊ ဒါပေမဲ့ မင်းပိုငွမ်းသွားပြီ မောင်ဝီရ"

"လောလိုက်ကြတာကွာ၊ ငါပြောတာ မပြီးသေးဘူးလေ။ အခု သတင်းကို နားထောင်ကြည့်လိုက်ဦး။ သူ့ဦးလေး ဦးရွှေမောင်က သောကြာနေ့ကတည်းက ရန်ကုန်ကိုဆင်းသွားပြီ။ အလုပ်ကိစ္စနဲ့ ဗန်ကောက်သွားတာ။ အဲဒီတော့ကွာ ဆန်းဒေးမှာ ရောက်လာမယ့် ဝီရအောင်ဆိုတဲ့ ဘဲကြီးနေရာမှာ ငါ ချမ်းဝီရက အစားဝင်လိုက်မှာပေါ့"

သူ့ရဲ့မြူးတူးသွက်လက်နေတဲ့ အပြောကို ဟိုကောင်တွေက မျက်မှောင်ကြီးကြုတ်ကြည့်ကာ ဘာမှပြန်မပြောသေးပေ။ သူ့ idea တွေကို ဒီကောင်တွေ လိုက်မမီလို့ပဲ ဖြစ်ပါလိမ့်မည်။





ထူးခြားတိုက်ဆိုင်စွာပင် ဦးရွှေမောင် သဘောတူထားတဲ့လူဟာ ရွှေညာမြေကလာမယ့် ဝီရအောင်တဲ့။ သူနဲ့ နာမည်လာတူနေတာကတော့ သူ့အတွက် ပျော်စရာပင်ဖြစ်သည်။

"မင်းက ဘာလဲ ဝီရ။ ရုပ်ရှင်ဆန်ဆန် ဟိုဝီရအောင်ဆိုတဲ့ ဘဲကို ပြန်ပေးဆွဲထားပြီး မင်းက သူ့နေရာ လူစားထိုးမှာမို့လို့လား။ ဟောကောင် ... မင်း စုံထောက်ကားတွေကြည့်ပြီး အရူးမထစမ်းပါနဲ့ကွာ။ လုံးဝမဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲကွာ။ လောကမှာ မဖြစ်နိုင်တာမရှိဘူး။ မင်းတို့ကွာ ငါ့ဘော်ဒါတွေ လုပ်နေပြီးတော့ ဘာအရည်အချင်းမှကို မရှိဘူး"

"ဝီရ ... ပေါက်ကရတွေ လုပ်မနေစမ်းပါနဲ့ကွာ။ မင်းက ဝီရအောင် နေရာမှာ အစားထိုးဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဟိုကကော ဒီအတိုင်း ငြိမ်ခံနေမလားကွ။ ဘယ်လိုမှ ယုတ္တိမရှိဘူး။ တော်ကွာ ... မင်း ဒီဇာတ်လမ်းကို ဒီမှာတင်ဖြတ်တော့ ဝီရ"

ချစ်ကြီးရဲ့စေတနာစကားကို သူ နားလည်ပါသည်။ သို့ပေမဲ့ လက်သင့်မခံပါ။ သူဟာ ဒီကိစ္စအတွက် သီဟနဲ့လည်း တိုင်ပင်ပြီး plan ချပြီးသွားပြီဖြစ်သည်။ ပြီးတော့ သူ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းကို သိပ်ချစ်တဲ့ အချစ်စိတ်တစ်ခုလည်းရှိသည်။ အဲဒီစိတ်ကပင် အရာရာကို ဖြစ်အောင်ဖန်တီးနိုင်စွမ်း ရှိပါသည်။

"မင်းတို့ မတားစမ်းပါနဲ့ကွာ။ ဟိုကောင် သီဟကတောင် လက်ခံတယ်ကွဲ"

"ဝီရ ... မင်း တော်တော်စိတ်ကူးယဉ်တဲ့ကောင်ပဲ။ မင်းက မင်းပဲ။ ဝီရအောင်နေရာမှာ ဘယ်လိုမှ ဝင်လို့မရဘူး။ ပြီးတော့ ချောင်းသာမှာ ဝီရအောင်ကို စိမ့်ပန်းတို့က မြင်ဖူးမှာပဲ။ မင်း ဘာမှလုပ်လို့မရဘူး"

သူ့ကိုပိတ်ငြင်းနေသော နှစ်ကောင်ကို သူက သဘောကျစွာရယ်ပြုံးရင်းက သူ့ရဲ့လျှို့ဝှက်ချက်ကို ပြောပြလိုက်တော့သည်။

"မင်းတို့ ဘာမှစိတ်မပူနေနဲ့။ ဝီရအောင်ကို ဘယ်သူမှ မမြင်ဖူးဘူး။ ဒီဘဲက ချောင်းသာကို ဒါ first time ရောက်မှာ။ ဝီရအောင်ကို သိတာဆိုလို့ ဦးရွှေမောင်ရဲ့ P.A တစ်ယောက်ပဲ ရှိတယ် ...

ဘာမှ ပူစရာမရှိဘူး။ ငါ ဒီလို စိမ့်ပန်းရဲ့သတင်းတွေ အတိအကျ သိနေတာက တခြားကြောင့်တော့ မဟုတ်ဘူး။ ဦးရွှေမောင်ရဲ့ P.A လင်းရန့်ရယ်၊ ဦးရွှေအောင်





ရဲ့ P.A ဝဏ္ဏတို့က ငါ့ဒယ်ဒီကုမ္ပဏီမှာ လုပ်သွားဖူးတယ်ကွ။ သူတို့နှစ်ယောက်က စိမ့်ပန်းဦးလေးနှစ်ယောက်ရဲ့ P.A ဆိုတော့ ငါ့အတွက် ပြီးပြီပေါ့ကွ"

"ဘာတွေမှန်းတောင် မသိတော့ပါဘူးကွာ။ ဝီရရာ... မင်းသဘောပဲ။ မင်း လုပ်ချင်ရာသာ လုပ်ပေတော့။ ငါတို့က မင်းလိုတာကို ကူညီပေးမယ်။ အဲဒါပဲရှိတော့တယ်"

"ဟား ... အရမ်းကျေးဇူးတင်တယ် ဘော်ဒါတို့။ ဒါဆို ငါတို့ သန်ဘက်ခါ ချောင်းသာလစ်ကြစို့"

သူ့ရဲ့စကားအတွက် ချစ်ကြီးနှင့် ရောင်စင်က ခပ်လေးလေး ခေါင်းတစ်ချက် ဆတ်ပြလေသည်။ သူအရမ်းရင်ခုန်ရပါသည်။ ချောင်းသာကိုသွားပြီး သူချစ်တဲ့ကောင်မလေးရဲ့အနားမှာ နေရမှာကိုတွေးပြီး ကြည်နူးမိသည်။ သူ့အတွက် ပင်လယ်ဆိုတာ ကံကောင်းခြင်းနိမိတ်ပဲ ဖြစ်လေသည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သမီးကို တကယ်ပဲ ဒီတိုင်းလက်ပိုက်ကြည့်နေတော့မှာလား။ သမီး အရမ်းစိတ်ညစ်နေပြီ မေရာ။ လေးမောင်ကတစ်မျိုး၊ လေးအောင်ကတစ်မျိုးနဲ့။ ရှုးချင်လာပြီ"

စိမ့်ပန်းရဲ့ပေါက်ကွဲမှုအတွက် မေမေက နားလည်စွာဖြင့် ခေါင်းဆတ်ပြပါသည်။ မေမေ့ခမျာမှာလည်း ဘာမှပြောပိုင်ခွင့်မရှိလို့ ဒီအတိုင်း လက်ပိုက်ကြည့်နေရရှာတာဖြစ်သည်။ လေးမောင်နဲ့ လေးအောင်ရဲ့ စီမံခန့်ခွဲမှုအောက်မှာပဲ နေလာသော မေမေဟာ တကယ့်ကို ဘာမှပြောရေးဆိုခွင့် မရှိတဲ့သူ ဖြစ်နေရရှာပါသည်။ အဲဒီအတွက် စိတ်ဆင်းရဲနေတဲ့သမီးကို မေမေက ခေါင်းလေးဖွဖွသပ်ပေး၍ နှစ်သိမ့်ရုံကလွဲလို့ ဘာမှမတတ်နိုင်ပေ။

"သမီးလေး စိတ်ညစ်နေတယ်ဆိုတာ မေမေ သိပါတယ်ကွယ်။ ဒါပေမဲ့လည်း ကိုကြီးနဲ့ ကိုလေးက တကယ့်တစ်ယူသန်တွေလေ။ မေမေ ဘာမှဝင်ပြောလို့ မရဘူး ...





တစ်ယောက်က ဝီရအောင်၊ တစ်ယောက်က မာန်ထက်နဲ့ အပြိုင်စီစဉ်နေကြတာ မေမေလည်း ဘာမှကိုတားလို့မရဘူး။ သမီးလေးကို မေမေ တကယ် စိတ်မကောင်းဘူး"

"မေမေရယ် ... သမီးက မေမေ စိတ်မကောင်းဖြစ်အောင်ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ အရမ်းစိတ်ညစ်တယ် မေမေ။ အခုဆို လေးမောင်က မရှိပေမယ့် သူ့ရဲ့ဝီရအောင်ဆိုတဲ့လူက ရောက်လာတော့မယ်။ ပြီးတော့ နောက်လကျရင် ဟိုလူ မာန်ထက်က ထပ်ရောက်လာမယ်။ သမီး ဘာလုပ်ရမလဲ မေမေရယ်"

"အင်း ... ဒုက္ခ ... ဒုက္ခ .. ကိုကြီးကတစ်ဖွတ်ထိုး၊ ကိုလေးက တစ်ယူသန်။ ဒီနှစ်ယောက်က နဂိုတည်းက မတည့်ကြတော့ အခု သမီးကို စီစဉ်ပေးတော့ တကယ့်ကို အပြိုင်အဆိုင်တွေ ဖြစ်နေကြတာ။ ငါ့သမီးလေး အရမ်းစိတ်ကျဉ်းကျပ်နေရင်တော့ ဒီကိစ္စတွေကို ဖြတ်ရမှာပဲ။ သမီး ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ"

မေမေ့မေးခွန်းကြောင့် စိမ့်ပန်းက ခေါင်းကိုအသာယမ်းပြကာ စိတ်ညစ်ညူးစွာဖြင့် သဲတွေပေါ်ထိုင်ချကာ လက်နဲ့ဖွဆုပ်နေရင်းက အေးစက်စက် ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှလုပ်လို့ မရအောင်ကို ပိတ်နေပါပြီ မေမေရာ။ စိမ့်ပန်းက အဲဒီနှစ်ယောက်တည်းက တစ်ယောက်ကို သေချာပေါက် ယူရမှာပဲဟာကိုး။ တကယ်စိတ်ညစ်တယ်"

စိမ့်ပန်းက တကယ်ကို ဘာမှမတတ်နိုင်ဟန်ဖြင့် မှိုင်လို့သွားနေလျှင် မေမေဟာ စိတ်မကောင်းဖြစ်ရုံကလွဲလို့ ဘာမှ လုပ်ပေးနိုင်မှာလည်း မဟုတ်ပါ။ တစ်သက်လုံး စိမ့်ပန်းတို့သား အမိနှစ်ယောက်မှာ လေးမောင်နဲ့ လေးအောင် စီစဉ်မှုအတိုင်း နာခံနေကြမို့ နေသားတကျလည်း ရှိနေခဲ့ပြီ။ ဒီကိစ္စကို စိမ့်ပန်း ဘယ်လိုပဲ ငြင်းစေကာမူ နောက်ဆုံးမှာ တစ်ယောက်ယောက်ကို တော့ လက်ခံရမှာဖြစ်တဲ့အတွက် စိတ်ဓာတ်တို့သည် အရမ်း ကို လဲပြိုကျရပါသည်။

✣ ○ ✣





၄

"အစ်မလေး ... ကိုဝီရအောင် ရောက်ပါပြီ။ သူက အစ်မ လေးနဲ့တွေ့မလို့ Sea View မှာ စောင့်နေတယ်တဲ့"

စိမ့်ပန်းသည် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ် လိုက်ကာ ပီယနဲ့ ရွှေဆင်းကို မျက်စတစ်ချက် ပစ်လိုက်ကာ ထိုင်ရာမှ ထရပ်လိုက်၍ ...

"ကဲ ... သွားပြီးတော့ အကဲခတ်ကြစို့ဟေ့။ လေးမောင် စီစဉ်ပေးတဲ့ယောက်ျား ဘယ်လောက်ချောသလဲ သွားကြည့် တာပေါ့"

စိမ့်ပန်းသည် ပီယနဲ့ရွှေဆင်းကိုခေါ်ကာ ဟိုလူရှိရာ ကို လျှောက်သွားလိုက်လျှင် စိမ့်ပန်းတို့ကို ကျောပေးအနေအထား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပင်လယ်ဘက်ကို မျက်နှာမူထားလေသည်။ အနောက်က ကြည့်ရတာကတော့ ဘာပုံမှကို မပေါက်ပေ။ အမြင်ကတ်သော စိတ်ဖြင့် ကြည့်မိတာကြောင့် သူဟာ ဘာဆွဲဆောင်မှုမှမရှိတဲ့ အပြင် မျောက်အိုကြီးမှိုင်လို့ ထိုင်နေပုံတောင် ပေါက်လေသည်။

"ဟဲ့ ... ငါမသွားချင်တော့ဘူးဟာ"

"အာ ... မသွားလို့ ဘယ်ဖြစ်မလဲဟဲ့။ ဟိုက စောင့်နေတဲ့ ဟာ။ လာစမ်းပါ။ ဘာမှတွေးပူမနေနဲ့။ လာ ... သွားကြည့်ရအောင်ဟာ"

စိမ့်ပန်းကို ပီယနဲ့ ရွှေဆင်းကပါ အတင်းတိုက်တွန်းနေတာကြောင့် စိမ့်ပန်းဟာ အဲဒီလူအနောက်မှာ သွားရပ်လိုက်ပြီးမှ စိတ်မပါ လက်မပါ ခပ်လေးလေးလေသံဖြင့် အသံပြုလိုက်ရလေသည်။

"ဒီမှာ ... ကိုဝီရအောင်ထင်တယ်။ ကျွန်မ စိမ့်ပန်းဆီသွေးပါ"

စိမ့်ပန်းရဲ့အသံကြောင့် သူက လှည့်ကြည့်လို့လာလေသည်။ အင်း ... ဘယ်လိုပြောရမလဲ။ ဝီရအောင်ဆိုတဲ့လူရဲ့ ပုံစံဟာ ဘာမှမှတ်ချက်ချလို့ မရသေးပေ။ အပေါ်ယံအမြင်နဲ့ရုပ်ကြည့်လျှင်တော့ ရုပ်ရည်မဆိုးဘူးပဲ ဆိုကြပါစို့။





သူဟာ စိမ့်ပန်းကို လှည့်ကြည့်ပြီးတာနှင့် ချက်ချင်းပင် ထိုင်ရာမှ မတ်တတ်ထကာ သွားတိုက်ဆေးကြော်ငြာသူလို ဟဲခနဲ သွားဖြဲရယ်ပြကာ ...

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ အဲ ... ကျွန်တော့်ကို ခင်ခင်မင်မင် ဆက်ဆံပါခင်ဗျ"

ဟဲ့ ... ဘယ်လိုကြီးတုံး။ စိမ့်ပန်း၊ ပီယနှင့်ရွှေဆင်းဟာ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်မိသွားကြသည်။ အဲတော့ ... သူ အဲဒီလောက် ပေါလိမ့်မယ်လို့တောင် ထင်မထားပေ။ ပထမဆုံးစတွေ့တဲ့ first impression မှာတင် သူက ဟန်ပါပါ မာန်ပါပါဖြင့် တွဲတေးသိန်းတန် လေသံသုံး၍ စိမ့်ပန်းတို့ကို နှုတ်ဆက်လေသည်။ သူ့အပြုအမူကြောင့် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားတဲ့ စိမ့်ပန်းကို သူကပဲ ဆက်လက်ပြုံးပြကာ ...

"အဟဲ ... ကျွန်တော်က ခင်လို့ နောက်တာပါဗျ။ စိတ်မရှိပါနဲ့။ ဟောဒီက စိမ့်ပန်းရယ်၊ ပြီးတော့ ပီယနဲ့ရွှေဆင်းကို ခင်လို့ နောက်လိုက်မိတာပါ။ ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ဗျ။ ကျွန်တော် ဝီရပါ"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာကတော့ သွက်လက်ဖျတ်လတ်နေတာပဲ။

စိမ့်ပန်းသည် ဖလန်း ဖလန်း ထနေတဲ့ အဲဒီကိုယ်တော်ကို ခပ်တည်တည် မျက်နှာပေးဖြင့်ပင် အတည်ပေါက် ပြောလိုက်တော့သည်။

"Ok ... ကိုဇီရအောင် သိတဲ့အတိုင်းပဲ လေးမောင်က သူ့အလုပ်ကိစ္စအတွက် ဗန်ကောက် ခဏသွားတယ်။ ရှင်တို့ကို အဲဒီတော့ ဧည့်ဝတ်မကျေမှာစိုးတယ်။ ဒါနဲ့ ဒီကို ရှင် ဘယ်သူနဲ့ လာတာလဲ"

"ဩော် ... ကိုယ့်ဘော်ဒါနှစ်ယောက်နဲ့ လာတာပါ။ ဧည့်ဝတ်မကျေလည်း ပြဿနာမရှိပါဘူးဗျ။ ကျွန်တော်က ဒီကို ဧည့်သည်သဘောလာတာ မဟုတ်ပါဘူး။ အားလုံး အဆင်ပြေမှာပါ"

ကျစ် ... ဘယ်လိုလူလဲဟ။ စိမ့်ပန်းက တမင်တကာပင် စိမ့်ပန်းသဘောထားကို သိစေချင်တဲ့အတွက် မျက်နှာကိုစူပုပ်ထားကာ သူ့ကို ထပ်အကဲခတ်လိုက်သည်။ ဘာကောင်မှန်းကို သိဘူး။ လူက မြောက်ကြွနေတဲ့ အထာချည်းနဲ့။





"စိမ့်ပန်းက အရမ်းဖော်ရွေတယ်။ လူမှုဆက်ဆံရေးလည်း သိပ်ကောင်းတာပဲလို့ ကြားထားတယ်ဗျ။ ကျွန်တော့်ကိုလည်း အဲဒီလိုမျိုး ဆက်ဆံပါနော်။ ကျွန်တော်က တစ်မြို့တစ်ရွာကနေ ချောင်းသာကို လာရတော့အားငယ်တယ် ခင်ဗျ"

"ဒီမယ် ... ကိုဇီရအောင်။ ရှင်နဲ့ ကျွန်မက မရင်းနှီးဘူးနော်။ စကားကို ပြောင်ချော်ချော် မပြောပါနဲ့။ ကျွန်မ ပေါတောတော အူကြောင်ကြောင်ဆို သိပ်မုန်းတာ"

"ဟဲ့ ... စိမ့်ပန်း"

ပီယတို့က စိမ့်ပန်းကို တားကြပေမယ့် ပါးစပ်က မရတော့ လွှတ်ခနဲ ထွက်သွားပြီးပေပြီ။ စိမ့်ပန်းကို ဒေါသဖြစ်စေတဲ့ ဒီလူကို စိမ့်ပန်းကြည့်မရပါဘူး။ အဲဒီလို ပွင့်ပွင့်လင်းလင်း ပြောတာတောင် သူက အပြုံးမပျက်တဲ့ မျက်နှာနှင့်ပင်။

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် မပေါအောင် များများဖြုန်းတီးပါ့မယ်။ အဟဲ ... ဟဲ ... နောက်တာပါဗျာ။ စိမ့်ပန်း ကျွန်တော့်ကို လေ့လာပါ။ ကြိုက်သလို လေ့လာလို့ရပါတယ်။ ကျွန်တော်က လူလိမ္မာ လူတော်တစ်ယောက်ဖြစ်သလို အရမ်းလည်း ချစ်တတ်တဲ့ သူတစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းသည် ဘာကောင်မှန်း နားလည်ရခက်တဲ့ အဲဒီကောင်ကို တောက်တစ်ချက်ခတ်ကာ စကားစဖြတ်ဖို့ပဲ စဉ်းစားလိုက်တော့သည်။

"အခုလောလောဆယ် လေးမောင် မရှိပေမယ့် သူ့ PA ကိုလင်းရန် ရှိတယ်။ ရှင်လိုတာမှန်သမျှ ကိုလင်းရန်ကို ပြောလို့ရတယ်။ ဒီဟိုတယ်မှာ အလကားလာတည်းတယ် ဆိုပြီး စည်းလွတ် ဝါးလွတ်နေလို့ မရဘူးနော်။ နောက်ပြီး တစ်ခါတည်း ပြောထားလိုက်မယ်။ အကြောင်းကြီးငယ် မရှိဘဲ ကျွန်မကို စကားမပြောပါနဲ့။ ရှင် ဒီချောင်းသာကို ရောက်လာတာ relax လုပ်ဖို့ လာတယ်ပဲ သတ်မှတ်ပါ။ အဲဒါ ရှင့်ကိုသိအောင် လာပြောတာ။ သွားမယ်"

စိမ့်ပန်းက ချာခနဲလှည့်ထွက်မည် အပြုမှာ သူဟာ စကားသံတစ်ခုဖြင့် စိမ့်ပန်းရဲ့ခြေလှမ်းတွေကို တုံ့နှေးသွားစေသည်။

"ခဏလေးနေပါဦးဗျ။ ခင်ဗျား ကျွန်တော်နဲ့ ကင်းကင်း နေချင်ပေမယ့်လည်း လောလောဆယ်တော့ မဖြစ်နိုင်ဘူးဗျ။ လောလောလတ်လတ်တင် ဒီနေ့ည ဒင်နာအတူစားဖို့ ခင်ဗျားမေမေက ဖိတ်ထားတယ်။ Ok ... စိမ့်ပန်း၊ ညမှဆုံမယ်နော်"





သူက အနိုင်နဲ့ပိုင်းသွားကာ စိမ့်ပန်းတို့ကိုထား၍ ထွက်သွားလေသည်။ တောက် ... တော်တော်လူပါးဝတဲ့အကောင်။ စိမ့်ပန်းက ဒေါသတွေစွတ်ကန်နေပေမယ့်လည်း ဒီကနေ့ညမှာ သူနှင့်ဆုံရမှာပဲ ဖြစ်ပါသည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



ဝီရသည် စူပုပ်နေသော မျက်နှာထားဖြင့် စားစရာ ရှိတာကိုပဲ ငုံ့စားနေသော စိမ့်ပန်းကို မသိမသာ ခိုးငေးလိုက်တာကို ဦးရွှေအောင်က ရိပ်မိစွာ သူ့ကို သတိပေးဟန်ဖြင့် အဟင်းဖွေ အဟမ်းတွေလုပ်လာတော့ သူက ကိုယ့်ရှိန်သတ်ရပါသည်။

"ဒါနဲ့ နေပါဦး။ မင်းက တနင်္ဂနွေမှ ရောက်မယ်ဆိုပြီး ဘာကိစ္စ တစ်ရက်ကြိုရောက်နေရတာလဲ"

ထင်သားပဲ ... ဒီမေးခွန်း မေးလိမ့်မယ်လို့။ ဘိုးတော်ကြီးက သူ့တူမကို မာန်ထက်ဆိုတဲ့ကောင်နဲ့ ပေးစားဖို့ ကြံရွယ်နေတာကိုး။ လော်လောဆယ်မှာ သူက ဦးရွှေမောင် ရွေးချယ်ထားတဲ့ ရွှေသမက် ငွေသမက် ဝီရအောင် ဖြစ်နေတာကြောင့် ဦးရွှေအောင်က သူ့ကို အပီမျက်မှန်းကျိုးကာ နှိပ်ကွပ်မှာဖြစ်သည်။ ဝီရသည် အဲဒီမေးခွန်းအတွက် အပြုံးရှုံ့ရှုံ့ မျက်နှာထားဖြင့် ...





"ဟုတ်ကဲ့ ခင်ဗျ။ ပြောထားတာကတော့ တနင်္ဂနွေနေ့ပါပဲ။ ဒါပေမဲ့ ဗေဒင်က စနေနေ့မှာ စနေထောင့်ပန်းလှူပြီး ချောင်းသာအရောက် သွားဆိုလို့ လာခဲ့ရတာပါခင်ဗျ"

"ဟေ ... ဒါဆို မင်းက ယောကျ်ားလေးဖြစ်ပြီး ဗေဒင် ဝါသနာပါတယ်ပေါ့။ ဟုတ်သလား"

"ဟုတ်ကဲ့ ခင်ဗျ။ ဗေဒင်ကို ယုံကြည်ပါတယ်။ ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက် ယုံခဲ့ကြတာပါ။ ရှေးထုံးမပယ် ဈေးသုံးမကြွယ်ဆိုတဲ့ စကားနဲ့အညီပေါ့ခင်ဗျ"

စိမ့်ပန်းနဲ့ သူမအမေကတော့ သူနှင့် ဦးရွှေအောင် စကားလုံးစီးချင်းပွဲကို နှုတ်ဆိတ်၍ ပွဲကြည့်ပရိသတ်အဖြစ်သာ ရှုစားနေကြပါသည်။ တစ်ခွန်းမှကို ဝင်မပြောဘဲ ဘာများဆက်ဖြစ်မလဲဆိုပြီး စောင့်နေပုံရပါသည်။ အဘိုးကြီးကလည်း သူ့ကို ခွင်တွေ့တုန်း အပီကိုဖွဲ့နေတာဖြစ်၏။

"အိမ်း ... ကိုယ်ကတော့ ဗေဒင်ဘာညာ အယုံအကြည်မရှိဘူး။ ကံဆိုတာ အလုပ်ပဲ။ အလုပ်ကောင်းမှ ကံကောင်းမယ်။ လက်တွေ့ကျတဲ့ အတွေးအခေါ်နဲ့ပဲ စီးပွားရေးတွေ လုပ်လာခဲ့တာ စိမ့်ပန်း တစ်သက်ပဲ။ ဘယ်တုန်းကမှ ဗေဒင်မမေးဘူး။ ဗေဒင်မေးတဲ့သူတွေကိုလည်း လုံးဝသဘောမကျဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သဘောတွေ့တဲ့ လူငယ်တစ်ယောက်ရှိတယ်။ သူက မောင်ရင်တို့ အသက်အရွယ်လောက်ပဲ။ သိပ်တော်တယ်။ ဘာကိုမဆို လက်တွေ့ကျကျပဲ စဉ်းစားဆုံးဖြတ်တယ်။ အဲဒါကြောင့်မို့လည်း ခေတ်ရှေ့ပြေးနေတာပေါ့ကွ။ သူ့ကို ကိုယ်က စိမ့်ပန်းနဲ့တောင် သဘောတူနေတာ"

"သြော် … ဟုတ်ကဲ့။ ဖြစ်တတ်ပါတယ်ခင်ဗျ။ ဒါပေမဲ့ ဘယ်သူမှတော့ perfect ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကျွန်တော်ကတော့ ကိုယ့်ယုံကြည်မှုအတိုင်း လုပ်ခဲ့တဲ့အတွက် ဘယ်တော့မှ အကျိုးမယုတ်ခဲ့ပါဘူး"

"ဒါဆို မင်းဆိုလိုချင်တာက ငါက …"

"လေးအောင် မပြောပါနဲ့တော့။ သူက လေးမောင်ရဲ့အထူးဧည့်သည်ပါ။ ကဲ … ကိုဝီရအောင် စားစရာရှိတာဆက်စားပါ"

ဖရိုဖရဲဖြစ်ချင်နေတဲ့ အခြေအနေတစ်ခုကို သူ့နတ်သမီးလေးက ဝင်ထိန်းပေးခြင်းအားဖြင့် ဘိုးတော်ကြီးက ကြိတ်မနိုင်ခဲမရ ဖြစ်နေသော်လည်း စိတ်လျှော့လိုက်ပုံရသည်။ ဝီရသည် မနက်ဖြန် တနင်္ဂနွေနေ့မှာ ရောက်လာမယ့် ဝီရအောင်အစစ်နဲ့ ရင်ဆိုင်တွေ့ဖို့အတွက် သူ တော်တော်စဉ်းစားနေရပါသည်။

✥ ○ ✥



စိမ့်ပန်းသည် ကမ်းခြေဘက်ကို မျက်နှာမူကာ dream bed ပေါ်မှာ လျော့ရိလျော့ရဲထိုင်ကာ မဟူရာညရဲ့ဟာမိုနီလှိုင်းသံတွေကို နားစွင့်ရင်း လူကပါ ဆွေးလို့လာလေသည်။ စိမ့်ပန်း အရမ်းကို စိတ်ညစ်ရပါသည်။ စိမ့်ပန်း မပတ်သက်ပါရစေနဲ့လို့ အကြိမ်ကြိမ်အခါခါ ငြင်းဆိုပါသော်လည်း အဲဒီငြင်းဆန်မှုဟာ အလကားပဲဖြစ်သည်။ အခုဆို စိမ့်ပန်း အနားကို လေးမောင် ရွေးထားတဲ့ ဝီရအောင် ဆိုတဲ့လူ ရောက်နေပြီ။ နောက် သိပ်မကြာခင်အချိန်အတွင်းမှာပဲ လေးအောင် ရွေးထားတဲ့ မာန်ထက်ဆိုတဲ့လူ လာဦးမယ်။ အရမ်းကို စိတ်ညစ်ဖို့ကောင်းသည်။

စိမ့်ပန်းရဲ့စိတ်ခံစားချက်ကို တစ်ချက်ကလေးမှနားမလည်ဘဲ သူတို့ဖြစ်ချင်ရာပဲ စွတ်လုပ်သည့် လေးမောင်နဲ့ လေး

www.burmeseclassic.com

www.burmeseclassic.com



အောင် နှစ်ယောက်ကြားမှာ နေရတာဟာ အရမ်းကိုမွန်းကျပ်လာပါသည်။ ဘယ်လိုမှ မျက်နှာကြောမတည့်ကြသော လေးမောင်နဲ့ လေးအောင်ဟာ စိမ့်ပန်းအတွက်ဆို လိုရာရစေပြီး ဖူးဖူးမှုတ်အလိုလိုက်ကြသလို အဲဒီမှာလည်း သူက ဘာလုပ်ပေးတယ်၊ ငါက ဘာဝယ်ပေးတယ်နဲ့ အမြဲတမ်းပြိုင်နေကြတာဖြစ်သည်။ အခုလည်း ငါပေးစားတဲ့ ယောကျ်ားယူဆိုပြီး အပြိုင်အဆိုင် စီစဉ်နေကြပြန်ပြီ။ စိမ့်ပန်းအတွက် ထည့်မစဉ်းစားပေးတာဟာ အရမ်းဆိုးပါသည်။

စိမ့်ပန်းသည် အတွေးတွေဖြင့် အရမ်းကိုမွန်းကျပ်လာတာကြောင့် ပင်လယ်လေကို တဝကြီးရှူရှိုက်ကာ လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်ကာ စိတ်ကိုဖြေလျှော့နေရသည်။

"ဘာတွေ ဒီလောက် စိတ်ညစ်နေရတာလဲ စိမ့်ပန်း"

စိမ့်ပန်းသည် ဒီခေါ်သံကြောင့် မျက်နှာကို အသာမော့ကြည့်လိုက်လျှင် ဟိုလူ ဝီရအောင် ဖြစ်လို့နေသည်။ ဟင် ... ဒီလူ ဘာလာလုပ်တာပါလိမ့်။ တီရှပ်အဖြူဆွတ်ဆွတ်တစ်ထည်နှင့် ဖိုးကွာတား ဂျင်းဘောင်းဘီဝတ်ဆင်ထားသော စိမ့်ပန်းကို ညှို့ရီရီ စိုက်ကြည့်နေသောသူ့ကို စိန့်ပန်းက မေးဆတ်ရင်း ...

"ရှင် မအိပ်သေးဘူးလား။ ဘာကိစ္စ ဒီရောက်လာတာလဲ"





"မင်းတောင်မှ မအိပ်သေးတာပဲ။ ကိုယ်လည်း မင်းလိုပဲ အိပ်လို့မပျော်လို့ပေါ့။ ဘာကိစ္စ ဒီရောက်လာတာလဲဆိုတော့ အိပ်မပျော်လို့ လမ်းလျှောက်ထွက်ရင်း မင်းကိုတွေ့လို့စကားပြောတာ။ ခဏထိုင်မယ်နော်"

သူက သူ့ဘာသာပြောကာ စိမ့်ပန်း ပြန်အပြောကို စောင့်မနေတော့ဘဲ စိမ့်ပန်း ဒရင်းဘုတ်ဘေးနားက ကျောက်တုံးသားပေါ်မှာ ဝင်ထိုင်ပါသည်။ ပြီးတော့မှ စိမ့်ပန်းကို တစ်ချက်ကြည့်ကာ ပြုံးပြ၍ ...

"မနက်က ပြီးတော့ ဒီညနေ ဒင်နာမှာ မင်း ကိုယ့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားတာအတွက် ဆောရီးပဲ။ ကိုယ် တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး။ ရှင်လည်း စိတ်အနှောင့်အယှက် ဖြစ်ရတာပဲလေ။ လေးမောင်နဲ့ ပတ်သက်ပြီး ဒီကိုရောက်လာတဲ့ ရှင့်ကို လေးအောင်က လုံးဝကြည်ဖြူမှာ မဟုတ်ဘူး။ ဒီတလောမှာ လေးမောင်မရှိတော့ ရှင့် အနေခက်မှာတော့ သေချာတယ် ကိုဝီရအောင်"

စိမ့်ပန်းရဲ့စကားကို သူက ပြုံးရုံသာ အသာပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်ပြကာ သက်ပြင်းတစ်ချက် ချလိုက်ရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် စိမ့်ပန်း။ မင်းလည်း တော်တော်စိတ်ညစ်နေမှာပဲနော်"

"အဲဒီလိုသာ အစောကတည်းကသိရင် ရှင် ဒီကိုရောက်မလာသင့်ဘူး။ ကျွန်မ ရှင့်ကြောင့် စိတ်အရမ်းအနှောင့်အယှက်ဖြစ်တယ်"

အဲဒီလူဟာ အပြုံးမပျက်သော မျက်နှာနှင့်ပင် စိမ့်ပန်းကို သူ့ဘောင်းဘီအနောက်အိတ်ထဲက တစ်စုံတစ်ခုကိုထုတ်ကာ စိမ့်ပန်းကို ကမ်းပေးလေသည်။ ဘာလဲကြည့်လိုက်တော့ စာအိတ်တစ်အိတ်ပဲဖြစ်သည်။

စိမ့်ပန်းသည် ဘာသဘောဆိုတာကို နားမလည်စွာဖြင့် သူ့ကို မျက်လုံးတစ်ချက်လှန်ကြည့်လေလျှင် သူက စာအိတ်ကိုသာ ကမ်းပေး၍ပြောလေသည်။

"ဒါ ဒီတစ်ပတ်လာမယ့်စာပါ စိမ့်ပန်း။ ကိုယ် စာတိုက်မသွားဖြစ်လို့ မထည့်ဖြစ်ခဲ့တာ"

ဟယ် ... ဟယ် ... ဒါဆိုရင် သူက။ စိမ့်ပန်းသည် ဘာစကားမှ မဆိုနိုင်သေးဘဲ သူ့ကို မျက်လုံးအပြူးသားကြည့်နေတုန်းမှာပဲ သူက စကားဆက်လေသည်။





"မင်းဆီကို ရောက်ရောက်လာတတ်တဲ့ စာတွေရဲ့ပိုင်ရှင် ချမ်းဆိုတာ ကိုယ်ပဲ စိမ့်ပန်း။ မင်းကို အမှန်တရားတစ်ခု ဖွင့်ပြောပြလိုက်ရင် မင်း ပိုတောင်အံ့ဩသွားနိုင်တယ်။ မနက်ဖြန်မနက် မိုးလင်းတာနဲ့ ကိုယ့်အခြေအနေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလိမ့်မယ် စိမ့်ပန်း"

"ဘာတွေလဲ ... ကျွန်မ နားမလည်ဘူး"

"ကိုယ် ဒီနေ့ညမှာပဲ စိမ့်ပန်း နားလည်အောင် ပြောပြမှာပါ။ ပထမဆုံး ကိုယ့်ကိုယ်ကိုယ် အရင်မိတ်ဆက်လိုက်ဦးမယ်။ ကိုယ့်နာမည် ချမ်းဝီရ။ ရန်ကုန်က လာတာပါ။ ကိုယ် ဝီရအောင် မဟုတ်ဘူး။ မနက်ဖြန်မှ သူရောက်လာမှာ"

ဘုရားရေ ... ဘယ်လိုတွေတုံး။ စိမ့်ပန်းသည် ရုတ်တရက် ပြောင်းလဲသွားတဲ့ အခြေအနေတစ်ခုအတွက် လုံးဝကို ဇာတ်ရည်မလည်ပါ။ သူက စိမ့်ပန်းဆီကို စာပို့နေတဲ့ ချမ်းဆိုသူ၊ ပြီးတော့ ဝီရအောင် မဟုတ်ဘူး။ ဘာတွေလဲ ?။

"စိမ့်ပန်း နားလည်အောင် ပြောရရင်တော့ ပထမဆုံး ဝန်ခံချင်တာက ကိုယ် စိမ့်ပန်းကို အရမ်းချစ်တယ်။ စမြင်ဖူးကတည်းကကို စွဲလမ်းပြီး ချစ်သွားတာ။ အဲဒီအတွက် ကိုယ် စိမ့်ပန်းရဲ့စိတ်ဝင်စားမှု အရင်ရအောင် ရန်ကုန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ကိုယ့်ချစ်သူကို လွမ်းနေတဲ့ပုံစံမျိုးနဲ့ စာတွေ ရေးပြီး စိမ့်ပန်းဆီ ပို့ခဲ့တာပါ။ အခုလည်း စိမ့်ပန်းနဲ့စကား ပြောခွင့်ရဖို့အတွက် ကိုယ် ဝီရအောင် နေရာမှာ ခဏအစား ဝင်လိုက်တာပါ။ ဟို ... အဲဒီအတွက် လင်းရန်ကို အပြစ် မတင်ပါနဲ့နော်။ ကျွန်တော် အတင်းအပူကပ်လို့ သူလုပ် ပေးရတာပါ ...

တကယ် ဝီရအောင် အစစ်က မနက်ဖြန် ရောက်လာ လိမ့်မယ်။ သူ ရောက်လာပြီဆို ကျွန်တော်ဟာ လိမ်လည်မှု နဲ့ အထဲရောက်သွားနိုင်ပါတယ်။ မနက်ဖြန် အခြေအနေ အတွက် အယူခံဝင်နေတာ မဟုတ်ဘူးနော် စိမ့်ပန်း။ ကိုယ် စိမ့်ပန်းကို ဒီစကားတွေ မပြောဖြစ်မှာစိုးလို့ လာပြော တာပါ ...

ရပါပြီ ... စိမ့်ပန်း ကြိုက်သလို ဆုံးဖြတ်နိုင်ပါပြီ"

သူ့ဘက်က စကားကုန်သွားသောအခါ စိမ့်ပန်းသည် ပြောဖို့ရာအတွက် စကားလုံးတွေက လည်ပင်းထဲမှာဆို့ကာ နင်နေ သည်။ ဘာပြန်တုံ့ပြန်ရမယ်မှန်းလည်း ဝေခွဲမရချေ။ အခုမြင်တွေ့ နေရတဲ့သူဟာ ဝီရအောင် မဟုတ်ဘူးတဲ့။ သူက လေးမောင်စီစဉ် ထားတဲ့သူ မဟုတ်ချေ။ ပြီးတော့ သူက စိမ့်ပန်းရဲ့ရည်းစားအဖြစ်





သူငယ်ချင်းတွေကြားမှာ အထင်မှားအောင် စာတွေရေးပြီးပေးပို့ နေသူဖြစ်သည်။ ဒီလောက် အပြစ်တွေပုံနေအောင် လုပ်ထားတဲ့ ယောကျ်ားတစ်ယောက်ကို စိမ့်ပန်း ဘာလုပ်ရမလဲ။ ဘာလုပ်သင့် သလဲ ? ။

အံ့ဩစိတ်တွေရော၊ ဒေါသစိတ်တွေပါ ရောသွမ်း ပြည့်နှက်ကာ သူ့ကို လက်ညှိုးထိုး မေးမိသွားလေသည်။

"ရှင် ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ ? "

တည်ငြိမ်စွာ ပြီးတော့ စိမ့်ပန်းကို နက်ရှိုင်းသော အဓိပ္ပာယ်တွေဖြင့်ကြည့်ကာ အေးအေးဆေးဆေး ဖြေလေသည်။

"အချစ်အတွက် လူတိုင်းရူးကြတယ် စိမ့်ပန်း။ ကိုယ်လည်း အချစ်အတွက်ဆိုတဲ့ စိတ်နဲ့ ဘာပဲဖြစ်ဖြစ် လုပ်လိုက်တာ ပါ"

"အဲဒီအတွက် ရှင် ဘယ်အခြေအနေထိ ရောက်သွားနိုင် တယ်ဆိုတာ မစဉ်းစားမိဘူးလား။ ရှင့်ကို ကျွန်မ အထဲ ရောက်သွားတဲ့အထိ လုပ်ပစ်လိုက်လို့ ရတယ်နော်။ ဒုက္ခ ရောက်မှာ မကြောက်ဘူးလား။ ဘယ်လိုရည်ရွယ်ချက်နဲ့ အကြံအစည်နဲ့ ကျွန်မဆီကို စာတွေပို့နေရတာလဲ။ ပြီးတော့ ဝီရအောင် နေရာမှာ ဘာလို့လိမ်ပြီး ဝင်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီးသွားပြီလေ။ စိမ့်ပန်းကို ကိုယ်မြင်မြင်ချင်းပဲ ချစ်မိသွားတယ်။ စိမ့်ပန်းအနားကို ကိုယ် နီးလာအောင်လို့ ဒီလိုလုပ်လိုက်တာ။ ဘာပဲဖြစ်ဖြစ် ဖြစ်ပလေ့စေဆိုတဲ့စိတ်နဲ့ စိမ့်ပန်းဆီ လာခဲ့တာပါ။ အဓိက,က ကိုယ့်အချစ်ကို စိမ့်ပန်း သိစေချင်တာပါ"

တကယ့်ဖီလင်ကြီးထည့်ပြီး ပြောနေပုံဟာ စိမ့်ပန်းကို တစ်မျိုးတော့ ဖြစ်သွားစေသည်။ သူ့ဆီက ကြားလာရတဲ့ ရည်းစားစကားဟာ ရင်ခုန်မှုတွေ Romance မဖြစ်ဘဲ စိတ်ထဲမှာ ဝမ်းနည်းမိသွားပါသည်။ ပြီးတော့ သူ ဘယ်သူဆိုတာ တိတိပပ မသိပေမယ့် စိမ့်ပန်း စိတ်ထဲမှာ သူ့ကို warm ဖြစ်သွားသလိုပင် ခံစားရ၏။

စိမ့်ပန်းတို့ကြားထဲက တိတ်ဆိတ်မှုဟာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေရပါသည်။

"ကိုယ် ကျေးဇူးအများကြီး တင်ပါတယ် စိမ့်ပန်း။ အခုလို အချိန်အကြာကြီး စကားပြောခွင့်ပေးတဲ့အတွက် ကိုယ်ကျေနပ်ပါတယ်။ ကိုယ် အခန်းမှာပဲရှိတယ် စိမ့်ပန်း။ မင်းကြိုက်သလို စီရင်နိုင်ပါတယ်။ ကိုယ် စောင့်နေတယ် စိမ့်ပန်း ...

ကောင်းသောညပါ ချစ်သူ"





စိမ့်ပန်းရဲ့အနားကနေ တရွေ့ရွေ့ထွက်ခွာသွားလေတဲ့ သူ့ပုံရိပ်ကို စိမ့်ပန်းက အသာငေးကြည့်ရင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်ပါသည်။ ပြီးတော့ သူထားခဲ့တဲ့ စာအိတ်လေးကို အကြောင်းသား ငေးကြည့်ကာ မနက်ဖြန်အတွက် တစ်ခုခုကို စဉ်းစားနေရပါသည်။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၅

Hotel ခြံဝင်းကြီးထဲကို ကားတစ်စီး ဝင်ရောက်လာတာနှင့် စိမ့်ပန်းသည် ကားပေါ်ကဆင်းလာတဲ့ လူနှစ်ယောက်ကို အကဲခတ်ကြည့်လိုက်လေသည်။ မဖြစ်နိုင်လောက်ဘူး ထင်ပါတယ်။ ကမ်းခြေလာတဲ့ ကိုယ်တော်နှစ်ပါးက ကမ်းခြေစတိုင်လ်တွေ ဝတ်ဆင်လာကြတာ အရောင်တွေက ပြိုးပြိုးပျက်ပျက်နှင့် ဘာတွေမှန်းလဲ မသိပါ။ စိမ့်ပန်းက Reception ဘေးက ဆိုဖာမှာ မဂ္ဂဇင်းတစ်အုပ်ကို စိတ်မပါစွာဖြင့် ဟိုလှန်ဒီလှန် လုပ်နေတုန်းမှာပဲ ကြားရတဲ့အသံကြောင့် စိမ့်ပန်းက စိတ်ဝင်တစား ကြည့်မိသွားသည်။

"Hello ... my brother ... ကိုယ် လင်းရန်ခနဲ့ တွေ့ချင်တယ်၊ သူ့ကိုခေါ်လိုက်ပါ"



လင်းရန်နဲ့ တွေ့ချင်တယ် ဆိုကတည်းက ဒါဟာ ဟိုလူဝီရအောင်ပဲ ဖြစ်တယ်ဆိုတာ မေးနေစရာ မလိုတော့။ reception က ဘယ်သူပါလဲခင်ဗျာ ဆိုတဲ့ အမေးကို သူ မဖြေခင်မှာပဲ စိမ့်ပန်းက အပြေးအလွှားပင် သူ့အနားသို့ ရောက်ချသွားကာ ...

"ဟို ... ကိုဝီရ ထင်တယ်။ ကျွန်မက စိမ့်ပန်းဆီသွားပါ"

စိမ့်ပန်းနာမည် ကြားတာနှင့် သူဟာ စိမ့်ပန်းကို လည်ပင်းလိမ်ကြည့်လိုက်လျှင် စိမ့်ပန်းသည် အတော်ကြီးကို တုန်လှုပ်သွားရပါသည်။ မြတ်စွာဘုရား ... လေးမောင်ရဲ့စပါယ်ရှယ်သမက်ဟာ ဒါကြီးလား။ ကိုလောရှည်ဟာ ဂေါ်တာကတော့ လုံးဝဂေါ်ပဲဖြစ်သည်။ ဒါပေမဲ့ သူ့ရဲ့ဝတ်စားဆင်ယင်မှု ကမ်းခြေဖက်ရှင်ဟာ အဂေါ်လွန်တာပဲလား၊ တောဂေါ်လီလားတော့ မပြောတတ်ချေ။ တော်တော့်ကို ရင်တုန်ပန်းတုန် ဖြစ်ရလေသည်။ သကော်ငှသားသည် စိမ့်ပန်းကို မြင်တာနှင့် သွားသုံးဆယ့်နှစ်ချောင်းလုံး အကုန်ဖြီးကာ စိမ့်ပန်းလက်ကို မဆွဲရုံတမယ် ဖော်ရွေလွန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို … စိမ့်ပန်း။ ဝါး … အပြင်မှာက လွတ်ချောပဲ။ ကျွန်တော် ဝီရ"

"ဟိုး … ထား … special room စီစဉ်ပေး မဇင်။ ကိုသောင်း ကျော် ညွှန်သည်တွေရဲ့ ပစ္စည်းတွေကို အခန်းပို့ပေးလိုက်ပါ။ ဟို … ကိုဝီရတို့က လာလေ။ စိမ့်ပန်းနဲ့အတူ break fast တစ်ခုခုစားရင်း စကားပြောတာပေါ့"

စိမ့်ပန်းက ကိုယ့်ဘာသာ စီစဉ်ကာ သူ့ကို break fast စားဖို့ခေါ်လေလျှင် သူက ပျော်ရွှင်စွာဖြင့်ပင် ခေါင်းကြီးတစ်ခုလုံး ပြုတ်ထွက်မတတ် ညိတ်ပြ၍ …

"စားမယ် … စားမယ်။ စိမ့်ပန်းနှင့်အတူတူ စားခွင့်ရတာ သိပ်ကံကောင်းတဲ့ လက်ဆောင်ပဲ"

စိမ့်ပန်းက မျက်နှာကို တော်တော်လေး ဟန်လုပ်ပြုံးပြကာ သူ့ကို ကမ်းခြေဘက် မျက်နှာမူထားတဲ့ View point တန်းက စားပွဲဝိုင်းတွေဆီ ခေါ်ဆောင်သွားကာ အဲဒီမျက်နှာရှုးနှင့် အတူ သူ့တပည့် ကြောင်က ဟိုတယ်ကကျွေးတဲ့ ဘူဖေးကို အဝအပြဲ တွယ်နေကြပါသည်။ အင်း … ဝီရအောင် ဆိုတဲ့ကောင်ကို ဘယ်လိုနည်းနဲ့မှ စိမ့်ပန်း လက်မခံနိုင်တာဟာ ပိုလို့သေချာသွားချေပြီဖြစ်သည်။





လေးမောင်ရယ် … ဘယ်လိုဟာတွေ ရှာထားရတာလဲ။ အရုပ်ကလည်းရှုပ် လူကလည်း ဘာပုံမှန်းကိုမသိ။ အဆင်ပြေပြေနဲ့ ကြည့်လို့ကောင်းတဲ့ပုံစံ တစ်ချက်မှမရှိ။ တခြားမိန်းကလေးဆိုရင်တော့ မဆိုးပါဘူးလို့ မှတ်ချက်ချကောင်း ချနိုင်လိမ့်မည်။ ဒါပေမဲ့ စိမ့်ပန်းကတော့ အဆိုးဘက်ကပဲတွေးကာ လုံးဝကို စိတ်မဝင်စားပေ။

ဒါဆို ဘာလို့များ အခုလို သူ့ကို တက်သုတ်ရိုက်ဝင်လုံးရသလဲဆိုပြီး မေးခွန်းထုတ်လာရင်တော့ ရိုးရှင်းသောအဖြေတစ်ခုပဲ ထွက်လာလိမ့်မည်။ ဝီရအောင် ဟန်ဆောင်ထားတဲ့ ဟိုတစ်ယောက်ကို ဒုက္ခမရောက်စေချင်လို့ပဲ ဖြစ်သည်။

"စိမ့်ပန်းကို ကျွန်တော်တော့ အရမ်းသဘောကျသွားပြီဗျာ။ စိမ့်ပန်းအတွက် ကျွန်တော် လက်ဆောင်တွေ အများကြီး ဝယ်လာခဲ့တယ်။ ဟို … ပြီးတော့ ကျွန်တော့်ကို စိတ်ကြိုက်လေ့လာပါခင်ဗျ။ ကျွန်တော့်ဘက်က စိမ့်ပန်းရဲ့အချစ်ကို ရအောင် ကြိုးစားမယ်"

အမယ်လေး … သေတော့မှာပဲ။ သူ့ကို ဘယ်သူက ရွေးပါ့မယ် ပြောနေလို့လဲ။ ဒါပေမဲ့လည်း စိမ့်ပန်းက လောလောဆယ်မှာ သူတို့ကို ခဏနှပ်ထားရမှာဖြစ်သည်။ ဒီလူဟာ ဝီရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လူသိခံလို့ မဖြစ်ဘူး။ ဟိုတစ်ယောက်ကိုတောင် စာရင်းရှင်းလို့ မပြီးသေးတာ။ လေးမောင် ပြန်မလာသေးခင်အထိတော့ ဒီလိုပဲ လှည့်ပတ်ရှာကြံနေရတော့မှာဖြစ်သည်။

"Ok လေ။ နောက် အေးအေးအချိန်တွေ ရှိပါသေးတယ်။ အခုတော့ ရှင်တို့လည်း ခရီးပန်းလာတယ်ဆိုတော့ နားကြဦးလေ။ ကျွန်မဖုန်းနံပါတ် သိတယ်မှလား"

"ဟုတ်ကဲ့ ... သိပါတယ် စိမ့်ပန်း"

"လိုတာ အဆင်မပြေတာမျိုးရှိရင် Service ကိုပြောလိုက်။ ဒါပေမဲ့ အဆင်မပြေတာရှိမယ် မထင်ဘူး။ ကိစ္စရှိရင် ကျွန်မဆီ ဖုန်းဆက်လိုက်ပေါ့။ ဒီနေ့ dinner အတွက် ကျွန်မ ရှင်တို့အခန်းကို ပို့ပေးလိုက်ပါ့မယ်။ ရှင့်ကိုအပြင်ထွက်လာပြီး မစားစေချင်ဘူးလေ။ စေတနာပေါ့ ... အဟင်း၊ ပြီးတော့ မှ အေးအေးတွေ့ကြမယ်လေ။ See you"

"ဟုတ်ကဲ့ ... See You ။ စိမ့်ပန်း စိတ်တိုင်းကျ စီစဉ်။ စိမ့်ပန်း သဘော ... သဘော"

စိမ့်ပန်းကို ရေလည်ကြွေကျနေတဲ့ ကိုယ်တော်ချောကို စိမ့်ပန်းက ဂေါက်သီးလို့ စိတ်ထဲရေရွတ်ပေမယ့် အပြုံးမပျက် မျက်နှာဖြင့်ပင် သူတို့အတွက် အခန်းကို လိုက်ပြလိုက်ဖို့ တစ်





ယောက်ကို မှာခဲ့ပြီး နောက်မှာတော့ စိမ့်ပန်းမှာ အတော်လေးကို မောပန်းနွမ်းလျှသွားလေသည်။

ပြီးတာနဲ့ မနားနိုင်သေးပေ။ စိမ့်ပန်းဆီက တုံ့ပြန်မှုကို စောင့်နေတဲ့သူဆီ သွားရဦးမည်။ ဘာလို့မှန်းတော့ မသိ။ တစ်ညလုံး စိမ့်ပန်း ထိုင်စဉ်းစားနေသည်။ သူ့ကို လုံးဝကို စိတ်မဆိုးချေ။ ပြီးတော့ သူ့ကို စိမ့်ပန်းတို့ရဲ့ ချောင်းသာကို အသည်းကွဲကမ်းခြေလို့လည်း မခံစားစေချင်ပါ။

ထူးဆန်းစွာသော စေတနာသည် စိမ့်ပန်းရဲ့နှလုံးသားထဲမှာ တစ်မျိုးလေး နှစ်ဝင်နေတာကို သူငယ်ချင်းတွေနဲ့ နောက်မှ တိုင်ပင်ကြည့်ရပါဦးမည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



ဝီရသည် မွေ့ရာကြီးပေါ်မှာ ကန့်လန့်ဖြတ် လှဲအိပ်နေရာကမှ တုံဏှိဘာဝေကြီး ဖြစ်နေသည်။ ဒီတစ်ရက်ကလေး လိမ်ညာဖုံးကွယ်ပြီး ဝီရအောင်လို ဟန်ဆောင်နေရတာတောင် သူ အရမ်းရင်မောနေရသည်။ ဒါကြောင့် ရှေ့ဆက်ပြီး မညာချင်တာကြောင့် စိမ့်ပန်းကို ဝန်ခံခဲ့ပြီးတဲ့အပြင် သူ"ချစ်တယ်"ဆိုတာကိုလည်း စိမ့်ပန်း သိသွားပြီဖြစ်တဲ့အတွက် သူ့အဖို့ ဖြေသိမ့်နိုင်သည်။ ဖြစ်လာသမျှ ပြဿနာကို သူ ရင်ဆိုင်ဖို့ မကြောက်ပေ။ စိမ့်ပန်းက သူ့ကို လိမ်လည်မှုနဲ့ အထဲထည့်လိုက်ရင်လည်း သူ ကျေနပ်ပေသည်။ ဘာပဲဖြစ်ပါစေ ... သူ စိမ့်ပန်းကို ချစ်တယ်လို့ စိမ့်ပန်းရှေ့မှာတင် သေချာပြောခဲ့ရတဲ့အတွက် ကျေနပ်သွားပြီဖြစ်သည်။ ဒီမနက်မှာ ရောက်လာတော့မယ့် တစ်စုံတစ်ရာအတွက် သူဟာ အဆင်သင့်ကို စောင့်နေတာပဲဖြစ်သည်။

"ဒေါက် ... ဒေါက်ဒေါက် ... ဒေါက်"





ကြားလိုက်ရတဲ့ တံခါးခေါက်သံကြောင့် သူဟာ လှဲနေရာကနေ ဆတ်ခနဲ ထထိုင်ကာ လေပူတစ်ချက် မှုတ်ထုတ်၍ တံခါးဖွင့်ပေးလိုက်တော့သည်။ သူ တွေးထင်ထားသလို ဟိုတယ်က တာဝန်ရှိလူကြီးတွေမဟုတ်ပါ။

တကယ်ကို ထင်မှတ်မထားတဲ့ သူမကို တစ်ယောက်တည်း တွေ့လိုက်ရလေသည်။ ပြီးတော့ သူ့ကို ပြုံးမြမြမျက်ဝန်းတို့ဖြင့်ကြည့်၍ ...

"မောနင်း ... ရှင် breafast မစားဘူးလား"

ဗုဒ္ဓေါ ...။ သိပ်ကို အံ့အားသင့်ရပါသည်။ စိမ့်ပန်းရဲ့မေးမြန်းမှုကို သူက တည်ငြိမ်စွာပင် ပြန်ဖြေမိသည်။

"စိမ့်ပန်း ကိုယ့်ကိုကြိုက်သလို အပြစ်ပေးလို့ ရပါတယ်။ ကျွန်တော် ညကတည်းက ဖြစ်လာမယ့် အနာဂတ်အတွက် ကြိုစဉ်းစားထားပြီးသားပါ"

"ဒါပေမဲ့ ရှင် စဉ်းစားတဲ့အထဲမှာ မနက်ကျရင် ကျွန်မနဲ့အတူတူ ကမ်းခြေလမ်းလျှောက်မယ်၊ အုန်းရေသောက်မယ်၊ ပုစွန်ကင်စားမယ်၊ စကားပြောမယ်ဆိုတာ မပါဘူးမှလား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဝီရသည် ကိုယ့်နားတောင် မယုံချင်တော့။ ဟုတ်မှ ဟုတ်ရဲ့လား။ ဒါပေမဲ့ အဲဒါက တကယ်ကြီးပင်ဖြစ်သည်။ သူဟာ ဒီအခြေအနေကို လုံးဝမမျှော်မှန်းထားပေ။ စိမ့်ပန်းက သူ့ကို နားလည်ပေးလိမ့်မယ်လို့ ထင်ကို မထင်ရဲခဲ့တာဖြစ်၏။

"စိမ့် ... စိမ့်ပန်းက ..."

"လေးမောင် ပြန်မလာခင်အထိ ရှင်ဟာ ဝီရအောင်အနေနဲ့ နေလို့ရပါတယ်။ တကယ့် ဝီရအောင်လည်း ရောက်နေပြီ။ ဒါပေမဲ့ လေးအောင်ရယ် ကျွန်မမေမေရယ်က ရှင့်ကို ဝီရအောင်လို့ ထင်ထားပြီးသားလေ။ ရှင် အဲဒီအတိုင်း ဟန်မပျက်နေနိုင်တယ်မှလား"

"ဒါ ... ဒါ ... ဒါဆိုရင် ဟို ဝီရအောင်က ..."

"အေးဆေးပါ။ ဒါက ဟိုတယ်လေ။ ဘယ်သူမဆို တည်းခိုခွင့်ရှိတယ်။ သူက လေးအောင်တို့နဲ့ ဆုံမှာတောင်မဟုတ်ဘူး"

သူ အရမ်းပျော်သွားရပါသည်။ စိမ့်ပန်း သူ့ကိုနားလည်ပေးနိုင်လိမ့်မယ်လို့ သူ မထင်ခဲ့ပေမယ့် လက်တွေ့မှာတော့ အရမ်းကို Surprise ဖြစ်ရသည်။ စိမ့်ပန်းအနားသို့ ဆက်နေခွင့်ရတော့မယ်ဆိုတဲ့ အသိက သူ့ကိုရူးသွားစေလောက်ပါသည်။





ဝီရသည် မမျှော်လင့်ထားတဲ့ အခြေအနေတစ်ခုအတွက် အရမ်းကို အံ့အားတွေသင့်ရသလို ရင်လည်း ဒိန်းခနဲ တစ်ချက်ဆောင့်ခုန်သွားရပါသည်။ သူဟာ အဲဒီအတွက် မဝံ့မရဲပင် မေးခွန်းတစ်ခု မေးဖြစ်သွား၏။

"စိမ့်ပန်း ကျွန်တော့်အချစ်တွေကို နားလည်တယ်ပေါ့နော်"

"ဟော့ ... တစ်ပြစ်ကနေ နှစ်ပြစ်ဖြစ်ချင်တာလား။ တော်တော့ အဲဒီအကြောင်း မဆွေးနွေးနဲ့။ အခု ကျွန်မ ကမ်းခြေဘက် လမ်းလျှောက်ထွက်မလို့။ ရှင် breakfast မစားရသေးဘူး ကြားတာနဲ့ ဘာမှားဖြစ်လို့လဲလို့ လှည့်ဝင်မေးတာ။ အဲဒါဆို ကျွန်မ သွားတော့မယ်"

သူက ဒီလောက်ဂွတ်နေတဲ့ အခြေအနေအတွက် ဟုတ်ကဲ့ပါခင်ဗျ ဆိုပြီး နေခဲ့ရလောက်သည်အထိ မအ,သေးပါ။ ချက်ချင်းပင် စိမ့်ပန်းဆီက ခွင့်တောင်းဟန်ဖြင့် အသိအမှတ်ပေးလိုက်သည်။

"ကျွန်တော်လည်း ကမ်းခြေဘက် လမ်းလျှောက်ချင်နေတာ။ အတော်ပဲ ... လိုက်ပါရစေနော်။ လိုက်ခဲ့မယ်နော်"

စိမ့်ပန်းက ဘာမှပြန်မပြောဘဲ ဒီအတိုင်း လှည့်ထွက်ကာ လျှောက်သွားလေသည်။ သူဟာ လေထဲကို လက်သီးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်သွင်း၍ ချက်ချင်းပင် သူမနောက်သို့ အပြေးလိုက်ရလေသည်။ ဝါး ... အရမ်းကို လတ်ဆတ်တဲ့လေတွေကို ရှူနေရတော့ အဆုတ် အားကောင်းပြီး ရင်ထဲက ပြောချင်နေတဲ့ စကားတွေက ကျလိကျလိဖြင့် ထကြွနေတော့သည်။

"ဒါနဲ့ နေစမ်းပါဦး။ ရှင်က ကျွန်မကို ဘယ်တုန်းကသိပြီး ဘာရည်ရွယ်ချက်နဲ့ ဟိုစာတွေ ပို့ရတာလဲ။ အဲဒီကိစ္စရှင်းဦး"

သူမက ဘာမှမပြောဘဲ လျှောက်နေရာက ဆိုင်းမဆင့် ဗုံမဆင့် ထမေးလိုက်လေလျှင် သူဟာ အဲဒီမခိုးမခန့် ချစ်စရာပုံစံလေးကို အရမ်းချစ်သွားမိသည်။ အား ... ချစ်တဲ့စိတ်က လူကို အရမ်း fresh ဖြစ်တာပဲကွာ။

"စိမ့်ပန်းတို့ဟိုတယ်မှာ ကိုယ်တို့ဘော်ဒါတွေနဲ့လာတော့ တည်းကြတယ်။ အင်း ... ပြီးခဲ့တဲ့ မေလကပေါ့။ ကိုယ်တို့က Family Room မှာ တည်းတာလေ။ စိမ့်ပန်းက Family Room ရှေ့ကနေ ဖြတ်လျှောက်သွားကတည်းက ကိုယ် အရမ်းချစ်မိသွားတာ။ အဲဒါနဲ့ စိမ့်ပန်းနောက်က လိုက်ပြီး စိမ့်ပန်းကို ဓာတ်ပုံခိုးရိုက်တယ်။ ပြီးတော့ စိမ့်ပန်း data တွေ စုံစမ်းတယ်။ ဟိုတစ်ခါ စာထဲမှာတောင်





ရေးထားတယ်လေ၊ စိမ့်ပန်းကိုလွမ်းလို့ ဓာတ်ပုံလေးထုတ်ကြည့်မိတယ်ဆိုတာလေ။ အဲဒါ ကိုယ် ခိုးရိုက်ထားတဲ့ အမှတ်တရဓာတ်ပုံလေးပေါ့"

"ဘာ ... ဒါဆို ရှင့်ဆီမှာ ကျွန်မ ဓာတ်ပုံတကယ်ရှိနေတာပေါ့"

"Right ... ကိုယ် ရန်ကုန်ပြန်ရောက်တော့ စိမ့်ပန်းကို လွမ်းရင် ဓာတ်ပုံလေးထုတ်ကြည့် အဲဒီကနေပြီး စိမ့်ပန်းဆီကို စာရေးချင်တာနဲ့ ကိုယ့်ကိုယ်ကိုယ် စိမ့်ပန်းချစ်သူအဖြစ် စိတ်ကူးယဉ်မိတာ။ အဲဒီလိုရေးမိတဲ့အတွက် စိတ်မဆိုးပါနဲ့နော် စိမ့်ပန်း။ ကိုယ် စိမ့်ပန်းကို ချစ်လို့ပါ"

"ဟော့ ... ရှင်နော်။ ချမ်းဝီရ ... ရှင့်ဘက်က အရမ်းကို မြန်ဆန်နေတယ်လို့ မထင်မိဘူးလား။ ဖောကောင်းတိုင်း ပြောမနေပါနဲ့ရှင်"

ဝီရသည် အဲဒီအပြောအတွက် သဘောသိပ်ကျသွားကာ ဟက်ခနဲ တစ်ချက်ရယ်လိုက်၍ ....

"မမြန်ပါဘူး။ အချစ်ဆိုတာ ချစ်တယ်ဆိုတာထက် ပိုပြီး နက်ရှိုင်းတဲ့ သဘောတရားတွေရှိတယ်။ မြင်မြင်ချင်းချစ်တာဆိုတာ တကယ်ရှိတတ်တဲ့ အချစ်ပုံစံမျိုးနော်။ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



တကယ် အဲဒီလို ချစ်တာပါ။ အသိမှတ်လေးတော့ နည်းနည်းပြုပါကွယ်"

စိမ့်ပန်းက မျက်စောင်းထိုးရင်းက မဲ့ပြုံးပါ ပြုံးသေးလျှင် သူဟာ ရင်ဘတ်တစ်ခုလုံး ဒိန်းဒိန်း၊ ဒိန်းဒိန်း ထမြည်သွားပါသည်။

"ချစ်တာ ခဏထားဦး။ လက်ရှိမှာ ရှင် ဒုက္ခမရောက်အောင်နေလိုက်စမ်းပါ။ ကြိုးစားမနေနဲ့တော့ ချမ်းဝီရ။ ရှင်လည်း သိပြီးသားပဲ။ ကျွန်မက အချိန်တန်ရင် ဝီရအောင် ဒါမှမဟုတ် မာန်ထက်ကို လက်ထပ်ရမှာပဲ။ ရှင့်အတွက် စဉ်းစားစရာတောင် မလိုတော့ဘူး"

"အာ ... စိမ့်ပန်းမှ သူတို့ကို လက်မခံတာ"

"ဒါပေမဲ့ ကျွန်မဦးလေးနှစ်ယောက် စကားကို လက်မခံလို့မှ မရတာ"

သူက ဟင်းခနဲ သက်ပြင်းချကာ ကောင်မလေးရဲ့ ဘဝကို စာနာမိသွားသည်။ ခမျာမှာလည်း ချောင်ပိတ်မိနေရတာမျိုးဖြစ်၏။

ဝီရသည် သူမနဲ့အတူ ယှဉ်လမ်းလျှောက်လာရာကနေ ဆတ်ခနဲ သူမရှေ့ကနေ ပိတ်ရပ်လိုက်ကာ ...





"စိမ့်ပန်း ... လေးမောင်နဲ့ လေးအောင်ကြောင့် စိတ်ညစ်နေရတာကို ကိုယ် နားလည်ပါတယ်။ ဒါပေမဲ့ ဘာမှမဖြစ်ဘူး၊ ကိုယ်က လေးမောင်နဲ့ လေးအောင် သဘောကျမယ့်သူ ဖြစ်စေရပါမယ်။ စိမ့်ပန်းကိုချစ်တဲ့ အချစ်က ဘယ်လောက် အစွမ်းကြီးသလဲဆိုတာ ကိုယ် သက်သေပြမှာပါ ...

ဝီရအောင်ကော၊ မာန်ထက်ကော ဘာမှအရေးမပါဘူး စိမ့်ပန်း။ စိမ့်ပန်းသာ သဘောတူ လက်ခံနိုင်တယ်ဆို ကိုယ့်ဘက်က တရားဝင် ရင်ဆိုင်လို့ရသွားပြီ"

သူ့စကားကြောင့် စိမ့်ပန်းက မျက်စောင်းတစ်ချက်ကဲကြည့်ကာ ...

"အရမ်းမြန်နေလွန်းတယ် ချမ်းဝီရ။ ကျွန်မ စိတ်ညစ်ရတာ မှန်ပါတယ်။ ဒါပေမဲ့ ဦးလေးတွေ စီစဉ်တာကို လက်မခံချင်တာနဲ့ပဲ တခြားယောကျ်ားတစ်ယောက်ကို ခေါင်းညိတ်မှာ မဟုတ်ဘူး။ ကျွန်မတို့နှစ်ယောက် ဆုံတွေ့တဲ့ကာလက ရက်ပိုင်းပဲ ရှိသေးတာ။ ချက်ချင်းကြီး ပြောင်းလဲဖို့ ကျွန်မဘက်က ခံစားချက်မရှိဘူး"

စိမ့်ပန်းက ပြောပြီး ရှေ့ကနေ ထွက်သွားလေတော့သည်။ ကိုယ် နားလည်ပါတယ် ကောင်မလေးရယ်။ မင်းရဲ့ချို



www.burmeseclassic.com

ခါးခါး အမူအကျင့်တိုင်းကို ကိုယ်က လိုလိုလားလား လက်ခံနိုင်တဲ့သူပါ။ မင်းရဲ့စိတ်ညစ်မှုတွေ အားလုံးကို ကိုယ့်အချစ်က ဖြေရှင်းနိုင်ပါလိမ့်မယ်။

ဝီရသည် မယုံကြည်ချက်ကြောင့် မျှော်လင့်ချက်တို့သည် ပို၍ အသက်ဝင်လာလေသည်။

✦ ၀ ✦





၆

ဝီရသည် ဒီနေ့တစ်နေ့လုံး စိမ့်ပန်းကို မတွေ့တဲ့အတွက် စိတ်ထဲမှာ တော်တော်ခိုးလိုးခုလုကြီး ဖြစ်နေရပါသည်။ ဟိုနှစ်ကောင်ကလည်း မနေ့က ရန်ကုန်ပြန်သွားကြပြီဖြစ်သဖြင့် သူ့မှာ တစ်ကိုယ်တော် ကြိုးစားရေးစခန်း စဖို့ပဲရှိတော့သည်။ စိမ့်ပန်းနှင့် သူ့ကြားက ဆက်ဆံရေးဟာလည်း အနည်းငယ်တိုးတက်လာတာမို့ သူဟာ ပိုကြိုးစားဖို့ပဲ ရှိတော့၏။ စိမ့်ပန်းရဲ့အနားကို သူ ရောက်လာခဲ့ပြီမို့ ရင်ခုန်သံတို့သည် ပိုအုံကြွလာကာ အချစ်တွေ ပိုတိုးလာတော့သည်။

"ဟား ... လင်းရန် ... လင်းရန် ... ဟူး ... ရှာလိုက်ရတာကွာ။ မင်းတို့ အစ်မလေးကို ငါ လုံးဝမတွေ့သေးဘူး။ ဘယ်သွားလို့လဲ"

www.burmeseclassic.com



သူက ဖိုင်လ်တွဲတစ်ထပ်နှင့် အလုပ်များနေတဲ့ လင်းရန်ကို အသည်းအသန် မေးလေလျှင် လင်းရန်က ...

"အစ်ကို တကယ်မသိဘူးလား။ ကျွန်တော်က အစ်ကို သိတယ် ထင်လို့ဗျ"

"ဘာလဲ ... မသိဘူး"

"အစ်မလေးက ဟို ... ကိုဝီရနဲ့ မနက်ကတည်းက ဘုရား သွားမယ်ဆိုပြီး ထွက်သွားတာဗျ။ ပြီးရင်လည်း ဈေးဘက် သွားဦးမယ်ဆိုပဲ"

"ဘာ ... သူတို့နှစ်ယောက်တည်းလား"

"ဟုတ်တယ်ဗျ ... နှစ်ယောက်တည်း။ အော် ... အစ်ကို ကျွန်တော် လုပ်စရာတွေရှိသေးလို့ သွားလိုက်ဦးမယ်နော်"

လင်းရန်က သူ့ရှေ့ကထွက်သွားလေလျှင် သူဟာ နေရာမှာတင်ပဲ မတ်တတ်ကြီးမေ့သွားသလားဟု ထင်ရလေသည်။ စိမ့်ပန်းက ဟိုကောင်နဲ့ ဘာကိစ္စနှစ်ယောက်တည်း သွားရတာလဲ။ လောလောဆယ် သူ့အမေနဲ့ ဦးရွှေအောင်က ဝီရအောင်ကို သူ့ လိုပဲ သိထားတဲ့ဟာကို။ အဲဒါ ဘာကိစ္စ ဝီရအောင်နဲ့အတူထွက် သွားရတာလဲ။ မဖြစ်ဘူး ... ဖုန်းဆက်ကြည့်မှ။ ဝီရသည် ချက် ချင်းပင် စိမ့်ပန်းရဲ့ဟန်းဖုန်းကို လှမ်းခေါ်လိုက်လျှင် ဖုန်းကတော်





တော်နှင့် လိုင်းမဝင်။ စိတ်ရှည်ရှည်ခေါ်မှပဲ လိုင်းဝင်သွားလေ သည်။ ဒါတောင် ချက်ချင်းဖုန်းမကိုင်ဘဲ ခဏနေတော့မှ "ဟယ်လို" ဆိုတဲ့ အသံကို ကြားရလေသည်။

"စိမ့်ပန်း ... ကိုယ်ပါ ချမ်းဝီရ။ မင်း အခု ဘယ်မှာလဲ ဟင်"

"ဘာဖြစ်လို့ မေးတာလဲ"

"ဟား ... စိတ်ပူလို့ပေါ့ကွ။ လင်းရန်က ပြောတယ်။ စိမ့်ပန်းက ဟိုဝီရအောင်နဲ့ အတူထွက်သွားတယ်တဲ့။ အခု စိမ့်ပန်းတို့ ဘယ်မှာလဲ"

"ချောင်းသာမှာပဲ ရှိပါတယ်။ ဒီနေရာက ကျွန်မနေရာတွေ ဘာမှအပိုတွေပြောမနေနဲ့။ ဒါပဲ"

သူမက သူ့ကို ဆက်စကားပြောခွင့် မပေးတော့ဘဲ ဖုန်းချသွားသောအခါ ဒေါတွေကန်ကျန်နေခဲ့သူက သူပဲဖြစ်သည်။ ဟားကွာ ... ဘာဖြစ်ကာလဲ။ သူက ကြိတ်မနိုင်ခဲမရဖြင့် ဟို လျှောက်ဒီလျှောက် လုပ်နေစဉ်မှာပဲ သူ့ပခုံးကို တစ်ချက်ပုတ်တာ ကြောင့် သူက လှည့်ကြည့်လိုက်လျှင် ဦးရွှေအောင် ဖြစ်လို့နေလေ သည်။

"မောင်ဝီရအောင် ဘာအခက်အခဲ ဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဘာမှမဖြစ်ပါဘူး လေးအောင်။ ကျွန်တော် ရေထဲဆင်းရင် ကောင်းမလား စဉ်းစားနေတာပါ"

သူက ပါးစပ်ထဲရှိရာ လျှောက်ပြောလိုက်တာကို လေးအောင်က ယုံသွားသလို ခေါင်းတစ်ချက် ဆတ်ပြကာ ...

"အေး ... ဒါနဲ့ မင်းလည်း ဒီမှာနေရတာ ပျင်းနေပြီထင်တယ်။ ပြန်ချင်ပြန်ပါလား။ ရွှေမောင်က အလုပ်တွေမပြတ်သေးတော့ ဒီပြန်မလာနိုင်သေးဘူး။ မင်းကို ဧည့်ဝတ်မကျေနိုင်ဘူးဆိုတော့ မင်းနေရတာ အဆင်မပြေမှာစိုးလို့လေ"

ဘိုးတော်ကြီးက သူ့ကို ပညာသားပါပါဖြင့် နှင်နေတယ်ဆိုတာ သူက သဘောပေါက်လေသည်။ သူကလည်း အထာနပ်စွာဖြင့် အေးဆေးရှောင်နိုင်လိုက်ပါသည်။ ပြီးတော့ ဒီဘိုးတော်ကြီးဟာ စိမ့်ပန်းရဲ့ဦးလေးဖြစ်သလို အရေးပါသောသူ ဖြစ်နေတာကြောင့် သူဟာ ပီအောင်ပေါင်းတတ်ဖို့တော့ လိုပါသည်။

"မပျင်းပါဘူး လေးအောင်ရယ်။ ဒီလောက် သာယာပြီး relax ဖြစ်တဲ့နေရာကို ကျွန်တော်က အရမ်းချစ်တာဗျ။ ကျွန်တော်လည်း ပင်လယ်ကို ချစ်တတ်ပါတယ်။ အဟဲ ...။ ဒါနဲ့ လေးအောင်က ဘယ်တော့ကြည့်လိုက် ကြည့်လိုက် လုံးဝစမတ်ပဲနော်။ မသိရင် ဘရက်ဒ်ပစ် ကျနေတာပဲ။





ကျွန်တော့်အဖေဆို ပြောဖူးတယ်။ လေးမောင်နဲ့ လေးအောင်မှာ လေးအောင်က ပိုချော၊ ပိုခန့်၊ ပိုသဘောကောင်းတယ်တဲ့။ ဟို ... အဖေက လေးအောင်ကို မြင်ဖူးတယ်လေ"

ဘိုးတော်ကြီးက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ မကြည်တဲ့ဒီဇိုင်းဖြင့် ဘုရှိုးရှိုးကာ ...

"ဟေ့ကောင် ... ဘာမှလာမဖားနဲ့။ ငါ စမတ်ဖြစ်တာ ငါ သိတယ်။ မင်း ရှည်စရာမလိုဘူး"

"ဖားတာ မဟုတ်ပါဘူး လေးအောင်ရယ်။ ကျွန်တော်က တကယ်ပြောတာပဲ။ လေးအောင်ကို ကျွန်တော်က အရမ်းလေးစားတယ်ဗျ၊ စီးပွားရေးမှာ တော်တာတွေ၊ ပြီးတော့ အရမ်းကို perfect ပဲ။ ကျွန်တော် လေးအောင်ရဲ့တူလေး ဖြစ်ခွင့်ရချင်လိုက်တာဗျာ"

ဝီရက အကဲစမ်းပြောကြည့်လိုက်လျှင် ဘိုးတော်က "ဘာကွ"ဟု အော်ကာ သူ့ကို တောက်ခေါက်၍ လက်ညှိုးကြီးပါထိုးကာ ...

"မင်းက ငါ့တူမ စိမ့်ပန်းနဲ့ မတန်ဘူးကွ။ ဟိုကောင် ရွှေမောင်စီစဉ်တဲ့ ရွှေးတဲ့ကောင်က ဖွတ်ချီးပဲနေမှာပေါ့။ ဒီမှာ ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ညာ"

"မင်း မှတ်ထားဖို့က စိမ့်ပန်းကို မင်း မရနိုင်ဘူးဆိုတာပဲ။ ငါ့တူမကို မာန်ထက်နဲ့ပဲ ပေးစားမှာပါကွ ... မှတ်ထား။ ဒါနဲ့ မင်း ဘယ်တော့ ပြန်မှာလဲ"

"အခွင့်အရေးရရင် ကျွန်တော် ချောင်းသာသားလုပ်ဖို့ စဉ်းစားထားပါတယ်ခင်ဗျ"

"တောက် ... သေတော့မယ်"

ဘိုးတော်က ဒေါကန်ကာ သူ့ကိုကြိမ်းပြီးထွက်သွားလေလျှင် သူ့မှာ ဟူးခနဲ သက်ပြင်းချရပါသည်။ သူ့မှာလုပ်စရာအလုပ်တွေက တစ်ပုံကြီးရှိလေသည်။ လေးအောင်ကို Peace ဖြစ်သွားအောင် စည်းရုံးရမည်။ စိမ့်ပန်းကိုလည်း အဖြေရအောင် ကြိုးစားရမည်။ ပြီးတော့ လေးမောင် ပြန်လာလျှင်လည်း သူဟာ ရှောင်ရင်းတိမ်းရင်း လေးမောင်နဲ့ Peace ယူရမည်။ အခြေအနေပေးခဲ့ရင် တစ်သက်လုံး မျက်နှာကြောမတည့်ကြတဲ့ လေးမောင်နဲ့ လေးအောင်ကို ရင်ကြားစေ့ပေးရပါမည်။ အဲဒီကိစ္စတွေအားလုံးကို အဆင်ပြေသွားဖို့အတွက် သူ ကြိုးစားရမှာဟာ ရင်မောစရာပင်ဖြစ်သည်။





အခုလောလောဆယ်မှာ ဒီ့ထက် ပိုရင်မောဖွယ်ကောင်းတာကတော့ စိမ့်ပန်းဟာ ဘာကိစ္စ ဟိုကောင် ဝီရအောင်နဲ့ ပါသွားရတာလဲဆိုတဲ့ ကိစ္စပဲဖြစ်သည်။ စိမ့်ပန်းက ဝီရအောင်ကို များ စိတ်ဝင်စားသွားလို့လား။ အာ ... မဖြစ်နိုင်ပါဘူး။ စိမ့်ပန်းက ဒီကောင့်ကိုကော၊ မာန်ထက်ဆိုတဲ့ ကောင်ကိုပါ တွင်တွင်ငြင်းထားတာပါ။ ဒါဆို ဘာလို့ လိုက်သွားရတာလဲ။ သူဟာ ဘယ်ရောက်နေမှန်း မသိတဲ့ စိမ့်ပန်းအတွက် အရမ်းကို ရင်မောနေရပါသည်။

ကျွန်တော် စိမ့်ပန်းရဲ့ချစ်သူ မြန်မြန်ဖြစ်ရပါလို၏ အရှင်ဘုရား။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာ ကြားနေရတဲ့ "ဒေါက် ... ဒေါက်"အသံလေးဟာ တိုးတိုးလေးကနေ နည်းနည်းလေး ကျယ်လာသလို ခံစားမိတဲ့အခါ စိမ့်ပန်းဟာ ဆတ်ခနဲ လန့်နိုးသွားပြီး ထထိုင်လိုက်လေသည်။ ဘာသံပါလိမ့်။ စိမ့်ပန်းက ဟိုဟိုဒီဒီ မျက်လုံးကစားကြည့်တော့ ပြတင်းပေါက်က အရိပ်ကို သွားတွေ့လေသည်။

"စိမ့်ပန်း ... စိမ့်ပန်း"

ဟင် ... သူ။ စိမ့်ပန်းသည် သူ ဘယ်သူဆိုတာ သိလိုက်၏။ ချက်ချင်းပင် ပြတင်းတံခါးချက်ကိုချကာ ဖွင့်လိုက်လျှင် တကယ်ပဲ သူ့ကိုတွေ့လိုက်လေသည်။ ခေါင်းစွပ်အနွေးထည်ဝတ်ထား၍ ကုပ်ချောင်းချောင်း ဖြစ်နေတဲ့သူ့ကို စိမ့်ပန်းက ...

"ဟယ် ... ရှင် ... ဒီအချိန်ကြီး ဘာလာလုပ်တာလဲ"

သူက စိမ့်ပန်း မေးတာကို မဖြေသေးဘဲ အေးဘီဝဲယာကို တစ်ချက်ကြည့်ကာ ရုတ်တရက် ပြတင်းပေါက်ပေါင်ကို





လက်ထောက်အားပြု၍ အခန်းထဲသို့ လွှားခနဲ ခုန်ဝင်လာလေသည်။ စိမ့်ပန်းက အရှမ်းကို လန့်ဖျပ်သွားကာ နောက်တစ်လှမ်းဆုတ်လိုက်ပြီး ...

"ရှင် ထွက်သွားစမ်း။ ကျွန်မ အော်လိုက်ရင် ရှင် ဒုက္ခရောက်သွားမယ်နော်"

"ခဏလေး စိမ့်ပန်း။ ကိုယ် ဒီကိုလာတာ ဘယ်လိုယုတ်မာတဲ့အကြံအစည်မျိုးမှ မပါဘူး။ စိမ့်ပန်းကို မေးစရာရှိလို့ မနက်ထိ မစောင့်နိုင်တော့လို့ ကိုယ် ဒီကိုလာတာ"

သူ့မျက်လုံးတွေက သူပြောတဲ့စကားတွေ ဟုတ်တယ်ဆိုတာ သက်သေပြနေသလို စူးရှနေတော့ စိမ့်ပန်း နည်းနည်းတော့ ရင်အေးသွားရသည်။ ပြီးတော့ ကြောက်စိတ်ရှိမနေတာကတော့ ထူးဆန်းပါသည်။

စိမ့်ပန်းက သူ့သိက္ခာကိုယုံကြည်လို့ထင်၏။ စိမ့်ပန်းသည် လူကြီးတွေသိသွားမှာ စိုးတာကြောင့် သူမေးချင်တာကို မြန်မြန်မေးခိုင်းရလေသည်။

"ကဲ ... ဘာလဲ ပြော။ ဘာမေးချင်တာလဲ"

"စိမ့်ပန်း ဒီနေ့ ဝီရအောင်နဲ့ တစ်နေ့လုံး ဘယ်တွေသွားနေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မေးတာလဲ။ ရှင့်မှာ အဲဒီလိုမေးပိုင်ခွင့်မရှိဘူး နော်။ ကျွန်မ အခန်းထဲကို အခုလို ရောက်လာတာဟာပဲ တော်တော် တရားလွန်နေပြီ"

"ကိုယ် သိပါတယ်။ ဒါပေမဲ့ကွာ စိမ့်ပန်း ဘယ်တွေသွား နေတာလဲ ဆိုတာကို ကိုယ့်ကိုသိခွင့်ပေးပါ။ ဒီနေ့တစ်နေ ကုန် စိမ့်ပန်းကို မတွေ့ရတော့ ကိုယ်အရမ်းရူးချင်သွား တယ်။ ပြီးတော့ ဝီရအောင်ကများ စိမ့်ပန်းကို ရည်းစား စကား ပြောနေပြီလားဆိုပြီး စိတ်တွေ အရမ်းပူနေတာပါ"

စိမ့်ပန်းသည် အဖြစ်သည်းရန်ကော သူ့ကို မျက် စောင်းတစ်ချက် ထိုးမိသွားသည်။ တကယ်တော့ ဒီနေ့ စိမ့်ပန်း က ဘယ်မှသွားတာ မဟုတ်ပါ။ မနက်က ဝီရအောင်ကို ဘုရား ပို့ပေးပြီး ကိုယ့်အခန်းထဲမှာပဲအောင်းပြီး စာထိုင်ဖတ်လိုက်၊ အခွေ ကြည့်လိုက် လုပ်နေတာဖြစ်သည်။ စိမ့်ပန်း အနားမှာ အမြဲတကပ် ကပ် လုပ်နေတဲ့သူကို ကြည့်မရလို့ သူ ဖုန်းဆက်တုန်းက တမင် ပြောလိုက်တာဖြစ်၏။ အဲဒါကို သူက ရေလည်ခံစားနေတာဖြစ်၏။

"ရှင်နဲ့မဆိုင်ပါဘူး။ ကဲ ... ပြန်တော့"

စိမ့်ပန်းက သူ့ကို ခပ်ပြတ်ပြတ် ပြောလိုက်လျှင် သူဟာ သိသိသာသာကိုပင် မျက်နှာညှိုးသွား၍ သက်ပြင်းတစ်ချက် ချကာ ...





"ကိုယ်က လူပိုဆိုတာ နားလည်ပါတယ်။ စိမ့်ပန်းကို ရည်ရွယ်ပေးထားတာ ရှိတယ်ဆိုတာ သိပေမယ့် ကိုယ် မျှော်လင့်ချက်လေးနဲ့ ကြိုးစားနေရတာပါ။ ကိုယ် စိမ့်ပန်းကို ချစ်လို့ ရန်ကုန်က အားလုံးကိုပစ်ပြီး စိမ့်ပန်းအနားကို ရောက်လာခဲ့တာပါကွာ။ ကိုယ့်ကို အဲဒီလောက်တော့ မရက်စက်ပါနဲ့"

ဒုက္ခပါပဲ။ သူဟာ စိမ့်ပန်းကို ချစ်တယ်ဆိုတာ သိပေမယ့် စိမ့်ပန်း ဘယ်လိုတုံ့ပြန်ရမှာလဲ။ စိမ့်ပန်းမှာ လက်သင့် မခံပေမယ့် လက်ကိုလက်ခံရမယ့် အနာဂတ်က ရှိနေပါသည်။ ပြီးတော့ သူ့ကို စိမ့်ပန်းကြောင့် မခံစားစေချင်ပါ။

"ချမ်းဝီရရယ် ... ရှင် ဘာလို့ဒုက္ခခံနေရတာလဲ။ ချောင်းသာ က ပြန်တာ ရှင့်အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်။ သိပ်မကြာခင် လေးမောင် ပြန်ရောက်လာရင် ရှင် ဒုက္ခ ရောက်လိမ့်မယ်။ ကျွန်မဦးလေးတွေအကြောင်း ကျွန်မသိ တယ်။ လေးအောင် ရှင့်ကို စကားပြောတယ်ဆိုတာ ဝီရ အောင်လို့ သူ သိထားလို့နော်။ ကျွန်မ စကားကို နားထောင် ပါ ချမ်းဝီရ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူတို့ကို လက်မခံဘူးဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်မမှာ ဆန့်ကျင်ဖို့ အင်အားမရှိဘူး။ လေးမောင်ရော လေးအောင်ရော ကျွန်မရဲ့ကျေးဇူးရှင် ကျေးအဖေတွေ။ သူတို့နှစ်ယောက်က မသင့်မြတ်ပေမယ့် ကျွန်မကိုဆို အမြဲတမ်း စေတနာထားတယ်။ ချစ်ကြတယ်။ သူတို့စေတနာတွေကို ကျွန်မ အလွဲသုံးစား မလုပ်ချင်ဘူး။ သူတို့ရွေးချယ်ပေးထားတဲ့ နှစ်ယောက်ထဲက တစ်ယောက်ကို ကျွန်မ ရွေးရမှာပဲ”

သူ စိမ့်ပန်းရဲ့မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ကာ ခေါင်းယမ်းပြရင်း ...

“စိမ့်ပန်းရဲ့အခက်အခဲတွေကို ကိုယ် သိပါတယ်။ ကိုယ်အားလုံး ရင်ဆိုင်နိုင်တယ် စိမ့်ပန်း။ မင်းက အခြေအနေတစ်ခုခု ဆိုးသွားမှာကို စိုးရိမ်နေတာပါ။ မင်းရဲ့ဦး နှစ်ယောက်လုံးကို ကိုယ်အဆင်ပြေအောင် ပေါင်းနိုင်တယ်။ သူတို့နှစ်ယောက်က မင်းရဲ့အရာရာတိုင်းကို ထိန်းချုပ်ထားနိုင်ပေမယ့် ဒီတစ်ခါတော့ မင်းစိတ်တိုင်းကျ ရွေးရမယ်။ ကိုယ့်ကိုချစ်ဖို့ အတင်းတိုက်တွန်းနေတာ မဟုတ်ဘူးနော်။ စိမ့်ပန်းကို ကိုယ် နားလည်ပေးနိုင်တယ်။ ကိုယ့်ကိုလည်း စိမ့်ပန်း နားလည်ပေးနိုင်ပါစေ ...





လောလောဆယ် ကိုယ် ချောင်းသာက မပြန်ပါရစေနဲ့ဦး။ မင်းကို စိတ်မညစ်စေချင်ပေမယ့် ကိုယ့်ကိုတော့ ဖြစ်နိုင်ရင် စဉ်းစားပေးပါနော်”

တကယ်ကြီး လာကြွေပြနေတဲ့သူ့ကို စိမ့်ပန်းကတော့ လာဝင့်ခံနေတယ်လို့ပဲ သတ်မှတ်ချင်သည်။ စိမ့်ပန်းအနားကို ရောက်လာဖို့ နည်းစုံသုံးချဉ်းကပ်လာတဲ့ ချမ်းဝီရမှာ သေချာပိုင်နိုင်တဲ့ အနာဂတ်မရှိပေ။ စိမ့်ပန်းဆီက တုံ့ပြန်မှုဟာ No ဖြစ်နေမှာ သေချာရဲ့သားနဲ့ စိမ့်ပန်းကို့ အချိန်တွေကုန် အလုပ်တွေ အပျက်ခံပြီး လိုက်နေတဲ့သူကမှ အချစ်လို့ ခေါ်တာလား။

ဘာလုပ်ရမှန်းလဲ မသိတော့ပါ။ စိမ့်ပန်းရဲ့ခံစားချက်တွေဟာ ရှုပ်ထွေးပွေလီလျက် အဓိက,ကတော့. လေးမောင်နဲ့ လေးအောင် စီစဉ်ပေးတဲ့သူကို မယူချင်တာဖြစ်သည်။ အဲဒါဆို မယူချင်တဲ့ကိစ္စကို ဖြေရှင်းနိုင်ဖို့အတွက် စိမ့်ပန်းဟာ ချစ်သူတစ်ယောက် ကောက်ထားလိုက်ရမှာလား။ ချမ်းဝီရကို စိမ့်ပန်း ချစ်နိုင်ရဲ့လား။

“ချမ်းဝီရ ... ရှင် အခု ဒီချောင်းသာမှာ ဆက်နေနေခြင်းရဲ့ရည်ရွယ်ချက်က ဘာလဲ။ ကျွန်မ သိချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်(၁)ကတော့ စိမ့်ပန်းကိုချစ်လို့။ စိမ့်ပန်းရဲ့ချစ်သူဖြစ်ချင်လို့၊ နံပါတ်(၂)က စိမ့်ပန်း စိတ်ညစ်နေရတဲ့ကိစ္စကို ကိုယ် ဘယ်လိုဖြေရှင်းပေးရမလဲဆိုတဲ့စိတ်နဲ့ နေတာ"

"ဘယ်လိုဖြေရှင်းပေးမှာလဲ"

"ကိုယ့်မှာ အကြံတွေရှိနေပါတယ်။ ဒါပေမဲ့ အဲဒီကိစ္စတွေကို အကောင်ထည်ဖော်ဖို့အတွက် စိမ့်ပန်းနဲ့ ကျွန်တော် ချစ်သူဖြစ်မှရမယ်"

စိမ့်ပန်းမှာ နည်းလမ်းကောင်းလေး ရမလားမှတ်တယ်။ ဒီဘူတာပဲ ပြန်ဆိုက်တာမို့ သူ့ကို မျက်စောင်းထိုးမိသွားပြန်သည်။ ကြည့်စမ်း ... စိမ့်ပန်း အစုမှ သတိထားမိတယ်။ သူနဲ့စကားပြောနေရတဲ့ အချိန်တွေမှာ စိတ်တွေဟာ ပေါ့ပေါ့ပါးပါးရှိ၍ သူ့ကို အရမ်းရင်းနှီးနေသလိုပဲ။ အဲဒါဟာ အချစ်များလား။

"ချစ်သူဖြစ်ပြီပဲ ဆိုပါတော့။ ရှင် ဘယ်လိုဖြေရှင်းနိုင်မှာမို့လို့လဲ"

စိမ့်ပန်းရဲ့အမေးစကားကို သူက အပြုံးတစ်ခုဖြင့် တုံ့ပြန်ကာ တစ်ခုခုပြောတော့မည့်ဟန် အပြင်မှာပဲ စိမ့်ပန်းရဲ့အခန်းတံခါးကို မေမေက လာခေါက်လေတော့သည်။





"စိမ့်ပန်း ... သမီး၊ မအိပ်သေးဘူးလား။ ဘယ်သူနဲ့စကားတွေ ပြောနေတာလဲ"

စိမ့်ပန်းဟာ ရုတ်တရက် ပျာယာတွေခတ်သွားရပါသည်။ ဒုက္ခပါပဲ ... ဘာလုပ်ရမလဲ။ မေမေက တံခါးလာခေါက်နေပြီ။ စိမ့်ပန်းသည် ကြောက်အားလန့်အားဖြင့် သူ့ရဲ့လက်ကို ဆတ်ခနဲ ကောက်ဆွဲကာခေါ်၍ သူ့ကိုဗီရိုနှစ်ခုကြားထဲကို တွန်းထည့်ကာ ...

"ရှင် အသံမထွက်နဲ့နော်။ အဲဒီအတိုင်း ငြိမ်ငြိမ်လေးနေကြားလား။ ဟင်း ... စိတ်ညစ်တယ်။ သိပ်အရစ်ရှည်တာပဲ"

စိမ့်ပန်းက သူ့ကို မကျေမနပ်စွာဖြင့် ပွစိပွစိရေရွတ်ပြောကာ စိမ့်ပန်းဟာ မေမေ့ကို တံခါးသွားဖွင့်ပေးရသည်။

"မေမေ ... ဘာ ... ဘာဖြစ်လို့လဲဟင်"

မေမေက စိမ့်ပန်းကိုကျော်ကာ အခန်းထဲသို့ မျက်လုံးရွေ့ကြည့်ရင်းက ...

"သမီး မအိပ်သေးဘူးလား"

"ရှန် ... အိပ်နေပြီ မေမေရဲ့။ အခု အဲဒါ တစ်ရေးနိုးလို့ပြန်အိပ်ပျော်အောင် ကိုယ့်ဟာကိုယ် သီချင်းညည်းနေတာ မေရဲ့။ မေမေရော မအိပ်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းက ပေါ်တင်ကြီးကို လိမ်လိုက်ရတာဖြစ်သဖြင့် လူက တည်တည်ငြိမ်ငြိမ်တော့ ဖြစ်မနေပါ။ စိမ့်ပန်း အမူအရာကြောင့်ပဲ မေမေက စိမ့်ပန်းကို မသင်္ကာသလိုကြည့်ကာ ...

"သမီး ဘာဖြစ်လို့လဲ။ နေမကောင်းဘူးလား"

"အင်း ... ကောင်းပါတယ် မေမေရဲ့၊ ဟို ... ဝါး ... အိပ်ချင်နေပြီ မေမေရဲ့၊ မေမေလည်း အိပ်တော့လေ"

"အေး ... အေး ... သမီးလည်း အိပ်တော့လေ။ Good Night သမီး"

"ဟုတ် ... မေမေ"

စိမ့်ပန်းက မေမေ သူ့အခန်းထဲသူ ပြန်ဝင်သွားလေကာမှ စိတ်ဒုံးဒုံးချကာ ကိုယ့်အခန်းတံခါးကို ပြန်ပိတ်ပြီးမှ ဗီရိုကြားထဲက ဒုက္ခပေးသည့် ကိုယ်တော်ကို သွားခေါ်ရလေသည်။

"ကဲ ... ထွက် ... ထွက် ... ရှင်လည်း ပြန်တော့ ချမ်းဝီရ။ ရှုပ်လိုက်တာ"

"ဆော ... ဆောရီးပါကွာ။ ကိုယ့်ကြောင့် မင်း စိတ်မောသွားရတာကို စိတ်မကောင်းပါဘူး။ ကိုယ် သွားတော့မယ်နော်"





သူက ပြတင်းပေါက်ပေါင်ကို အားပြု၍ လွှားခနဲ ခုန်ဆင်းပြီးသွားမှ သူက ပြုံးနေသော မျက်နှာကြီးဖြင့် စိမ့်ပန်းကို မျက်စိတစ်ဖက် ဖျတ်ခနဲ မှိတ်ပြကာ ...

"တာ့တာ ... စိမ့်ပန်း။ I Love U "

စိမ့်ပန်းကို လက်ပြနှုတ်ဆက်ကာ ထွက်သွားလေသော သူ့ကို စိမ့်ပန်းက မျက်စောင်းတစ်ချက်ထိုးကာ အလိုလိုနေရင်း ပြုံးမိသွားသည်။

ချမ်းဝီရဆိုသောသူဟာ စိမ့်ပန်းအတွက် ရင်ခုန်စေသော ယောကျာ်းဖြစ်ပါသည်။

✥ ○ ✥



www.burmeseclassic.com

www.burmeseclassic.com



## ၇

စိမ့်ပွန်းက ညက အဖြစ်အပျက်ကို ပီယနှင့်ရွှေဆင်းကို ပြောပြချင်ပါသော်လည်း အဲဒီမိန်းမနှစ်ယောက်က ပြောလိုက်လျှင် ဟင်းနော်တွေ ဟွန်းနော်တွေဖြင့် စနေမှာ စိုးရိမ်တာကြောင့် ဘာမှမပြောဖြစ်တော့ပေ။

"ဟဲ့ ... စိမ့်ပန်း ငြိမ်လှချည်လား။ ဘာဖြစ်နေတာလဲ။ ဝီရအောင်ကို စဉ်းစားနေတာလား။ ချမ်းဝီရကို စဉ်းစားနေတာလား"

"အာ ... ဝီရအောင်အကြောင်း စဉ်းစားစရာလား"

"ဟယ် ... ဒါဆို ချမ်းဝီရအကြောင်း စဉ်းစားနေတယ်ပေါ့"





ပီယစကားကြောင့် စိမ့်ပန်းက ဟက်ခနဲ အသံထွက်ရယ်လိုက်ကာ ခေါင်းအသာယမ်းလိုက်ရင်း ...

"တော်စမ်းပါဟာ။ ဘယ်သူ့အကြောင်းမှ မစဉ်းစားဘူး။ ငါ့ဟာငါ အေးရာအေးကြောင်း နေ,နေတာ"

"အံမယ် ... ဟုတ်လို့လား။ နင် ချမ်း"

"စိမ့်ပန်း ... အဟဲ ... ကျွန်တော် ခဏလောက် စကားပြောလို့ရမလား"

အဲဒီစကားကြောင့် စိမ့်ပန်းတို့ သူငယ်ချင်းတစ်စုရဲ့ စကားစက ပြတ်သွားလေတော့သည်။ တောက် ... လာရှုပ်တယ်ကွာ။ စိမ့်ပန်းသည် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ရပေမယ့် မျက်နှာကတော့ စိတ်မပါစွာဖြင့်ပင် ပြုံးလိုက်ပြီး ဖောရှော ရိုက်ရလေသည်။

"ဩော် ... ကိုဝီရ ပြောလေ။ ဘာကိစ္စရှိလို့လဲ"

"ဟိုလေ ... ကျွန်တော်လည်း ဒီရောက်နေတာ ကြာနေပြီပဲ။ အန်တီ့ကို တစ်ခါမှ မတွေ့ရသေးဘူးနော်။ အဲဒါ ကျွန်တော် စိမ့်ပန်းမေမေကို ဒီနေ့ဂါရဝပြုမလို့"

"ဟင် ... မေမေ့ကို"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းက ရင်တွေတဒိတ်ဒိတ်ခုန်ကာ ဇောချွေးတွေ တောင် ပြန်လာရသည်။ ဟား ... ဒုက္ခပါပဲ။ စိမ့်ပန်းက ဘာ ပြောလို့ ပြောရမှန်းကို မသိတော့ချေ။ ဝီရအောင်က မေမေ့ကို ဂါရဝပြုချင်ပါတဲ့။ စိမ့်ပန်းက ဘယ်လိုလုပ် ပေးတွေ့ရမလဲ။ မေမေနဲ့ သူ့ကိုပေးတွေ့လိုက်ရင် ဒုက္ခတွေ ရောက်ကုန်မှာပေါ့။ သူ့ကြောင့် ချမ်းဝီရ အလိမ်တွေပေါ်သွားမှာပေါ့။

"ဟဲ့ ... စိမ့်ပန်း၊ ဖြေလိုက်ဦးလေဟယ်။ သူက အဲဒီလို ထုံကျိဘာဝေ အမြဲတမ်း မလှုပ်တလှုပ်။ အန်တီက ဗုဒ္ဓ ဂါယာဘုရားဖူးသွားတယ် ကိုဝီရအောင်ရဲ့။ နောက်တစ်ပတ် လောက်မှ ပြန်ရောက်မှာလေ။ ဩော် ... စိမ့်ပန်း၊ နင် ပြောတော့ ကမ်းခြေဘက် လမ်းလျှောက်ထွက်ချင်တယ်ဆို"

"ဟာ ... ဟုတ်တယ်။ ကျွန်တော်လည်း ကမ်းခြေဘက် သွားမလို့။ အတူတူသွားရအောင်လေ"

သက်သက်မဲ့ အဆင်းဘီးတပ်နေတဲ့ ပီယကို စိမ့်ပန်း က အသံတိတ် ကျိန်ဆဲလိုက်ဒိသော်လည်း ပီယက စိမ့်ပန်းရဲ့ နောက်ကျောကို တွန်းလွှတ်ကာ စိမ့်ပန်းကို မျက်စိတစ်ဖက်မှိတ် ပြလေသည်။ ဟင်း ... ချမ်းဝီရရေ ရှင့်ကို ကာကွယ်ပေးဖို့ ကျွန်မ





က ဒီမှာ စိတ်ဒုက္ခခံနေရတယ်ဆိုတာ သိရဲ့လား။ စိမ့်ပန်းသည် အရမ်းကို Welcome ဖြစ်နေသော အဲဒီလူနှင့်အတူတူ တွဲလျှောက် ရမှာကို တော်တော်ကို ဝန်လေးနေရပါသည်။

"ဟဲ့ ... နင်တို့နှစ်ယောက်ပါ လိုက်ခဲ့လေ"

"အင် ... မလိုက်တော့ဘူးလေ။ ငါတို့က ဒီမှာ လေးအောင် လုပ်ခိုင်းတဲ့စာရင်းတွေ လုပ်ရဦးမယ်ဟ။ ကိုဝီရအောင် တစ်ယောက်လုံး ပါနေတာပဲ။ ကိုဝီရအောင် စိတ်ချမယ် နော်"

"ဟာ ... စိတ်ချပါ စိတ်ချပါ။ လာလေ ... စိမ့်ပန်း သွား ရအောင်"

စိမ့်ပန်းက စိတ်လက်မကြည်စွာဖြင့်ပဲ သူနဲ့အတူတူ ကမ်းခြေဘက် ထွက်လျှောက်လာခဲ့တော့သည်။ ဟွန့် ... စိတ်ညစ် လိုက်တာ။

"စိမ့်ပန်း ... ဒီနေ့ အရမ်းလှတာပဲ။ အင်း ... ဒီနေ့မှမဟုတ် ပါဘူး။ စိမ့်ပန်းက နေ့တိုင်းကိုလှတာ။ ချောင်းသာသူတွေ က လွတ်ကိုချောတာပဲနော်"

"အဟင်း ... ဟုတ်လား။ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းက အလိုက်အထိုက်သာ စကားပြောနေရတာ စိတ်ထဲမှာတော့ တော်တော့်ကို ညစ်နေရတာဖြစ်၏။ ကမ်းခြေမှာ အုန်းရေသောက်နေကြတဲ့သူတွေ၊ ရေထဲဆင်းကာ ပျော်ရွှင်စွာ လှိုင်းစီးဆော့ကစားနေကြသူတွေ၊ အားလုံးက ပျော်နေကြပေမယ့် စိမ့်ပန်းမှာတော့ အရမ်းကို စိတ်ညစ်နေရတာဖြစ်၏။

"စိမ့်ပန်းနဲ့ ကိုယ့်ကို လေးမောင်က သဘောတူတယ်ဆိုတော့ ကိုယ်ကလေ အဲဒီကတည်းက တအားပျော်နေတာ။ စိမ့်ပန်းနဲ့ အခုလိုမျိုးစကားတွေ ပြောနေရတာကိုက ကျွန်တော့်အတွက် အကြီးမားဆုံး ဆုလာဘ်ပဲ။ စိမ့်ပန်းကော ဟင် ? "

"ဟမ် ...

ဩော် ... ဟုတ်၊ ကိုဝီရနဲ့ စကားပြောရတာ အဆင်ပြေပါတယ်။ ကျွန်မ ကိုဝီရကို ခင်ပါတယ်"

စိမ့်ပန်းစကားကြောင့် သူက အလွန်တရာမှ ပီတိတွေဖြာနေစွာဖြင့် စိမ့်ပန်းဘက်သို့ ဆတ်ခနဲလှည့်ကာ ...

"ဟား ... တအားဝမ်းသာတယ်ဗျာ။ စိမ့်ပန်း ရေသွားဆော့ရအောင်လေ"





"ဟင် ... မဆော့တော့ဘူးလေ။ ကိုဝီရ ရေကူးချင်တယ်ဆိုရင် ကူးလေ၊ ကျွန်မ သွားတော့မယ်"

"အာ ... မသွားပါနဲ့ စိမ့်ပန်းရဲ့။ လာပါ ... ရေအတူတူဆော့မယ်လေ၊ ကိုယ် ဘောကွင်းသွားငှားလိုက်မယ်လေ။ လှိုင်း အတူစီးကြတာပေါ့"

"မစီး ... မစီးပါဘူး။ ရပါတယ်"

သူကလည်း လက်မဆွဲရုံတမယ် အသည်းအသန်ကြီးကို ခေါ်နေလျှင် စိမ့်ပန်းမှာ သောင်ပြင်ပေါ်ထိုင်ပြီး မြမြစင်အော်သာဝိုချင်လိုက်စိတ် ပေါက်သွားတော့သည်။ ဟား ... ဒုက္ခပါပဲ။ စိမ့်ပန်း ဘယ်လိုလုပ်ရမှာလဲဟင်။

"ဟော့ ... စိမ့်ပန်း၊ တို့ကို ကူညီပါဦး။ စိမ့်ပန်းကို လိုက်ရှာနေတာ သိရဲ့လား"

စိမ့်ပန်းရဲ့လက်တစ်ဖက်ကို ဆွဲလာကာ အကူညီတောင်းသူကို ကြည့်လိုက်လျှင် မိန်းကလေးချောချောတစ်ယောက်ဖြစ်၏။ ကျွန်းညိုရောင်ကုပ်ဝဲဆံပင်ကလေးနှင့် ပြင်ထားသောမိတ်ကပ်လေးက ကိုရီးယားမိတ်ကပ်အကြည် ခပ်ပါးပါးလေးဖြင့် အရမ်းချစ်ဖို့ကောင်းပါသည်။ Gloss ရွှဲရွှဲလေးဆိုးထားတဲ့ နှုတ်ခမ်းလေးကို စုချွန်ပြီး ပြောနေပုံက ဘယ်သူနဲ့တူမှန်း မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမကို စိမ့်ပန်းက မြင်ဖူးသလိုလိုပဲ။ အဖြူရောင်ရုပ်နှင့် ဂျင်း Sikney အောက်ရှူး အပြာအကျပ်ကလေး ဝတ်ထားတဲ့ ကောင်မလေးက ဘယ်သူများပါလိမ့်။

စိမ့်ပန်းက ဘယ်သူများပါလိမ့်ဆိုပြီး ကြောင်ကြည့်နေစဉ်မှာပဲ ကောင်မလေးက စိမ့်ပန်းရဲ့ပခုံးကို ဖြုန်းဆို လက်သီးဖြင့်ထိုးလိုက်လျှင် နည်းနည်းတောင် ပခုံးက ဆစ်ခနဲနာသွားလေသည်။ ဟား ... ဘာဆော်လဲဟ။ စိမ့်ပန်းက အသားနာသွားတာကြောင့် ဒေါသက ထောင်းခနဲ ထသွားတဲ့အခါမှ ကောင်မလေးက ...

"စိမ့်ပန်းကို အရမ်းအရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့။ ခဏလေး ချမ်းနဲ့လိုက်ခဲ့ပါ။ ချမ်းကို ... ချမ်းကို ကူညီပါ စိမ့်ပန်းရယ် ...

ဟို ... ဒီက အစ်ကိုကြီး၊ သမီး စိမ့်ပန်းကို ခေါ်သွားပါရစေနော်"

စိမ့်ပန်းသည် အဲဒီတော့မှပဲ ကောင်မလေးက ဘယ်သူဆိုတာ ပေါက်လေတော့သည်။ ဟယ် ... တကယ်ပါပဲ။ ထင်တောင် မထင်ထားပါပေ။ သူ့ကိုသိအောင် "ချမ်း"ကိုဆိုပြီး ခဏ ခဏ ထည့်ပြောမှပဲ စိမ့်ပန်းသည် သူဟာ ချမ်းဝီရဆိုတာ





သဘောပေါက်တော့သည်။ သူ့မှာ တကယ့်ကို မိန်းကလေးဟန်ပန်ဖြင့် ခါယမ်းနေကာ စိမ့်ပန်တင်မက ဝီရအောင်ကိုပါ ဖမ်းညှုလိုက်သေး၏။

ဟိုငနဲသားကလည်း ဘာဖြစ်မှန်းမသိ။ ခေါင်းကြီးပြူတ့်ထွက်မတတ် စွတ်ညိတ်ပြနေကာ မျက်လုံးတွေကလည်း သကြားရေလော ့...ထားသလိုကို ချိုလို့မြလို့ပင်။

စိမ့်ပန်းသည် သဘောတွေ စွတ်ကောင်းပြနေတဲ့ ဝီရအောင်ရဲ့ပုံစံကို ရယ်ချင်မိတာရော၊ ချမ်းဝီရရဲ့ အိုက်တင်ကောင်းပုံတွေကြောင့်ပါ ပေါင်း၍ ထိန်းထားတဲ့ကြားထဲကပဲ ခွီခနဲရယ်မိသွားလေသည်။ အဲဒါကို ဝင်ထိန်းသူကတော့ မာမီချမ်းပင်ဖြစ်လေ၏။

"ဟယ် ... အဲဒီ စိမ့်ပန်းမကလေ သူများက တကယ်အရေးကြီးနေလို့ပါဆိုတဲ့ဟာပဲ ဟာပဲကို။ အဲဒါကို ရယ်နေသေးတယ်၊ လိုက်ခဲ့ပါဟာ။ အစ်ကို ... ပြော်ပေးပါဦး"

"အေးလေ ... ဟုတ်တာပေါ့။ စိမ့်ပန်း လိုက်သွားလိုက်လေ။ ကိုယ်က ရပါတယ်။ စိမ့်ပန်းရဲ့ သူငယ်ချင်းထင်တယ်။ ကိုယ့်နာမည်က ဝီရအောင်ပါ။ ညီမ ဘာအခက်အခဲ ရှိလို့လဲ။ အစ်ကိုကော ကူညီပေးလို့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းသည် ဝီရအောင်ရဲ့ ခွတ်ပြီးချိုနေတဲ့တော်လ်ကီတွေကို နားထောင်ရလျှင် ချမ်းဝီရအစား ကြက်သီးတွေတဖျန်းဖျန်း ထရလေသည်။ ဘုရား ... ဘုရား ... ညုကလီးယားသံကြီးနဲ့ ကူညီပါရစေဆိုပါလား။

"အဟဲ ... ရပါတယ် အစ်ကိုရဲ့၊ စိမ့် ... စိမ့်ပန်း သွားမယ်လေ၊ အစ်ကို သွားမယ်နော်"

သူက ကြောက်လန့်တကြား လေသံကြီးနဲ့ အသည်းအသန်ငြင်းကာ စိမ့်ပန်းလက်ကိုဆွဲကာ ခေါ်နေလျှင် စိမ့်ပန်းမှာ ကိုယ့်အခက်အခဲကို ဖြေရှင်းနိုင်ဖို့ (ဝီရအောင် လက်ကလွတ်ဖို့) အတွက် ရယ်ချင်ရက် လက်တို့မျက်နှာဖြင့်ပင် ...

"ကိုဝီရ ... စိမ့်ပန်း ခဏလိုက်သွားလိုက်ဦးမယ်နော်။ နောက်မှဆုံတာပေါ့"

"အင်း ... ရတယ် ... ရတယ်။ အကူညီလိုရင် ပြောနော် ညီမ"

ချမ်းဝီရ ခမျာမှာ "ဟုတ်ကဲ့ရှင့်"တောင် ပြန်မပြော နိုင်ဘဲ စိမ့်ပန်းလက်ဆွဲကာ ဝေးဝေးကို သုတ်ခြေတင် ပြေးရလေ တော့သည်။ စိမ့်ပန်းသည် အဲဒီအဖြစ်ကို တကယ်ပဲ သဘောကျ





ရလေသည်။ ဝီရအောင်နဲ့ အတန်ငယ် အလှမ်းဝေးသွားတာနှင့် စိမ့်ပန်းဟာ မအောင့်နိုင်တော့ဘဲ အသံထွက်အောင်ကို ဟားတိုက် ရယ်မောလိုက်လေသည်။

သူက ကျောက်ဆောင်တစ်ခုမှာ ဘုန်းဆို ဝင်ထိုင်ချရင်းက ဟူးခနဲ လေပူမှုတ်ထုတ်ကာ ...

"ဟင်း ... ရယ်နော်၊ မင်းကတော့ တော်တော့်ပျော်နေ။ ကိုယ့်မှာတော့ မင်းကို ဟိုကောင်နဲ့ ရေထဲဆင်းသွားမှာစိုးလို့ ကြံလိုက်ဖန်လိုက်ရတာ။ ဗျူး ... မောပါ့"

"ဟား ဟား ... ကျေးဇူးပါ။ ကျွန်မကို အခုလို သက်စွန့်ဆံဖျား ကူညီတဲ့အတွက် တကယ် Thank you ။ ဒါထက်ရှင် အရမ်းချောတာပဲ သိလား။ ဒီပုံစံလေးနဲ့ ချစ်စရာလေး ဟိ ... ဟိ ..."

စိမ့်ပန်းက သူ့ကို သဘောကျစွာဖြင့် ရယ်မောပျော်ရွှင်စွာ ပြောလေလျှင် သူက သူ့ရဲ့အတုတပ်ထားတဲ့ ဆံပင်ကို ဖျတ်ခနဲ ပုတ်ခါကာ စိတ်တိုဟန်ဖြင့် မျက်နှာကြီးရှုပြီး "မင်းကွာ" လို့ဆိုပြီးမှ ဘာဖြစ်သွားတယ်မသိ။ ချက်ချင်းပင် ပြီတီတီမျက်နှာထားဖြင့် ပြုံးတုံ့တုံ့လုပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ် ကိုယ့်ကိုချစ်ဖို့ကောင်းတယ်လို့ ပြောတာနော်။ ဒါဆို ကိုယ်တို့ ချစ်သူတွေဖြစ်ပြီ"

"အောင်မယ် ... လူလည်။ ဖြစ်ရာလား မာမီချမ်းရဲ့။ ရှင့်ကို ကျွန်မက ဒီလိုမိန်းကလေးပုံစံလေးနဲ့ ချစ်ဖို့ကောင်းတယ်လို့ သဘောရိုးပြောတာပါနော်"

သူဟာ တစ်မျိုးသော အဓိပ္ပာယ်ပါသည့် မျက်ဝန်းတွေဖြင့် စိမ့်ပန်းကိုကြည့်ကာ မနိုင်ဘူးဆိုသော သဘောဖြင့် ခေါင်းအသာယမ်း၍ ...

"ဘာပဲဖြစ်ဖြစ်ပါ။ ဒီနေ့ ကိုယ် မင်းကို ဝီရအောင် လက်ထဲကနေ ရအောင်ဆွဲထုတ်လာခဲ့တယ်နော်"

"အေးပါ ... အဲဒီအတွက် Thank you ပါဆို။ ပြီးတော့ ဒီပုံစံလေး ဖန်တီးပြီး ကျွန်မကို ကူညီတဲ့အတွက် ပိုကျေးဇူးတင်တယ်။ ရှင့်ကို ဟိုက ကြွေနေတဲ့ပုံပဲနော်။ ဟား ... မိုက်တယ်၊ အဲဒီလိုဆို"

"ဟာ ... သွားစမ်းပါကွာ။ ကိုယ်က မင်းအတွက်မို့ ဒါတွေလုပ်ရတာ၊ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေနဲ့ ဘယ်လောက် စိတ်အိုက်တယ် ထင်သလဲ။ ဒီကြားထဲ ဒီဆံပင်ကို မနည်းရအောင် ဖန်တီးရတာကွ ...





ဒီလောက် ဒုက္ခခံတဲ့ကောင်လေးကို သနားပြီး အဖြေလေး ဘာလေး ပေးလိုက်ပါတော့ကွာ။ မင်းလေးကို ချစ်လွန်းလို့ ရှိသမျှအလုပ် အားလုံးပစ်ထားပြီး ဒီမှာလာနေတာပါကွာ။ နည်းနည်းတော့ ပြန်ချစ်လိုက်နော်"

စိမ့်ပန်းသည် နေခြည်ဖြာဖြာအောက်က သူ့ရဲ့မိတ်ကပ်လိမ်းထားတာကြောင့် ပြောင်တင်းဝင်းမွတ်နေသည့် ပါးပြင်လေးတွေ၊ ချစ်စရာ အပြုအမူလေးတွေကြောင့် ရင်တွေကတော့ လှိုင်းသံတွေနဲ့အတူ ဝုန်းဒိုင်းကြဲလာပါသည်။

သူဟာ စိမ့်ပန်းရဲ့ နှလုံးသားကို တစ်စတစ်စဖြင့် သိမ်းပိုက်နိုင်နေပြီ ထင်ပါရဲ့။

"ဟော့ ... ဘယ်လိုလဲ ! ။ စဉ်းစားနော် ... စဉ်းစား။ ကိုယ့်ကိုချစ်ပြီး နောက်အချိန်ကာလတွေမှာ မင်းအတွက် စိတ်ညစ်မှု စိတ်မပျော်ရွှင်မှုဆိုတာ ဘယ်တော့မှ မရှိစေရဘူးကွာ။ ကိုယ့်ကိုယုံကြည်ပါ စိမ့်ပန်းရာ။ အဖြေက ခဏခဏ တောင်းနေရတာ ရှက်တောင် ရှက်လာပြီ ...

မြန်မြန်ချစ်ပါတော့ စိမ့်ပန်းရယ်"

စိမ့်ပန်းသည် သူ့ရဲ့စကားလုံးတွေအောက်မှာတကယ်ပဲ ရုန်းမရတော့ဘူးထင်၏။ စိမ့်ပန်းဘဝမှာ ဘယ်သူစိမ်းယောကျ်ား

www.burmeseclassic.com



လေးအတွက်နဲ့မှ ရင်မခုန်ရခဲ့၊ စိတ်မလှုပ်ရှားခဲ့ဖူးပေ။ သူဟာ ပထမဆုံးသော ရင်ခုန်သံဖြစ်လေသည်။ စိမ့်ပန်းရဲ့စိတ်တွေကို အလိုလိုက်လို့ သူနဲ့ချစ်သူဖြစ်ပြီပဲ ဆိုပါစို့။ လေးမောင်နဲ့ လေးအောင်ကို စိမ့်ပန်း ကြောက်သည်။

သူ့ကို အဖြေပေးဖို့အတွက် စိမ့်ပန်းမှာ တကယ့်ကို ချီတုံချတုံ အခြေအနေမျိုးဖြစ်၏။ စိမ့်ပန်းရဲ့ပုံစံကို ရိပ်မိဟန်တူသည့် သူက စိမ့်ပန်းရဲ့အေးစက်နေတဲ့ လက်နှစ်ဖက်ကို ဆွဲယူ ဖျစ်ညှစ်အားပေးရင်းက ...

"ကိုယ့်ကိုယုံပါ စိမ့်ပန်း၊ စိမ့်ပန်းရဲ့ဦးလေးတွေ သဘောကျ လက်ခံနိုင်တဲ့အချိန် ရောက်လာအောင် ကိုယ်ကြိုးစားမယ်။ စိမ့်ပန်းကို သိပ်ချစ်တဲ့အချစ်က အားလုံးကို အနိုင်ယူနိုင်တယ် ...

ကိုယ်တို့ အနာဂတ်ကို ရင်ဆိုင်ဖို့ လက်တွေတွဲထားကြစို့ စိမ့်ပန်းရယ်"

သူ့မျက်ဝန်းထဲက စကားလုံးတွေက သူ အခုပြောနေတဲ့ စကားတွေထက် အဆပေါင်းများစွာ အင်အားကြီးနေတယ်ဆိုတာကို ယုံကြည်တာကြောင့် စိမ့်ပန်းသည် ဘာကိုမှ မတွေဝေချင်တော့ဘဲ ခေါင်းအသာဆတ်ပြလိုက်တော့သည်။





အခုချိန်မှာ ဘေးကလူတွေက သူ့ကို ကောင်မလေးလို့ ထင်နေပေမယ့်လည်း စိမ့်ပန်း မျက်ဝန်းထဲမှာတော့ သူဟာ အရမ်းကို တည်ငြိမ်ရင့်ကျက်တဲ့ အမျိုးသားကလေး ဖြစ်လေသည်။ ပြီးတော့ ချမ်းက စိမ့်ပန်းရဲ့ချစ်သူလည်း ဖြစ်ပါသည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၈

သမီးရည်းစား ဖြစ်နေပြီဆိုတာ လုံးဝသေချာသွားသောအခါ စိမ့်ပန်းရဲ့ရင်ထဲမှာ သတ္တိတွေက အလိုလို ရှိလာပေတော့သည်။ ပြီးတော့ ချမ်းဟာ စိမ့်ပန်းတင်မက စိမ့်ပန်းရဲ့မိသားစုကိစ္စတွေကိုပါ နားလည်ပေးနိုင်သူ ဖြစ်လေသည်။ စိမ့်ပန်းအတွက်ဆို အမြဲအဆင်သင့် ဖြစ်နေသော ချမ်းအတွက် ရယ်စရာကောင်းတဲ့ အဖြစ်ကတော့ ဝီရအောင် တစ်ယောက်ဟာဖြင့် ဟိုတစ်နေ့က တွေ့ခဲ့သော ကောင်မလေးကို စိတ်ဝင်စားနေတဲ့ ကိစ္စပဲဖြစ်ပါသည်။ စိမ့်ပန်းအနား မယောင်မလည် ရောက်လာပြီး ဟိုတစ်နေ့က ကောင်မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်အရာတွေကို ဝါသနာပါသလဲ၊ ဖုန်းနံပါတ်လေးကိုကော ဘယ်လိုရနိုင်မလဲ





စသဖြင့် မာမီချမ်း အကြောင်းပဲ အစ်အောက်ပြီး လာမေးနေတာကို စိမ့်ပန်းမှာ ဖောရှောပြန်ဖြေပြီး ချမ်းနဲ့တွေ့တော့ ပြန်ပြောပြလျှင် ချမ်းက မျက်လုံးမျက်ဆန်ပြူးဖြင့် ...

"ဘုရား ... အဲ ... အဲဒါ ကွိုင်နော်။ စိမ့်ပန်းကလည်းကွာ သူက ရည်းစားရှိတယ် ဘာညာ အပြတ်ပြောခဲ့တာမဟုတ်ဘူး။ တော်ကြာ ... ကိုယ့်ကို မတော်တဆတွေ့ပြီး မှတ်မိသွားမှ ဂိနေဦးမယ်"

"ကောင်းတာပေါ့။ ဘာဖြစ်လဲ ... ဟား ဟား။ ဝီရအောင်ကို ကြည့်ရတာ အဲဒီနေ့ကတွေ့တဲ့ ချမ်းကို ရေလည်ကြွေနေပုံပဲ။ စိမ့်ပန်းကိုတောင် လာပြီးစုံစမ်းတယ်ဆိုကတည်းက သေချာပါပြီ။ မာမီ ချမ်းလေးကလည်း ဝီရအောင်ကို ပြန်ချစ်လိုက်ပါဟယ်"

စိမ့်ပန်းက သူ့ကို မာမီချမ်းလို့ နောက်ပြီးခေါ်လေလျှင် သူက မျက်နှာကြီးတစ်ခုလုံး ပုပ်သိုး၍ ...

"ဟားကွာ ... ကိုယ့်ရည်းစားကို မာမီချမ်း ဆိုပြီး မခေါ်စမ်းပါနဲ့ကွာ။ မင်းကို ချစ်လွန်းလို့သာ ကိုယ့်မှာ အဲဒီလိုကြီး ဝတ်ရတာ။ ကိုယ် သိတယ်၊ အဲဒီနေ့ကတည်းက အဲဒီကောင် ငမ်းနေပြီဆိုတာ။ သေတော့မှာပဲကွာ။ အမယ်



www.burmeseclassic.com

www.burmeseclassic.com



လေး ... ကြက်သီးတောင် ထတယ်။ မဖြစ်ဘူး ... သူ့ရှေ့က ဖြတ်တောင် မလျှောက်ရဲတော့ဘူး"

"ဘာဖြစ်လဲ။ အဲဒီလိုဆိုလည်း ပျော်စရာကြီး။ ဟာ ... ဟုတ်ပြီ။ ချမ်း ... ရှင် ကူညီမယ်ဆိုရင် အလိုလိုနေရင်း တစ်ရန်ရှင်းသွားလိမ့်မယ်။ စိမ့်ပန်းကို ကူညီမယ်မှုလားဟင်"

စိမ့်ပန်းက ခေါင်းထဲမှ ဖျတ်ခနဲ ပေါ်လာတဲ့ အကြံအတိုင်း လုပ်ဆောင်ချက်တစ်ခု ဖန်တီးချင်တာကြောင့် ချမ်းအကူအညီကို လိုအပ်လေသည်။

ချမ်းက စိမ့်ပန်းစကားကြောင့် မေးတစ်ချက် ဆတ်ပြကာ ...

"ဘာလုပ်ပေးရမှာလဲ"

"အဟဲ ... ဒီလိုလေ ချမ်းရဲ့။ အခုဆို ဝီရအောင်က စိမ့်ပန်းထက် ချမ်းကို ပိုစိတ်ဝင်စားနေတယ် ဆိုတော့ သူ အရှုးရင့်သွားအောင် ချမ်းက နေမြင့်ပေးရမယ်"

"ဘာ ... ဘာဖြစ်တယ်"

ချမ်းက စိမ့်ပန်း ဘာကိုဆိုလိုချင်တယ် ဆိုတာ သဘောပေါက်စွာဖြင့် အလန့်တကြား ထအော်လေလျှင် စိမ့်ပန်းက မျက်နှာချိုသွေးရသည်။





"ချမ်းကလည်း ... ချမ်းပဲ၊ ပြောတော့ စိမ့်ပန်းကို လေးမောင်နဲ့ လေးအောင် သဘောတူထားတဲ့ကောင်တွေလက်ထဲ အပါမခံနိုင်ဘူးဆို။ အဲဒါဆို ချမ်း ကိုယ်တိုင် သူတို့ကို ရှင်းထုတ်ပစ်ရမှာပေါ့လို့။ အခု အခွင့်အရေးက ကိုယ့်လက်ထဲမှာနော် ချမ်း။ ဘာမှအပန်းကြီးတာမှ မဟုတ်တာကွာ။ အဲဒီ ဝီရအောင်ကို ထောက်ပြစရာ အပြစ်ရှိပြီဆို စိမ့်ပန်း အနားက လွင့်သွားမယ့်ဟာကို။ ချမ်းက သူ့ကို နည်းနည်းလေး အီရုံပဲဟာ၊ ဘာလဲ ... ရှင်ကိုယ်တိုင်က စိတ်မခိုင်ဘဲ ပါသွားမှာ စိုးနေလို့လား"

"ဟာ ... ကွာ ... ပေါက်ကရ။ ကိုယ်က ဘာကိစ္စ လိုင်းပြောင်းရမှာလဲ၊ ယောကျ်ားကွ။ ယောကျ်ားမို့ စိမ့်ပန်းလေးကို ချစ်သူတော်ထားတာပေါ့။ အချစ်ရာ ... အဲဒီကိစ္စကြီးကတော့ မဖြစ်နိုင်ပါဘူးကွာ။ ကိုယ် မလုပ်ပါရစေနဲ့"

သူက စိမ့်ပန်း ပခုံးပေါ် ခေါင်းတင်ကာ ခပ်ချွဲချွဲပြောလေလျှင် စိမ့်ပန်းက သူ့ခေါင်းကို တွန်းထုတ်လိုက်ရင်းက ...

"သွားပါ။ အဲဒါလား စိမ့်ပန်းကို ချစ်တာ။ အမှန်တကယ်ဆို ဝီရအောင်ကို ဒီကလစ်အောင်လို့ တက်ကြွနေရမယ့်ဟာကို။ အခုတော့ ပြောင်းပြန်ဖြစ်နေတယ်။ ရတယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ရှင် မလုပ်ချင်လည်းနေပေါ့။ လေးမောင်က ပြန်လာတော့မှာနော်။ အချိန်တန်ရင် ကျွန်မလည်း ဝီရအောင်နဲ့ မာန်ထက် တစ်ယောက်ယောက်ကို ယူပစ်လိုက်တော့မယ်"

"ဟာ ... စိမ့်ပန်းကလည်းကွာ၊ အဲလို မလုပ်ရဘူးလေ။ ဟင်း ... ကဲ ... ပြီးရောကွာ။ တစ်ရန်ရှင်း အေးတာပဲ။ ပြော ... ဘာလုပ်ရမလဲ။ အဲဒါ စိမ့်ပန်းကို ချစ်လို့နော်"

စိမ့်ပန်းက အဲဒီစကားအတွက် အရမ်းကို ရင်ခုန်ကြည်မွေ့သွားရလေသည်။ ချမ်းကို ချစ်ရတာဟာ စိမ့်ပန်းအတွက် အရာရာကို ရင်ဆိုင်ရဲတဲ့သတ္တိတွေ ရှိလာပေသည်။

"အဲ ... နေဦး။ စိမ့်ပန်း ကိုယ့်ကို တစ်ခုလိုက်လျှော်ပေးရမယ်"

"ဘာတုံး"

"စိမ့်ပန်းက သီချင်းဆိုရင် အရမ်းကောင်းတယ်ဆိုတာ ကိုယ် ကြားဖူးထားတယ်။ ဒီတော့ ကိုယ့်ကို သီချင်းဆိုပြ"

စိမ့်ပန်းက သူ့ရဲ့တောင်းဆိုမှုအတွက် အရမ်းပဲ အံ့သြရသလို ပိုလည်းချစ်မိသွားသည်။ သူ ဒါလည်း သိလိုက်တာပဲလား။

"ဟော့ ... ဘယ်လိုလဲ။ ဆိုပြမှာလား"





"ဆိုပြီးသွားရင် ရှင် မိန်းကလေးလိုဝတ်ပြီး ဝီရအောင်ကို အီပေးရမှာနော်"

"အေးကွာ ... Promise"

"အဲဒါဆို ဂစ်တာသွားယူ။ ဆိုပြမယ်"

ချမ်းက ခေါင်းတစ်ချက်ဆတ်ကာ ချက်ချင်းပင် ဘန်ကလိုကသူ့အခန်းဆီသို့အမြန်သွား၍ ဂစ်တာသွားယူလေသည်။

စိမ့်ပန်းက ကိုယ့်အရှေ့က ပင်လယ်ပြာကြီးကို ငေးကြည့်ကာ ပီတိဖြာရလေသည်။ တစ်သက်လုံး မြင်နေခဲ့ရတဲ့ ဒီချောင်းသာကမ်းခြေဟာ အချစ်ရှိလာမှ ပိုပြီးလှပ အသက်ဝင်သွားသလိုပင်။

"Ok ... ရပြီ ဘေဘီ"

သူက သူ့ရဲ့ဂစ်တာလေးကို စိမ့်ပန်း လက်ထဲထိုးထည့်ပေးကာ သူပါ စိမ့်ပန်းဘေး ဝင်ထိုင်လိုက်လေသည်။ စိမ့်ပန်းက ချစ်သူကို ဘေးနားထား၍ သီချင်းဆိုပြရတာဟာ ရင်ခုန်သံအသစ်ကို ပေးလေတာကြောင့် တစ်မျိုးလေး ခံစားရပါသည်။ စိမ့်ပန်းက ဂစ်တာကို ကြိုးညှိနေရင်းက ဘာသီချင်းဆိုရကောင်းမလဲ စဉ်းစားလိုက်ရင် လက်က သံစဉ်တစ်ခုကို အလိုလိုတီးကာ ဆိုမိသွားလေသည်။ သူက စိမ့်ပန်းရဲ့မျက်နှာကို တစိမ့်စိမ့်ငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ နားထောင်နေပါသည်။ ဒီအချိန်ကာလမှာ ရင်ခုန်သံတွေ နွေးထွေးနေပေမယ့် ဆိုဖြစ်သွားတာကတော့ ခပ်ဆွေးဆွေးသံစဉ်လေးပဲ ဖြစ်လေသည်။

"ငါ့အနီးနားလေးက xxx သစ်ရွက်လေးတွေ ကြွေတိုင်း xxx ဖမ်းဆုပ်ခွင့်မရတဲ့ တို့နှစ်ယောက် အချစ်အိပ်မက်လေး ရယ် xxx ဒီအလွမ်းတွေ မြေပေါ်သို့ ခကြွေ xxx မင်းပြော ခဲ့ဖူးတဲ့ စကားလေးတချို့ကိုယုံပြီး xxx မင်း ထားရစ်ခဲ့တဲ့ နှလုံးသားလေးဟာ xxx အရင်တိုင်းပါ . xxx ဒီအချစ်တွေ ပြန်မရုပ်သိမ်းဘူး xxx တစ်နေ့နေ့ ငါ့လက်ကလေး နင် ကိုင်ပြီး နွေးထွေးတဲ့ အချစ်တစ်ခု xxx နောက်ထပ်ရမယ် လား ငါ ညတိုင်း အိပ်မက်ရင်း ...

တကယ်ဆို xxx နင် ငါ့အနားရှိသင့်တာ xxx ရင်ခုန်သံတွေလည်း နီးကပ်စွာ xxx တို့နှစ်ဦး အချစ်ရိပ် ညနေ မျှော်တိုင်းဝေး"

ခပ်ဆွေးဆွေး mood ဖြင့် ဆိုနေတဲ့ "အချစ်ရိပ်ညနေ"သီချင်းကို သူက ဖီလင်အပြည့်နဲ့ နားထောင်နေသည်။ စိမ့်ပန်းရဲ့သီချင်းအစအဆုံး ပြီးသွားတော့မှ သူက စိမ့်ပန်းကို လက်ခုပ်တီးအားပေးကာ ...





"ဟာ ... လုံးဝမိုက်တယ်။ တစ်ခုပဲ သီချင်းက ဆွေးနေတာ ခက်တယ်။ တကယ်ချစ်ခဲ့တဲ့ တို့တွေ ဘာကြောင့် ဝေးတို့ နှစ်ဦး အချစ်ရိပ်ညနေ မျှော်တိုင်းဝေးဆိုတာချည်းက တစ်မျိုးပဲကွ။ ကိုယ်တို့က အခု အချစ်သီချင်းဆိုရမှာကို"

"ဒီသီချင်းက စိမ့်ပန်း အကြိုက်မို့ပါ။ သီချင်းထဲမှာသာ ဝေးတာ။ စိမ့်ပန်းတို့က ဝေးကြတာမှ မဟုတ်တာ ချမ်းရဲ့။ စိမ့်ပန်းရဲ့အချစ်ရိပ် ညနေမှာတော့ ချမ်းနဲ့ ဘယ်တော့မှ မဝေးဘူး"

"စိတ်ချ အချစ်လေး။ ကိုယ်လည်း ဘယ်တော့မှ အဝေး မခံဘူး။ ကိုယ်တို့ကြားထဲက အနှောင့်အယှက်တွေ အားလုံးကို ကိုယ်ရှင်းထုတ်ပစ်မယ်"

စိမ့်ပန်းကို ပေးထားတဲ့ ကတိတည်မယ်ဆိုတာ စိမ့်ပန်းက လုံးဝတစ်ထစ်ချ ယုံကြည်လေသည်။ စိမ့်ပန်းချစ်သူ ချမ်းက စိမ့်ပန်းနဲ့ မဝေးချင်သလို စိမ့်ပန်းကလည်း အဝေးမခံနိုင်ပါ။

"အင်းပါ ... ဒါပေမဲ့ အခုလောလောဆယ်တော့ ဝီရအောင် ကို ရှင်းထုတ်ဖို့အတွက် ချမ်းမှာ တာဝန်အရှိဆုံးပဲနော်"

"တိန် ... သေရောကွာ။ စိတ်ချ ... ကိုယ် သူ့ကိုအပြတ် အီလိုက်မယ် ... Ok "

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



၉

စိမ့်ပန်းက ကူညီပါဆိုပြီး အတင်းအကျပ် တောင်းဆို
သောအခါ သူ့ခမျာ အရာအားလုံးကို လျစ်လျူရှု၍ မိန်းကလေး
အသွင်ဟန်ဆောင်ကာ ဟိုကောင် ဝီရအောင်ရှေ့မှာ ဖလန်း ဖလန်း
သွားထရလေသည်။ သူ့ကိုလည်းမြင်ရော အဲဒီကောင်ဟာ သူ့
အနားသို့ ဝင်လာကာ ဖောရှောလာရိုက်လေသည်။ တောက် ...
သေစမ်း ချေးထုပ်ရာ။ သူ့ကို အထီးလား အမလားမှန်းတောင်
မသိလောက်အောင် မွှန်နေပါသည်။

"ညီမ ခဏလေး၊ ကိုယ့်ကို မှတ်မိတယ်မှလား။ ဟိုတစ်
နေ့က စိမ့်ပန်းနဲ့ အတူရှိနေတဲ့ တစ်ယောက်လေ။ ဝီရ
အောင်လေ"





"ဩော် ... ဟုတ် ... သိပါပြီ"

တောက် ... စိတ်ညစ်လိုက်တာကွာ။ ဒါပေမဲ့လည်း
သူ ဒီကောင့်ကို စိမ့်ပန်းအနားက ခွာဖို့အတွက် သူက အပီပေးရ
မှာဖြစ်သည်။

"အစ်ကိုက ညီမကို မြင်မြင်ချင်းပဲ အရမ်းကိုခင်သွားတာ။
ဒါနဲ့ ညီမနာမည်က"

"ဟို ... ဟို ... ချမ်းအေးပါရှင့်"

"ဟား ... နာမည်လေးက အရမ်းချစ်ဖို့ ကောင်းတာပဲနော်။
လူနဲ့ နာမည်က အရမ်းလိုက်တာပဲ။ အစ်ကိုတော့ အရမ်း
သဘောကျသွားပြီကွာ"

"ဟင်း ... ဘာမှန်းလဲ မသိဘူး"

အမယ်လေး ... ကြာရင် သူတောင် လိုင်းတွေ ဘာ
တွေ ပြောင်းသွားနိုင်ပါသည်။ ဝီရအောင်ဆိုတဲ့ ဂေါက်သီးဟာ
သူ့ရဲ့အမူအရာကိုတောင် ရေရေလည်လည် သဘောတွေကျနေတာ
ကတော့ တော်တော်ကို ရင်တုန်ပန်းတုန်နိုင်သည့် ကိစ္စပင်ဖြစ်ပါ
သည်။

"ဟား ... တကယ်ပြောတာပါ။ ချမ်းကလေ အရမ်းချစ်
စရာကောင်းတယ် သိလား။ ကိုယ့်ဘဝမှာ အဲဒီလိုဗီလင်
မျိုး လုံးဝဘယ်တုန်းကမှ မခံစားခဲ့ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝီရသည် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ကာ အတော်ကို စိတ်ကျဉ်းကျပ်ရပေသည်။ အခုဆို သူတို့အနောက်က နေ နောက်ယောင်ခံလိုက်ချောင်းနေတဲ့ စိမ့်ပန်း တစ်ယောက်က တော့ အသားကုန် ရယ်နေလောက်ပြီ။ ဒီကနေ့တော့ ဒီကိစ္စကို အပြတ်ဖြတ်မှဖြစ်မည်။ သူဟာ လိုချင်တဲ့ခွင်လည်း ဝင်နေပြီမို့ ဟန်ဆောင်ကာမူပို အိုက်တင်ဖြင့် အဲဒီကောင်ရဲ့လက်မောင်းကို ရှက်စနိုးဟန်လုပ်၍ ထုလိုက်လျှင် သကောင့်သားက ပီတိဝမ်းဆီ ထိသကဲ့သို့ သူ့လက်ကို လာကိုင်လေသည်။ စိမ့်ပန်းရေ ... မြန် မြန်လာပါတော့ဟ။

ဝီရသည် ကျေနပ်ကြည်ဖြူဟန်ဖြင့် မျက်နှာအသာ လွှဲပေးနေစဉ်မှာပဲ ကယ်တင်ရှင်ကြီး စိမ့်ပန်းက ဝင်ချလာကာ ဝီရအောင်ကို ပွဲကြမ်းတော့၏။

"ဒါက ဘယ်လိုတွေ ဖြစ်နေကြတာလဲ။ ဝီရအောင် ... နင်က ဘာသဘောလဲ။ နောက်ကွယ်မှာ ဒီလိုမျိုးတွေဖြစ် နေတယ်"

"ဆောရီးပါပဲ စိမ့်ပန်း။ ကိုယ့်ကိုခွင့်လွှတ်ပါ။ ကိုယ်က ချမ်းကို ..."





"တော်တော့ ... ရှင့်မျက်နှာကို ဒီနေရာမှာ ဒီပတ်ဝန်းကျင် မှာ လုံးဝမမြင်ချင်ဘူး။ ကျွန်မတို့ ဟိုတယ်ကနေ အခု ချက်ချင်းထွက်သွား။ ကျွန်မ ပတ်ဝန်းကျင်ကို ဘယ်တော့မှ မလာခဲ့နဲ့။ ရှင်နဲ့ ကျွန်မ ကိစ္စကပြတ်ပြီနော်။ လေးမောင် ကို ဒီကိစ္စတွေ အားလုံး ကျွန်မ ပြောပြလိုက်ရုံပဲ။ ကျွန်မ တို့ ဟိုတယ်ကနေ ရှင် အမြန်ဆုံးကျောင်းတော့"

ဟား ... ပိုင်သကွာ။ ဝီရသည် အတည်ပေါက် အိုက်တင်ကြီးဖြင့် ဟိုကောင့်ကို အပြတ်ကောနေသော စိမ့်ပန်းကို ကြည့်ကာ သဘောကျသွားရလေသည်။ သူ့ချစ်သူလေးဟာ အချစ် အတွက်ဆို အဲဒီလို ရဲရင့်သူလေးပဲ ဖြစ်ပါသည်။ အဲဒါလေးတွေ ကြောင့် သူက ပိုပြီးချစ်နေရတာဖြစ်၏။

"ဆောရီးပဲ ... စိမ့်ပန်း။ ကိုယ် မင်းတို့ ဟိုတယ်ကနေ ထွက်သွားပေးပါ့မယ်။ ဒီနေ့ ကိစ္စကြောင့် ကိုယ်တို့ရဲ့ပတ် သက်မှုက ပြီးသွားပြီ ထင်ပါတယ်။ အဲဒီအတွက် ကိုယ် လေးမောင်ကို နားလည်အောင် ပြောပြလိုက်ပါမယ်။ ကိုယ့် ကိုတော့ စိတ်မဆိုးပါနဲ့နော် စိမ့်ပန်း"

"ရှင်သာ အမြန်ဆုံး ကျွန်မတို့ဆီကနေ ထွက်သွားတော့။ ဟဲ့ ... ချမ်း၊ နင်လည်း ဘယ်တော့မှ ငါနဲ့လာမပတ်သက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းက အကယ်ဒမီရှေ့ခ်လ်ကွက်တွေဖြင့် သူ့ကိုပါ စိတ်ဆိုးမာန်ဆိုး ဟန်ပြ၍ ထွက်သွားလေတာနှင့် ဝီရသည် ဟိုကောင့်လက်ကလွတ်အောင် အားထုတ်ရတော့၏။ ချက်ချင်းပင် စိမ့်ပန်းနောက် ပြေးလိုက်တော့ဟန်ပြုတာနဲ့ လက်သွက်လှသော သကောင့်သားက သူ့ရှေ့က ပိတ်ရပ်ကာ ...

"လိုက်တောင်းပန်မနေနဲ့တော့ ချမ်း။ ဘာမှစိတ်မညစ်နဲ့ ကိုယ် သူနဲ့လည်း ကိစ္စပြတ်သွားပြီ။ ချမ်းနဲ့ ကိုယ်ပဲ"

"တော်စမ်း ... ရှင့်ကို ဘယ်သူက ကြိုက်မှာလဲ။ ရုပ်ကိုက လောက်နဲ့မျောက် စပ်ကျထားတဲ့ ပြောင်ချောင်ချော် ပေါတောတောနဲ့။ မှတ်ထား ... ဝီရအောင်။ ငါ့စိမ့်ပန်း ငါ့ကို ခွဲသွားလို့ကတော့ နင့်ကို အပြတ်ပဲ"

ဝီး ... မလွယ်ပါလား။ ဝီရသည် နောက်ဆုံးအိုက်တင်ကို ပီပြင်စွာ သရုပ်ဆောင်ပြီးသွားတာနဲ့ ဟိုအကောင့်လက်ကလွတ်အောင် အသားကုန်ပြေးရလေသည်။ တော်ပါသေးရဲ့။ အနောက်က ဆက်မလိုက်လာတာကိုပဲ ကျေးဇူးတင်ရပေမည်။

သူဟာ ချက်ချင်းပင် အခန်းပြန်ကာ မျက်နှာအမြန်သစ်၍ ဆံပင်တုကို ဆွဲချွတ်ကာ ဗီရိုထဲက တီရှပ်အဖြူတစ်ထည်ကို အနီနဲ့အဖြူ အစင်းကြား ဘောင်းဘီတို့ဖြင့် တွဲဖက်ဝတ်ဆင်





လိုက်သည်။ အားပါး ... အခုမှပဲ လွတ်လပ်ပေါ့ပါးသွားတော့တယ်။ ဝီရသည် ခုတင်ပေါ်မှာ ကန့်လန့်ဖြတ်လှဲအိပ်၍ ချစ်သူလေးဆီ ဖုန်းလှမ်းခေါ်လိုက်လေသည်။

"ဘယ်လိုလဲ ... အားလုံး Ok ရဲ့လား ချမ်း။ ဒီမှာ သူတို့ အခန်းကို check-out လုပ်နေပြီ"

"ဟုတ်လား။ အေးဆေးပဲမှလား။ ကိုယ့်အိုက်တင် ပီပြင်တယ်နော် စိမ့်ပန်း။ ဒါနဲ့ သူတို့က ဘယ်ပြောင်းမှာလဲ"

"အင်း ... တခြားဟိုတယ်ပြောင်းမှာပေါ့။ သူက ချမ်းလေးကိုပဲ ချစ်တာလေ ... အဟဲ ... ဟဲ"

"ဟား ... လာနောက်မနေနဲ့ကွာ။ ကိုယ့်မှာ ဘယ်လောက်တောင် ရင်မောရလဲ သိလား။ ကဲ ... ချစ်လေး ပြော၊ ကိုယ်တို့ ဘယ်မှာဆုံကြမလဲ"

"အမ်း ... ဒီနေ့ည ကမ်းခြေမှာ မီးပုံပွဲလေးလုပ်မလို့။ အဓိက,ကတော့ ရှင့်ကို ကျွန်မ အချစ်ဆုံးသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမလို့။ ခုနစ်နာရီလောက် ဆုံမယ်လေ။ ဘယ်လိုတုံး"

ဝီရသည် ပျော်ရွှင်လွန်းစွာဖြင့် ဆတ်ခနဲ ထထိုင်လိုက်ကာ လေထဲသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... စိတ်ချ စိမ့်ပန်းလေး။ ခြောက်ခွဲကတည်းက အရောက်လာပြီး စောင့်နေမယ်။ ပြော ... ကိုယ် မင်းရဲ့ အနှောင့်အယှက်တွေ အခု တစ်ခုရှင်းပေးလိုက်ပြီဆိုတော့ ကိုယ့်ကို ဘာဆုချမှာလဲဟင်"

"အဟား ဟား ... အင်း ... ဘာဆုချရမလဲဆိုတော့ ဟုတ်ပြီ။ ကျွန်မ ဒီနေ့ည ရှင်ဝတ်ဖို့အတွက် အင်္ကျီပို့ပေးလိုက်မယ်လေ။ ဆင်တူဝတ်တာပေါ့ ... ချစ်သူတွေဆိုတော့ ဆင်တူဝတ်တာ valentine ဆန်တယ်လေ။ Ok ?"

သူဟာ romance ဆန်သော ချစ်သူလေးကို ပိုပြီးတော့တောင် ချစ်မိသွားလေ၏။ စိမ့်ပန်းနဲ့သူဟာ အချိန်တိုအတွင်းလေးမှာပင် တစ်ယောက်စိတ်ကို တစ်ယောက်နားလည်နိုင်သည်မှာ ရင်ဘတ်ချင်းနီးလို့ပဲ ဖြစ်ပါသည်။

"Ok ... Ok ... ဒါဆို ဆင်တူဝတ်ပြီး လန်းမယ်နော်"

"See you"

စိမ့်ပန်းက ဖုန်းပိတ်သွားလေသောအခါ သူဟာ ကျေနပ်ပျော်ရွှင်စွာဖြင့် ပြုံးမိသွားလေသည်။ ဒီနေ့ညနေမှာ စိမ့်ပန်းနဲ့အတူတူ အင်္ကျီဆင်တူဝတ်ပြီး အချစ်စကားလေးတွေ ကတိစကားလေးတွေဖြင့် အချစ်တွေပိုလို့ တိုးစေမှာပဲဖြစ်သည်။

✣ ○ ✣





ချောင်းသာအမှတ်တရစာတန်းပါတဲ့ တီရှပ်အဖြူဆွတ်ဆွတ်ကို ဆင်တူဝတ်ဆင်ရုံသာမက တိုက်တိုက်ဆိုင်ဆိုင်ပင် ဘောင်းဘီကပါ skinney အနက် ဆင်တူဖြစ်သွားလေသည်။ ထူးထူးခြားခြား သူ့မျက်နှာလေးဟာ အရမ်းကိုဖြူစင်လတ်ဆတ်ပြီး ချစ်ဖို့သိပ်ကောင်းလေသည်။ စိမ့်ပန်း ဆင်ပေးတဲ့ တီရှပ်အဖြူလေးနှင့် လိုက်ဖက်စွာ မဟူရာကျောက်လုံးနားကပ်လေးတစ်ဖက်ဆင်ထားပုံက ပိုပြီးဆွဲဆောင်မှု ရှိပါသည်။ သူက စောထွက်လာတယ်ဆို၍ စိမ့်ပန်းကလည်း ဟိုနှစ်ကောင်ကို နောက်မှလိုက်လာစေ၍ စောထွက်လာခဲ့ပါသည်။

မှောင်ရီဖျိုးဖျ နေဝင်ကာစ အချိန်ကာလလေးမှာ သဲပြင်ပေါ်မှာထိုင်ပြီး ချစ်သူနဲ့ စကားပြောရတဲ့ ဖီလင်ဟာ ဘာနဲ့မှ မတူပေ။



www.burmeseclassic.com

www.burmeseclassic.com



"စိမ့်ပန်းကို ကိုယ်လည်း လက်ဆောင်ပေးစရာရှိတယ်။ မျက်စိမှိတ်"

စိမ့်ပန်းက သူ့မျက်နှာကို တစ်ချက်ကြည့်လိုက်ကာ မျက်လုံးတွေကို အသာမှေးမှိတ်လိုက်သည်။ မျက်လုံးတွေမှိတ်ထားပေမယ့် အာရုံခံစားမှုအရတော့ သူ့စိမ့်ပန်းရဲ့အနားနားကို တိုးကပ်လာတယ်ဆိုတာ သိပါသည်။ ဘုရားရေ ... သူ စိမ့်ပန်းကို နမ်းမလို့များလား။ စိမ့်ပန်းက အဲဒီအတွေးကြောင့် ရင်ခုန်စိတ်လှုပ်ရှားသွားကာ လက်ဖျားခြေဖျားတွေတောင် အေးစက်ကျင်ခဲသွားသလို ခံစားရလေသည်။ သူ့မျက်နှာဟာ စိမ့်ပန်းရဲ့မျက်နှာအနားသို့ တိုးကပ်လာတာကြောင့် လူက တွန့်ခနဲတော့ ဖြစ်သွားလေသည်။

သူ့ဆီက ရယ်သံခပ်သဲ့သဲ့လေး ကြားရပြီးနောက်မှာတော့ သူဟာ စိမ့်ပန်းရဲ့နားနားသို့ တိုးကပ်ကာ ခပ်တိုးတိုးလေး ပြောလေသည်။

"မကြောက်ပါနဲ့ စိမ့်ပန်းရဲ့။ ကိုယ်က စိမ့်ပန်းကို ကိုယ်တိုင်ဆွဲကြိုး ဆွဲပေးမလို့ပါ။ ဟဲ ဟဲ ... ဆွဲပေးမယ်နော်"

စိမ့်ပန်းက သူ့အပြောကို မျက်စောင်းတစ်ချက်ထိုးကာ အသာရယ်မောမိသွားလေသည်။ သူကလည်း သဘောကျစွာ





ဖြင့် ရယ်မော၍ စိမ့်ပန်းရဲ့လည်တိုင်ထက်မှာ "C"ဆိုတဲ့ အင်္ဂလိပ်စာလုံး လော့ကတ်လေးပါတဲ့ ပလက်တီနမ်ကြိုးလေး ဆွဲပေးလေသည်။

"ဒီကြိုးလေးက ကိုယ် ဆယ်တန်းကတည်းက မြတ်မြတ်နိုးနိုးနဲ့ ဆွဲထားတဲ့ ဆွဲကြိုးလေး။ စိမ့်ပန်းအတွက် ကိုယ့်ရဲ့ချစ်သက်လက်ဆောင်။ အင်း ... ပြီးတော့ ဒီမှာ။ အဟဲ ... ကိုယ့်ရဲ့ရည်းစားစာ"

သူက သူ့ထုံးစံအတိုင်း စာအိတ်လေးတစ်အိတ် စိမ့်ပန်းကို ကမ်းပေးလျှင် စိမ့်ပန်းက သူ့ရှေ့မှာပင် အဲဒီစာလေးကို ဖောက်ဖတ်လေသည်။

စာထဲက အကြောင်းအရာလေးက ရိုးရိုးလေးပဲဖြစ်သည်။ ဒါပေမဲ့ အရမ်းရင်ခုန်ဖို့ ကောင်းပါသည်။

"သို့ ...

ချစ်သူ ...

အရမ်းချစ်တယ်ကွာ။

ကိုယ့်ကို ပြန်ချစ်ပေးတဲ့အတွက်

very thank you !

ချမ်း"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပွန်းက ချမ်းရဲ့စာလေးကို ဖတ်ရတာဟာ ရင်ခုန်စရာ taste အသစ်ကို ပေးလေသည်။ စိမ့်ပန်းကို ပထမဆုံး စိတ်လှုပ်ရှားစေခဲ့တာဟာ အဲဒီစာလေးတွေကနေ စခဲ့တာပဲဖြစ်သည်။

"ချမ်း... ရှင်ကလေ အရမ်းကို ရိုမန့်စ်ဆန်တာပဲ သိလား၊ စိမ့်ပန်းတော့ ချစ်သူကောင်းရတာပဲ ... အဟင်း"

"နောက် ဒီ့ထက်တောင် ပိုကောင်းပြဦးမယ်၊ စိတ်သာချ"

သူက ပြောပြောဆိုဆိုပင် စိမ့်ပန်းရဲ့ပခုံးကို အသာဖက်၍ သူ့ပခုံးထက်မှာ စိမ့်ပန်းခေါင်းကို မှီစေလေသည်။

"အဟင်း ... အဟင်း ... အဟမ်း ... ငါတို့ ရောက်နေပြီဟေ့"

ပီယနဲ့ ရွှေဆင်းက နောက်ရွတ်ရွတ်ပြောကာ စိမ့်ပန်းတို့ရှေ့မှာ ဝင်ထိုင်ကြလေသည်။ ပြီးတော့ သူမတို့ဖုန်းတွေကို ထုတ်ကာ ...

"ကဲ ... ကဲ ... ခုနတုန်းက pose လေးအတိုင်း နေလိုက်ပါဦး။ အမှတ်တရ ညနေလေးကို မှတ်တမ်းတင်ထားချင်လို့ဟေ့"

စိမ့်ပန်းက သူ့ပခုံးထက်မှာ ပြန်လည်မှီရင်း ဓာတ်ပုံအရိုက်ခံရလေသည်။ စိမ့်ပန်းတို့နှစ်ယောက်ရဲ့ စုံတွဲဓာတ်ပုံတွေ





ရိုက်ပြီးတာနှင့် စိမ့်ပန်းတို့ရဲ့ မီးပုံပွဲ အစီအစဉ်လေးကို စတင်ဖွင့်လှစ်လိုက်လေတော့သည်။ စားစရာ သောက်စရာ အစုံအလင်ဖြင့် အင်မတန်မှ ပွဲစည်သွားတာကတော့ စိမ့်ပန်းရဲ့ချစ်သူလေး ချမ်းဟာ စကားပြောကောင်းရုံသာမက ဟာသဉာဏ်ရွှင်သောသူ ဖြစ်တာကြောင့် စိမ့်ပန်းတို့မှာ ပွဲကျရလေသည်။

"ဟား ... စိမ့်ပန်းနဲ့ ကိုချမ်းကိုတော့ အရမ်းသဘောတူသွားပြီ။ သူ့ဦးလေးနှစ်ယောက်နဲ့ အဆင်ပြေနိုင်ဖို့အတွက်တော့ ရှင် တော်တော် try ရမှာနော်။ ကြားရသလောက် ကိုမာန်ထက်တောင် ဒီလာတော့မယ် ပြောနေရဲ့"

ပီယစကားကြောင့် ချမ်းက အသာပြုံးလိုက်ကာ စိမ့်ပန်းရဲ့လက်တွေကို ဆွဲယူဆုပ်ကိုင်လိုက်ပြီး အပြုံးမပျက်ပင် ပြန်ဖြေလေသည်။

"ကိစ္စမရှိပါဘူးဗျာ။ စိမ့်ပန်းရဲ့အခက်အခဲတွေ အားလုံးကို ကျွန်တော်က ဖြေရှင်းပေးမှာပါ။ လေးမောင်နဲ့ လေးအောင်တို့ကိုယ်တိုင်က ကျွန်တော့်ကို လိုလိုလားလား လက်ခံနိုင်တဲ့အချိန်ရောက်အောင် ကျွန်တော် ကြိုးစားမှာပါ ...

အဲဒီအတွက် ကျွန်တော် နည်းနည်းတော့ အချိန်ယူရမှာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက် အဆင်ပြေသွားလိမ့်မယ်လို့ အရမ်းကို ယုံကြည်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... အမိုက်စားပဲ။ စိမ့်ပန်းမ ... နင်တော့ ရှယ်ရည်းစား ရထားတာပဲ။ ကဲ ... ကဲ ... မိုးတောင်ချုပ်နေပြီဆိုတော့ ငါတို့လည်း ဗွီ တော့မယ်ဟာ။ နင် ငါတို့နဲ့ တစ်ခါတည်း လိုက်ခဲ့မှာလား။ နေခဲ့ဦးမှာလား"

စိမ့်ပန်းက ချမ်းနဲ့ စကားတွေ ဆက်ပြောချင်သေးတာကြောင့် ပီယနဲ့ ရွှေဆင်းနဲ့အတူ ပြန်လိုက်ဖို့ ငြင်းလိုက်လေသည်။

"အင်း ... ခဏနေလိုက်ဦးမယ်ဟာ။ ချမ်းပြန်လိုက်ပို့ပေးလိမ့်မယ်"

"ဟင်း ... မိန်းမနော်။ ချစ်သူရှိသွားပြီဆိုတော့ ငါတို့ကို ကန်နေပြီပေါ့လေ။ ဟွန်း ... ကဲ ... သွားမယ်ဟေ့။ ကိုချမ်း ... ကျွန်မတို့ စိမ့်ပန်းကို ရှင်လက်ထဲ စိတ်ချစွာ အပ်ခဲ့ပြီနော်"

"စိတ်ချ ... စိတ်ချ။ ကျွန်တော် စိမ့်ပန်းကို ခိုးမပြေးပါဘူးဗျာ ... အဟဲ ဟဲ"

သူက နောက်ပြောင်နေသေးတာကြောင့် ပီယနှင့် ရွှေဆင်းက ပြန်ခါနီး ပွဲကျနေကြသေးသည်။ သူတို့နှစ်ယောက် ပြန်သွားတော့မှ စိမ့်ပန်းရဲ့လက်ကို ဆုပ်ကိုင်ထားတဲ့သူဟာ ဆုပ်ကိုင်ထားရာကနေ သူ့ရင်ဘတ်ဆီသို့ အပ်လိုက်ပြီး ...





"ဒီနေ့လေးက ကိုယ်တို့ရဲ့ အမှတ်တရနေ့လေးပဲကွာ။ ကိုယ့်ရင်ထဲမှာ အရမ်းကြည်နူးနေတယ်။ ကမ်းခြေမီးပုံပွဲလေးမှာ ကိုယ်သိပ်ချစ်ရတဲ့ စိမ့်ပန်းနဲ့အတူ အခုလို ညလေးမျိုး ဖြတ်သန်းရလိမ့်မယ်လို့ ကိုယ် မျှော်တောင်မမျှော်လင့်မိဘူး"

"အင်း ... စိမ့်ပန်းလည်း အတူတူပဲ။ ချမ်းကို ဒီလောက်ထိ ချစ်သွားလိမ့်မယ်လို့ ထင်မထားခဲ့ဖူးဘူး။ ချမ်းက စိမ့်ပန်းအတွက် first love ပဲ"

"ဟား ... ကြွေတယ်ကွာ"

သူက စိမ့်ပန်းအပြောကို အရမ်းဟတ်ထိသွားဟန်ဖြင့် စိမ့်ပန်းကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းကာ ဖက်ထားလေ၏။ ကွယ် ... ဒီအချစ်ဦးလေး ချမ်းကို စိမ့်ပန်း အရမ်း အရမ်း ချစ်မိနေပါပြီ။ ပထမဆုံးဆိုတာ လုံးဝနင့်နေတဲ့ ဖီလင်ဆိုတာကို စိမ့်ပန်း သဘောပေါက်လေပြီ။

သူ့ရင်ခွင်ထဲမှာသာ နေနေရမယ်ဆိုရင် ဒီကမ္ဘာကြီးမှာ ဘာတွေပဲဖြစ်နေဖြစ်နေ ဘာဆိုဘာမှကို မသိချင်တော့ပါ။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ဟာ ... ဟော့ကောင် ... မင်းကလည်းကွာ။ တကယ့်ကျိုင်ပဲ"

"ငီရ ... အလုပ်တွေ ပစ်ထားတာပဲ ကြာလှပြီကွာ။ တစ်ချက်တော့ ရန်ကုန်ပြန်ဆင်းဦးမှပေါ့ကွ"

"ရှိး ... လေတယ် ဟော့ကောင်ရာ။ မင်း အခု ထွက်လာပြီလား"

"အေး ... နေ့လယ်လောက် ငါရောက်မယ်။ ငါရောက်တာနဲ့ ချက်ချင်းပြန်မယ်နော် ဝတီလေး။ မင်း ချစ်ချစ်ကို အကျိုးအကြောင်း ပြောထားလိုက်ဦး"

ဝီရဟာ ကျစ်ခနဲ စုပ်သပ်ကာ အခန်းထဲကနေ အပြင်ကို ထွက်လာခဲ့သည်။





"အေးကွာ ... ပြီးတာပဲ။ မင်းကလည်းလေ မျက်နှာလွှဲလို့ကို မရဘူး။ ဟော့ကောင် ... ငါ့အလုပ်ပြီးတာနဲ့ ချောင်းသာပြန်မှာနော်"

"တောက် ... ချေးထုပ်။ အိုဗာတွေ တင်းနေတာ။ အေးပါ မင်း ချောင်းသာသား လုပ်လိုက်တော့။ ဒါပဲ ဟော့ကောင်။ ငါရောက်လာရင်သာ Reception မှာ ကြိုဆိုရေး အစီအစဉ် လုပ်ထား ကြားလား ... ဟော့ကောင်။ ဒါပဲ"

ရောင်စင်က ဖုန်းပိတ်သွားလေလျှင် ဝီရသည် အီး မှန်းထားတဲ့ မျက်နှာကြီးဖြင့် ဖုန်းကိုဘောင်းဘီအိတ်ကပ်ထဲထိုး ထည့်ကာ ဘန်ကလိုရဲ့ဝရန်တာလက်ရန်းမှာ ထိုင်ကာ ငိုင်နေမိ သည်။ ဖြစ်နိုင်ရင်တော့ စိမ့်ပန်းရှိတဲ့ ဒီချောင်းသာကနေ သူလုံးဝ ကို မောင်ကြီးမခွာနိုင် ဖြစ်နေလေသည်။ ဒါပေမဲ့လည်း ရန်ကုန် ကို မပြန်လို့ကလည်း မဖြစ်ချေ။ ဟိုမှာ တစ်လကျော်လောက် ဒီအတိုင်း ပစ်ထားခဲ့တဲ့ အလုပ်တွေဟာ သူ့ရဲ့ဆုံးဖြတ်ချက်တွေ တင်မက လူပါထွက်ပြရတော့မှာမို့ သူဟာ မဖြစ်မနေ ရန်ကုန် ပြန်ရတော့မှာဖြစ်၏။

ဝီရသည် စိမ့်ပန်းနဲ့တွေ့ဖို့အတွက် စိမ့်ပန်းရှိနေတဲ့ ဆီကို ထွက်လာခဲ့တော့သည်။ ချစ်စရာကောင်းသော စိမ့်ပန်းသည်



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုအပူဒဏ်ကို ပန်းဆီရောင်ကြိုးတစ်လုံး ဂါဝန်ရှည်ဖြင့် ကာကွယ်ထားလေသည်။ ဝင်းမွတ်ကာ သွယ်စင်းနေသော လက်မောင်းသားလေးကို သူက ရင်ခုန်စွာ ကြည့်လိုက်ပြီးမှ စိမ့်ပန်းရဲ့ ခေါင်းလေးကို အသာပုတ်ကာ ...

"ဟိတ် ... စိမ့်ပန်းလေး အလုပ်တွေ များနေလား"

"အင်း ... ဒီလိုပါပဲ။ အလုပ်များတယ်လည်း မဟုတ်ပါဘူး။ ထိုင်လေ ချမ်း"

ဝီရသည် ခေါင်းတစ်ချက်ဆတ်လိုက်ကာ စိမ့်ပန်းရဲ့ မျက်နှာချင်းဆိုင် ဆုံလည်ခုံမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ... သူ ဒီနေ့ ပြန်ရမယ့်အကြောင်းကို စိမ့်ပန်းအား ပြောပြလိုက်၏။

"စိမ့်ပန်း ... ကိုယ် ဒီနေ့ ရန်ကုန် ခဏဆင်းရမယ်"

"ဟင်"

ရုတ်တရက်ကြီး ကြားလိုက်ရတာမို့ စိမ့်ပန်းက သူ့မျက်နှာကို အံ့သြသလို တစ်ချက်ကြည့်ကာ မျက်နှာလေးညှိုးသွားရှာပါသည်။

သူလည်း စိမ့်ပန်းနဲ့ လုံးဝမခွဲချင်ပါ။ သူ့နည်းတူ စိမ့်ပန်းလည်း အဲဒီလိုပဲ ဖြစ်ပါလိမ့်မည်။ ဝီရသည် စိမ့်ပန်းရဲ့ လက်ဖမိုးလေးကို အုပ်မိုးဆုပ်ကိုင်လိုက်ပြီး နှစ်သိမ့်လိုက်ရသည်။





"ကိုယ်လည်း မပြန်ချင်သေးပါဘူးကွာ။ ဒါပေမဲ့ ဟိုမှာ အလုပ်တွေက တစ်ပုံတစ်ပင်ကြီး ပုံနေပြီတဲ့။ ခဏလေးပဲ။ ကိုယ် မကြာခင် ပြန်လာခဲ့မယ်နော်"

"အင်း ... စိမ့်ပန်း လွမ်းနေရမှာပေါ့။ ချမ်းက ကြိုလည်း မပြောဘူး"

"အေးကွာ ... ကိုယ်လည်း ခုနကမှ ပြန်ရမယ်ဆိုတာသိတာ။ ကိုယ့်ဘော်ဒါ ရောင်စင် လာခေါ်မှာ။ ဒီနေ့လယ်လောက်ပြန်မှာ စိမ့်"

"ဩော် ... အင်းလေ။ ဖုန်းတော့ မှန်မှန်ဆက်နော် ချမ်း"

စိမ့်ပန်း မျက်နှာကလေးက ညှိုးနေတာကြောင့် သူက စိမ့်ပန်းကို ပျော်အောင်နောက်ရလေသေးသည်။

"ဆက်ရမှာပေါ့ အချစ်ကလေးရဲ့။ ဟား ... ပျော်တယ်ကွာ။ လက်စသတ်တော့ ကောင်မလေးက ကိုယ့်ကိုမခွဲနိုင်လောက်အောင်ကို ချစ်နေရှာတာကိုး။ ဘာလဲ ... စိမ့်ပန်းလေး ကိုကို့ကို မပြန်စေချင်တော့အောင်ကို ချစ်တာပေါ့ ဟုတ်လား"

ဒီလိုနောက်တော့မှပဲ ချစ်သောစိမ့်ပန်းလေးက မျက်စောင်းကြည်ကြည်လေးတစ်ချက် ထိုးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ချစ်စရာလား။ လုံးဝပဲ"

"အဟား ဟား ... နောက်တာပါကွာ။ မချစ်ဘဲတော့ မနေပါနဲ့။ ဂဲပါ ... ချစ် အခုအားတယ်ဆိုရင် ကိုယ်တို့ဈေးဘက်သွားမယ်လေ။ လက်ဆောင်သွားဝယ်မလို့။ အတူတူသွားရအောင်"

"အင်း ... သွားမယ်လေ။ ခဏစောင့် ... မေမေ့ကိုသွားခွင့်တောင်းလိုက်ဦးမယ် ကိုဝီရအောင်ကြီးရဲ့ ... အဟဲဟဲ"

စိမ့်ပန်းက သူ့ရဲ့ဖိန့်ဖိန့်နှာမည်ကြီးကို နောက်ခေါ်ကာ အန်တီ့ကို သွားခွင့်တောင်းလေတော့သည်။ ခဏနေတော့ police မျက်မှန်ကြီးကို စတိုင်လ်အပြည့်တပ်ကာ သူ့လက်ကိုချိတ်၍ ထွက်လာခဲ့လေသည်။

"ဟွန်း ... ပဲချည်းပဲ။ ကောင်မလေးနော် ... အဲဒီလောက်လှနေတော့ မင်းကို ဘဲတွေက ကြောင်ပြီပေါ့"

သူက အဲဒီလိုပြောလိုက်လျှင် စိမ့်ပန်းက ဟက်ဟက်ပက်ပက် ရယ်မောကာ သူ့ပါးကို လက်ညှိုးဖြင့် ချစ်စနိုးတွန်းထုတ်၍ ...

"အဟက် ... ဟက် ... သူများ ဘယ်လောက်ပဲလှလှပါကွာ။ မာမီချမ်းကိုတော့ မီပါဘူး။ ဝီရအောင်ဆို ချမ်းမှ





ချမ်း ဖြစ်နေတာလေ။ ဟီ ... စိမ့်ပန်း ကျော်ပြီး ချမ်းကိုလွမ်းနေတာလေ"

ချစ်စရာကောင်းသော သူ့ချစ်သူလေးရဲ့ စကားပြောဟန်လေးဟာ သူ့အတွက် ကမ်းခြေနှင့်အပြိုင် လှနေတဲ့ ပန်းချီကားတစ်ချပ် ဖြစ်လေသည်။ သူ့ကိုဆို တစ်ခါ တစ်ခါ "မာမီချမ်း" ဆိုပြီး သူ့ကိုခေါ်လေလျှင် အရမ်းကို အသည်းယားစရာကောင်းအောင် ချစ်ဖို့ကောင်းလေသည်။

"မင်းနော် ... လူကို မာမီချမ်း မာမီချမ်းနဲ့ မခေါ်ပါနဲ့လို့ ပြောတာ ပြောမရဘူးလား။ ဟင်း ဟင်း ... လူမြင်ကွင်းချည်းမှာပဲ ဖက်နမ်းမိတော့မယ်နော်"

"အောင်မယ် ... သတ္တိရှိရင် လုပ်ကြည့်ပါလား။ ဟွန်း ... ပင်လယ်ထဲ ပစ်ထည့်လိုက်မယ်"

"စတာပါ ချစ်ကြီးကလည်း။ အဟဲ ဟဲ ... ကဲ ... ကဲ ... သွားမယ် ... သွားမယ်"

ဝီရက စိမ့်ပန်းရဲ့ပခုံးလေးကို ဆွဲဖက်ကာ ဈေးဘက်သို့ ထွက်လာခဲ့ကာ ချစ်သူနဲ့အတူ လက်ဆောင်အတူတူ ဝယ်ဖြစ်ကြသည်။ စိမ့်ပန်းရဲ့ချစ်သူအဖြစ် နေရသောဘဝဟာ အရမ်းကို ရင်ခုန်လတ်ဆတ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘော်ဒါတွေရယ် ပြီးတော့ ရန်ကုန်မှာရှိတဲ့ သူ့ရဲ့ဘကြီးအတွက် လက်ဆောင်ပစ္စည်းတွေ ဝယ်ပြီးသွားသော အခါ စိမ့်ပန်းက သူ့မျက်နှာကို တမေ့တမော ငေးကြည့်ရင်းက ...

"ချမ်း ... ရှင့်ကို ကျွန်မ အမြဲတမ်း ယုံကြည်နေပါရစေနော်။ လေးမောင်နဲ့ လေးအောင်ရဲ့ဆန္ဒတွေကို ဆန့်ကျင်ရဲတဲ့သတ္တိတွေကို ရှင်က ပေးခဲ့တာပါ။ ကျွန်မ အချစ်ဦးနဲ့ မလွဲချင်ဘူး ချမ်းရယ်။ အလုပ်တွေပြီးသွားရင် မြန်မြန်ပြန်လာနော်"

ဝီရသည် အဲဒီစကားလေးကို ကြားလိုက်ရလျှင် စက္ကန့်ပိုင်းလောက် မူးယစ်မေ့မြောသွားတော့သည်။ သူ့အပေါ်ကို ထားရှိတဲ့ စိမ့်ပန်းရဲ့ချစ်ခြင်းတရားကို မြင်ရလျှင် တကယ်ပဲ ကြည်နူးရလေသည်။ သူဟာ စိမ့်ပန်းရဲ့မေးဖျားလေးကို ဖျစ်ညှစ် ဆွဲယူလိုက်ရင်း သူနှင့် အကြည့်ချင်းဆုံလိုက်ကာ ရင်ထဲကမှန် သောစကားကို ဆိုလိုက်လေသည်။

"ကိုယ်က မင်းကိုချစ်တာ ခဏတာ မဟုတ်ဘူး စိမ့်ပန်း။ ကိုယ့်ရဲ့ရုပ်ကော နာမ်ကော စိတ်နှလုံး အလုံးစုံအားလုံးက မင်းကို ချစ်နေတာ။ ကိုယ်က မင်းကို ပစ်ထားပါ့မလား ချစ်ရယ်"





စိမ့်ပန်းနဲ့ သူဟာ ခပ်ကြာကြာ မျက်ဝန်းချင်းဆုံကြည့် နေကြတာဟာ သံလိုက်စက်တွေကို ဆွဲယူပူးကပ်လိုက်သလို နှလုံးသားတို့က တသားတည်း ကျသွားလေသည်။ စိမ့်ပန်းကို သိပ်ချစ်လေသော သူ့နှလုံးသားဟာ ဘယ်သောအခါမှ စိမ့်ပန်းနဲ့ မဝေးချင်ပါ။

အချစ်ဆိုသည်မှာ အရာရာတိုင်းကို ရင်ခုန်လိုက်မော စေပြီး သူမရဲ့ချစ်ခြင်းတရားကို ပင်လယ်ပြင်ထက် ကြီးမားအောင် သိမ်မွေ့စွာ ဆွဲဆောင်နိုင်သောအရာ ဖြစ်ပါသည်။

❖ ○ ❖

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ရောင်စင်က နေလယ်(၂)နာရီလောက်မှာ သူ့ဆီသို့ ရောက်လာလေသည်။ ခဏနား ကားကိုစစ်ဆေးပြီး ညနေ(၄)နာရီလောက်ကျတော့ သူတို့ပြန်ဖို့ အဆင်သင့် ဖြစ်နေကြပြီဖြစ်သည်။ စိမ့်ပန်းမေမေကိုကော၊ လေးအောင်ကိုပါ သူ ပြန်သည့်ကိစ္စ ပြောပြထားတာကြောင့် စိမ့်ပန်းက သူ့ကို အေးအေးဆေးဆေး နွေးနွေးထွေးထွေး နှုတ်ဆက်လို့ ရသွားပါသည်။ လေးအောင် တစ်ယောက်ကတော့ အရှုပ်ထုပ်တော့ ရှင်းသွားပြီဆိုပြီး သဘောကျနေပုံရ၏။

"သွားတော့လေ ... ချမ်းရဲ့"

"ဘာလဲ ... နှင်တာလား။ ကိုယ်က ချစ်သူ့မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေတာ"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ ဟိုနားမှာ လေးအောင်လူတွေရှိတယ်လေ။ ချမ်းက အဲဒီလောက်ကြီး ကြည့်နေတော့ ကျွန်မ နေရခက်တာပေါ့"





ဝီရက စိမ့်ပန်းရဲ့နေရခက်နေတဲ့ မျက်နှာလေးကို ချစ်မဝစွာငေးကာ ခေါင်းအသာဆတ်ပြ၍ စိမ့်ပန်းရဲ့လက်ဖျားလေးတွေကို အသာဖျစ်ညှစ် ဆုပ်ကိုင်လိုက်ပြီး နှုတ်ဆက်လိုက်သည်။

"ကိုယ် သွားတော့မယ်နော် စိမ့်ပန်းလေး။ အမြန်ဆုံးပြန်လာမယ်။ အင်း ... ရန်ကုန်ရောက်နေတဲ့အချိန်မှာ ရိုးရာမပျက် ကိုယ် စာပို့လိုက်မယ်နော်"

"အင်း ... တာ့တာ"

စိမ့်ပန်းကို နှုတ်ဆက်ပြီး သူတို့ဟာ ကားမောင်းထွက်လာခဲ့တော့သည်။ ရောင်စင်က ကားမောင်းတာမို့ သူက အေးအေးဆေးဆေး သက်သောင့်သက်သာဖြင့် စိမ့်ပန်းကို လွမ်းလို့ရလေသည်။ စိမ့်ပန်းသည် သူ့ရဲ့ကမ္ဘာပဲဖြစ်၏။

"ဟော့ကောင် ... ငြိမ်လိုက်တာကွာ။ မင်းကလည်း ... သိပ်ကြွေနေတယ်ပေါ့"

"ဒါပဲကွ။ အချစ်ဆိုတာ အရမ်းနင့်တဲ့ ဖီလင်ပဲ။ ငါ့ဘဝမှာ လင်းလက်ပျိုးပြက်နေတဲ့ ချစ်ခြင်းတရားက စိမ့်ပန်းနဲ့တွေ့မှဖြစ်တာကွ။ သူ့ကို ငါ အရမ်းချစ်တာကွာ။ ငါ့ရဲ့ အသွေးအသား၊ ခန္ဓာကိုယ်၊ စိတ် all parts ကွာ အားလုံးကကို သူ့ကို ချစ်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



“ဟား ... ဂေါက်သီး။ ဟား ... ဟား။ ဒါပေမဲ့ မင်းကို ငါ တကယ် congratulate လုပ်တယ်ကွ။ အချိန်တိုအတွင်းမှာ ဒီလောက်ထိ အနေအထားတွေ တိုးတက်အောင်စွမ်းဆောင်နိုင်တယ်”

ဝီရက CD Player ကိုဖွင့်ကာ CD တစ်ချပ်ထည့်၍ သီချင်းဖွင့်လိုက်ပြီးမှ ...

“ငါ စိမ့်ပန်းနဲ့ အရမ်း close ဖြစ်သွားတာ၊ သီဟကြောင့်ကွ။ ဟိုကောင်ကြီး idea တွေပါတယ်။ ပြီးတော့ မင်းတို့နှစ်ကောင်ကိုလည်း ရေလည်ကျေးဇူးတင်တယ် ...

ဒါပေမဲ့ ဆဲချင်တာ တစ်ခုတော့ရှိတယ်။ ငါ့ကို ချောင်းသာကနေ ခေါ်လာလို့။ ဘယ့်နှယ်ကွာ ... သူများသမီးရည်းစားကြား ကဖျက်ကယက်လုပ်တဲ့ ချေးထုပ်တွေ”

ရောင်စင်က သူ့အပြောကြောင့် တဟားဟားအော်ရယ်ကာ ဒက်ရှ်ဘုတ်ထဲက စီးကရက်တစ်လိပ် ထုတ်ယူကာ မီးညှိ၍ ဆေးလိပ်သောက်လေသည်။ ပြီးတော့ ခပ်မြူးမြူး DJ တေးသွားတွေအတိုင်း လှုပ်ရှားသည်းဆိုရင်း ကားဆက်မောင်းလာခဲ့တော့၏။





သူတို့နှစ်ယောက်ဟာ music ရဲ့နောက်ကို စီးမျောရင်း သီချင်းတညည်းညည်းဖြင့် ဖီလင်တက်နေစဉ်မှာပဲ ဖုန်းလာလို့ ကိုင်လိုက်လေလျှင် သီဟဆီက ဖြစ်လေသည်။ ဖုန်းကို Speaker ဖွင့်ကာ သူတို့နှစ်ယောက်က သီဟကို နောက်နေကြရလို့တော်တော့်ကို ပျော်နေတာဖြစ်သည်။

“ဟေ့ကောင် ... သီဟ၊ ဒီကောင်က ဆော်ကိုထားခဲ့ရလို့ ဆွေးနေရတာလေ။ ဟိုက မြန်မြန်ပြန်လာ ဆိုလိုက်လို့ ဒီကောင်ကြီးက အမြီးနန့်နေတာလေ”

“ခွေးကောင် ... မင်းပဲ အမြီးနန့်။ အလကား သီဟ။ ဒီကောင် အူပုပ်နေတာ။ အဟား ဟား ... ငါတို့ အခု ရန်ကုန် ဆင်းလာပြီကွ။ လမ်းမှာ”

“အေး ... ဟုတ်လား။ ငါက မင်းတို့ မနက်မှ ချောင်းသာကထွက်မယ် ထင်နေတာ”

သီဟ အပြောကြောင့် သူဟာ ရောင်စင့်ခေါင်းကို ဆတ်ခနဲပုတ်ကာ ...

“တွေ့လား ဟေ့ကောင်။ ငါ ပြောပါတယ်ကွာ။ ဒီကောင်လေ ချက်ချင်းပြန်မယ် ဖြစ်နေလို့။ ငါ့မှာ အချစ်လေးနဲ့ သေချာတောင် အလွမ်းမသယ်ခဲ့ရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အလကား သီဟ။ ဒီကောင်လား ... ကြောင်ချေး။ ကောင်မလေးကို ပတ်ချွဲနပ်ချွဲတွေလုပ်ပြီး အီနေသေးတာ။ ဟား ဟား ... စာတောင် ပို့မယ်ဆိုပဲ"

ရောင်စင်ကပါ ဝင်ပြောနေ၍ သူဟာ ရောင်စင့်ကို လက်သီးဖြင့် တစ်ချက်ထိုး၍ ...

"ဟေ့ကောင် ... စကားမများစမ်းနဲ့။ ကားသေချာမောင်း"

"ဟေ့ကောင် ... မွေးကတည်းက ခွေ(ဇွေ)ကိုင်မွေးလာတာ ကွ။ အေးဆေး"

ရောင်စင်က ကားကွေ့လမ်း ဖြစ်တာကြောင့် ဟွန်း တစ်ချက်ပေးပြီး ကွေ့ချလိုက်လျှင် ကားမီးရောင်တစ်ခုကို လင်းခနဲ မြင်လိုက်ရလေသည်။ သူဟာ လန့်ဖျပ်သွားပြီး ရောင်စင့်ကို အသည်းအသန် သတိပေးရသည်။

"ဟေ့ကောင် ... ရှေ့မှာကားကွ၊ ကား ... ကား"

ဟိုဘက်က အရှိန်နဲ့တက်ချလာသောကားဟာ သူတို့ဘက်အခြမ်းကို တည့်တည့်ဝင်ချလာသောအခါ သူဟာ ရောင်စင့်ကို အမီတားရလေတော့သည်။

ဟွန်းသံအကျယ်ကြီးက ပတ်ဝန်းကျင်ကို အနှောင့် အယှက် ဖြစ်စေပါသည်။

✥ ○ ✥





၁၁

ချမ်းကို သတိရလွန်းဆွတ်မိသောစိတ်နှင့် ဘာလုပ်လို့ ဘာကိုင်ရမယ်မှန်းတောင် မသိတော့ချေ။ သူနှင့် ဝေးနေမှ သူ့ကို အရမ်းချစ်တယ်ဆိုတာ ပိုပြီးသိလာရ၏။ အခုဆို သူ ပြန်သွားတာ သုံးရက်ရှိပြီ။ စိမ့်ပန်းဆီကို ဘာမှအဆက်အသွယ် မလုပ်သေးချေ။ သူ့ကို ဖုန်းခေါ်ကြည့်တော့လည်း ဖုန်းကပိတ်ထားလေသည်။ သူ အလုပ်တွေ များနေတယ် ထင်ပါရဲ့။

"ဟဲ့ ... စိမ့်ပန်း မ,ရယ်။ ဖြစ်ပျက်နေတာက တကယ့် ရည်းစားပူမိနေတဲ့ ဒီဇိုင်းနဲ့။ ဒီမှာ ဒီမှာ အပူလုံးမကြွနဲ့။ နင့် လေးအောင် ခေါ်နေတယ်။ ငါ့အထင်တော့ လေးအောင် ဘေးကကောင်က မာန်ထက်များလား မသိဘူးနော်။ လူက အမိုက်စားပဲ ဆရာ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရွှေဆင်း စကားကြောင့် စိမ့်ပန်းဟာ ခေါင်းကိုဆတ်ခနဲ ထောင်လိုက်ကာ မျက်လုံးပြူးသွားရလေသည်။ ဟာ ... သေတော့မှာပဲ။ ဟိုအရှုပ်ထုပ် ဝီရအောင်ဟာ တစ်မြန်နေ့ကပဲ ချမ်းကို အစရှာမရတော့လို့ လက်လျှော့ပြီး ရွှေညာမြေသို့ ပြန်လစ်သွားပြီဖြစ်တာကြောင့် အားလုံး ဘေးရှင်းရန်ရှင်း ဖြစ်သွားကာ ချမ်းကို အေးဆေးလွတ်လပ်စွာ လွမ်းရပြီ မှတ်တယ်။ နောက် တစ်ကွိုင်က ပေါ်လာပြန်ပြီဖြစ်သည်။

"ဟဲ့ ... သေချာလို့လား ဆင်းရယ်"

"ထင်တယ်ဟ။ လေးအောင်က နင့်ကို အခုလာခဲ့ခိုင်းနေတာ။ အဲဒီဘဲက မာန်ထက်ပဲ ဖြစ်မယ်။ နင်နဲ့ မိတ်ဆက်ပေးမလို့ပဲ ဖြစ်ရမယ်"

"ကျစ် ... စိတ်ညစ်တယ်ဟာ"

စိမ့်ပန်းသည် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ကာ ထိုင်နေရာမှ ထရပ်ကာ စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်ရက် အနေအထားဖြင့် ရွှေဆင်းကို အခြေအနေ မေးရသေးသည်။

"အခုလောလောဆယ် ချမ်းကလည်း မရှိဘူး။ ဒီတစ်ယောက်ကကော ဝီရအောင်လို ဂေါက်သီးဒိုင်းပဲလား"





"နိုး ... နိုး ... မာန်ထက်က လန်ထွက်နေတာပဲနော်။ နင်သူ့ကို လွယ်လွယ်နဲ့လိမ့်လို့တော့ ရမယ်မထင်ဘူးဟ။ ငါထင်တာပါ။ ကဲ ... ကဲ ... နင်သွားလိုက်ဦး။ မှန်း ... ငါ့သူငယ်ချင်းက ဘယ်လိုနေနေ လှပြီးသားပါ။ ကဲ ... သွားတော့။ လေးအောင် ရုံးခန်းထဲမှာ စောင့်နေတယ်၊ သွား ... သွား"

ရွှေဆင်းက စိမ့်ပန်းရဲ့နောက်ကျောကို တွန်းထုတ်ကာ သွားခိုင်းလျှင် စိမ့်ပန်းက လေးတိလေးကန် ခြေလှမ်းများဖြင့် လေးအောင်ဆီ သွားရပါသည်။

စိမ့်ပန်း လေးအောင် အခန်းရောက်တော့ ခြေထောက်ကို ဟန်ပါပါချိတ်ကာ စမတ်ဒီဇိုင်းဖြင့် လေးအောင်နှင့် စကားတွေဖောင်ဖွဲ့နေသော လူတစ်ယောက်ကို တွေ့ရသည်။ မဟုတ်မှလွဲရော။ ဒီလူက မာန်ထက်ပဲ ဖြစ်ရမယ်။

အစိမ်းရောင် အကွက်ဆန်းအော်တာရှပ်ကို ဂျင်းဘောင်းဘီဖြင့် ခပ်ရိုးရိုး ဝတ်ဆင်ထားသော သူ့ရဲ့ဥပဓိရုပ်ကတော့ ဆိုးဆိုးဝါးဝါးကြီး မဟုတ်သလို ချောတယ်တော့ ဆိုတာမျိုးတော့ မဟုတ်ပါ။

"ဟာ ... သမီး စိမ့်ပန်း၊ လာထိုင်လေ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းကို အကဲခတ်နေပုံရတဲ့ သူဟာ စိမ့်ပန်းကို ပြုံးမြမြ မျက်နှာထားဖြင့် နှုတ်ဆက်ပါသည်။ အဲဒါကို စိမ့်ပန်းက မသိသလို ဟန်ဆောင်ကာ လေးအောင်ရဲ့ဘေးက ဆိုဖာမှာခပ်တည်တည်ပင် ဝင်ထိုင်လိုက်လေသည်။

"မောင်ထက် ... ဒါ စိမ့်ပန်းဆီသွေးတဲ့။ စိမ့်ပန်း ... ဒါ လေးအောင် ပြောပြောနေတဲ့ မောင်မာန်ထက် လေ။ Future plan တရိုတ်ဒင်းရဲ့ မျိုးဆက်သစ် CEO ပေါ့။ လေးအောင်တို့ ဟိုတယ် site တွေရဲ့ Indoor decoration တွေအတွက် အများဆုံး ထောက်ပံ့ပေးထားတာလေ"

လေးအောင်က သူ့ရဲ့ဂုဏ်ရှိန်ဂုဏ်ဝါတွေကို ချီးမွမ်းခန်းဖွင့်နေလျှင် စိမ့်ပန်းက သိပ်စိတ်မဝင်စားဟန်ဖြင့် မကောင်းတတ်လို့ ဟုတ်ကဲ့ လုပ်ရတဲ့ပုံစံဖြင့် ခေါင်းတစ်ချက်ညိတ်ပြကာ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဝမ်းသာပါတယ်။ မင်းကို တွေ့ရဖို့ ကိုယ် ဒီကိုလာခဲ့တာပါ။ ကိုယ် မာန်ထက်ပါ"

အိုဗာတွေ။ စိမ့်ပန်းက စိတ်မဝင်စားစွာဖြင့် မျက်နှာကို တစ်ဖက်လွှဲနေလိုက်သည်။ စိမ့်ပန်းဘက်က မလိုလားဘူးဆိုတာ သူ မပိန်းဘူးဆို သဘောပေါက်လောက်ပါသည်။





"စိမ့်ပန်း ... မောင်ထက်ကို သေချာဧည့်ခံနော်။ မောင်ထက်က relax လာလုပ်တာဆိုတော့ လေးအောင်တို့ဟိုတယ်က ဧည့်ဝတ်ကျေရမှာပေါ့ ...

မောင်ထက်ကို Deluxe 107 မှာ ထားမယ်။ သမီးအခန်းနဲ့ မျက်နှာချင်းဆိုင်ပဲဆိုတော့ မောင်ထက် အတွက် သမီးနဲ့လည်း ရင်းရင်းနှီးနှီးပေါ့"

ဟူး ... သေချင်တာပါပဲ။ စိမ့်ပန်းသည် ချမ်းရေလို့သာ ရင်ထဲကအကျယ်ကြီး အော်မြည်တမ်းတမိလေသည်။ ဟိုဘဲကြီး မာန်ထက်ကတော့ ပြုံးထေ့ထေ့မျက်နှာထားဖြင့် ...

"ကောင်းတာပေါ့။ နောက်ရက်မှ စိမ့်ပန်း ကျွန်တော့်ကို တခြားနေရာလေးတွေ လိုက်ပို့ပေးနော်။ အင်း ... သဲဖြူကျွန်း သွားကြမယ်လေ။ အဲဒီက တော်တော်လှတယ်ကြားထားတယ်။ အင်း ... ငါးဖမ်းမယ်၊ ရေငုပ်မယ်၊ အဲဒီလို လုပ်လို့ရနေပြီမလား"

"အဲဒါက Hotel က Service လုပ်ပေးတာ။ ကိုယ့်ဟာကိုယ် သွားချင်သွားပေါ့"

"ဟဲ့ ... စိမ့်ပန်း"



www.burmeseclassic.com

www.burmeseclassic.com



လေးအောင်က လှမ်းဟန့်လိုက်ပေမယ့် စိမ့်ပန်းက တော့ နဂိုကတည်းက ဘဲနဲ့ contat ပြတ်နေလို့ လေနေသူပီပီ မျက်နှာကြောက ဂျစ်ပစီအချိုးပင်ဖြစ်၏။

"ရပါတယ် လေးအောင်ရဲ့။ သူပြောတာလည်း မှန်တာပဲ လေ။ Hotel က Service ပေးတဲ့ကိစ္စကို ကျွန်တော်က သူ့ကို မေးမိတာကို"

"လေးအောင် ... ပြောစရာရှိသေးလား။ မရှိတော့ဘူးဆိုရင် သမီး သွားတော့မယ်နော်"

စိမ့်ပန်း ပြောလိုက်လျှင် လေးအောင်က သိပ်မကြည် သည့် မျက်လုံးနှင့်ကြည့်ကာ စိမ့်ပန်းကို ဆက်နေခိုင်းလျှင်လည်း ဘုဘောက်ကြီးပဲ ဖြစ်နေမှာမို့ ပြန်ခွင့်ပြုရလေတော့သည်။

"ပြန် ... ပြန် ... ဒီနေညနေ ဒင်နာမှာဆုံမယ်။ မောင်ထက် အတွက် စီစဉ်တာနော်။ ညည်း မလာဘဲမနေနဲ့"

"ဟုတ်ကဲ့"

စိမ့်ပန်းက ဟုတ်ကဲ့ဟု ခပ်ပြတ်ပြတ်ပြောကာ တမင်တကာပင် သူ့ကို နှုတ်မဆက်ဘဲ ထပြန်သွားလိုက်တော့ သည်။ အဲဒါတောင် သကောင့်သားက စိမ့်ပန်းကို လှမ်းစကားပြော လိုက်သေးသည်။





"See you နော် စိမ့်ပန်း။ ဒင်နာမှာ ဆုံကြတာပေါ့"

"Ok လေ"

စိမ့်ပန်းက မာကြွပ်ကြွပ်ဒီဇိုင်းဖြင့် အခန်းထဲကနေ ပြန်ထွက်လာခဲ့ပါသည်။ ဟူး ... စိတ်ညစ်လိုက်တာ။ မာန်ထက် ဆိုသောလူရဲ့ပုံစံကို လေ့လာမိသလောက်တော့ သူဟာ စိမ့်ပန်း လိုမ့်တိုင်း လိမ့်လို့သွားမည့် ဂေါ်လီလုံးတော့ မဖြစ်နိုင်ပါ။ ဒီအချိန် မှာ စိမ့်ပန်းရဲ့အခက်အခဲ မှန်သမျှ ရှင်းပေးပါမည်လို့ ကတိပေး ခဲ့တဲ့ ချမ်းကို သတိအရမ်းရလို့သွားပါသည်။

ချမ်းရေ ... ရှင် ဘယ်ရောက်နေတာလဲဟင်။ စိမ့်ပန်း က ရလိုရငြား သူ့ဟန်းဖုန်းကို လှမ်းခေါ်လိုက်ပါသည်။ အမျိုး သမီးက ဒီစကားတစ်ခုကိုပဲ ထပ်ကာ ထပ်ကာ ပြောနေတာကြောင့် စိမ့်ပန်းမှာ စိတ်တိုစွာဖြင့် တောက်တစ်ချက် ခေါက်လိုက်မိပါ သည်။

"လူကြီးမင်း ခေါ်ဆိုသောဖုန်းမှာ စက်ပိတ်ထားပါတယ် ရှင်"

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



"စိမ့်ပန်းနဲ့ ကိုယ့်ကို လေးအောင်က သဘောတူထားတယ် ဆိုတာ စိမ့်ပန်း သိပါတယ်နော်"

စိမ့်ပန်းက ဖရဲသီးဖျော်ရည်ကို တစ်ငုံစုပ်သောက်လိုက်ရင်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ အဲဒီတော့ သူကတပ်ထားတဲ့ Ray-Bin မျက်မှန်ကြီးကို ဆွဲပင့်ချွတ်ကာ စားပွဲပေါ်တင်လိုက်ပြီးမှ ...

"စိမ့်ပန်းက ကိုယ့်ကို အခုမှတွေ့ဖူးတယ်ဆိုပေမယ့် ကိုယ်ကတော့ စိမ့်ပန်းကို ဓာတ်ပုံတွေ့ပြီးကတည်းက စိတ်ဝင်စားခဲ့တာ။ အခု တကယ်တွေ့လိုက်ရတဲ့အချိန်မှာ ကိုယ်မင်းကို ချစ်မိသွားတယ်"

"ဘုရားရေ ... ရှင် ကျွန်မကို ရည်းစားစကား ပြောတာလား"

"ဟုတ်တယ်"

တောက် ... ရိုင်းလိုက်တာ။ စိမ့်ပန်းက သူ့ရဲ့ထိမထင် အပြုအမူအတွက် ပက်ခနဲ ပြန်ပြောချင်တဲ့စိတ်ကို အတင်း





လျှော့ချလိုက်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ဒီမှာ ... ကိုမာန်ထက်။ လေးအောင်က ရှင့်ကို ကျွန်မနဲ့ သဘောတူထားသလို လေးမောင်မှာလည်း ကျွန်မနဲ့သဘောတူထားတဲ့သူ ရှိတယ်ဆိုတာ ရှင် သိမှာပါ"

"သိပါတယ်"

"Ok ... တစ်ခါတည်း ပြောလိုက်မယ်။ ကျွန်မမှာချစ်သူရှိပြီးသား။ သူနဲ့ပဲ ကျွန်မ လက်ထပ်မှာ။ ကျွန်မကို မျှော်လင့်မနေနဲ့။ အဲဒါ တကယ်နော်"

စိမ့်ပန်း စကားကြောင့် သူက မယုံသလိုကြည့်ကာ အသာပြုံးလိုက်ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်းက ...

"ကိစ္စမရှိပါဘူး။ ဓာတ်လမ်းက အခုမှစတာပဲဟာကိုး။ ကိုယ် ကြိုးစားခွင့်ရှိဦးမှာပေါ့"

"ရှင့်မှာ အချိန်တွေ ပိုနေတယ် ဆိုရင်တော့ မတတ်နိုင်ဘူး။ ကျွန်မဘက်က အပြတ်သားဆုံး ဆုံးဖြတ်ချက်ကို ပြောပြထားတာ။ ရှင်က ကျွန်မတို့ဟိုတယ်မှာ လာတည်းနေတဲ့ ဧည့်သည်ဆိုတော့ ကျွန်မတို့ဘက်ကတော့ ဧည့်ဝတ်ကျေရုံကလွဲလို့ တခြားမမျှော်လင့်နဲ့ပေါ့"

"စိမ့်ပန်းရေ ... စာလာတယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ပီယက လှမ်းအော်ပြောလေလျှင် စိမ့်ပန်းက အရမ်းကို ပျော်ရွှင်သွားရလေသည်။ ဒါဆို ချမ်းဆီကစာပဲ နေမှာ။ စိမ့်ပန်းရဲ့ အမူအရာကို သူက အကဲခတ်နေပုံရပါသည်။ အဲဒါကို စိမ့်ပန်းက သတိထားမိသွားပြီး ကိုယ်ရှိန်ပြန်သပ်လိုက်ကာ ...

"Ok ... အဲဒါဆို ကျွန်မ သွားလိုက်ဦးမယ်"

စိမ့်ပန်းက သူ့ပြန်အပြောကို နားမထောင်တော့ဘဲ ထိုင်ရာမှထကာ ပီယဆီသို့ အလျှင်အမြန် သွားလိုက်၍ ပီယလက်ထဲကစာကို ဆွဲယူကာ ချက်ချင်းပင် ဖောက်ဖတ်လိုက်တော့သည်။

"သို့

ချစ်သူ ...

အဆင်ပြေရဲ့လား။ ကိုယ် သတိရလွမ်းဆွတ်စွာနဲ့ စာရေးလိုက်ပါတယ်။ ကိုယ် အလုပ်တွေများနေလို့ စိမ့်ပန်းကို ဖုန်းမဆက်ဖြစ်တာ။ စိတ်မဆိုးနဲ့နော်။ ကိုယ် အလုပ်တွေပြီးတာနဲ့ စိမ့်ပန်းဆီ အမြန်ဆုံး ပြန်လာခဲ့မယ်။

ထာဝရချစ်နေမယ့်

ချမ်း"

"ဟဲ့ ... ဘာတဲ့လဲ။ ဘဲဘဲကြီးက ပြန်လာမယ်တဲ့လား"





ပီယ အမေးကြောင့် စိမ့်ပန်းက ခေါင်းအသာယမ်းပြကာ မျက်နှာကိုပါ ရှုံ့လိုက်ပြီး ...

"မဟုတ်ပါဘူး။ သူ အလုပ်များနေလို့တဲ့။ အလုပ်တွေပြီးပြီဆိုတာနဲ့ ငါ့ဆီအမြန်ပြန်လာခဲ့မယ်တဲ့။ ကျစ် ... ဘာမှန်းမသိပါဘူးဟာ။ ဘယ်လောက် အလုပ်များများပေါ့။ ဖုန်းတော့ ဆက်ရမှာပေါ့ဟာ။ ရန်ကုန် ရောက်နေတော့ ငါ့ကို ခေါက်ထားတာလား မသိပါဘူးဟာ"

စိမ့်ပန်းက စိတ်ညစ်ဟန်ဖြင့် ညည်းညူလိုက်လျှင် စိမ့်ပန်းရဲ့ဖြစ်ပျက်နေတဲ့ပုံကို သဘောကျစွာဖြင့် ပီယက ရယ်မောကာ စိမ့်ပန်းပခုံးကိုဖက်၍ ...

"မဖြစ်နိုင်ပါဘူးဟာ။ သူ တကယ်အလုပ်မအားတာဖြစ်မှာပါ။ နင့်ကို ကိုချမ်းက သိပ်ချစ်တာပဲဟာ။ နင်ကိုကတုံးတာ။ သူ့အိမ်ဖုန်းနံပါတ် တောင်းထားရမှာ။ အခုတော့ အိမ်လိပ်စာပဲသိပြီး ဖုန်းနံပါတ်မသိတော့ မဝွမ်းဘူးလားဟ"

"မသိတော့ဘူး။ အခုတလော မလန်းတာကတော့ အမှန်ပဲဟ။ ဒီကြားထဲ ဟိုဘဲကြီးက တစ်မျောင့်ဟာ။ ငါ့ကိုရည်းစားစကား လာပြောနေတယ်။ ဒီဘဲကို ဘယ်လိုကန်ထုတ်ရမလဲ စဉ်းစားမရဘူး ဖြစ်နေတယ်ဟ။ ချမ်းသာရှိရင် သိပ်ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ သူက idea ကောင်းတွေ သိပ်ရှိတာပဲဟ။ ဟင်း ... စိတ်ညစ်တယ်ဟာ။ ချမ်း တစ်ယောက်လည်း ဘာတွေလုပ်နေသလဲ မသိဘူး"

စိတ်တွေညစ်နေပေမယ့် ချမ်းကို လွမ်းနေတဲ့စိတ်က ပိုနေတာကြောင့် နေရထိုင်ရတာ၊ ပြီးတော့ မြင်မြင်သမျှ ပတ်ဝန်းကျင်ဟာ အားလုံးအရှုပ်တွေပဲ ဖြစ်နေပါသည်။

✣ ○ ✣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။





## ၁၂

"ဟာ ... အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး။ လေးအောင်တို့ဘက်က သမီးဆန္ဒကိုတော့ မေးဦးမှပေါ့။ အခုကျတော့ လေးမောင်ကပါ ဘယ်လိုဖြစ်ပြီး မာန်ထက်ကို သဘောတူသွားရတာလဲကွာ။ ဟား"

စိမ့်ပန်းက အော်ကြီးဟစ်ကျယ် ထပြီးပေါက်ကွဲလိုက်လျှင် လေးမောင်ကော လေးအောင်ကပါ အံ့သြကုန်ကြသည်။ ပြီးတော့ စိမ့်ပန်းကို အကဲခတ်ကြပြီးမှ လေးမောင်က ...

"မင်း ဘာဖြစ်တာလဲ စိမ့်ပန်း။ လေးမောင်က မာန်ထက်နဲ့ သဘောတူလိုက်တယ်ဆိုတာ ဒီကောင်လေးက တကယ် sharp ဖြစ်လို့။ ဟိုကောင် ဝီရအောင်လိုမျိုး မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ရွှေအောင် သေသေချာချာ ညှိပြီးမှ ဆုံးဖြတ်ထားတာ။ သမီးပဲ လေးမောင်တို့ ပြေလည်တာကို မြင်ချင်တာဆို"

လေးမောင် စကားကြောင့် စိမ့်ပန်းဟာ ဘာပြန်ပြောရမယ်မှန်း မသိအောင် ငြိမ်ကျသွားရတော့သည်။ ဒါဟာ အခွင့်အရေးပဲဖြစ်၏။ တစ်သက်လုံး မျက်နှာချင်းဆိုင်လိုက်တာနှင့် ဘုဘောက်ပြောနေကြသော လေးမောင်နှင့် လေးအောင်ဟာ ဒီတစ်ခါတော့ အတူတူထိုင်ပြီး စိမ့်ပန်းကို မာန်ထက်နှင့် စီစဉ်ပေးမယ့်ကိစ္စကို ဆွေးနွေးတယ်ဆိုတော့ အရမ်းထူးခြားလှပါသည်။ စိမ့်ပန်းသာ မာန်တက်ကို ခေါင်းညိတ်လိုက်ရင် လေးမောင်နှင့်လေးအောင်ဟာ အဆင်ပြေသွားနိုင်မည်ဟု ခန့်မှန်းရပါသည်။ ဒါပေမဲ့လည်း ...။

စိမ့်ပန်းသည် လေပူတစ်ချက်ကို ခပ်ဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်ရင်းက ခေါင်းကိုအသာယမ်းလိုက်ကာ ...

"သမီး မာန်ထက်ကို မချစ်ဘူး။ အချစ်မပါဘဲနဲ့ အိမ်ထောင်တစ်ခုကို ဘယ်လိုမှ တည်ဆောက်နိုင်မှာ မဟုတ်ဘူး လေးလေးတို့ သမီးကို အတင်းအကြပ် မစီစဉ်ပေးပါနဲ့"

"ဘာဖြစ်လို့ ဒီလောက်တောင် ငြင်းနေရတာလဲ။ မောင်မာန်ထက်မှာ ဘာအပြစ်ရှိလို့လဲ"





"ဟို ... ဟို ... သမီး ... သမီးက ချစ်တဲ့သူကိုပဲ လက်ထပ်ချင်တာ"

"ဟား ... ဒီကောင်မလေး ဘာလို့ အချစ်ကြီးပဲ အော်နေရတာလဲ။ အဲဒီအချစ်က ဘာများ အသုံးကျလို့လဲ။ ညည်းအမေကိုးကွယ်တဲ့အချစ် သူ့ဘဝကို ဘာများမြင့်တက်သွားစေလို့လဲ ... ဟမ်။ အစ်ကိုနှစ်ယောက်ရှိနေလို့ ညည်းအမေ ဒီလိုအခြေအနေမျိုးနဲ့ နေနိုင်နေတာ။ ဘာမှအချစ်ကို ကိုးကွယ်စရာအကြောင်းမရှိဘူး စိမ့်ပန်းဆီသွေး။ နေစမ်းပါဦး၊ ညည်းမှာ ချစ်သူရှိနေလို့လား"

လေးအောင် မေးခွန်းကြောင့် စိမ့်ပန်းသည် တော်တော်ကို ဖြေရကျပ်ပါသည်။ ရှိပါတယ် ဖြေရင်လည်း ပေါက်ကွဲတော့မည်။ မရှိပါဘူး ဖြေရင်လည်း မာန်ထက်နှင့် ပေးစားတော့မည်။ ဘာမှကို စဉ်းစားလို့မရတော့ချေ။ စိမ့်ပန်းသည် အဖြေရကျပ်စွာဖြင့် မျက်နှာကို ရှုံ့မဲ့ကာ ...

"ဟို ... သမီးက အေးအေးချမ်းချမ်းနဲ့ ဘဝကို light နေချင်တာပါ။ လေးမောင်နဲ့ လေးအောင်ကို တစ်သက်လုံး ပြုစုစောင့်ရှောက်သွားမယ်လေ။ သမီးကို အိမ်ထောင်မချပေးပါနဲ့ လေးလေးတို့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိမ့်ပန်း ... သမီးကို ကောင်းစေချင်တဲ့ စေတနာနဲ့ လေးအောင်တို့က စီစဉ်ပေးတာ။ ဒီအကြောင်းပြချက်နဲ့တော့ မလုံလောက်ဘူး စိမ့်ပန်း။ မောင်ထက်က တော်တော်လေးကို nearly perfect ဖြစ်တဲ့သူမို့ စီစဉ်ပေးတာ"

"လေးအောင်ရယ် ... စိမ့်ပန်းက အဲဒါတွေ ဘာလုပ်ရမှာလဲ။ သူ့ဘာသာ ဘယ်လောက်ကြီးပဲ ချမ်းသာ ချမ်းသာ ဘယ်လောက်ကြီးပဲ တော်နေတော်နေ ဘာမှသုံးစားလို့မရဘူး။ သူတော်တာ သူ့အတွက်ပဲလေ။ စိမ့်ပန်းတို့ကတော့ မစားနိုင် မသောက်နိုင်တော့လောက်အောင် ဆင်းရဲစုတ်ပြတ်နေလို့လား။ အခု လေးလေးတို့ပုံစံက အမြော်အမြင်ကြီးနဲ့ ပေးစားချင်နေတာကြီး"

"ဘာ ... ဘာပြောတယ်"

စိမ့်ပန်းရဲ့စကားကြောင့် လေးအောင်ကော လေးမောင်ကပါ ဒေါသတွေထွက်ကာ စိမ့်ပန်းကို ခပ်စူးစူး စိုက်ကြည့်သည်။ ပြီးတော့ လေးမောင်က စိမ့်ပန်းရဲ့ခေါင်းကို ခပ်ဖွဖွပုတ်ကာ ...

"ဘာလို့ လေးမောင်တို့ကို အထင်အမြင်လွဲရတာလဲ စိမ့်ပန်းရယ်။ လေးမောင်ကပါ မာန်ထက်ကို သဘောတူတယ်ဆိုတာ ဒီကလေးက သမီးအတွက် အသင့်တော်ဆုံးဖြစ်မယ်လို့ ယုံကြည်လို့။ ရွှေအောင်နဲ့ လေးမောင် ဘယ်တော့မှ





တည့်တာမဟုတ်ဘူးဆိုတာ သမီး သိပါတယ်။ ဒါပေမဲ့ ဒီကိစ္စမှာတော့ လေးမောင်တို့ တစ်သဘောတည်းပဲ။ ဗန်ကောက်က ပြန်ရောက်ကတည်းက ဒီကောင်လေးကို လေးမောင် အကဲခတ်ကြည့်ပြီးသွားပြီ။ ဝီရထက် သင့်တော်လို့ လေးမောင် လက်ခံတာ။ သမီး မငြင်းသင့်ဘူး"

စိမ့်ပန်းသည် တကယ့်ကို ကျဉ်းထဲကျပ်ထဲ အခြေအနေထဲမှာ ထွက်ပေါက်မရှိတော့ချေ။ အခုချိန်မှာ ချမ်း,သာ အနားမှာ ရှိစေချင်၏။

လောလောလတ်လတ် ကြုံတွေ့နေရတဲ့ ပြဿနာအတွက် စိမ့်ပန်းမှာ ဖြေစရာစကားလုံး မရှိအောင်ကို pressure တွေက များနေတာဖြစ်သည်။

"သမီး လုံးဝလက်မခံနိုင်ဘူး။ အဲဒါကတော့ သေချာတယ်။ သမီးဘဝမှာ အချစ်နဲ့တည်ဆောက်တဲ့ အိမ်ထောင်ရေးကိုပဲ လက်ခံနိုင်မယ်"

"မောင်ထက်နဲ့ ညည်းကို ချက်ချင်းကြီး ပေးစားမယ်ပြောနေတာမှ မဟုတ်တာ စိမ့်ပန်းရဲ့။ ဒီကြားထဲမှာ နင်ပြောနေတဲ့ အချစ်ဆိုတာ ပေါ်လာနိုင်တာပဲ။ အဓိက,က ညည်းဘက်ကပဲ လိုနေတာ။ မောင်ထက်က ညည်းကို မေတ္တာရှိတဲ့အကြောင်း ဝန်ခံထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး လေးအောင်ရာ။ သမီးဘက်ကတော့ အပြတ်ငြင်းထားပြီးသားနော်။ သမီး လုံးဝလက်မခံနိုင်ဘူး"

"ကဲ ... တော်ပြီ။ ဒီကိစ္စကို ဒီမှာခဏရပ်မယ်။ ညည်းသွေးပူနေတုန်း စကားတွေပြောလည်း အလကားပဲ။ တော်ပြီ သွားနားတော့။ ဒါပေမဲ့ ငါတို့ကလည်း မာန်ထက်နဲ့ပဲ သဘောတူတယ်ဆိုတာ ညည်း ခေါင်းထဲမှာ မြဲမြဲမှတ်ထား"

စိမ့်ပန်းက ဘာမှပြန်မပြောတော့ဘဲ ထထွက်လာခဲ့တော့သည်။ စိတ်တွေညစ်ညစ်ဖြင့် တဘရိတ်တည်း ပြေးချသွားတာကတော့ ပင်လယ်ကြီးဆီကိုဖြစ်၏။ စိမ့်ပန်းသည် ရေထဲမှာ ဒူးထောက်ထိုင်ချလိုက်ကာ အား..ခနဲ အကျယ်ကြီး အော်မိလေသည်။ လှိုင်းတွေက စိမ့်ပန်း ခန္ဓာကိုယ်ကို တစ်လုံးပြီးတစ်လုံး လာရိုက်ပုတ်နေတာကြောင့် စိမ့်ပန်း တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီဖြစ်သည်။ မျက်နှာပေါ် လာစဉ်နေတဲ့ ရေစက်တွေနဲ့ရောပြွန်းစွာ စိမ့်ပန်း ငိုနေမိပါသည်။

ရှင်က ဘယ်တွေရောက်နေတာလဲ ချမ်းရယ်။

စိမ့်ပန်းသည် လုံးဝကြီးကို ယုံကြည်ကိုးစားပြီး အသေချစ်မိခဲ့တဲ့ ကိုယ့်ရဲ့စိတ်နှလုံးသားကိုပဲ အပြစ်တင်လိုက်ချင်





သည်။ သူ လှည့်စားသွားပြီလားလို့ မတွေးရဲစွာ တွေးမိသည်။ သို့ပေမဲ့ ဘယ်လိုမှ မထင်ရက်ပေ။ ဒါပေမဲ့ နေ့ရှိသရွေ့ခေါ်နေမိသည့်ဖုန်းက လုံးဝကို စက်ပိတ်ထား၏။ စိမ့်ပန်း အရမ်းကိုဝမ်းနည်းအားငယ်လာမိပါသည်။ စိမ့်ပန်းကိုရန်ကုန်ပြန်သွားပြီးကတည်းက စာလေးတစ်စောင်နဲ့ပဲ နှစ်သိမ့်ခဲ့တဲ့သူ့ကို စိမ့်ပန်း ဘယ်လိုနားလည်ပေးရမလဲ။

"စိမ့်ပန်း ... စိမ့်ပန်း ... ဟဲ့ ... ဘာလုပ်နေတာလဲ။ လှိုင်းတွေ ဒီလောက်ပုတ်နေတာကိုး။ လာ ... လာ ... သွားစို့"

ပီယနဲ့ ရွှေဆင်းက စိမ့်ပန်းရဲ့လက်ကို တစ်ယောက်တစ်ဖက်ဆွဲကာ ထူမ,သော်လည်း စိမ့်ပန်းက ခေါင်းကိုတွင်တွင်ယမ်း၍ ...

"ငါ အရမ်းစိတ်ညစ်တယ်ဟာ။ ငါ ဘာလုပ်ရမလဲ"

ပီယက စိမ့်ပန်းရဲ့ခေါင်းလေးကို ခပ်ဖွဖွ ပွတ်သပ်ပေးကာ ...

"နင့်ကို ငါတို့ နားလည်ပါတယ်ဟာ။ နင် ဘယ်လိုဖြစ်ချင်လဲ စိမ့်ပန်း"

"ဟုတ်တယ် ... စိမ့်ပန်း။ နင် ဘာဖြစ်ချင်လဲ။ ငါတို့အစွမ်းကုန်ကူမယ်။ လောလောဆယ်တော့ ငါတို့ အခန်းပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်။ နင် ရေထဲမှာနေတာ ကြာနေပြီ။ အအေးပတ်သွားလိမ့်မယ်။ ထပါဟာ ... နော်"

စိမ့်ပန်းက သူတို့ရဲ့ပျောင်းဖျမှုကြောင့် ရေထဲကပြန်တက်လာကာ ကမ်းစပ်က သဲပြင်ပေါ်မှာ ထိုင်လိုက်သည်။

"ငါ အခန်းထဲ မပြန်ချင်သေးဘူးဟာ။ ဒီလောက် ရေဇွေစိုနေတာတောင် ငါ့နှလုံးသားက မအေးသေးဘူး"

ပီယနဲ့ ရွှေဆင်းက မနိုင်တော့ဟန်ဖြင့် သူတို့ပါ သဲပြင်ပေါ် ထိုင်ချကာ စိမ့်ပန်း ပခုံးကိုဖက်၍ မေးလေသည်။

"ကဲ ... သူငယ်ချင်း၊ နင် စိတ်ထဲရှိတာတွေ ငါတို့ကိုဖွင့်ချလိုက်"

"ငါ မာန်ထက်နဲ့ လုံးဝလက်မထပ်နိုင်ဘူးဟာ။ လေးမောင်နဲ့ လေးအောင်က သူနဲ့အတင်းစီစဉ်နေတယ်။ ဒီအချိန်မှာ ငါ့ချစ်သူလက်ကိုဆွဲပြီး ဒါ သမီးချစ်သူဆိုပြီး ငါပြောလို့မရဘူး ဖြစ်နေတယ်။ သူ့ကို ဘယ်လိုမှ ဆက်သွယ်လို့မရဘူးဟာ ...

ချမ်းက အဲဒါ ဘာလုပ်တာလဲ။ ငါ့ကိုထားခဲ့တာလား။ ငါ ... ငါ့ရင်ထဲမှာ အမျိုးစုံ ဘက်ပေါင်းစုံက စိတ်ညစ်စရာတွေနဲ့ အရမ်းနာကျင်နေတယ်ဟာ။ ငါ့ဘက်က





မာန်ထက်ကို လက်ခံရင် လေးမောင်နဲ့ လေးအောင် သင့်မြတ်သွားမှာ မှန်ပေမယ့် ငါချစ်တာ ချမ်းကို။ ဒါပေမဲ့ ငါ့မှာ ချမ်း ရှိတယ်ဆိုတာကို ငါ ဘယ်လိုပြောရမလဲ။ ငါ ... ငါလေ ချမ်း ဘာလို့ ဖုန်းပိတ်ထားတာလဲဆိုတာ တွေးလိုက်တိုင်း ရူးချင်လောက်အောင် ဝမ်းနည်းရတယ်"

စိမ့်ပန်းရဲ့ ရင်ဖွင့်မှုအတွက် စာနာနားလည်ပေးနိုင်စွာဖြင့် ပီယတို့က ခေါင်းတဆတ်ဆတ်ညိတ်ကာ စိမ့်ပန်းကိုပွေ့ဖက်ထားရင်း နှစ်သိမ့်ပေးသည်။

"အေးဟာ ... ကိုချမ်းဝီရက နင့်ကို လှည့်စားတယ်လို့ ပြောရအောင်လည်း ဒီမှာနေတုန်းက နင့်အချစ်ကိုရဖို့ အချိန်တွေအကုန်ခံခဲ့တာပဲ။ ပြီးတော့ သူက နင့်ကို အရမ်းချစ်တဲ့သူပါ"

"အဲဒါ ပြောတာပေါ့။ ငါ့ကို သိပ်ချစ်တဲ့သူက ရန်ကုန်ပြန်ရောက်သွားပြီးကတည်းက ဘာမှမဆက်သွယ်တော့တဲ့အပြင် ဖုန်းပါပိတ်ထားတယ်။ ငါ ဘယ်လိုနားလည်ရမှာလဲ။ အဲဒီ တအုံ့နွေးနွေး ခံစားချက်ကြီးက ငါ့ကို သေအောင်လုပ်နေတာ။ သူ ငါ့ကို ဘလိုင်းကြီး ခေါက်ထားတာ ... ဘာလဲ ? "



www.burmeseclassic.com

www.burmeseclassic.com



စိန့်ပန်းက ပြောရင်းက ဒေါသတွေ ထွက်လာကာ ရှူးရှူးရှဲရှဲတွေ ဖြစ်ကုန်တော့၏။ အား ... အရမ်းစိတ်ညစ်တာပဲ။ စိမ့်ပန်းဟာ တကယ့်ကို ညစ်နေရတာဖြစ်သည်။ ဦးလေးတွေကိစ္စ၊ မာန်ထက်ကိစ္စ ပြီးတော့ သူ အားလုံးကို ပြေလည်နိုင်ဖို့ အရမ်းကို ခံစားနေရတာဖြစ်၏။

"သူ တကယ်အလုပ်တွေမအားလို့ နေမှာပေါ့ဟာ"

ရွှေဆင်းက နှစ်သိမ့်တဲ့စကားကို စိမ့်ပန်း ဘယ်လိုမှ လက်မခံနိုင်ပါ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။

"ဘယ်လောက်ပဲ အလုပ်များများ ငါ့ကို ဖုန်းလေးတစ်ချက်တော့ ခေါ်သင့်တာပေါ့။ စာလေးတစ်စောင်ရေးပို့ထားတာနဲ့ပဲ ငါက သူပြန်အလာကို မျှော်နေရတဲ့အဆင့်လား။ သူ့ချစ်သူအနေနဲ့ ငါ့ဆီ ဖုန်းမဆက်နိုင်ရင် ဖုန်းတော့ဖွင့်ထားသင့်တာပေါ့ဟာ"

"အေးဟာ ... ကိုချမ်း တစ်ယောက်ကလည်း ဘာကြီးလဲဟာ"

စိမ့်ပန်းသည် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ရင်းကမှ ဖြုန်းဆို idea တစ်ခု ထွက်လာတော့သည်။ ချက်ချင်းပင် ပီယနဲ့ ရွှေဆင်းတို့ကို အားကိုးတကြီး တိုင်ပင်လိုက်တော့သည်။





"ပီယ ... ရွှေဆင်း၊ ငါ ရန်ကုန်လိုက်သွားချင်တယ်ဟာ"

"ဘာ ... ဟာ ... စိမ့်ပန်းကလည်း"

"ဘာဖြစ်လဲ။ အရင်လည်း ငါတို့သွားနေကြပဲလေ။ ငါ့မှာ သူ့လိပ်စာရှိတယ်။ အဲဒီကို လိုက်သွားမယ်ဟာ။ ဘာလဲဆိုတဲ့ အခြေအနေကို ငါ အဖြူအမည်း ကွဲချင်တယ်။ ငါတို့လိုက်သွားကြရအောင်ဟာ။ ငါ့ဆန္ဒကို ဖြည့်ဆည်းပေးပါဟာ။ နင်တို့ဆန္ဒမရှိရင်လည်း ငါ့ဟာငါပဲ သွားတော့မယ်"

"အယ် ... ဘယ်ဖြစ်မလဲ။ အေးဟာ ... ငါတို့ပါ လိုက်ခဲ့ပါတော့မယ်။ ဒါနဲ့ ... လေးလေးတို့က ခွင့်ပြုပါတော့မလား"

စိမ့်ပန်းက အဲဒီအတွက် ခဏငြိမ်ပြီး စဉ်းစားလိုက်သည်။ ဟုတ်တာပေါ့။ လေးမောင်နဲ့ လေးအောင်က ဒီအချိန်မှာ စိမ့်ပန်းကို ဘယ်မှလွှတ်မှာ မဟုတ်ဘူး။ အဲဒီတော့ ...။ စိမ့်ပန်းသည် လက်ဖျောက်တစ်ချက်တီးလိုက်ကာ ...

"ဟုတ်ပြီ ... ရန်ကုန်ဆင်းမယ် ဆိုရင်တော့ လုံးဝကန့်ကွက်ကြမှာပဲ။ ဒီတော့ ပုသိမ်သွားမယ်လို့ ပြောရမှာပဲ။ အေမီ နေမကောင်းလို့ သတင်းမေးသွားမယ်လို့ လိမ်လိုက်မယ်ဟာ။ အေမီ့ကိုပါ အကျိုးကြောင်း ဖုန်းဆက်ထားလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ ... ပြီးရော။ နင့်သဘောပဲ။ စိမ့်ပန်း ... ငါတို့က နင်စိတ်ချမ်းသာပါစေဆိုတဲ့ စိတ်နဲ့လိုက်ပေးတာနော်။ ဟိုရောက်ရင် ဘာပဲဖြစ်ပါစေ။ နင် ငါတို့မျက်နှာကိုထောက်ပြီး သည်းညည်းခံရမယ်။ ဟို ... ငါဆိုလိုချင်တာက"

ရွှေဆင်း ဘာကိုဆိုလိုချင်သလဲ ဆိုတာကို စိမ့်ပန်းက သဘောပေါက်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"အေးပါ ... ငါသွားမယ့်ရည်ရွယ်ချက်ကလည်း ငါတစ်ခုကို သေချာချင်လို့ပါ။ ချမ်း ငါ့ကို ဘာလို့ခေါက်ထားရတာလဲဆိုတဲ့အဖြေကို ငါသိရရင် ကျေနပ်ပါပြီ။ ငါစိတ်ခာတ်နိုင်ပြီးသားပါ ...

ဒါပေမဲ့ ငါ ယုံတယ်။ ချမ်း ငါ့ကို ဘယ်တော့မှ မလှည့်စားဘူး။ သူ့အချစ်ကို ငါယုံလို့လည်း ငါအရမ်းချစ်မိသွားတာ။ ငါ့ယုံကြည်ချက်လေးကို သူ မပျက်ဆီးလောက်ဘူးလို့ ငါ မျှော်မှန်းထားတာပဲ"

ချမ်းရေ ... ကျွန်မရဲ့ယုံကြည်မှုကို အလွဲသုံးစားမလုပ်လိုက်ပါနဲ့နော်။ ရှင့်ကို ယုံကြည်နေပါရစေ။

✣ ○ ✣





နောက်ကျောကို ဓားနဲ့ မထိုးပါနဲ့ ချစ်သူ
ရှေ့ကို လှည့်ပေးပါ့မယ်။
ဒါပေမဲ့ ရင်ဘတ်ရဲ့ ဘယ်ဘက်ကိုတော့
မထိုးမိစေနဲ့။
အဲဒီမှာ နင်ရှိတယ်ဆိုတာ သဘောပေါက်။

(မှတ်သားထားသော စာစုမှ)

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

စိမ့်ပန်းသည် တစ်ခုခုကို စွန့်စားရတော့မည့်လူလို ရင်တွေခုန်နေရပါသည်။ ချမ်းရဲ့ကုမ္ပဏီဆီသို့ ရောက်လာခဲ့တာဟာ အချစ်ကပေးတဲ့ သတ္တိအင်အားကြောင့်ပဲဖြစ်၏။ စိမ့်ပန်းအားက ပီယနဲ့ ရွှေဆင်းကတော့ ဟုတ်ကော ဟုတ်ရဲ့လားဆိုပြီး တွေဝေတွန့်ဆုတ်နေပုံရပါသည်။ စိမ့်ပန်းသည် ဘာမှထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ Reception က ဝန်ထမ်းကောင်မလေးဆီသွား၍ မေးမလို့ ပါးစပ်ပြင်တုန်းမှာပဲ ရုံးခန်းထဲကနေ ထွက်လာသည့် ချမ်းကိုမြင်လျှင် အရမ်းကို ပျော်ရွှင်သွားပြီး လှမ်းခေါ်လိုက်တော့သည်။

"ချမ်း"





အဲဒီခေါ်သံကြောင့် ချမ်းက လှမ်းလို့ကြည့်လေသည်။ သူဟာ စိမ့်ပန်းကို သေချာစိုက်ကြည့်နေ၏။ စက္ကန့်အတော်ကြာတဲ့အထိ စိုက်ကြည့်နေတာကတော့ ထူးဆန်းနေပြီ ဖြစ်တာကြောင့် စိမ့်ပန်းက ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရပါသည်။ ဘုရား ... သူ စိမ့်ပန်းကို မေ့လိုက်တာများလား။

"ဟာ ... စိမ့်ပန်း၊ လုံးဝ surprise ကွာ။ ကိုယ် ဘယ်လိုမှ မထင်ထားဘူး။ ပီယတို့ ရွှေဆင်းတို့ပါ ပါတာကိုး။ လာ ... လာ ... စိမ့်ပန်း"

သူ့ရဲ့မျက်နှာမှာ အံ့ဩဝမ်းသာရိပ်တွေ အပြည့်ဖြင့် စိမ့်ပန်းဆီ လျှောက်လာကာ လူတွေအားလုံးရှေ့မှာပဲ စိမ့်ပန်းရဲ့ လက်ကိုဆွဲကိုင်၍ သူ့ရုံးခန်းထဲသို့ ခေါ်သွားလေ၏။ စိမ့်ပန်းသည် အခုမှပဲ ရင်ထဲက အပူလုံးကြီးကျကာ စိတ်ဒုံးဒုံးချနိုင်တာကတော့ သူနဲ့ စကားပြောတော့မှဖြစ်သည်။

"ထိုင် ... စိမ့်ပန်း။ ပီယနဲ့ ရွှေဆင်း ထိုင်ပါခင်ဗျ ... စိမ့်ပန်း ဒီကို လိုက်လာတယ် ဟုတ်လား"

"အင်း ... ဟုတ်တယ်။ ချမ်းဆီက ဖုန်းမလာ စာမလာဆိုတော့ ဘယ်တွေများ ရောက်သွားတာလဲလို့၊ ပြီးတော့ စိမ့်ပန်းကို ခေါက်ပစ်ခဲ့ပြီလားဆိုတာ သိချင်လို့။ နေစမ်းပါဦး ... ဘာလို့ ဖုန်းကပိတ်ထားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက စိမ့်ပန်းကို အားတုံ့အားနာဟန်ဖြင့် ကြည့်ကာ တောင်းပန်လေသည်။

"ကိုယ် တောင်းပန်ပါတယ် စိမ့်ပန်းရယ်။ ကိုယ် စိမ့်ပန်း ထင်သလိုမျိုး မဟုတ်ရပါဘူး။ ကိုယ် ဒီရက်တွေမှာ နေ့မအား ညမအားကို အလုပ်တွေ အရမ်းများနေခဲ့တာ။ ပြီးတော့ ကိုယ့်ဖုန်းက ဘာဖြစ်သွားမှန်း မသိဘူး။ ရေဝင်ပြီး လုံးဝဟန်းသွားတာ။ ကိုယ်လည်း မအားတာနဲ့ ဖုန်း ပိတ်ထားလိုက်တာ။ တကယ် ... တကယ်ပါကွာ။ ဟို ... စိမ့်ပန်းဆီကို ကိုယ် စာပို့လိုက်သေးတယ်လေ"

"အင်း ... ရသားပဲ။ ဒါပေမဲ့ နောက်ပိုင်း ကွန်တက်လုံးဝ ပြတ်သွားတာလေ"

"ဟုတ်တယ်၊ ကိုယ့်မှာ ဒီရက်တွေက အရမ်းစိတ်ပင်ပန်း နေရလို့ပါ။ အလုပ်မှာ အကြီးအကျယ် ပြဿနာတွေဖြစ်လို့ ရှင်းနေရတာနဲ့ ကိုယ် အိမ်တောင်မပြန်ဖြစ်ဘူး။ ကုမ္ပဏီမှာပဲ အိပ်ရတာ။ စိမ့်ပန်းကို အရမ်းသတိရပေမယ့်လည်း ဘယ်လိုမှ ဆက်သွယ်လို့မရ ဖြစ်နေတာ။ ကိုယ် တကယ် တောင်းပန်ပါတယ်ကွာ"





စိမ့်ပန်း ယုံကြည်ပါသည်။ ဟုတ်ပါရဲ့ ... ချမ်း ပိန်တောင်သွားတယ်။ အလုပ်ကိစ္စအတွက် သောကရောက်နေတဲ့ ချစ်သူကို စိမ့်ပန်းက အကြွင်းမရှိ စာနာပါသည်။

"ရပါတယ် ချမ်းရဲ့။ စိမ့်ပန်း နားလည်ပါတယ်။ အခုကော အဆင်ပြေသွားပြီလား။ စိမ့်ပန်းတို့လာလို့ ချမ်း အနှောင့် ယှက်ဖြစ်နေမလား"

"အာ ... မဟုတ်တာကွာ။ စိမ့်ပန်းက ကိုယ့်ရဲ့ချစ်သူပါ။ စိမ့်ပန်းကို ဒီမှာတွေ့လိုက်ရတော့ အရမ်းအံ့သြပြီး အရမ်း လည်း အမောပြေသွားတာ။ ကိုယ့်အလုပ်ကိစ္စက အားလုံး ပြီးသလောက်ရှိပြီ စိမ့်ပန်းရဲ့ ...

ဪ ... ဒါနဲ့ စိမ့်ပန်း၊ ဟိုက အခြေအနေတွေကော"

စိမ့်ပန်းသည် အဲဒီလိုမျိုးလေး မေးဖော်ရတဲ့ ချစ်သူ လေး အမေးကြောင့် အရမ်းပဲ အားရှိသွားရသည်။

"လေးမောင် ပြန်ရောက်လာပြီ ချမ်းရဲ့။ ဝီရအောင်ကတော့ လစ်သွားပြီ။ ပြီးတော့ ဟိုလူ မာန်ထက် ရောက်ပြီ ...

အခြေအနေတွေကတော့ ရှုပ်ထွေးနေတာပေါ့ ချမ်း ရာ။ စိမ့်ပန်းလည်း အဲဒီကိစ္စအတွက် အရမ်း စိတ်ညစ် နေတာနဲ့ ချမ်းဆီ လိုက်လာတာ။ လေးမောင်နဲ့ လေးအောင်



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လိုဖြစ်လဲ မသိဘူး။ အတိုင်အဖောက်ညီညီနဲ့ စိမ့်ပန်းကို မာန်ထက်နဲ့ စီစဉ်နိုင်ဖို့ pressure တွေပေးနေတယ်"

"ဘာ ... လေးမောင်နဲ့ လေးအောင်က peace လား"

"အင်း ... ယာယီပါ။ စိမ့်ပန်း မာန်ထက်ကို ယူရင်တော့ အမြဲ peace ဖြစ်မယ် ထင်တာပဲ။ ဒါပေမဲ့ စိမ့်ပန်းမှ သူ့ကိုပယူနိုင်တာ။ အဲဒီလူက တကယ့်ရှော့ခ်ဖြစ်နေတယ်။ စိမ့်ပန်းအတွက် ချမ်း စိတ်အနှောင့်ယှက် ဖြစ်သွားရတာကိုတော့ အားနာပါတယ်။ ဒါပေမဲ့ စိမ့်ပန်းမှာ အရမ်းစိတ်ညစ်နေရတယ်"

စိမ့်ပန်းက စိတ်ညစ်စရာတွေကို ရင်ဖွင့်လိုက်ရလို့ တော်တော် နေသာထိုင်သာ ရှိသွားလေသည်။ ချမ်းကိုမြင်တွေ့နေရတာကိုက စိမ့်ပန်းအတွက် အားတစ်ခုပဲ ဖြစ်ပါသည်။ ချမ်းက ဘာမှမပြောသေးဘဲ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေပါသည်။ အတန်ကြာမှ စိမ့်ပန်းရဲ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွပုတ်ကာ ...

"ဘာမှစိတ်မညစ်နဲ့ စိမ့်ပန်း။ စိမ့်ပန်း ရှေ့မှာ ကိုယ်တစ်ယောက်လုံးရှိတယ်။ ဘာအခက်အခဲဖြစ်ဖြစ် ကိုယ်ရင်ဆိုင်





မယ်။ စိမ့်ပန်းကို မာန်ထက်ဆိုတဲ့လူလက်ထဲ အပါမခံနိုင်ဘူး ...

ဒီတော့ ... ကိုယ်တို့ချောင်းသာ ပြန်သွားမယ်။ ရဲရဲရင်ဆိုင်ဖို့ ကိုယ့်တာဝန်ထား။ ကိုယ်တို့ ဘယ်အချိန်ပြန်မလဲ စိမ့်ပန်း"

ချမ်းရဲ့ပြတ်သားတဲ့စကားတွေဟာ စိမ့်ပန်းရဲ့နှလုံးသားတစ်ခုလုံးကို ပူနွေးလို့လာစေပါသည်။

စိမ့်ပန်းသည် ကြည်နူးကျေနပ်စွာဖြင့် ခေါင်းတစ်ချက်ဆတ်ပြလိုက်ကာ ...

"ကျေးဇူး ချမ်း။ ဒါနဲ့ ချမ်း အလုပ်ကိစ္စတွေ ဘယ်လိုလုပ်မလဲ"

"အဟင်း ... စိမ့်ပန်းထက် ဘာမှအရေးမကြီးဘူး။ ကိုယ့်အတွက် အလုပ်ကိစ္စတွေထက် ပိုအရေးပါတာ စိမ့်ပန်းပဲ။ ပြော ... စိမ့်ပန်း ဘယ်တော့သွားမလဲ"

"မနက်ဖြန် ကားနဲ့သွားမယ်လေ"

"Ok ... အဲဒါဆို ဒီနေ့တစ်နေ့လုံး ကိုယ်တို့လျှောက်လည်ကြမယ်လေ။ ဒါနဲ့ စိမ့်ပန်း ဘယ်မှာတည်းလဲ"

"ဟို ... ပီယ ဒေါ်လေးအိမ်မှာတည်းတယ်။ ကန်လမ်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... စိမ့်ပန်း၊ ငါတို့ သွားတော့မယ်။ ကိုချမ်း ... စိမ့်ပန်းကို ထားခဲ့ပြီနော်။ မိုးမချုပ်ခင် အိမ်အရောက်ပြန်ပို့ပေးဖို့တော့ မမေ့နဲ့နော်။ ဌာ ပြီဟေ့"

အလိုက်သိလှသော ချစ်သူငယ်ချင်းတွေက အလိုက်တသိပင် ရှောင်ပေးသွားသောအခါ သူနှင့်အတူ စိမ့်ပန်းက ကျန်ခဲ့ရလေသည်။ ပီယတို့ ထွက်သွားတော့မှ သူက စိမ့်ပန်းရဲ့လက်ဖမိုးပေါ်သို့ သူ့ရဲ့လက်ကို အုပ်မိုးကိုင်လိုက်ပြီး ...

"ကိုယ် စိမ့်ပန်းကို အပြင်လိုက်ပို့မယ်။ ခဏလေးစောင့်"

သူက သူ့ရဲ့ဖိုင်လ်တွေ Laptop ကိုပါပိတ်ကာ စာရွက်စာတမ်းတချို့၌ လက်မှတ်ထိုးနေ၏။ ပြီးတော့မှ သူဟာ သူ့လက်ဆွဲအိတ်ကို ဆွဲယူ၍ စိမ့်ပန်းရဲ့ပခုံးကို လက်ညှိုးဖြင့်တစ်ချက်တောက်ကာ ...

"Ok ... Baby ခု သွားစို့"

"ဟင် ... ဘယ်လဲ"

"အမ်း ... ပထမဆုံး ဘုရားအတူသွားဖူးမယ်။ ပြီးရင် Shopping ပတ်မယ်။ ပြီးတော့ ကြေးအိုးသွားစားမယ်။ အဲဒါပြီးရင်တော့ ကိုယ်တို့ စိမ်းလန်းသွားတာပေါ့။ ဘယ်လိုလဲ"





ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်မိသည်။ သူဟာ ပျော်ရွှင်စွာဖြင့် စိမ့်ပန်းလက်ကိုဆွဲ၍ ရုံးခန်းထဲက ထွက်လာခဲ့လေသည်။ အားလုံးရဲ့ရှေ့မှာ စိမ့်ပန်းရဲ့လက်ကို တရားဝင်ဆုပ်ကိုင်ထားခြင်းဟာ သူ စိမ့်ပန်းကိုချစ်တဲ့ သဘောထားကို မြင်တွေ့နိုင်နေတာမို့ အရမ်းကိုပဲ ကြည်နူးရင်ခုန်ရပါသည်။

အဲဒီလိုနှင့် စိမ့်ပန်းနဲ့ ချမ်းဟာ ဘုရားအတူတူသွားဖူးကြ၊ ပြီးတော့ ရှော့ပင်းသွားကြနှင့် တကယ့်ကို ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ချစ်သူဘဝကို ခံစားရလေသည်။ ရှော့ပင်းပတ်အပြီးတွင်တော့ အလိုက်သိစွာသော ချစ်ရသူက YKKO မှာ ကြေးအိုးသွားစားဖို့ သတိရလေသည်။

"ညီလေး ... ပင်လယ်စာကြေးအိုးတစ်ပွဲ၊ ကြေးအိုးဆီချက်ဝက်နဲ့တစ်ပွဲ၊ ပြီးတော့ ဖရဲသီးဖျော်ရည်နှစ်ခွက်။ အိုကေနော်"

သူက သူ့ဘာသာမှာပြီးမှ စိမ့်ပန်းကို ကြည့်ကာ ...

"ဘယ့်နှယ်လဲ ... စိမ့်ပန်း ဘာကြိုက်တယ်ဆိုတာ ကိုယ်သိပ်အလိုက်တသိနဲ့ မှာလိုက်တယ်နော်။ နောက်ကော ဘာမှာဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီလေ။ ဒါနဲ့ ချမ်းကကော ဘာလို့ ပင်လယ်စာကြေးအိုး မမှာတာလဲ"

"ဩော် ... ကိုယ့်မှာ Seafood allergy ရှိတယ်လေ။ အထူးသဖြင့် ပုစွန်တို့၊ ကင်းမွန်တို့စားရင် အရမ်းယားပြီး အင်ပြင်လို ဖြစ်တတ်လို့ မစားဘူး စိမ့်ပန်းရဲ့"

ဟင် ...။ ချမ်းမှာ Seafood allergy ရှိတယ်။ စိမ့်ပန်းသည် အဲဒီအတွက် အံ့ဩသွားရပါသည်။ မဟုတ်သေးပါဘူး။ ချမ်းနဲ့ စိမ်ပန်း သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးတဲ့နေ့က ဘာဘီကျူးတွေ စားခဲ့တာပဲ။ အဲဒီမီးပုံပွဲညက ချမ်းက စိမ့်ပန်းကျွေးတဲ့ ပုစွန်ကင်တွေကို အားပါးတရ စားနေတာပါ။ အဲဒီတုန်းကတော့ မဖြစ်ဘဲနဲ့။

"ဟင် ... ဟုတ်သေးပါဘူး။ ချမ်း ချောင်းသာမှာတုန်းက ပုစွန်ကင်စားပါတယ်။ မီးပုံပွဲညကတောင် အများကြီးစားတာပဲဟာ။ အဲဒီတုန်းက အလဲဂျစ်ဖြစ်လို့လား"

"အင်း ... ဟုတ်တယ်။ အဲဒီနေ့က ကိုယ်က ဆေးကြိုသောက်ထားတာကိုး။ အခုက ဆေးမပါတော့ မစားတော့တာ။ ဘာဖြစ်လို့လဲ။ စိမ့်ပန်းက စားစေချင်ရင် ကိုယ်ပြန်လဲခိုင်းလိုက်မယ်လေ"





"ဩော် ... နေပါ။ ချမ်းကလည်း စိမ့်ပန်းက ဒီလိုပဲမေးတာပါ။ ချမ်းကို အလဲဂျစ်ထမခံနိုင်ပါဘူး"

စိမ့်ပန်းစကားကြောင့် ချမ်းက ကြည်ကြည်နူးနူးကြီးပြုံးလိုက်ရင်းကမှ ...

"ကိုယ်ကလည်း အလဲဂျစ်ထချင် ထပါစေ။ စိမ့်ပန်းအတွက်ဆို ဘာမဆို ဖြစ်စေရမယ်"

အဲဒီစကားလေးက စိမ့်ပန်းရဲ့ရင်ထဲမှာ စမ်းရေလေးစီးဆင်းသွားသလို အရမ်းချမ်းမြေ့လှပါသည်။ ချမ်းလို သီပ်ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက်ဟာ သူချစ်တဲ့ ချစ်သူတင်မကဘဲ ချစ်သူရဲ့ပတ်ဝန်းကျင် အသိုင်းအဝန်းကိုပါ ချစ်နိုင်လိမ့်မည်ဟု ယုံကြည်ရပါသည်။

စိမ့်ပန်း ချစ်တဲ့ ချမ်းဟာ လေးမောင်နဲ့ လေးအောင်သဘောတူ ကြည်ဖြူနိုင်မည့်လူ ဖြစ်လောက်ပါလိမ့်မည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

သူတို့တွေ ချောင်းသာကို ပြန်ရောက်လာတဲ့အခါ မှာတော့ သူဟာ စိမ့်ပန်းနဲ့ မသိသူတစ်ယောက်အဖြစ် သူမဦးလေး တွေရှေ့မှာ ဟန်ဆောင်နေပြရပါသည်။ လေးအောင်ကို မတွေ့ အောင် ရှောင်နေရင်းကမှ တစ်ဖက်မှာတော့ လေးမောင်နဲ့သူ ရင်းနှီးသွားနိုင်ဖို့အတွက် ကြိုးပမ်းရပါသည်။

တစ်ရက်မှာတော့ လေးမောင်က resort villa ဘက်မှာ တစ်ယောက်တည်းထိုင်ကာ ဘီယာသောက်နေရင်း သဘာဝအလှအပတွေကို ရှုမျှော်ခံစားနေပုံရသည်။ သူဟာ ဦးရွှေ မောင် ဆိုသော စိမ့်ပန်းရဲ့ဦးလေးနှင့် ဝင်ရောဖို့အတွက် ဘိုးတော် ရှိတဲ့နေရာကိုသွားကာ အင်မတန်မှ ရည်မွန်သိမ်မွေ့ပါသော အသွင် ဖြင့် ...





"အန်ကယ်ခင်ဗျ ... အန်ကယ်က ဒီဟိုတယ်ရဲ့ပိုင်ရှင် ဦးရွှေမောင် ထင်တယ်။ ဟုတ်ပါသလား ခင်ဗျ"

ဘိုးတော်က သူ့ကို စူးရှထက်မြက်တဲ့ မျက်လုံးဖြင့် အကဲခတ်ကြည့်ရင်းက မေးဆတ်ပြသည်။

"မောင်ရင်က"

"ဟုတ်ကဲ့ ခင်ဗျ။ ကျွန်တော်က ဒီဟိုတယ်မှာ တည်းနေ တဲ့ဧည့်သည်ပါ။ ဒီဟိုတယ်ရဲ့ facilities ၊ ပြီးတော့ ဝန် ဆောင်မှုတွေ၊ ဝန်ထမ်းတွေရဲ့ဖော်ရွေမှုတွေက ဧည့်သည်တွေ ကို အရမ်းဆွဲဆောင်နိုင်ပါတယ် ...

ဒီလောက်တောင် perfect ဖြစ်အောင် အဘက်ဘက် ကနေ စီစဉ်တဲ့ ဒီဟိုတယ်ကြီးရဲ့ပွဲကိုင်ကို ကျွန်တော် စုံစမ်းကြည့်လိုက်တော့ အန်ကယ်ရဲ့ဂုဏ်သတင်းမွေးတွေ ကို ကျွန်တော် ကြားရပါတယ်။ ကျွန်တော်က အဲဒါကြောင့် အန်ကယ့်ကိုလာပြီး ဂါရဝပြုတာပါ။ ကျွန်တော်ကလည်း Travel Tour Agent လေး ထောင်ထားတော့ နေရာဒေသ တွေရဲ့ ဟိုတယ် facilities တွေ လေ့လာဖြစ်သလို စိတ် လည်းဝင်စားပါတယ် ခင်ဗျ"

"ဪ ... ဒီလိုကိုး။ ထိုင်ပါ မောင်ရင် ... ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်က သူ့ရဲ့ညက်ညောလှတဲ့ ဖောတွေကိုမျော သွားပုံဖြင့် ထိုင်ခွင့်တွေ ဘာတွေတောင် ပေးလိုက်လျှင် သူဟာ ရှိရှိကျိုးကျိုးလေး ဝင်ထိုင်လိုက်၏။ ပြီးတော့ ဘီယာတစ်ခွက်က သူ့ရှေ့ အဆင်သင့်ရောက်လို့ လာလေသည်။ အင်း ... ကောင်း လေစွ။

"မောင်ရင့်နာမည်က"

"ကျွန်တော့်နာမည် ချမ်းဝီရပါခင်ဗျ။ ရန်ကုန်ကလာတာ ပါ။ အခု အန်ကယ် ဦးရွှေမောင်လို ထူးချွန်ထက်မြက်ပြီး အရည်အချင်းရှိလှတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးနဲ့ စကား ပြောခွင့်ရတာ ကျွန်တော် အရမ်းဂုဏ်ယူမိပါတယ်ခင်ဗျ"

"ဟား ... အဲဒီလောက် မမြှောက်နေပါနဲ့ မောင်ရင်ရာ။ မောင်ရင်က စကားပြော သိပ်ကောင်းတယ်နော်။ ကောင်း တယ် ... ကျုပ်နဲ့ မိတ်ဆွေတွေ ဖြစ်သွားပြီပေါ့။ ကျုပ်တို့ ဟိုတယ်ကို သဘောကျတယ်ဆိုတော့ ဝမ်းသာတယ်။ မောင်ရင်က Travel Tour Agent ထောင်ထားတာဆိုတော့ အပြန်အလှန် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီကြတဲ့ လုပ်ငန်း ပါတနာတွေပေါ့ ...





ကောင်းတယ် ... အခုခေတ် လူငယ်တွေများ တယ်ထူးချွန်ကြတယ်။ အန်ကယ်တို့တုန်းကလည်း ဒီလိုပဲ ကွ။ စီးပွားရေးသမားဆိုတာ သူများထက် ထက်နေ သာနေအောင် အမြဲကြိုးစားနေရမယ်။ ကြိုးစား မောင်ရင် ... ကြိုးစား ...

ကဲ ... ချီးယားစ်"

ဘိုးတော်က ဘီယာခွက်ကြီးကိုင်ကာ ချီးယားစ်လုပ် ရင်ဖြင့် သူဟာလည်း ဟုတ်ကဲ့ခင်ဗျဆိုပြီး ခွက်ချင်းတိုက်ကာ ဘီယာတစ်ကျိုက် မော့လိုက်သည်။

"ချောင်းသာက အခုဆို အရမ်းကို လှသထက်လှ တိုးတက် သထက် တိုးတက်လာပြီဆိုတော့ ကျွန်တော့်အနေနဲ့ ဒီနေရာ မှာ ဒီ့ထက် ဒီ့ထက်မက ဧည့်သည်တွေ ပိုများလာစေဖို့ ကျွန်တော်တို့ လုပ်ငန်းကလည်း ဆွဲဆောင်တယ်ခင်ဗျ။ Tourist တွေအတွက် အဓိကစီစဉ်ထားတဲ့ အန်ကယ်တို့ရဲ့ tradional room တွေဆို ကျွန်တော်တို့ ခရီးသည်တွေဆို တအားသဘောကျကျတာ"

"ဟုတ်လား ... thank you ကွာ။ မောင်ရင် မဆိုးဘူးကွ။ ဒါနဲ့ အခု ဒီကိုလာတာကော ဧည့်သည်တွေနဲ့ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မဟုတ်ဘူး ခင်ဗျ။ ကျွန်တော်တစ်ယောက်တည်း။ သူငယ်ချင်းတစ်ယောက်ရဲ့ အချစ်ကိစ္စကို ကူညီပေးဖို့ ဒီရောက်လာတာလေ"

သူ့စကားကြောင့် လေးမောင်က စိတ်ဝင်စားသွားပုံရပါသည်။ သူကလည်း ဘိုးတော်ကြီး စိတ်ဝင်စားလာအောင် တမင်ကို ရှာကြံပြီး ဆွဲဆောင်နေရတာဖြစ်သည်။

"ဟား ... တယ်ဟုတ်ပါလား။ သူများအကျိုးကို အဲဒီလိုဆောင်ပေးတယ်ပေါ့"

"ဟုတ်တယ် အန်ကယ်ရ။ ကျွန်တော့်သူငယ်ချင်းက သူ့ကောင်မလေးဆီက အဖြေမရသေးဘူးလေ။ ကောင်မလေးက ဒီချောင်းသာကပဲဆိုလား။ အဲဒါဗျာ ... သူ့ကောင်မလေးဆီက အဖြေတောင်မရှသေးဘူး။ ကောင်မလေးက သူ မဟုတ်တဲ့ နောက်တစ်ယောက်နဲ့ တွဲနေလို့လေ။ အဲဒီကိစ္စ လိုက်ကူပေးနေရတာပါ အန်ကယ်ရာ။ ကျွန်တော်ကလည်း မနေ့ကမှရောက်တော့ သူ့ကောင်မလေး ဘယ်သူမှန်းမသိနဲ့။ ဟင်း ... ဟင်း ... သူများအကျိုးဆောင် ကိုယ့်အကျိုးအောင် လုပ်နေရတာ အန်ကယ်ရ"





"ဩော် ... ဒါဆို ကောင်မလေးက ဘာတုံးဟ။ ဒီချောင်းသာကပဲဆိုတော့ ဘယ်သူများလဲ။ ဒီမှာတော့ အန်ကယ့်အသိတွေချည်းပဲ"

"မသိပါဘူး အန်ကယ်ရာ။ နောက်ရက်မှ သူ့ကောင်မလေး လိုက်ပြမယ်ဆိုလားပဲ။ ဩော် ... ကျွန်တော် ရောက်နေတာ အန်ကယ် အနှောင့်အယှက် ဖြစ်နေပြီ။ ကျွန်တော် သွားလိုက်ပါဦးမယ် ခင်ဗျ။ အခုလို ကျွန်တော့်ကို ဂါရဝပြုခွင့်ပေးပြီး အန်ကယ်နဲ့ ရင်းရင်းနှီးနှီး စကားပြောခွင့်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သူ့ရဲ့ပုံစံဟာ တကယ့်ကို လိမ္မာရေးခြားရှိပြီး သဘောကျစရာ လူငယ်စီးပွားရေးသမားလေးဟန်မို့ လေးမောင်က သူ့ကို သဘောတွေကျကာ ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"အေး ... အေး ... နောက်လည်း ဆုံတာပေါ့ကွာ။ မောင်ရင်က ဘယ်အခန်းမှာတည်းတာလဲ"

"ဩော် ... Deluxe 98 မှာ တည်းပါတယ်ခင်ဗျ၊ ကျွန်တော် အန်ကယ့်ကို နောက် လာဂါဝရပြုပါရစေနော်"

"ရပါတယ်ကွာ။ နောက်ရက် ထပ်ဆုံတာပေါ့။ အန်ကယ်တို့ ချက်စ်လေး ဘာလေး ထိုးရင်း စကားပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... Welcome ပါ အန်ကယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ သွားပါဦးမယ် ခင်ဗျ"

သူက ဘိုးတော်ကြီးကို အပီချုပ်ခဲ့ကာ ပြန်လာခဲ့လေသည်။ သူ့ကို ရင်တပူပူဖြင့် စောင့်နေတဲ့ စိမ့်ပန်းက သူ ပြန်လာတာကို မြင်လေလျှင် စိုးရိမ်တကြီး မျက်ဝန်းတွေဖြင့် မေးဆတ်ပြလေသည်။

"ဟား ... It's ok ပါကွ။ လေးမောင်က သူနဲ့တစ်ရက် ချက်စ်အတူထိုးရင်း စကားလေး ဘာလေးပြောဖို့တောင် Welcome လုပ်လိုက်တယ်"

"ဟယ် ... ဂယ်"

စိမ့်ပန်းရဲ့အံ့ဩပျော်ရွှင် လိုက်ဖြာသွားတဲ့ ပုံစံလေးကို သူက သဘောကျစွာဖြင့် ပြုံးလိုက်ပြီးမှ ခေါင်းတစ်ချက်ညိတ်လိုက်ကာ ...

"ဂယ်ပေါ့။ ချမ်းက မပိုင်ရင် ဘာမှမလုပ်ဘူး ... ဟဲ ဟဲ"

သူက မိန့်မိန့်ကြီး ပြုံးနေတာကို စိမ့်ပန်းက ချစ်စနိုးဖြင့် သူ့ရဲ့ပါးနှစ်ဖက်ကို လက်နဲ့ဖျစ်ညှစ်ဆွဲကာ ခါယမ်းရင်း ...

"ဟား ... ချမ်းလေးက အဲဒါတွေ တော်တာ။ လေးမောင်ကိုတောင် အထာကျအောင်ပြောပြီး ချုပ်နိုင်တယ်ကွာ"





"ဒါပဲလေ။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ချစ်သူဆီက ချိုးကျူးသံလေးကို ကြားရဖို့ ရင်ဆိုင်ရမှာပဲ ... Right ! "

"အင်း ... လေးမောင်ကတော့ ဟုတ်ပါရဲ့။ ရှင် လေးအောင်ကျတော့ ဘယ်လိုလုပ်မလဲ။ ချမ်းကို လေးမောင် သဘောတူနေတဲ့ ဝီရအောင်လို့ သိထားတာနော်"

သူက အဲဒီအတွက် ကြိုတွေးထားပြီးသားဖြစ်သည်။ စိမ့်ပန်းအတွက် စိတ်ညစ်ပါတယ်ဆိုတဲ့ စကားဟာ မပြောဖူးတဲ့ စကားဖြစ်စေဖို့ သူ အရာရာကို ရဲရဲကြီး ရင်ဆိုင်နိုင်ပါသည်။

"လေးအောင်ကို အကြောင်းရိုက်ရမှာပေါ့"

"ဟာ ... ဟုတ်ပြီ ချမ်း၊ ရှင် ကျွန်မနဲ့လိုက်ခဲ့"

"ဟင် ... ဘယ်လဲ"

သူ့ကို စိမ့်ပန်းက ချစ်ခင်စွာသော အပြုံးနုနုတစ်ခု ပြုံးပြ၍ ခပ်တိုးတိုး ပြန်ဖြေပေးလေသည်။

"မေမေ့ဆီကို"

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သူက ချမ်းဝီရလို့ ခေါ်ပါတယ်။ သမီးမာန်ထက်ကို ခါးခါးသီးသီး ငြင်းပစ်ရတာဟာ သမီးမှာ ချစ်သူရှိနေလို့ပါ။ ဟို ... ပြီးတော့ သူက လေးမောင် သဘောတူတဲ့ ဝီရအောင်လည်း မဟုတ်ပါဘူး ...

သူက သမီးလက်ထပ်ချင်တဲ့ သမီးရဲ့ချစ်သူ ချမ်းဝီရပါ မေမေ"

စိမ့်မန်းရဲ့စကားကြောင့် မေမေက နားမလည်စွာဖြင့် စိမ့်ပန်းကိုတစ်လှည့် ချမ်းကိုတစ်လှည့် ကြည့်သည်။ ပြီးတော့ ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းကာ ရင်ဘတ်အသာဖိ၍ ...

"သမီးရယ် ... ဘာတွေဖြစ်ကုန်တာလဲ။ မေမေ လုံးဝနားမလည်တော့ဘူး။ ဒီသူငယ်က ဝီရအောင် မဟုတ်ဘူးဟုတ်လား။ ဒါဆို အစ်ကိုကြီးပြောတဲ့ ဝီရအောင်ကကော"





မေမေ နားလည်အောင် စိမ့်ပန်းက ဖြည်းဖြည်းချင်း ရှင်းပြရလေသည်။ စိမ့်ပန်း ပြောသမျှအားလုံးကို အစအဆုံးနားထောင်ပြီးသောအခါမှ အရမ်းကို အံ့အားသင့်စွာသော မျက်ဝန်းတွေဖြင့်ကြည့်ကာ ရင်ဘတ်ကို လက်ဖြင့်ဖိ၍ ...

"ဘယ်လိုတွေများ ဖြစ်ရတာလဲဟယ်။ သမီး ... ဒီကိစ္စက တော်တော်မလွယ်တဲ့ကိစ္စပဲ။ သမီး လေးလေးတွေအကြောင်း သိရဲ့သားနဲ့ကွယ်"

"စိတ်မပူပါနဲ့ အန်တီ။ ကျွန်တော် စိမ့်ပန်းကို တကယ့်မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တာပါ ခင်ဗျာ။ အခြေအနေအရ ကျွန်တော့်ဘက်က လူကြီးတွေကို လိမ်သလိုဖြစ်နေပေမယ့် စိမ့်ပန်းအပေါ်ထားတဲ့ ကျွန်တော့်ရဲ့စိတ်ကိုတော့ ယုံကြည်ပေးပါ အန်တီ"

ချမ်းကပါ မေမေ့ကို ဝင်ပြောလေလျှင် မေမေက သက်ပြင်းတစ်ချက်ချ၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အေးကွယ် ... မောင်ဝီရအောင်၊ အဲ ... မောင်ချမ်းဝီရကို အပြစ်လည်း မတင်ပါဘူး။ လူငယ်သဘာဝပဲလေ။ ဒါပေမဲ့ စိမ့်ပန်းရဲ့ဦးလေးတွေက လွယ်မှာမဟုတ်ဘူး။ အခုတောင် အစ်ကိုကြီးက တော်တော်လေး စိတ်လျှော့ပြီး ကိုလေ



www.burmeseclassic.com

www.burmeseclassic.com



ရွေးထားတဲ့ မောင်မာန်ထက်ကို လက်ခံလိုက်တာ။ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေတာကိုလည်း မောင်ချမ်းဝီရ သိမှာပါကွယ်"

ချမ်းက မေမေ့ကို ပြုံးကြည့်ရင်းက မေမေ့ရဲ့လက်တွေကို ထွေးဆုပ်အားပေးကာ ...

"ကျွန်တော့်ရဲ့ဆန္ဒက စိမ့်ပန်းရဲ့ဦးလေးတွေက သဘောတူရတဲ့ ချမ်းဝီရ အဖြစ် စိမ့်ပန်းကို လက်ထပ်ချင်တာပါ။ အဲဒီအတွက် ကျွန်တော် ကြိုးစားမှာပါ ...

ပြီးတော့ ကျွန်တော်က ကံကောင်းတဲ့သူပါ အန်တီ။ အန်တီ မယုံဘူးဆိုရင် ကျွန်တော့်ကို ပင်လယ်ထဲ ပစ်ချလိုက်ပါ။ ကျွန်တော် ငါးတစ်ကောင်ကိုက်ပြီး ပြန်တက်လာခဲ့မယ်။ အဲဒီလိုမျိုး ကံကောင်းတဲ့သူမျိုးပါ အန်တီ ... အဟဲ"

မေမေ့ရဲ့စိုးရိမ်ပူပန်မှုအတွက် သူက ပြေရာပြေကြောင်း နောက်နေသေးတာကြောင့် စိမ့်ပန်းတင်မက မေမေကပါ ပွဲကျရလေသည်။ သူဟာ စိမ့်ပန်းအတွက်တော့ အရမ်းကိုချစ်စရာကောင်းလှပေသည်။ သူ့ရဲ့ဇာစ်မြစ်၊ ဘက်ခရောင်း ဘာတစ်ခုမှ ရေရေရာရာ တိတိကျကျ စိမ့်ပန်း မသိပါ။ သူ့တစ်မျက်နှာတည်း





ကိုပဲမြင်ကာ ဘာမှမကြာလိုက်တဲ့ အချိန်ကာလလေးအတွင်းမှာ စိမ့်ပန်းဟာ သူ့ကို သိပ်ကိုချစ်မိသွားတာပဲဖြစ်သည်။

မေမေကတော့ ချမ်းကို သဘောကျသွားဟန်ဖြင့် ချမ်းရဲ့ပခုံးကို ခပ်ဖွဖွပုတ်ပေးကာ ...

"သားကို ယုံပါတယ်ကွယ်။ စိမ့်ပန်း ချစ်သူ့အဖြစ်ရွေးထားတယ် ဆိုကတည်းက သားကို အန်တီသဘောကျရပါတယ်။ မောင်ဝီရ ပြောသလိုမျိုး ဖြစ်ပါစေလို့ ဆုတောင်းပါတယ်ကွယ် ...

ဒါနဲ့ ... သမီး၊ မောင်မာန်ထက်ကို ကျတော့ကော"

"အဲဒါလည်း သူပဲရှင်းလိမ့်မယ် မေမေ။ သမီးရဲ့အရာရာတိုင်းအတွက် ဖြေရှင်းပေးနိုင်တဲ့၊ သမီးအတွက် သူက Hero လေးပါ မေမေ။ သမီးတို့တွေ မျှော်လင့်ခဲ့ရတဲ့ လေးလေးတို့နှစ်ယောက်ရဲ့ အဆင်ပြေမှုတွေ မကြာခင်မှာ မြင်နိုင်တော့မှာပါ။ မေမေ ခဏလေးစောင့်ပေးပြီး ချမ်းရဲ့ အရည်ချင်းကို စောင့်ကြည့်ပေးပါနော်"

စိမ့်ပန်းရဲ့ တက်ကြွနေတဲ့ပုံစံတွေကို မေမေက စိတ်ချမ်းသာစွာဖြင့် စိမ့်ပန်းကို ငေးကြည့်၍ စိမ့်ပန်းဆံပင်လေးတွေကို ခပ်ဖွဖွ ပွတ်သပ်ပေးရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့သမီးလေး အခုမှပဲ စိတ်ချမ်းသာနေရတယ်။ ကျေးဇူးတင်ပါတယ်၊ သား။ သမီးလေးကို အခုလိုမျိုး ပျော်ရွှင်စေတဲ့အတွက် သားကို ကျေးဇူးတင်ပါတယ် ...

ဒီတလောမှာ သမီးလေးက အရမ်းကို စိတ်ညစ်နေရှာတာ။ အခုမှပဲ သမီးလေး ပြုံးနေနိုင်တော့တယ်"

"စိတ်ချပါ အန်တီ။ ကျွန်တော်က စိမ့်ပန်းကို အမြဲပျော်စေမယ့်သူပါ"

အဲဒီလိုနှင့် စိမ့်ပန်းတို့တစ်တွေဟာ စကားတွေ အတန်ကြာပြောဆိုပြီးနောက် မေမေ့ကို နှုတ်ဆက်ကာ ကမ်းခြေဘက်သို့ လမ်းလျှောက်ထွက်လာကြသည်။

"နည်းနည်းလေးတော့ အဆင်ပြေနေပြီဆိုတော့ မကြာခင် အားလုံးအကောင်းတိုင်း ဖြစ်လိမ့်မယ် ထင်တယ်နော် ချမ်း"

"ဒါပေါ့ ... ကိုယ် မပြောဘူးလား။ အားလုံးအဆင်ပြေသွားမှာပါလို့"

သူက ညာတာပါတေးဖြင့် စိမ့်ပန်း ပခုံးကိုဖက်၍ လမ်းလျှောက်ကာ မသိချင်ယောင်ဆောင်ဒီဇိုင်းကို စိမ့်ပန်းကလည်း





ဘာမှမပြောတော့ဘဲ ကျေနပ်ရင်ခုန်စွာဖြင့် သူ့ခါးကို ပြန်ဖက်ကာ တိတ်တိတ်ဆိတ်ဆိတ်ပဲ သူနှင့် တူယှဉ်တွဲလျှောက်လာခဲ့တော့သည်။ အရမ်းကို ကြည်နူးဖို့ ကောင်းတာပဲ။

စိမ့်ပန်းသည် ကိုယ့်ထက် ခေါင်းတစ်လုံးပိုမြင့်လေသော မြင့်မြင့်မားမား အရပ်ကြီးကြောင့် သူ့မျက်နှာကိုကြည့်ဖို့ ခေါင်းမော့လိုက်လျှင် စိမ့်ပန်းရဲ့မျက်ဝန်းတွေဟာ သူ့လည်တိုင်ဆီသို့ အကြည့်ရောက်သွားလေလျှင် ဖြူရှင်းနေသည့် လည်တိုင်ထက်မှာ ဆွဲထားတဲ့ ပလက်တီနမ်ဆွဲကြိုးလေးကို တွေ့ရလေသည်။ ပြီးတော့ "C"လော့ကတ်လေး။

စိမ့်ပန်းရဲ့လည်တိုင်မှာလည်း သူကိုယ်တိုင် ဆွဲပေးခဲ့လို့ အခုထိဆွဲထားတဲ့ ဆွဲကြိုးလေးက ရှိသေးသည်။

"ချမ်း ... ဒီကြိုးလေးက ချမ်းရဲ့အမှတ်တရ ဆွဲကြိုးဆို။ စိမ့်ပန်းကိုပေးပြီး ဒီတစ်ကုံးက ဘာလဲဟင်"

စိမ့်ပန်း အမေးကြောင့် ချမ်းက စိမ့်ပန်းရဲ့လည်တိုင်မှာဆွဲထားတဲ့ ကြိုးလေးကိုတစ်လှည့်၊ သူ့လည်တိုင်ကကြိုးကို တစ်လှည့် ကြည့်လိုက်ကာ အသာပြုံးလိုက်ရင်း ခေါင်းညိတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်သားပဲ။ စိမ့်ပန်းနဲ့ ဆင်တူဖြစ်အောင်လို့ ရန်ကုန်မှာတုန်းက တစ်ပုံတည်း ပြန်လုပ်ထားပြီး ဆွဲလိုက်တာ။ ချစ်သူအမှတ်တရပေါ့ကွာ ... ဟုတ်ဘူးလား"

"ဟယ် ... ဒီလိုဆိုလည်း ပြောပါလား။ စိမ့်ပန်း တွေ့တော့မှ ပြောပြတော့တယ် ... တကယ်ပဲ"

"အဟား ... စိတ်ကောက်တာလေးက ချစ်ဖို့ကောင်းတယ်ကွာ။ စိတ်မကောက်နဲ့နော် စိမ့်ပန်းလေး။ ဆောရီး ... ဆောရီး ကိုယ်ပြောဖို့ မေ့သွားတယ်"

စိမ့်ပန်းကို ဖက်ကြောဆွဲသလို ဖျစ်ညှစ်ဆွဲပေးလိုက်လျှင် စိမ့်ပန်းက တွန့်ခနဲဖြစ်သွားကာ ပြုံးလို့သွားလေသည်။ တကယ်ပြောတာပါ။ စိမ့်ပန်းရဲ့ချစ်သူက အရမ်းချစ်စရာကောင်းတာပါ။

ဒီလို ဒီလို ချစ်ဖို့ကောင်းတဲ့ ယောကျ်ားလေးမျိုး သင်တို့အနားမှာ ရှိနေမယ်ဆိုရင် ချစ်မိသွားနိုင်မှာပဲ မဟုတ်လား။

✣ ◯ ✣





## ၁၅

"စိမ့်ပန်း ... ကိုယ်ပြောထားတဲ့အတိုင်း ညီစေနော် ... Ok လား"

"K တယ် ... K တယ်။ အားလုံး ဇာတ်တိုက်ထားပြီးသား။ ချမ်းသာ အဆင်ပြေပလေ့စေ။ ဒါပဲနော်"

သူနဲ့စိမ့်ပန်း ဖုန်းပြောပြီးသွားသောအခါ သူဟာ ရင်ခုန်စွာဖြင့်ပင် လေးအောင်ရှိရာကို ထွက်လာခဲ့တော့သည်။ လေးမောင်က ဒီနေ့တစ်နေကုန် သူ့ရုံးခန်းမှာ ရှိတယ်ဆိုတဲ့ အတိအကျသတင်းကြောင့် သူက လေးအောင်ကို ဝင်ဖောဖို့ရာ အတွက် လွတ်လပ်လို့ သွားချေပြီ။ မနက်ပိုင်း breakfast ကို ဟိုတယ်ကကျွေးတဲ့ ဘူဖေးကို အဝဆွဲပြီးနောက်မှာတော့ သူဟာ အစီအစဉ်ကို အကောင်အထည်စဖော်တော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေးလိုက်စားသော လေးအောင်က မနက်ခင်းပိုင်းဆို ကမ်းခြေဘက် လမ်းလျှောက်ထွက်တယ်ဆို၍ သူကလည်း ငှားထားတဲ့စက်ဘီးကိုနင်းကာ ကမ်းခြေမှ လေးအောင်ကို ရှာနေတာဖြစ်သည်။ တရက်ဆုစ်ဝတ် သံပရာခွံဦးထုပ်ဆောင်းကာ လန်းနေသော လေးအောင်ကိုတွေ့လျှင် သူဟာ ခပ်သွက်သွက်ဖြင့် ဖိနင်းလာခဲ့ပြီး လေးအောင်ရှေ့ရောက်မှ စက်ဘီးကို handle ယမ်း၍ လူရော စက်ဘီးပါ လှဲချပစ်လိုက်တော့၏။

"ဟာ ... ဟာ ... ဘယ်လိုဖြစ်တာတုံး သူငယ်"

ဟား ... ခွင်ထဲတော့ တန်းခနဲပဲ။ လေးအောင်က သူ့စက်ဘီးကို ထူမ,ပေး၍ သူ့ကိုကြည့်လိုက်လျှင် မျက်မှောင်တစ်ချက် ကြုတ်သွားလေသည်။ မြင်ဖူးပါတယ်လို့ စဉ်းစားနေတဲ့ သဘောဖြစ်မည်။ သူကလည်း တမင်ကြီးကို အကြည့်ခံနေလျှင် မဝေးသော လေးအောင်က သူ့ကို ဒက်ခနဲမှတ်မိသွားကာ ...

"ဟင် ... မင်း ... မင်း ... ဝီရအောင်မှလား။ ဘာပြန်လာလုပ်တာလဲ။ မင်း ဘယ်တုန်းက ရောက်နေတာလဲ"

သူဟာ ခပ်တည်တည်ဖြင့် အံ့အားသင့်ဟန်ဖမ်းကာ မျက်လုံးလေး ကလည်လည် အိုက်တင်ယူ၍ ...

"ခင်ညာ ... ကျွန်တော့်ကို ပြောတာလား။ ဦး လူမှားနေပြီထင်တယ်"





သူ့အပြောကို မကျေနပ်ဟန်ဖြင့် သူ့မျက်နှာကို မှုန်ကုပ်ကုပ် စိုက်ကြည့်ကာ ခေါင်းယမ်းရင်းက ...

"ဟေ့ကောင် .. ဘာကိစ္စ လူမှားရတာ ဖြစ်မှာလဲ။ မင်း ဝီရအောင်ဟာကို။ ဒီမှာ ဟေ့ကောင် ... မင်း ဘာကိစ္စ ဒီရောက်နေရတာလဲ။ ဟေ့ ... တစ်ခါတည်း ပြောလိုက်မယ်။ မင်းကိုသဘောတူတဲ့ ရွှေမောင် ကိုယ်တိုင် သဘောမတူတော့ဘူးဆိုတာ အပြတ်ပြောပြီးသားနော်။ ငါတို့တူမကို ဘာမှလာမနှယ်ပါနဲ့။ သူ့ကို မာန်ထက်နဲ့ ပေးစားတော့မှာ"

"ဟာ ... ဦးလေးကတော့ ကျိုင်ပဲဗျာ။ ဦးလေးပြောတာတွေ ကျွန်တော် တစ်ခုမှမသိဘူး။ ပြီးတော့ ကျွန်တော့်နာမည် ချမ်းဝီရပါခင်ဗျာ။ ဦးလေးပြောတဲ့ ဝီရအောင် ဟုတ်ဘူး ခင်ဗျ"

သူ့ရဲ့ပေကလပ် ပေကလပ်ပုံစံကို လေးအောင်က သက်သက်မဲ့ အကြောင်ရိုက်တာဆိုပြီး ဆွေ့ဆွေ့ခုန်နေဟန်ဖြင့် ...

"ဟေ့ကောင် ... ဘာမှ ငါ့ကိုလာပြီး အကြောင်ရိုက်ဖို့ မစဉ်းစားနဲ့။ ငါ လူလည်ကွ။ ဒါမျိုး လာနပ်လို့ မရဘူး။ ဝီရအောင်ကများ ချမ်းဝီရ လုပ်ချင်သေးတယ်။ ဟေ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



မင်းကို တစ်ခါတည်း ပြောပြီးသားနော်။ စိမ့်ပန်းကို မင်းနဲ့သဘောမတူဘူး။ မပေးစားဘူး"

ဘိုးတော်ကြီးကလည်း အပြတ်ကြီးကို ငါတကောကောနေလျှင် သူကပိုပြီး အိုက်တင်ကောင်းလာကာ စိတ်ရှုပ်ထွေးဟန်ဖမ်း၍ ခေါင်းကို တဖြင်းဖြင်းကုတ်လိုက်ပြီး ...

"ဟာဗျာ ... ဒုက္ခပါပဲ။ ကျွန်တော်က ဝီရအောင် မဟုတ်ဘူး။ ဦးလေးပြောတာတွေ သိလည်းမသိဘူး။ ကျွန်တော်က ရန်ကုန်ကဗျ"

ငြင်းတဲ့သူကလည်း အသေစွတ်ငြင်းနေလျှင် လေးအောင်က နည်းနည်းတော့ တွေသွားပုံရသည်။ ပြီးတော့ သူ့ကို ဟုတ်ပါတယ်ဆိုတဲ့ အကြည့်ဖြင့် ရှိုးနေသေးကာ ...

"ဒါပေမဲ့ မင်း ဝီရအောင်ပါ။ ဒီပုံစံ ငါသိတာပေါ့"

"သြော်ဗျာ ... ခက်တာပဲ။ ကျွန်တော်က ချမ်းဝီရပါဆို။ ဦးလေးပြောနေတာတွေက ဘာဆိုတာ ကျွန်တော်မသိဘူး။ အဲ ... သေချာတာကတော့ ကျွန်တော် ဦးလေးကို အခုမှ စမြင်ဖူးတာ"

"ဟော့ကောင် ... မဖြစ်နိုင်ဘူး။ မင်း မလိမ်နဲ့"

"လေးအောင် ဘာဖြစ်နေတာလဲ"





စိမ့်ပန်းက ကြိုတင်စီစဉ်ထားတဲ့အတိုင်း သူတို့ရဲ့စကားဝိုင်းထဲ ဝင်ချလာကာ ကြောင်တောင်တောင် ဒီဖိုင်းဖြင့် သူ့ ဦးလေးကိုပဲ စကားတွေပြောလျှင် လေးအောင်က စိမ့်ပန်းကိုတို့၍ ...

"ဟဲ့ ... စိမ့်ပန်း၊ ဒီကောင့်ကို နင် တွေ့ရဲ့သားနဲ့ ဘာလို့ မအံ့သြရတာလဲ"

"ရှမ် ... ဘာကိုလဲ။ သူက ဘယ်သူမို့လို့လဲ"

စိမ့်ပန်းကပါ အိုက်တင်ကောင်းလိုက်လေလျှင် လေးအောင်က မျက်စိလည်ချင်ချင် ဖြစ်သွားလေတော့သည်။ ပြီးတော့ ကြိတ်မနိုင် ခဲမရစွာဖြင့် သူ့တူမ သူမာန်မဲ၍ ...

"ဟဲ့ ... ဘယ်သူလဲ နင်မသိဘူးလား။ ဒီကောင် ဝီရအောင်လေ။ သြော် ... ဒီကောင်မလေး ကြောင်တောင်တောင်နဲ့"

"သူက ... ဟာ ... လေးအောင် ... ဘာတွေပြောနေတာလဲ။ ဘယ်မှာလဲ။ သူက ဝီရအောင်မှ မဟုတ်တာ"

စိမ့်ပန်းရဲ့အကယ်ဒမီရှော့ခ်ကွက်ကို သူကလည်း အပို့ကောင်းကောင်းဖြင့် ထပ်ပို့ပေးလိုက်ပြန်၏။

"ကဲ ... တွေ့လား။ ကြည့်ပြောပါဦးဗျာ။ ကျွန်တော်မဟုတ်ဘူးဆိုတာ ခုနကတည်းက ပြောနေတာကို ဒီကဦးလေးက လက်မခံဘူး ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... လေးအောင်၊ ဘာတွေလျှောက်လုပ်နေတာလဲ။ သူက ဝီရအောင်မှ မဟုတ်တာချည်းကို"

"ဟဲ့ ... မိစိမ့်ပန်း ... ဘာလဲ ... ဒုက္ခပဲ။ ဒီကောင်လေ ရွှေအောင် သဘောတူပါတယ်ဆိုတဲ့ ဝီရအောင်လေ။ ဒီ အခွက်ကြီးကို နင် မမှတ်မိဘူးလား"

ဆန်ရင်း နာနာဖွပ်ခံနေရတဲ့ စိမ့်ပန်းကလည်း သူ့လိုပင် အိုက်တင်ကောင်းကောင်းနဲ့ ထပ်သရုပ်ဆောင်ပြန်လေ၏။

"အာ ... လေးအောင်၊ ဘာတွေလျှောက်ပြောနေတာလဲ။ တစ်ဖက်ကဧည့်သည်ကို အားနာစရာ။ ဝီရအောင်ကဖြင့် သူ့ဇာတိ ပြန်ရောက်နေပြီ။ ပြီးတော့ ဒီတစ်ယောက်ကလည်း ဝီရအောင်နဲ့ ဘယ်မှာတူလို့လဲ၊ တူပါဘူး"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် ဝီရအောင် မဟုတ်ပါဘူး"

"တိတ်စမ်း ... ငါ့ကို ဘာလာရိုက်နေတာလဲ။ စိမ့်ပန်း ... ညည်းတော့ ဂေါက်နေပြီ။ ဒီကောင့်အခွက်ကြီး ခွေးချီသွားတောင် မှတ်မိတယ်။ ဒီကောင် ဝီရအောင်ပါ"

လေးအောင်ကလည်း မခံချိမခံသာဖြင့် ဒေါသူပုန်တွေ ထနေလျှင် သူတို့နှစ်ယောက်လုံး ရင်ထဲကနေ တခွိခွိဖြင့် ရယ်နေကြသည်။ တကယ် ရယ်စရာကောင်းလှ၏။ လူကြီးကို





ရုပ်ရှင်ရိုက်ပြရတဲ့ကိစ္စဟာ လွယ်တာတော့ မဟုတ်ပါ။ ဒါပေမဲ့ မလွယ်ပေမယ့်လည်း "အချစ်"ဆိုတဲ့စိတ်က အရာရာကိုပြောင်းနိုင်စေသည်။

"ကဲပါ ... လေးအောင်ရာ။ ဟိုတယ်မှာ ရေပေါ်ဆိုင်ကယ်စီးဖို့ customer ကိစ္စ တိုင်ပင်ရဦးမှာမလား။ သွားကြမယ်လေ ...

ဟို ... ဒီက အစ်ကို,ကိုလည်း ကျေးဇူးပါပဲ။ အားနာပါတယ်နော်။ ဟို ... ကျွန်မ ဦးလေးက အလုပ်ပင်ပန်းတဲ့ stress ကြောင့် လူတူတယ်လို့ ထင်သွား ထင်မိသွားတာပါ။ စိတ်မရှိပါနဲ့နော်"

"ဟဲ့ ... စိမ့်ပန်း။ တောက် ... မသိရင် ငါကပဲ ရူးနေတဲ့အတိုင်းပဲ။ ဒီကောင် ဝီရအောင် မဟုတ်ဘူးပဲထား။ လူတူမရှား ရှိတယ်ပဲ ယုံထားဦး။ ညည်း ဒီလောက် ဝီရအောင်နဲ့တူတဲ့ဥစ္စာ"

"အာ ... ကျွိုင်ပဲ လေးအောင်ရာ။ ဘယ်နေရာများ တူနေလို့လဲ။ တစ်ဖက်သားကို အားနာစရာ"

"အာ ... နင်ကတော့ အကြောင်ကြောင်နဲ့ဟာ။ ဝီရအောင်ကြီး တွေ့နေတာကိုး။ ကဲ ... ဒီလိုဆို ညည်းလေးမော



www.burmeseclassic.com

www.burmeseclassic.com



သွားမေးကြည့်။ ညည်းအမေ မေးကြည့်။ ဒီလောက် ဝီရအောင် ရုပ်ဟာကို"

"အာ ... လေးအောင်ကလည်း မဟုတ်တာတွေ ညှော်သည်ကို အားနာစရာချည်း။ လာပါ ... ပြန်ရအောင်။ လေးအောင် အဲဒီ စိတ်ထင်နေတာ။ သူက ဝီရအောင် မဟုတ်သလို ဝီရအောင်နဲ့လည်း မတူပါဘူး။ လာပါ ... လေးအောင်ရယ်"

စိမ့်ပန်းက လေးအောင်ရဲ့လက်ကိုဆွဲကာ အတင်းကို ဆွဲခေါ်နေလျှင် သူ့ရဲ့မဟုတ်မခံတဲ့ မခံချင်စိတ်တွေက ပိုပိုပေါ်လာပုံရကာ စိမ့်ပန်းကို ဟာခနဲအော်ကာ ဆွဲထားတဲ့လက်တွေကို ဖြုတ်ချပစ်၍ ...

"ဘာမှ အကြောင်းလာမရိုက်နဲ့၊ မိစိမ့်ပန်း ဒီကောင် ဝီရအောင် ဟုတ်မဟုတ် သူနဲ့ တူ,မတူ ရွှေမောင့်ကို သွားမေးကြည့်ပါလား"

ဟီ ... ဟီ။ ခွင်ထဲကို လေးအောင်တစ်ယောက်တော့ ကားခနဲ ပစ်ဝင်တာပဲ။ သူနဲ့ စိမ့်ပန်းဟာ ကြိုတင်စည်းဝါးကိုက်ထားတဲ့အတိုင်းပင် လေးအောင်ကို ဆက်လက်အကြောင်းရိုက်ပြန်၏။





"ဟာ ... လေးအောင်ကလည်း ပြဿနာပဲ။ ဘာကိစ္စသွားမေးရမှာလဲ။ မေးပါဘူး"

"ဟဲ့ ... ငါ့ကို ဘာမှမရှည်နဲ့။ ဒီကောင်ဟာ ဝီရအောင်အစစ်ဟာကို။ ကဲ ... လူတူမရှားလို့ ဝီရအောင် ဂျပလွတ်နဲ့ တစ်ထေရာတည်း တူတယ်ပဲထား။ ဒါကိုတောင် နင်က တူပါတယ် မပြောဘူး ဆိုကတည်းက ငါ့ကို သက်သက် ကလန့်တာ"

"ဩော် ... လေးအောင်ရာ။ သူနဲ့ ဝီရအောင်က ဘယ်နေရာမှမှ မတူတဲ့ဥစ္စာ။ လေးအောင် stress တွေကြောင့် အမြင်အာရုံ မှားတာဖြစ်မှာပါ"

သူ့ကို အဲဒီလိုပြောတာဟာ ဆွပေးလိုက်သလိုဖြစ်ကာ ပိုပြီးတော့တောင် ဒေါသဖြစ်သွားဟန်ဖြစ်သည်။ ဘိုးတော်က သူ့ကို အများရှေ့မှာ နေမကောင်း မကျန်းမာလို့ ကြင်နာယုယပြနေတဲ့ပုံမျိုးနဲ့ စကားပြောလာရင် ရေလည်ဒေါကန်တဲ့လူမျိုးဖြစ်သည်။ လေးအောင်ဟာ သူ့ကိုယ်သူ Revicon (ရယ်ဗီကွန်)သောက်ထားလို့ နပျိုလန်းဆန်းတက်ကြွနေတဲ့ လူငယ်ကြီးအဖြစ် သတ်မှတ်ထားသူမို့ သူ့ကိုများ memory မှိုတက်နေပြီပြောရင် ဆွေ့ဆွေ့ခုန် ဒေါတွေကန်ကာ သူ့ right အတွက် နည်းရှာပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကို အနိုင်မခံ ပြန်ချေပတတ်သူ ဖြစ်တာကြောင့်. စိမ့်ပန်းတို့ရဲ့ ရှောင်လင်သိုင်းကွက်တွေထဲမှာ လေးအောင်က အမှန်အကန်ဝင်နေတာဖြစ်၏။

"ဟော့ ... ဒီမှာ မောင်ရင်၊ မင်း အချိန်ပေးနိုင်ရင် ငါတို့နဲ့ ခဏလိုက်ခဲ့။ မင်ဟာ ဝီရအောင် မဟုတ်ရင်တောင် သူနဲ့တူပါတယ် ဆိုတာကို စိမ့်ပန်း ယုံအောင် ငါသက်သေပြရမယ်။ ငါနဲ့ ခဏလိုက်ခဲ့ပါ"

Ok ... Let's strat the show ။

ပွဲကတော့ အရမ်းကို လှသွားတာဖြစ်၏။ သူဟာ မငြင်းဘဲ လိုက်သွားလေတော့သည်။ ဘိုးတော်ကို ဟာကွက်မရှိ သရုပ်ဆောင်နိုင်ဖို့အတွက် ဝီရအောင် မဟုတ်ဘူးဆိုတဲ့အကြောင်း ခေါင်းခါပေးဖို့ စိမ့်ပန်းမေမေကိုလည်း အကျိုးအကြောင်းရှင်းပြ၍ ညှိထားပြီးသားပဲဖြစ်၏။ ဒါကြောင့် အားလုံးဟာ အဆင်သင့်ဖြစ်ကာ လေးအောင်ကို ရုပ်ရှင်ရိုက်ပြနိုင်တာဖြစ်သည်။

"ဟော့ကောင် ... ရွှေမောင် ရုံးခန်းထဲမှာလား"

"ဟုတ်ကဲ့ ... ဆရာ"

လေးအောင်က ဟိုတယ်မန်နေဂျာကိုမေးကာ သူ့ကို ခေါ်လာလေတော့သည်။ ရုံးခန်းရောက်တော့ လေးအောင်က





တံခါးတစ်ချပ်ခေါက်၍ တံခါးချပ်ကို ဖျတ်ခနဲဆွဲဖွင့်လိုက်လေလျှင် လေးမောင်ရဲ့အကဲခတ်မျက်ဝန်းကို လေ့လာမိသွားလေသည်။ ပြီးတော့ ဘာမှမပြောသေးဘဲ သူ့ကိုစိုက်ကြည့်ကာ မှတ်မိသွားဟန်ဖြင့် ...

"မင်း ဟိုနေ့က villa မှာဆုံတဲ့ ကောင်လေးလား"

"ဟာ ... ဟုတ်တာပေါ့ အန်ကယ်ရ။ ကျွန်တော် ချမ်းဝီရလေ"

"ဟော့ကောင် ... ရွှေမောင်၊ ဒီကောင်က ဝီရအောင်မဟုတ်ဘူးလား"

လေးအောင် အမေးကို လေးမောင်က ဘာလဲဟာဆိုပြီး လှည့်ကြည့်ကာ ...

"ဘာတုံး ... မဟုတ်ပါဘူး။ မင်း ဘာတွေပြောနေတာလဲ။ သူက ငါတို့ဟိုတယ်မှာ တည်းနေတဲ့ ဧည့်သည်ကွ။ ဟိုကောင် ဝီရအောင်က သူ့ဟာသူ ပြန်သွားပြီ။ မင်း အဲဒီကောင်ကို မမြင်ဖူးဘူးလား"

"တွေ့လား ... လေးအောင်။ ဩော် ... လေးမောင် သူက ဝီရအောင်နဲ့ တူလို့လား။ မတူပါဘူးနော်။ အဲဒါကို လေးအောင်လေ ဧည့်သည်ကို အားနာစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းက အချွန်နဲ့ဝင်မ,လျှင် လေးအောင်က ရှုး ရှုးရှဲရှဲ ဒေါသတွေထွက်ကာ ရေလည်တင်းနေပုံရပါသည်။ နောက်ဆုံးတော့ လေးမောင်ရဲ့ အတည်ပြုစကားကိုသာ လက်မခံချင့်ခံချင်နဲ့ လက်ခံလိုက်ရပုံပေါ်သည်။

"မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူးဟ ... တစ်ခုခုတော့ တစ်ခုခုပဲ"

"လေးအောင်ရယ် ... လေးအောင် အိပ်ရေးပျက် အလုပ်ပင်ပန်းလို့ လူထင်ယောင်ထင်မှား ဖြစ်တာပါ။ ညှိသည်ကိုလည်း အားနာစရာချည်းပါ။ သူ့ဟာသူ တူတူ,မတူတူ ထားလိုက်ပါ လေးအောင်ရာ"

"အေးလေ ... မင်းကကွာ၊ အူကြောင်ကြောင်နဲ့"

"ဟော့ကောင် ... မင်း ဘာစကားပြောတာလဲကွ"

ကြာလာရင် သူတို့နှစ်ယောက် အချွန်နဲ့မ,ထားတဲ့ အကြောင်ရိုက်ဇာတ်လမ်းမှာ ဖိုက်တင်တွေပါ ပါလာတော့မှာမို့လို့ သူရော စိမ့်ပန်းကပါ ဝင်တားရလေတော့သည်။

"တော်ပါတော့ လေးအောင်ရယ်။ သမီး ကြားထဲကတောင်းပန်ပါတယ်"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ ဦးရယ် ... ကျွန်တော်တို့ကြားထဲက အနူးအညွတ် တောင်းပန်ပါတယ်"





"ကဲ ... ကဲ ... တော်ပြီ ... တော်ပြီ။ တောက် ... ငါမမှားပါဘူး။ ဝီရအောင်က ဒီကောင်ပါ။ နင့်အမေလည်း ဝီရအောင်ကို သိနေတဲ့ဟာ"

"ကဲ ... ရွှေအောင်၊ တော်ပြီကွာ။ မင်း မှားတယ် မမှားဘူး ငြင်းမနေနဲ့တော့။ အားလုံးလည်း စိတ်ရှင်း စိတ်သန့်သွားအောင် ဒီနေ့ည ဒင်နာတစ်ပွဲ စီစဉ်လိုက်မယ် ...

မောင်ရင့်ကိုပါ ဖိတ်ပါတယ်။ မြက်ခင်းပြင်မှာလုပ်မှာ။ မိတ်ဖြစ်ဆွေဖြစ် အနေနဲ့ကော၊ လုပ်ငန်းပါတနာအဖြစ်ကြိုဆိုတဲ့ အနေနဲ့ကောပေါ့။ လာနိုင်မယ်မှလား မောင်ရင်"

သူက အရမ်းကို တက်ကြွပျော်ရွှင်သွားကာ ခေါင်းဆတ်ပြလိုက်သည်။

သူလုပ်လိုက်တဲ့ အကွက်လေးက အရာရာအားလုံး အဆင်ပြေသွားရင် သိပ်ကောင်းမှာပဲလို့ တွေးမိသွားပါသည်။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ကဲ ... ထိုင် မောင်ရင်။ မိတ်ဆက်ပေးရဦးမယ်။ ဒါက ဦးရွှေအောင်တဲ့။ အန်ကယ့်ရဲ့ညီ။ ဒီဟိုတယ်ကြီးက သူနဲ့ ကိုယ် ရှယ်လုပ်ထားတာလေ။ သူက ဒေါ်ပန်းယမုံ၊ ဒါက တော့ ယမုံ့သမီး ကိုယ်တို့ရဲ့ တစ်ဦးတည်းသော တူမလေး စိမ့်ပန်းဆီသွေးတဲ့။ ဒါကတော့ စိမ့်ပန်းရဲ့သတို့သားလောင်း မာန်ထက်၊ Future Plan ထရိတ်ဒင်းရဲ့ CEO ပေါ့ ...

ကဲ ... အားလုံးပဲ သူကတော့ ချမ်းဝီရတဲ့။ ခရီး သွားဝန်ဆောင်မှုလုပ်ငန်း လုပ်တယ်။ ဒီမှာတည်းရင်းနဲ့ ခင်သွားကြတာလေ"

"ဟုတ်ကဲ့ ခင်ဗျ၊ တွေ့ရတာ ဝမ်းသာပါတယ်"





သူ့ကို မာန်ထက် ဆိုသူက မြွေမြွေချင်း ခြေမြင်ဟန် ဖြင့် ရှိုးနေပါသည်။ သူဟာ စိမ့်ပန်းနှင့် မျက်နှာချင်းဆိုင်အနေ အထားမှာ ထိုင်နေရတာဖြစ်သဖြင့် စိမ့်ပန်းရဲ့ ပြုံးစိစိဖြစ်နေတဲ့ မျက်နှာလေးကို တန်းခနဲ မြင်နေရပေသည်။ မကျေနပ်စရာက တော့ ဟိုကောင် မာန်ထက်က စိမ့်ပန်းရဲ့နံဘေးနားမှာ ထိုင်နေ တာပဲဖြစ်သည်။

"ကဲ ... အားလုံးပဲ သုံးဆောင်ကြပါ"

"ယမုံ ... ဟိုကောင်က ဝီရအောင်နဲ့ တစ်ထေရာတည်းတူ တယ်မှလား"

"အင်း ... မတူပါဘူး ကိုလေးရယ်။ ဝီရအောင်နဲ့ ဘယ် နေရာမှာ တူလို့လဲ"

"ဟေ ... မတူဘူး။ မဟုတ်သေးပါဘူး၊ ငါ့စိတ်ထဲမှာတော့ ဒီကောင်က ဝီရအောင်လို့ကို ထင်နေတာ။ ဒီကောင် ဝီရ အောင်ပါ။ ဟား ... ငါပဲ အမှတ်မှားတာလား"

လေးအောင်နဲ့ မေမေရဲ့ တီးတိုးပြောသံတွေကို စိမ့်ပန်းက နားထောင်ကာ သူ့ကို ပြုံးစစဖြင့် မျက်စပစ်ပြသည်။ စိမ့်ပန်း ကြည့်ရတာဟာ အရမ်းကို ရွှင်မြူးလန်းဆန်းနေပုံရပါ သည်။ စိတ်ချပါ ကောင်မလေးရယ်၊ မင်းအတွက် စိတ်ညစ်စရာ ဆိုတာ လုံးဝကိုမရှိအောင် ဖန်တီးပေးမယ့်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကြက်သားတစ်ဖတ်ကို ခက်ရင်းဖြင့်ထိုးကာ အသာဝါးနေရင်းက လူကြီးတွေကို အရူးလုပ်နေမိတဲ့ သူ့အဖြစ်ကို ပြန်စဉ်းစားမိသွားကာ ပြုံးမိသွားလေသည်။

"မောင်ရင် ဒီမှာတည်းရတာကော အဆင်ပြေရဲ့လား။ ဒါနဲ့ ဟိုတစ်ခါ မောင်ရင်ပြောတဲ့ သူငယ်ချင်းကို ကူညီတဲ့ ကိစ္စကော ပြီးသွားပြီလား"

"ဩော် ... ဟုတ်ကဲ့။ သူတို့လည်း အဆင်ပြေသွားကြပါပြီ။ ကျွန်တော်တောင် ဝင်ပါစရာ မလိုတော့ဘူး"

"မင်းက ဘာအလုပ် လုပ်တာလဲ"

လေးအောင်ရဲ့ မေးခွန်းကို ဖြေဖို့အတွက် သူက လေးအောင်ကို ပြုံးပြလိုက်ကာ ...

"ကျွန်တော်က Travel Tour Agent တစ်ခု ထောင်ထားပါတယ်။ ပြီးတော့ ကွန်ပျူတာ Service လုပ်ငန်း ဖွင့်ထားပါတယ်"

"အေးကွာ ... သူတို့တွေက မင်းကို ဝီရအောင်နဲ့ မတူဘူး ချည်းပြောနေတာ။ ငါ့မျက်စိထဲတော့ မင်းက ဝီရအောင်မှ ဝီရအောင် အစစ်ပဲ။ ကဲပါ ... အဲဒါတွေက ငါပဲ အမှတ်မှားတာနေမှာပါ။ အေး ... အေး ... ဘာပဲဖြစ်ဖြစ် စီးပွားရေးသမားတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတာပေါ့ကွာ ...





ကဲ ... ချီးယားစ်"

အားလုံးက မတ်တတ်ထရပ်ကာ အအေးခွက်တွေကိုတိုက်၍ ချီးယားစ်လုပ်လိုက်ကြသည်။ အဲဒီလိုနှင့် သူတို့ရဲ့ ဒင်နာဝိုင်းလေး ပြီးသွားမှုဟာ အေးအေးဆေးဆေး ပျော်ရွှင်စွာဖြင့် ပြီးစီးသွားလေသည်။ စိမ့်ပန်းက သူ့ကို ကမ်းခြေမှာသွားစောင့်နေဆိုသော အထာဖြင့် မျက်စပြလေလျှင် သူဟာ သဘောပေါက်စွာဖြင့် ခေါင်းတစ်ချက်ညိတ်ကာ ကမ်းခြေရဲ့သဲသောင်ပေါ်မှာပဲ ထိုင်ချလိုက်တော့သည်။

မဟူရာကောင်းကင်ပြင်ကြီးအောက်က ပင်လယ်ကြီးရဲ့ ဟာမိုနီလိုက်သံကို နားထောင်ရင်းက စိမ့်ပန်းကို ထိုင်စောင့်နေမိသည်။

နာရီဝက်ကျော်ကျော်လောက်ကြာမှ စိမ့်ပန်းကအပြေးအလွှားရောက်လာလေ၏။

"ဟူး ... မောလိုက်တာ ချမ်းရယ်။ ဆောရီး ... နောက်ကျသွားတယ်၊ ဟိုကောင် မာန်ထက်လေ အတင်းပဲ စကားလိုက်ပြောနေလို့"

"ဩော် ... အင်း ... ဖြည်းဖြည်းပေါ့။ ထိုင်လေ စိမ့်ပန်း"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းက သူ့ဘေးနားမှာ အင့်ခနဲပစ်ထိုင်ကာ သူ့ပခုံးထက်မှာ ခေါင်းလာမှီလေ၏။ ရင်ထဲက တစ်မျိုးတစ်မည်သော ခံစားချက်ဟာ စူးခနဲတောင် ဖြစ်သွားပါသည်။ လှိုင်းသံတွေနဲ့ ရင်ခုန်သံတွေ ထပ်တူအချိုးကျထားတဲ့ ဒီညလေးဟာ အရမ်းကို အေးချမ်းလှပါသည်။

"ကို ... မာန်ထက် ဘာတွေပြောသွားလဲလို့ မမေးတော့ဘူးလား"

"ဘာပြောလဲဟင်"

"ကျစ် ... အဲဒီ ချမ်းကလည်းကွာ။ စိတ်ညစ်လာပြီ။ ဘာလို့ ငြိမ်နေရတာလဲ။ ဟိုလူ မာန်ထက်က စိမ့်ပန်းနဲ့အမြန်ဆုံး လက်ထပ်ချင်ပြီတဲ့။ ငြင်းစရာဆိုလို့ ဘာတစ်ခုမှမရှိတဲ့ သူ့ကို စိမ့်ပန်း ငြင်းရတာ အရမ်းခက်တယ် ချမ်းရယ်။ ဒုက္ခပဲ"

သူက စိမ့်ပန်းရဲ့ခေါင်းလေးကို ခပ်ဖွဖွပွတ်သပ်ပေးလျှင် စိမ့်ပန်းက သူ့ပခုံးထက်ကနေ ခေါင်းပြန်ထောင်ကာ သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ...

"ပြောဦးလေ ... ကျွန်မ ဘာလုပ်ရမလဲ ချမ်း"





"ဘာမှ စိတ်မပူပါနဲ့ စိမ့်ပန်းရယ်။ အားလုံးအဆင်ပြေသွားမှာပါ။ မာန်ထက်နဲ့ စိမ့်ပန်း လက်မထပ်စေရဘူး"

သူ့ရဲ့စကားကို စိမ့်ပန်းက ခေါင်းတစ်ချက်ညိတ်ပြကာ လေပူမှုတ်ထုတ်ရင်း သူ့ကို တစ်မျိုးသော မျက်ဝန်းတွေဖြင့်ကြည့်ကာ ...

"သူနဲ့ လက်မထပ်ရဖို့အတွက် ချမ်းမှာ ဘာနည်းလမ်းများရှိနေလို့လဲ။ ဘာလဲ ... ချမ်း၊ ရှင် စိမ့်ပန်းကို အထင်များသေးနေတာလားဟင် ? "

"အာ ... စိမ့်ပန်းကလည်းကွာ။ ကိုယ်က ဘာလို့အထင်သေးရမှာလဲ"

"မသိနိုင်ဘူးလေ။ ရှင်နဲ့ စိမ့်ပန်းတို့ တွေ့ဆုံတဲ့အချိန်ကာလဟာ ဘာမှမကြာတဲ့ အချိန်မှာပဲ ကျွန်မတို့ ချစ်သူတွေဖြစ်သွားကြတယ်။ ရှင့်ရဲ့နောက်ကြောင်း ဘာမှသေချာမသိဘဲ ဘာမှမမေးမြန်းဘဲနဲ့ ရှင့်ကို ခပ်မြန်မြန် အဖြေပေးလိုက်မိလို့ အထင်သေးပြီး ကျွန်မကို တန်ဖိုးမထားဘူးထင်လို့"

စိမ့်ပန်းရဲ့ အဲဒီစကားလုံးကို သူဟာ လုံးဝမခံစားနိုင်စွာဖြင့် စိမ့်ပန်းရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဖျစ်ညှစ်လှုပ်ယမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကရကွာ ... ကိုယ့်ကို အဲဒီလို မထင်ပါနဲ့ စိမ့်ပန်းရယ်။ မင်းရဲ့အချစ်ကိုရထားတဲ့ ကိုယ်က သိပ်ကံကောင်းတဲ့သူအဖြစ် ယုံထားတဲ့သူပါ။ ကိုယ့်ဘဝမှာ မင်းကို နက်နက်ရှိုင်းရှိုင်း မြတ်မြတ်နိုးနိုးကို ချစ်တာပါ။ မင်းချစ်တဲ့ ပင်လယ်ကြီးကို သက်သေပြုတိုင်တည်ရဲပါတယ်။ ဘယ်တုံးကမှ စိမ့်ပန်းကို အထင်မသေးခဲ့သလို ဘယ်တုံးကမှလဲ စိမ့်ပန်းကို အချစ်မလျှော့ခဲ့ပါဘူးကွာ"

"ကျေးဇူးပါ ချမ်းရယ်။ စိမ့်ပန်းလည်း ချမ်းကို သိပ်ချစ်တယ်။ မိန်းကလေးတွေက သူတို့ရဲ့အချစ်ဦးကို အရမ်းချစ်တတ်ကြတယ်ဆိုတာ စိမ့်ပန်းတော့ လက်ခံတယ် ...

ချမ်း စိမ့်ပန်းအနားမှာ ရှိနေခြင်းက အရာရာကို ရင်ဆိုင်ရဲတဲ့ သတ္တိကို ရစေတယ်။ ချမ်းကလည်း ကျွန်မကို ဘယ်တော့မှ အချစ်မလျှော့နဲ့နော်"

အဲဒီလိုပြောပြီးနောက် စိမ့်ပန်းဟာ သူ့ရင်ခွင်ထဲသို့ တိုးဝင်လာလျှင် သူဟာ ခပ်တင်းတင်းလေး ပြန်လည်ပွေ့ဖက်ထားလိုက်သည်။ အဲဒီလောက်တောင် ချစ်တယ်ဆိုတာ သိရတော့ အရမ်းပဲ ဝမ်းသာရတယ် ချစ်သူ။

✣ ○ ✣





ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ အရမ်းအရမ်းချစ်ရတဲ့ ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခံစားချက်တွေကို နှိုင်းဆကြည့်လျှင် ဘယ်သူက ပိုသာမယ်ထင်ပါသလဲ။ ဟုတ်တာပေါ့ ... အားလုံး ထင်ကြတဲ့အတိုင်းပဲ အရမ်း အရမ်း ချစ်ရတဲ့ ချစ်သူရှိတဲ့ မိန်းကလေးရဲ့ခံစားချက်က ပိုသာတာပေါ့။

အချစ်ဆိုတာကို တကယ်ကြီး တွေ့တွေ့နဲ့မှဆိုင်ဆိုင် ကြုံတွေ့နေရသော စိမ့်ပန်းအဖို့ သူ အနားမှာသာရှိနေရင် အရာရာကို ရင်ဆိုင်ကျော်ဖြတ်ရဲတဲ့ သတ္တိတွေ ရှိနေပြီဖြစ်သည်။

ဒီကနေ့ညနေပိုင်းရဲ့ နေဝင်ချိန်မှာ ချမ်းနဲ့ အတူတူရှိဖို့အတွက် စိမ့်ပန်းက သုံးနာရီလောက်ကတည်းက သူ့ကိုကမ်းခြေမှာ စောင့်နေခိုင်းထားတာ ဖြစ်သည်။ သူနဲ့ စိမ့်ပန်းဟာ ချစ်သူတွေသာ ဖြစ်ကြတာ ရေအတူတူဆော့တာ။ လှိုင်းအတူစီးတာ၊ ကမ်းခြေမှာ စက်ဘီးအတူစီးတာ စသဖြင့် ပျော်စရာအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ရစရာလေးတွေ ဘာတစ်ခုမှ ရှိခဲ့တာ မဟုတ်ပါ။ အဲဒါကြောင့် ဒီနေ့မှာ စိမ့်ပန်းက သူ့ကို ချိန်းထားတာဖြစ်၏။

စိမ့်ပန်းသည် ကမ်းခြေမှာ စောင့်နေရှာရှာမည့် ချစ်သူဆီသို့သွားလေလျှင် ထင်ထားသည့်အတိုင်းပင် ချမ်းက စိမ့်ပန်းကို စောင့်လို့နေပါသည်။ အပြာနုရောင် တီရှပ်အကျပ်ကို fit ဝတ်ထား၍ အပေါ်ကနေ အနက်ရောင်ဝေ့စ်ကုတ်ခံဝတ်ကာ စမတ်ကျသော ဂျင်းဘောင်းဘီနှင့် သူက အရမ်းကိုချစ်ဖို့ကောင်းပါသည်။

စိမ့်ပန်းတို့ရဲ့ ဆင်တူဆွဲကြိုးလေးတွေကတော့ အချစ်သင်္ကေတလေးပဲဖြစ်၏။

"ဟော့ ... ချမ်း၊ ရောက်နေတာ ကြာပြီလား"

"အေးဆေးပါ၊ ကဲ ... ဘာအစီအစဉ်ရှိလဲ စိမ့်ပန်း"

"အင်း ... နေလည်း နည်းနည်းအေးပြီဆိုတော့ စိမ့်ပန်းတို့ စက်ဘီးစီးမယ်လေ။ လာကွာ"

စိမ့်ပန်းက သူ့ရဲ့လက်ဆွဲကာ စက်ဘီးသွားငှားပြီး နောက်မှာတော့ သူနဲ့စိမ့်ပန်းက နှစ်ယောက်နင်း bicycle စီးကာ ကမ်းခြေမှာ နှစ်ယောက်သား ဟန်ချက်ညီညီ စက်ဘီးနင်းရတဲ့ ဖီလင်ဟာ ရင်ခုန်ကြည်မွေ့ဖွယ် ကောင်းလှပါသည်။ ကိုယ့်ကိုယ်





ကိုယ် ကိုရီးယားအချစ်ဇာတ်လမ်းထဲက စုံတွဲတွေလိုမျိုး စိတ်ကူးယဉ်မိသွားကာ အရမ်းကို သဘောကျရပါသည်။ ဒီညနေခင်း အချိန်ကာလလေးဟာ အရမ်းကို ရင်ခုန်လတ်ဆတ်ဖွယ် သမယလေးပဲ ဖြစ်လေ၏။ စက်ဘီးစီးနား၍ သဲပြင်ပေါ်မှာ ထိုင်ချကာ ပင်လယ်ကြီးကို ငေးနေစဉ်မှာပဲ သူက ဆတ်ခနဲထသွား၍ ဘောကွင်းတစ်ခု သွားငှားလာခဲ့ကာ စိမ့်ပန်းရဲ့လက်ကိုဆွဲ၍ ထူမ, ကာ ...

"ထ ... ကိုယ်တို့ လှိုင်းစီးကြမယ်"

"ဟယ် ... အင်္ကျီတွေ စိုကုန်မှာပေါ့"

"စိုပစေပေါ့။ ချောင်းသာသွားလုပ်ပြီး အင်္ကျီရေစိုမှာကြောက်မနေနဲ့။ လာထား ..."

သူက စိမ့်ပန်းကိုဆွဲကာ ရေထဲခေါ်ချသွားပြီး ပင်လယ်ပိုင်းလောက်မှ ဘောကွင်းကိုချကာ စိမ့်ပန်းကို ထိုင်စေ၏။

"အမယ်လေး ... ဖြစ်ရတယ် ချမ်းရယ်။ စိမ့်ပန်းတို့က ရေကျွမ်းပြီးသားပါ"

"ဘယ်လောက်ပဲ ကျွမ်းကျွမ်းပေါ့။ ချစ်သူနဲ့အတူတူတော့ လှိုင်းမစီးဖူးဘူးမှလား ... ဟမ် ? "

"ဟား ... ဟုတ်တယ်နော်။ အဲဒါ အသစ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ စိမ့်ပန်းနဲ့ သူဟာ လှိုင်းရဲ့ရိုက်ပုတ်ခြင်းကို ကြဲ့ကြဲ့ခံ၍ ရေဆော့ကြသည်။ သူ့ရင်ခွင်ကိုကာဗာယူ၍ ပင်လယ်ကနေ တလိမ့်လိမ့်တက်လာသော လှိုင်းလုံးတွေ ငြိမ့်ညောင်းမှုတွေကို စီးနင်းလိုက်ပါလာရင်း စိတ်နှလုံးသားတို့သည် ကောင်းကင်ဆီ ရောက်နေသလိုကို ခံစားရလေသည်။ သူနဲ့စိမ့်ပန်းတို့က ရေထဲမှာ အတန်ကြာ ဆော့ကစားပြီးနောက်မှာ သူက ကမ်းပေါ်တက်ဖို့ စကားဆိုလေသည်။

"ဟေ့ ... စိမ့်ပန်းလေး၊ ကမ်းပေါ်ပြန်တက်ရအောင်လေ"

"အင်း ... ပြီးရော"

စိမ့်ပန်းနဲ့ ချမ်းက လက်ချင်းမြဲမြဲတွဲ၍ ကမ်းပေါ်သို့ ပြန်တက်လာကာ ချမ်းစီစဉ်ထားတဲ့ အုန်းရေကို အမောပြေသောက်ကြသည်။ ဘဝမှာ အကြိမ်ပေါင်းများစွာ အုန်းရေသောက်ဖူးခဲ့သော်လည်း ချစ်သူနဲ့အတူတူ သောက်ခဲ့ရတဲ့ အုန်းရေကတော့ အချိုမြိန်ဆုံး အုန်းရည်အရသာပင် ဖြစ်လေသည်။

သူက ရေတွေစိုနေသော စိမ့်ပန်းရဲ့ ဆံစလေးတွေကို အသာသပ်တင်ပေးရင်းက ...

"ဒီနေ့က ကိုယ့်ဘဝရဲ့ အမှတ်ရဆုံးနေ့ကလေးပါပဲ စိမ့်ပန်း။ အရမ်းကို ကျေးဇူးတင်ပါတယ်"





သူ စိမ့်ပန်းကိုကြည့်တဲ့ အကြည့်တွေဟာ ခံစားချက်တွေ အရမ်းပါနေလွန်းတာကြောင့် စိမ့်ပန်းရဲ့ရင်ထဲမှာ နွေးခနဲ ခံစားရလေသည်။ ချမ်းနဲ့ပတ်သက်လို့ ချမ်းအပေါ်ထားရှိတဲ့ စိမ့်ပန်းရဲ့သဘောထားဟာ ထင်ထားတာထက်ပိုပြီး ယုံကြည်မှု လွန်ကဲနေတာမျိုး မဟုတ်ဘဲ သူ့ရဲ့ချစ်ခြင်းတရားကြောင့် ပိုမို ယုံကြည်နေရတာမျိုး ဖြစ်ပေသည်။

စိမ့်ပန်းကို ချစ်ခြင်းသက်သက်ဖြင့်သာ ချစ်သူဖြစ်ပြီး အခွင့်အရေးမယူသည့်အပြင် ကြင်နာတတ်သောစိတ်ထားလေးကြောင့် သူ့ကို ပိုလို့တိုးချစ်ရတာဖြစ်၏။ အချစ်ရှိနေလျှင် ရေတွေစိုနေလည်း ဂရုမစိုက်သော စိမ့်ပန်းတို့နှစ်ယောက်ဟာ အချစ်ရဲ့လိုအပ်သော အကြင်နာစကားလေးများကို တွတ်တီးတွတ်တာ ပြောနေကြတုန်းမှာပဲ အနောင့်အယှက်က အကြီးကြီး ဝင်ချလာခဲ့ပါတော့သည်။

"ဟား ... သိပ်ကို ကြည်နူးနေကြပါလား။ မင်းက ငါ့ကို သစ္စာဖောက်လိုက်တာပေါ့လေ။ ဟုတ်လား စိမ့်ပန်းဆီသွေး"

အဲဒီအသံကြောင့် စိမ့်ပန်းကကော သူပါ လှည့်ကြည့်လိုက်မိလျှင် စိမ့်ပန်းတို့ကို ခပ်ရင့်ရင့်မျက်လုံးတွေဖြင့် စိန်ခေါ်နေသူက မာန်ထက်ပဲ ဖြစ်လေသည်။ ဒီအခြေအနေမျိုး ရင်ဆိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ ကြိုတွက်ထားပုံရသော ချမ်းဟာ စိမ့်ပန်းရဲ့လက်ကို တင်းခနဲ တစ်ချက်ဖျစ်ညှစ် ဆုပ်ကိုင်ကာ မတ်တတ်ထရပ်လိုက်ပြီး စိမ့်ပန်း လက်တွေကို မလွှတ်ပါဘဲနှင့် သူ့ကို ရင်ဆိုင်လေသည်။

"စိမ့်ပန်းက မင်းအပေါ် ဘာခံစားချက်မှ မရှိခဲ့တဲ့အတွက် သစ္စာဖောက်တာလားလို့ မင်းမှာ မေးပိုင်ခွင့် မရှိဘူး မာန်ထက်"

"အဲဒါ ငါယူမယ့် သတို့သမီးလောင်းကွ။ မင်း ကြာကူလီ ရိုက်နေတာ ငါယူမယ့် မိန်းမပဲ"

စိမ့်ပန်းက အဲဒီအပြောကြောင့် အသံထက်မြန်သော လက်က သူ့ပါးဆီသို့ ရောက်သွားလေသည်။ ထင်မထားသော အပြုအမူကြောင့် မာန်ထက်ဟာ အကြီးအကျယ် ပေါက်ကွဲသွားပုံရပါသည်။

"ဒီမှာ မာန်ထက်။ နင် ငါ့ကို ဘယ်တော့မှ လက်မထပ်ဖြစ်စေရဘူး။ တစ်ခါတည်း ပြောလိုက်မယ်။ ချမ်းက ငါ့ချစ်သူ"

"ဘာ ... ဟား ... စိမ့်ပန်း။ မင်းက အဲဒီလောက် လွယ်တယ် ဟုတ်လား။ ငါ့ကို ဒီလောက်လေးနဲ့ ခေါက်ထားပစ်လို့ မရဘူးကွ"





"မရတော့ မင်းက ဘာလုပ်ချင်သလဲ ဟော့ကောင်၊ ငါ စိမ့်ပန်းရဲ့ချစ်သူအနေနဲ့ မင်းကို စိန်ခေါ်ရဲတယ်။ မင်းဘာဖြစ်ချင်လဲ။ ကြိုက်သလို ရှင်းလို့ရတယ်။ တစ်ခုတော့ သေချာပြောရဲတယ်။ မင်း စိမ့်ပန်းကို ဘယ်တော့မှ ပိုင်ဆိုင်နိုင်မှာ မဟုတ်ဘူး"

"ဟား ... ကြည့်လိုက်လေ။ မင်း စောင့်ကြည့်လိုက်။ ငါ စိမ့်ပန်းကို မရ,ရအောင် လက်ထပ်ပြမယ်။ စိမ့်ပန်းဆီသွေး ... မင်း ငါ့အကြောင်း ကောင်းကောင်းသိမယ်"

သူက စိမ့်ပန်းတို့နှစ်ယောက်ကို ဒေါသတကြီးမျက်ဝန်းတွေဖြင့် စေ့စေ့ကြည့်ကာ လက်ညှိုးငေါက်ငေါက်ထိုး၍ ကြိမ်းသွားကာ ချာခနဲ လှည့်ထွက်သွားလေသည်။ အခြေအနေတစ်ခုခု ဆိုးတော့မည်လို့ စိမ့်ပန်းစိတ်ထဲ ထင်နေမိသည်။

"ချမ်း ... စိမ့်ပန်းတို့ကို သူမြင်သွားပြီဆိုတော့ ဒီကိစ္စ လေးလေးတို့နားထဲပေါက်ပြီ၊ ဘယ်လိုလုပ်မလဲဟင်"

"ဘာမှမပူပါနဲ့ စိမ့်ပန်းရယ်။ အချိန်မတန်သေးခင် ကိုယ်တို့ကိစ္စကို သိသွားပြီဆိုတော့ ကိုယ်တို့ ရဲရဲကြီးရင်ဆိုင်လိုက်ရုံပဲပေါ့"

"ဘယ်လို ရင်ဆိုင်မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ပန်းရဲ့အဖျားခတ် တုန်ယင်နေသော မေးခွန်းအတွက် ချမ်းက နွေးထွေးစွာသော အပြုံးတစ်ချက်ဖြင့် စိမ့်ပန်းကိုအားပေးရင်းက ပြန်ဖြေလေသည်။

"စောင့်ကြည့်လိုက်ပေါ့ စိမ့်ပန်းရယ်"

✤ ○ ✤





## ၁၇

"ဟယ်လို ... ဟယ်လို ... အေး ... ခဏလေး၊ ငါအပြင်ထွက်လိုက်ဦးမယ်"

ဖုန်းက Service မမိတာကြောင့် အခန်းထဲက ထွက်လာကာ အပြင်မှာ ဖုန်းပြောလေသည်။

"ဟယ်လို ... ကြားပြီလား ရောင်စင်"

"........."

"ဘာအကြောင်းထူးလို့လဲဟင်"

သူက တစ်ဖက်က ဘာတွေပြောနေသလဲ ဆိုတာမကြားနိုင်ပေမယ့် ဘာများအစအန ရလေမလဲဆိုတဲ့ စိတ်ကူးနှင့်အသာနားစွင့်နေလိုက်လေသည်။ ချမ်းဝီရ ဆိုသောကောင်ရဲ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဖြိုတော့မည့်မိုးလိုပဲ ဘာလို့ အုံ့မှိုင်းနေရတာလဲ။ ဘာဖြစ်လို့လဲ ? ။

"အေးကွာ ... ငါ့ကိုယ်စား မင်းတို့ အဆင်ပြေအောင် လုပ်ထားလိုက်ပါကွာ။ နှစ်လတောင် ပြည့်သွားပြီဆိုပေမယ့် ငါ့အတွက်ကတော့ မနေ့တစ်နေ့ကတိုင်းပဲ"

"........."

"အဆင်ပြေပါတယ်။ သူ့ခမျာ ဘာမှသိရှာတာ မဟုတ်ဘူးလေ။ အစစအရာရာ ငါ့အပေါ် အားကိုးတဲ့စိတ်ကို သူ မပြင်နိုင်သေးဘူးကွ။ ငါ့ဘက်ကတော့ အတတ်နိုင်ဆုံး ဖြေရှင်းပေးနေတာပဲ"

"........."

"အေးပါကွာ။ ငါလည်း မနက်ကျရင် ဘုရားသွားပြီး ဆုတောင်းလိုက်ဦးမယ်"

"........."

"စိတ်ချပါ။ ဒီမှာ အသားတကျ ဖြစ်သွားတဲ့အချိန်ရောက်ဖို့ ဘယ်လောက်မှ မလိုတော့ပါဘူး။ အဲဒါတွေ ပြီးသွားရင် ငါ ပြန်လာခဲ့မှာပါ"

"........."





"Ok ... Ok ။ ဘကြီးကိုလည်း ဂရုစိုက်လိုက်ပါဦးကွာ။ ဒါပဲနော်"

ဘာတွေပါလိမ့်။ ချမ်းဝီရ ဆိုတဲ့ကောင်မှာ ဘာတွေများ လျှို့ဝှက်ချက် ရှိနေရတာလဲ။ သူဟာ အခြေအနေကို အကဲခတ်ကြည့်ရုံဖြင့် အသေးစိတ်မသိနိုင်သော ကိစ္စအတွက် အရမ်းကို စိတ်ဝင်စားမိသွားလေသည်။

ဒီကောင့်ကို အလဲထိုး ချေမှုန်းပစ်ဖို့အတွက် ဒီကောင်ဟာ ဘာကောင်ဆိုတာ သူသိရမှဖြစ်မည်။

ပြီးတော့ စိမ့်ပန်းနဲ့ ချမ်းဝီရက ဘယ်အချိန်မှာ ဘယ်လိုဆုံသွားပြီး သမီးရည်းစား ဖြစ်သွားကြတာလဲ။

မာန်ထက်သည် စိတ်တော်တော်ညစ်သွားဟန်ဖြင့် ပင်လယ်ပြင်ကို ငေးကြည့်နေသော ချမ်းဝီရရဲ့နောက်ကြောင်းရာဇဝင်ကို သိဖို့လိုအပ်လာပြီဖြစ်တာကြောင့် သူ့ဟန်းဖုန်းကိုထုတ်ကာ နံပါတ်တစ်ခုကို ခေါ်လိုက်သည်။

"အေး ... ကျားကြီး၊ ငါ့ကို CHAN Travel Tour Agent က ချမ်းဝီရ အကြောင်းကို စုံစမ်းပေးထား။ မနက်ဖြန် ညနေလောက် ငါ့ကိုသိသလောက် အကြောင်းပြန်။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖုန်းပိတ်လိုက်ကာ ချမ်းဝီရကို တစ်ချက်လှမ်းကြည့်လိုက်သည်၊ သူချစ်တဲ့မိန်းကလေးကို ဖြတ်လုသွားတဲ့ ဒီလိုကောင်ရဲ့အကြောင်းကို သူ သေချာသိပြီဆိုမှ အလဲထိုးပစ်နိုင်မှာဖြစ်သည်။

❖ ○ ❖





"ဘာ … ဘာပြောလိုက်တယ် ဟေ့ကောင်။ မင်းပြောတာ သေချာလား"

"ဟုတ်ကဲ့ … သေချာပါတယ် Boss ။ လုံးဝမလွဲနိုင်ပါဘူး"

မာန်ထက်သည် မျက်နှာပေါ်ကို အပြုံးတစ်ခုတင်လိုက်ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ကာ …

"ဒါဆို ဒီက တစ်ယောက်က"

"ကျွန်တော် အဲဒါတော့ အတိအကျ မသိရသေးပါဘူး"

"ကောင်းပြီ ကျားကြီး။ မင်း တိတိကျကျ စုံစမ်းပါ။ အမြန်ဆုံး သိချင်တယ်နော်"

သူက ဖုန်းပိတ်လိုက်ပြီးနောက် ကျေနပ်အားရစွာ ဟားတိုက်ရယ်မောလိုက်လေသည်။ သူက ခေါင်းထဲမှာ အစီအစဉ်တွေ ရေးဆွဲကာ စနစ်တကျ အကွက်ချနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လေးအောင်တို့ကို စိမ့်ပန်းနဲ့ ချမ်းငြိမ်းရတို့ရဲ့ကိစ္စကို အခုလောလောဆယ် သူ သွားပြောဖို့ မသင့်သေးပေ။ ချမ်းငြိမ်းရကို သိပ်ချစ်တဲ့ စိမ့်ပန်းဆီသွေး ကိုယ်တိုင် ချမ်းငြိမ်းရကို စွန့်လွှတ်သွားအောင် သူ စီစဉ်မှာပဲဖြစ်သည်၊

ချမ်းငြိမ်းရကြောင့် ပါးရိုက်ခံခဲ့ရတဲ့ သူဟာ အဲဒီအငြိုးကြောင့် လုံးဝကို မကျေပါချေ။

မင်းရဲ့နေဝင်ချိန်ရောက်တော့မယ် ချမ်းငြိမ်းရ။

✣ ○ ✣





"အရမ်းကို ထူးဆန်းလွန်းနေတယ် ချမ်း။ သူ ဘာလို့ဒီကိစ္စကို လေးအောင်တို့ဆီ သွားမပြောရတာလဲ။ စိမ့်ပန်းတို့ကို သူ ဒီလောက်ထိတော့ သဘောထားမကြီးနိုင်ဘူးနော်"

စိမ့်ပန်းက ပျာယာတွေခတ်ကာ သူ့ကိုပြောလေလျှင် သူဟာ စိမ့်ပန်းရဲ့စိုးရိမ်မှုကို စိတ်ပူစွာဖြင့် သူမကို နှစ်သိမ့်ပေးရလေသည်။

"အရမ်းကြီး serious ဖြစ်မနေပါနဲ့ စိမ့်ပန်းရယ်။ သူက ဘာသဘောလဲဆိုတာ ကိုယ်တို့ သေချာမသိသေးဘူးလေ"

"ကို ... ကျွန်မက သူ့ပါးကို လူမြင်ကွင်းမှာ ရိုက်လိုက်မိတာနော်။ သူလိုယောကျ်ားမှာ ဘာအငြိုး ဘာအာဃာတမှ မရှိပါဘူးလို့ ကို အာမခံနိုင်လား။ သာမန်မကျေနပ်တဲ့ သဘောတရားတစ်ခုအတွက်ဆိုရင် သူ လေးအောင်တို့ကို သွားပြောပြီး ကျွန်မကို ချက်ချင်းလက်ထပ်လိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်လောက်ဆို ရှင်နဲ့ကျွန်မ ဒီလိုတွေ့လို့တောင် ရမှာမဟုတ်ဘူး”

အင်း ... စိမ့်ပန်း ပြောတာလည်း အမှားကြီးဖြစ်နိုင်ပေသည်။ မာန်ထက် ဆိုသောကောင်ဟာ ဘာတွေများ ကြံစည်ထားသလဲ။ သူက ခြောက်ပြစ်ကင်း သဲလဲစင်မဟုတ်ပေမယ့် ရိုးသားမှုအတွက်တော့ ရပ်တည်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် စိမ့်ပန်းရဲ့စိုးရိမ်ပူပန်နေတာလေးကို သူက ကြင်နာမြတ်နိုးစွာဖြင့် သူ့မပခုံးလေးကို ခပ်ဖွဖွပုတ်ပေးကာ ...

“အခုဆို လေးမောင်နဲ့ လေးအောင်ရဲ့ ဆက်ဆံရေးကလည်း အရင်လို တင်းတင်းမာမာ မဟုတ်တော့ဘူးဆိုတော့ ကိုယ်တို့အတွက် အခွင့်အရေး ရှိပါတယ်။ အရမ်းကြီးစိတ်မပူပါနဲ့”

“ဟူး ... ချမ်း၊ ဘာလုပ်ရမယ်ဆိုတာ သိရဲ့သားနဲ့ မသိချင်ယောင်ဆောင်နေတာ ဘာသဘောလဲ။ ချမ်း ဖြေရှင်းပေးပါ့မယ်ဆိုတဲ့ ကတိက ဘယ်ရောက်သွားပြီလဲ”

စိမ့်ပန်း ဘာကိုဆိုလိုတယ်ဆိုတာ သူသိပါသည်။ ဒါပေမဲ့ ...။ သူ့ဘဝမှာ အလုပ်ချင်ဆုံးဆန္ဒနဲ့ မလုပ်ချင်ဆုံးဆန္ဒက တစ်သားတည်း လာကျနေသောအခါ လူက မွန်းကျပ်ပင်ပန်းပြီး





အရမ်းနာကျင်ရပါသည်။ သူ ဖုံးထားတဲ့ အမှန်တရားတစ်ခုဟာ စေတနာဆိုတဲ့ တံဆိပ်ရိုက်လို့ မရမှန်း သိသိချည်းနဲ့ စေတနာထားခဲ့မိတာ မှားသွားပြီလား မသိပါ။

စိမ့်ပန်းရဲ့ မကြည်မလင်ဖြစ်နေတဲ့ ပုံစံလေးဟာ သူ စကားတစ်ခွန်း ပြောလိုက်တာနဲ့ ချက်ချင်းပြုံးရွှင်သွားမည်ဆိုတာ သူ သိသည်။

ဖွင့်ပြောလို့ရပေမယ့် ပြောခွင့်မရတာခက်၏။

သူဟာ စိမ့်ပန်းရဲ့ပခုံးလေးကိုဖက်ကာ သူမဆံနွယ်စလေးတွေကို တို့ထိပွတ်သပ်ချော့မြူရင်းက ...

“ကိုယ် စိမ့်ပန်းနဲ့ လုံးဝဝေးချင်ပါဘူးကွာ။ အဲဒီအတွက် ကိုယ် စိမ့်ပန်းနဲ့နီးအောင် ကြိုးစားရမယ်ဆိုတာ သိပါတယ်။ လောလောဆယ်မှာ မာန်ထက်နဲ့ လက်မထပ်ဖြစ်ဖို့က အရေးကြီးဆုံးပဲလေ။ အဓိကကျတာကို ကိုယ်တို့အရင်ဆုံး ဖြေရှင်းရမှာပေါ့”

“ကျစ် ... ချမ်းရဲ့ idea တွေကို စိမ့်ပန်း နားမလည်နိုင်တော့ဘူး။ စိမ့်ပန်းကို အရာရာ ရင်ဆိုင်ရဲအောင် သတ္တိရှိပါဆိုပြီး ပြောခဲ့တဲ့ ချမ်းက အခု သတ္တိမရှိတော့ဘူး။ ဘာလဲ ... ချမ်း။ ဝေးလည်းဝေးသွားပစေဆိုတဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



လား။ မာန်ထက်ဘက်က တုံ့ပြန်လာတဲ့ တုံ့ပြန်မှုကို အေးဆေးရင်ဆိုင်ကြမယ်၊ အရှုံးခံလိုက်မယ်ဆိုတဲ့ သဘော လား ...

ဒီအချိန်မှာ စိမ့်ပန်းတို့က အရမ်း Close ဖြစ်ရမယ့် အစား ဝေးနေသလိုပဲ။ ဝေးနေရခြင်းရဲ့အကြောင်းကလည်း ချမ်းစိတ်တွေ စိမ့်ပန်းအနားမှာ မနီးနေလို့ပဲ။ ဘာလို့လဲ ... စိမ့်ပန်းတို့ လမ်းခွဲကြတော့မှာလား"

စိမ့်ပန်းက ပေါက်ကွဲလေလျှင် သူဟာ လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ စိမ့်ပန်းရဲ့လက်ဖဝါးတွေကို ခပ်တင်းတင်း ဆုပ်ကိုင်၍ ...

"ကိုယ် စိမ့်ပန်းကို အရမ်းချစ်တယ်၊ အဲဒါ ကိုယ့်ရဲ့မှန်သောစကားပဲ။ ကိုယ်ပြောတာကို ခဏလေး စိတ်ငြိမ်ငြိမ်ထားပြီး နားထောင်ပေးပါ။ ကိုယ့်ဘဝမှာ စိမ့်ပန်းကိုအရမ်းချစ်တယ်။ ဘယ်အချိန်ပဲဖြစ်ဖြစ် ကိုယ် မင်းကိုချစ်ခဲ့တာပါ ...

ကိုယ်တို့စိတ်တွေ close မဖြစ်ဘူးဆိုတာ ကိုယ့်ဘက်က စိတ်ပူစိုးရိမ်မှုတွေ ရှိနေလို့ပါ။ ဒါပေမဲ့ စိတ်ချ စိမ့်ပန်း။ ဘဝမှာ စိမ့်ပန်း အဖြစ်ချင်ဆုံးဆန္ဒတွေဖြစ်တဲ့ လေးမောင်နဲ့





လေးအောင်ကို သင့်မြတ်သွားစေရမယ်။ ပြီးတော့ စိမ့်ပန်း အချစ်ကို ယုံကြည်နားလည်သွားစေရမယ်။ ဆိုလိုတာက ကွာ မချစ်တဲ့သူကို လုံးဝလက်မထပ်နိုင်တဲ့ စိတ်ပေါ့"

သူ့စကားတွေဟာ အရမ်းကိုမြင့်နေတယ်သို့ ထင်နေသော စိမ့်ပန်းက သူ့ကိုနားမလည်တဲ့ မျက်ဝန်းတွေဖြင့် စိုက်ကြည့်ကာ ...

"ချမ်း ပြောတာတွေကို သေချာနားမလည်ပေမယ့် စိမ့်ပန်း မှတ်ထားပါ့မယ်။ ပြီးတော့ စိမ့်ပန်းကိုချစ်တဲ့ အချစ်ကိုတော့ စိမ့်ပန်း ယုံတယ်"

"Ok ... ဒါဆိုရင် သင့်မြတ်စပြုနေပြီဖြစ်တဲ့ လေးမောင်နဲ့ လေးအောင် ဒီ့ထက်ပိုပြီး ရင်းနှီးသွားစေဖို့အတွက် ကိုယ့်မှာ idea တစ်ခုရှိတယ်။ အဲဒီ idea က အခန့်မသင့်ရင် စိမ့်ပန်းလည်း မာန်ထက်ကို ယူစရာမလိုတော့လောက်အောင် ကောင်းသွားနိုင်တယ်"

အဲဒီစကားကြောင့် စိမ့်ပန်းရဲ့ မျက်ဝန်းတွေဟာ အရောင်တဖျပ်ဖျပ် တောက်သွားကာ ပြုံးရွှင်သွားလေသည်၊ ပြီးတော့ သူ့ရဲ့လက်နှစ်ဖက်ကို လှုပ်ယမ်း၍ အမောတကော မေးလေ၏။

"ဘာအကြံလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမှာပေါ့ကွ။ ကိုယ်က ဉာဏ်ကောင်းပါတယ်ဆို။ စိမ့်ပန်းကို ခုနကတည်းက အဲဒီ idea ပြောပြမလို့ကို။ စိမ့်ပန်းက ကိုယ့်ကို ပေါက်ကွဲနေတာကိုး"

သူက စိမ့်ပန်းကို သူ ခုနကပြောဖြစ်သွားတဲ့စကားနဲ့ ပတ်သက်၍ စိတ်ထဲမှာ မေ့ပျောက်သွားအောင် စိမ့်ပန်းကို နောက်လိုက်လေလျှင် စိမ့်ပန်းက ချစ်စရာကောင်းလှသော မျက်စောင်းလေးထိုးကာ ရှက်ပြုံးလေးပြုံး၍ ...

"ကဲ ... အကြံအစည်ကောင်း ဆိုတာသာ ပြောတော့။ တကယ်ပဲ သိပ်လျှာရှည်တဲ့ မာမီချမ်း"

"ဟား ဟား ... ဒီလိုကွ။ စိမ့်ပန်းရဲ့ဦးလေးနှစ်ယောက် ပြန်သင့်မြတ်ဖို့ဆိုတာ သင့်မြတ်သွားစေမယ့် အကြောင်းရင်းရှိမှ ရမယ်ကွာ။ အဲဒီတော့ ကိုယ်တို့တွေ အကြောင်းရင်း ရှာရမှာပေါ့"

"အင်း ... ဘာအကြောင်းလဲ"

"အင်း ... လေးမောင်နဲ့ လေးအောင်က စိမ့်ပန်းကို သိပ်ချစ်ကြတယ်မှလား။ အေး ... အဲဒီလိုပဲပေါ့။ သူတို့ရဲ့ တစ်ဦးတည်းသော ညီမလေးဖြစ်တဲ့ စိမ့်ပန်း မေမေ့ကို လည်း သူတို့ ချစ်ကြတယ်။ အဲဒီတော့ တစ်ချက်ခုတ်နှစ်





ချက်ပြတ်သွားအောင် စိမ့်ပန်းမေမေက အဓိက သရုပ်ဆောင်ရလိမ့်မယ်"

စိမ့်ပန်းက သူဆိုလိုချင်တာကို နားမရှင်းဟန်ဖြင့် မျက်လုံးအပြူးသား ကြောင်ကြည့်နေလျှင် သူဟာ အဲဒီပုံစံလေးကို ချစ်စနိုးစိတ်ဖြင့် စိမ့်ပန်းရဲ့နဖူးလေးကို အသာပုတ်လိုက်ပြီး ...

"အန်တီက တစ်သက်လုံး စိမ့်ပန်း လေးလေးတွေရဲ့စကားကို နားထောင်ခဲ့တဲ့သူ မှလား။ အမြဲတမ်း ခပ်အေးအေးနေတဲ့သူတစ်ယောက်က ဝုန်းခနဲ ထလှုပ်ခတ်လိုက်မယ်ဆိုရင် လုံးဝအဆင်ပြေပြီပဲ"

"ဒါဆိုရင် မေမေက"

သူက ခေါင်းတဆတ်ဆတ်ညိတ်ရုံတင်မက လက်ဖျောက်ပါ တစ်ချက်တီးလိုက်ကာ ...

"right ! ... အန်တီသာ အကယ်ဒမီရှော့ခ်ဆိုရင် ဒီဇာတ်လမ်း လုံးဝပေါက်ပြီ။ တစ်ချက်တည်းနဲ့ အားလုံးအငြိမ်းပဲ။ ကိုယ် ရအောင် လုပ်ပြမယ်"

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"သို့

ကိုကြီး ... ကိုလေး ...

ညီမလေးတို့ သားအမိအပေါ်ကိုထားတဲ့ ကိုကြီးနဲ့ ကိုလေးရဲ့စေတနာကို နားလည်ပါတယ်။ သမီးလေး စိမ့်ပန်း အတွက် ရည်ရွယ်ထားတဲ့ မျှော်လင့်ချက်တွေကို မိခင်တစ်ယောက်အနေနဲ့ ဘာမှမပြောချင်တော့ဘာကြောင့် ကိုကြီးတို့ မျှော်လင့်တာတွေ ဆက်ဖြစ်ဖို့အတွက် ညီမလေး ထွက်သွားခဲ့ပါပြီ။ သမီး စိမ့်ပန်းရဲ့လက်ထပ်ခြင်းအတွက် ကိုကြီးနဲ့ ကိုလေး ကျေနပ်နိုင်မှာပါ။ အဲဒါဆိုရင် ထာဝရသင့်သင့် မြတ်မြတ် နေကြပါ ...





ညီမလေးဘဝမှာ အဖြစ်ချင်ဆုံးဆန္ဒက ကိုကြီးနဲ့ ကိုလေးကို ချစ်ချစ်ခင်ခင် သင့်သင့်မြတ်မြတ် ဖြစ်စေချင်တာပါ။ သမီးလေးရဲ့ အဖြစ်ချင်ဆုံး ဆန္ဒကလည်း အဲဒီအတိုင်းပါပဲတဲ့။ သမီးလေး လက်ထပ်မှ သင့်မြတ်မယ့် ကိုကြီးနဲ့ ကိုလေးအတွက် သမီးလေးက သူ မချစ်တဲ့သူကို လက်ထပ်ရမှာမို့ မိခင်ဖြစ်တဲ့ ညီမလေး စိတ်မကောင်းဘူး။ ဒါကြောင့် အားလုံး အဆင်ပြေအောင် ညီမလေးလည်း စိတ်မကောင်း မဖြစ်ရအောင် ကိုကြီးနဲ့ ကိုလေးတို့ရဲ့ဝေးရာကို ထွက်သွားပါပြီ။ သမီးလေး စိမ့်ပန်းကို ကိုကြီးနဲ့ ကိုလေး သဘောတူတဲ့ မောင်မာန်ထက်နဲ့ စီစဉ်ပေးလိုက်ပါ။ ကိုကြီးတို့ရဲ့တူမက လိမ္မာတဲ့ကလေးဆိုတော့ ကိုကြီးတို့စကား နားထောင်မှာပါ။ ဒီလက်ထပ်ပွဲကြီး ပြီးရင်တော့ ညီမလေးနဲ့ တူမလေးရဲ့အဖြစ်ချင်ဆုံးဆန္ဒကို လိုက်လျောပေးပါ။

သမီးလေးကို စိတ်ချပါရစေ။

ကိုကြီးနဲ့ ကိုလေးကို ကန်တော့ပါတယ်။

ညီမလေး

ပန်းယမုံ"



www.burmeseclassic.com

www.burmeseclassic.com



တကို အစအဆုံး ဖတ်ပြီးသွားသောအခါ ဦးရွှေမောင်နှင့် ဦးရွှေအောင်သည် ဟာခနဲ ရေရွှတ်ကာ နှစ်ယောက်စလုံး မျက်စိမျက်နှာပျက် ဖြစ်သွား၏။ ပြီးတော့ မချိတင်ကဲ လေသံဖြင့် ...

"တောက် ... မိယမုံကွာ။ ဘာတွေလျှောက်လုပ်နေတာလဲ မသိဘူး"

"ကလေးလည်း မဟုတ်တော့ဘူး။ ဒါတောင် သင်း အရူး ထတုန်း"

"ဟော့ကောင် ... ယမုံ ခုလိုထွက်သွားတာ မင်းကြောင့်။ မင်း ဟိုကောင်နဲ့ စိမ့်ပန်းကို စွတ်သဘောတူပြီး ဇွတ်စီစဉ်လို့ အခုလို ဖြစ်ရတာကွ"

"ဘာ ... မင်း ဘာပြောတယ်။ ဟော့ကောင် ... မင်းပဲ မာန်ထက်ကို သဘောကျတယ်ဆို။ ဘာပဲဖြစ်ဖြစ် ငါရွေးထားတဲ့လူကသာတယ်။ မင်း ဝီရအောင်ကတော့ ဖွီး ... တကယ့်ဖွတ်ပဲ"

"မင်း ဘာစကားပြောတာလဲကွ"

အခြေအနေက စိမ့်ပန်းမှ မတားလျှင် ထပြီးလူကြီးတွေ နပမ်းလုံးတော့မည့် အနေအထားမှာ ရှိတာမို့ စိမ့်ပန်းက ဝင်ဖျန်ဖြေရတော့သည်။





"ကဲ ... တော်ကြပါတော့ လေးလေးတို့ရယ်။ မေမေ့ကိုလည်း နည်းနည်း အားနာကြပါဦး။ မေမေ အခု ဘယ်ထွက်သွားလဲဆိုတာလည်း မသိဘူး။ စိမ့်ပန်းတို့ ဘယ်လိုလုပ်ကြမလဲ"

စိမ့်ပန်းက မျက်ရည်ပါကျလာလေလျှင် စိမ့်ပန်းကို သိပ်ချစ်လေသော လေးမောင်နှင့် လေးအောင်က စိမ့်ပန်းဆီသို့ အပြေးလာကာ ပျာပျာသလဲ ချော့ကြလေ၏။

"မငိုပါနဲ့ သမီးရယ်။ လေးမောင် သမီးအမေကို ရှာပေးမှာပေါ့။ သမီးအမေက သိပ်လည်းဝေးဝေးသွားမှာ မဟုတ်ပါဘူး။ လေးမောင်တို့ မတွေ့တွေ့အောင် ရှာပေးမယ်နော်၊ သမီး ဘာမှမပူနဲ့"

"ဟင့် ... မေမေ့ကို သနားလိုက်တာ။ စိမ့်ပန်းကိုတောင်ထားခဲ့ပြီး ထွက်သွားတယ်။ လေးလေးတို့ရယ် ... သမီး တောင်းပန်ပါတယ်။ ရန်မဖြစ်ကြပါနဲ့တော့ ...

လေးလေးတို့ သဘောတူတဲ့ ကိုမာန်ထက်နဲ့ သမီး လက်ထပ်ပါ့မယ်၊ အဓိက,က လေးမောင်နဲ့ လေးအောင် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ဖြစ်သွားဖို့က အဓိက...



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... အေးပါ။ ကဲ ... ကဲ ... သမီး ... သမီး သွားအနားယူလိုက်တော့။ သမီးမေမေအတွက် စိတ်မပူနဲ့။ လေးအောင်တို့ မရ,ရအောင် ရှာမယ်ကွာ။ သူ့ကိုပြန်တွေ့စေရမယ်။ ကတိပေးတယ်။ သမီး သွားနားတော့"

စိမ့်ပန်းက ဟင့်ခနဲတစ်ချက်ရှိုက်လိုက်ကာ လေးလေးတို့ရှေ့ကနေ ထွက်လာခဲ့၏။ စိမ့်ပန်း တံခါးဝအနားရောက်လေလျှင် လေးမောင်က လှမ်းမေးလေသည်။

"စိမ့်ပန်း ... သမီး၊ ဒီကိစ္စအတွက် သမီး ဘာဖြစ်ချင်လဲ ဟင်"

စိမ့်ပန်းက လေးလေးတို့ကို အရမ်းကို လေးနက်လေသောစကားကို ပြောလိုက်လေသည်။

"မေမေ ထွက်သွားတာဟာ အားလုံးကို အဆင်ပြေသွားစေချင်လို့ပါ။ သမီးက မေမေ့ဆန္ဒတွေတင် မကဘူး လေးလေးတို့ကိုပါ စိတ်ချမ်းသာစေချင်တာပါ။ သမီးဘဝမှာ မေမေရယ်၊ လေးလေးတို့ရယ် ပျော်ရွှင်သာယာတဲ့ မိသားစု ဖြစ်ချင်ပါတယ်။ အိမ်တစ်အိမ်မှာ ပိုက်ဆံတွေ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ မိသားစုနွေးထွေးပျော်





ရွှင်မှုဆိုတာ မရှိရင် အဲဒီအိမ်ဟာ ခြောက်ကပ်နေမှာပဲ။ လေးမောင်နဲ့ လေးအောင်ကို သမီးနဲ့မေမေက ချစ်သလိုမျိုး လေးမောင်နဲ့ လေးအောင်သာ ချစ်ကြမယ်ဆိုရင် ဘယ်လောက်များ စိတ်ချမ်းသာလိုက်မလဲဆိုတဲ့ စိတ်ကူးမျှော်လင့်ချက်လေးနဲ့ မျှော်လင့်နေရတာပါ ...

သမီးရဲ့လက်ထပ်ခြင်းက လေးလေးတို့အတွက် သင့်မြတ်စေဖို့ အကြောင်းတရားဆိုတော့ သမီး လေးလေးတို့ စီစဉ်တာကို လုံးဝငြင်းမှာ မဟုတ်ပါဘူး။ လေးလေးတို့ သဘောအတိုင်းပါပဲ"

စိမ့်ပန်းရဲ့စကားတွေဟာ လေးမောင်နဲ့ လေးအောင်ရဲ့ နှလုံးသားတည့်တည့်ကို သွားထိလေ၏။ နှစ်ယောက်သား လုံးဝကို ငြိမ်ကျသွားကာ တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေဟန်တူသည်။ စိမ့်ပန်း အခန်းထဲက ထွက်သွားလေလျှင် ဦးရွှေအောင်ကပဲ စတင်ကာ ...

"ဘယ့်နှယ်လုပ်မလဲ ရွှေမောင်။ ယမုံက ဘယ်ရောက်သွားတာလဲ။ ငါတို့တွေက သူတို့အမြင်မှာ တကယ်ပဲ လူဆိုးကြီးတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ငါက အမြဲပြိုင်နေဆိုင်နေ ရန်ဖြစ်နေကြတော့ သူတို့လေးတွေ ရင်ထဲခံစားရတာပေါ့။ ကဲ ... ဘယ်လိုလဲ ရွှေအောင်၊ ငါတို့ ပြိုင်ဆိုင်မှုတွေ အဆုံးသတ်တော့မှာလား"

"အသက်တွေလည်း ကြီးလာပါပြီကွာ။ တို့ညီအစ်ကိုတွေ အရာရာကို ပြိုင်တတ်တဲ့ ညာဉ်ဆိုးကြီးကို ဖျောက်လိုက်ကြရအောင်ကွာ"

ဦးရွှေမောင်နဲ့ ဦးရွှေအောင်တို့က တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု ယူလိုက်ကြသည်။ သူတို့နှစ်ယောက်ရဲ့ ပြိုင်ဆိုင်မှုတွေ၊ ဘတစ်ပြန် ကျားတစ်ပြန် စိန်ခေါ်မှုတွေဟာ အခု တော့ အားလုံး လက်နက်ချလိုက်ပြီဖြစ်၏။

"ဒါ့ထက် အရေးကြီးတာ ရှိသေးတယ်။ စိမ့်ပန်းကို မာန်ထက်နဲ့ ပေးစားမှာလား"

"သူ့အမေကမှ သဘောမတူတာကွာ။ ငါတို့ကတော့ ငါတို့ တူမလေးကို မာန်ထက်လိုလူမျိုးနဲ့ ပေးစားလိုက်ရင် ဘဝ တစ်သက်လုံး အဆင်ပြေလိမ့်မယ်လို့ တွက်ထားတာလေ။ ဒါပေမဲ့ စိမ့်ပန်းလေးခမျာ ငါတို့သင့်မြတ်ဖို့အတွက် မယူ ချင်ဘဲ ယူရမှာ။ ငါတို့တူမလေးကို စိတ်ဆင်းရဲအောင် လုပ်သလို ဖြစ်သွားမှာပေါ့ ရွှေအောင်ရ။ မာန်ထက် ဘယ်





လောက်ပဲ ချမ်းသာ ချမ်းသာ အရေးကြီးတာ ချစ်ခြင်းမေတ္တာ ကွ။ တို့တူမကမှ သူ့ကို မချစ်နိုင်တာ၊ ငါတို့ မယုံကြည်တဲ့ အချစ်ကို သူတို့က ကိုးကွယ်ယုံကြည်တော့ အဲဒီမှာ အယူ အဆလွဲပြီး စိတ်ဆင်းရဲကုန်ကြတာ။ ငါလည်း ဝီရအောင်နဲ့ ပေးစားဖို့ ငြင်းလိုက်တာပဲကွာ။ မင်းလည်း ဟိုကောင်လေး ကို ကြည့်ကျက်ပြောလိုက်ပေါ့ကွ"

ဦးရွှေအောင်က နားလည်သဘောပေါက်စွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လေသည်။ လူပျိုကြီးတွေဖြစ်ကြတဲ့ သူတို့ညီအစ်ကိုနှစ်ယောက်အတွက် ချစ်ခြင်းမေတ္တာကို မကိုးကွယ် ပေမယ့် သူတို့မှာလည်း ချစ်တဲ့စိတ်တော့ ရှိလေသည်။

အခု ချစ်တဲ့ညီမလေးဟာ သူတို့နဲ့ဝေးရာကိုထွက် သွားလေသောအခါ သူတို့မှာ စိုးရိမ်ပူပန်ရလေသည်။ အဲဒါဟာ ပူလောင်မှုပဲဖြစ်၏။ ကိုယ်ချင်းစာကြည့်လိုက်ရင် တူမလေးစိမ့်ပန်း ရဲ့ခံစားချက်ကို စာနာပေးလို့ ရသွားပါသည်။

မာန်ထက်ရဲ့မိဘတွေနဲ့ စကားတွေ ကျွံသွားတယ် ဆိုပေမယ့် သူ့တူမ မချစ်တဲ့လူကို လက်မထပ်စေချင်တဲ့ ကိုယ် ချင်းစာစိတ်ကြောင့် သူ ငြင်းပစ်ရပါလိမ့်မည်။

✤ ○ ✤



www.burmeseclassic.com

www.burmeseclassic.com



လေးလေးတို့ရဲ့ ရှာဖွေမှုကောင်းခြင်းကြောင့် မေမေ့ကို အမြန်ဆုံး ရှာတွေ့လေသည်။ (အမှန်က လေးလေးတို့ရှာနေတယ် ဆိုကတည်းက မြန်မြန်တွေ့အောင် မေမေက လူလုံးထွက်လိုက်တာပဲဖြစ်၏။) အခုဆို ဖြစ်စေချင်တဲ့ ဆန္ဒတွေဟာ တကယ်ပဲဖြစ်လို့လာလေ၏။ လေးလေးတို့ဟာ စိမ့်ပန်းကို မာန်ထက်နဲ့ မပေးစားတော့ဘူးဆိုတဲ့ ကတိပေးမှုအပြင် ဘယ်တော့မှ ရန်မဖြစ်တော့ဘဲ ချစ်ချစ်ခင်ခင် အတူတူ အလုပ်လုပ်သွားကြမယ်ဆိုတဲ့ ကတိစကားကြောင့် စိမ့်ပန်းကော မေမေပါ အရမ်းကိုစိတ်ချမ်းသာခဲ့ရတာဖြစ်သည်။

ဒီကိစ္စတွေရဲ့ ဒါရိုက်တာကတော့ ချမ်းဖြစ်၏။ ချမ်းရဲ့စီစဉ်ပေးမှုကြောင့် အခုဆို တစ်သက်လုံးမတည့်တဲ့ ညီအစ်ကို အဆင်ပြေသွားခဲ့ပြီ။ စိမ့်ပန်း ချစ်တဲ့ ချမ်းဟာ စိမ့်ပန်းအတွက်တော့ ကံကောင်းခြင်းတွေကို သယ်ဆောင်လာတဲ့ ချစ်သူလေးပဲဖြစ်၏။





အရာရာကို အဆင်ပြေ ချောမွေ့သွားအောင် ဖန်တီးပေးခဲ့တဲ့ စိမ့်ပန်းရဲ့ Hero လေးကို အရင်ကထက်တောင် ပိုချစ်သွားခဲ့ပြီဖြစ်သည်။ စိမ့်ပန်းရဲ့ အူမြူးနေတဲ့ပုံစံကို ဗီယတို့က အမြင်ကတ်ဟန်ဖြင့် မျက်စောင်းထိုးကာ ...

"ဟွန့် ... မိန်းမရယ်။ သိပ်ပိုတာပဲ"

"ဟဲ ဟဲ ... မနာလို မရှိကြနဲ့လေဟယ်။ ချမ်းလေးက ငါ့ရဲ့အိပ်မက်တွေကို ဖန်ဆင်းပေးတဲ့ နတ်သားလေ၊ ငါ့ဘဝရဲ့ပင်လယ်ကြီးလေ ... ဟိ"

"အေးနော် ... ဟုတ်တော့ ဟုတ်တယ်။ နင့်ကို သူ့ခမျာ တော်တော်ချစ်ရှာတာ။ ဟိုးရန်ကုန်ကနေပြီး ရှိသမျှအလုပ် အကုန်ပစ်ပြီး နင့်ကိစ္စပဲ ရှင်းပေးနေတာ။ မဆိုးပါဘူး၊ ငါ့သူငယ်ချင်း ဘဲရကံကောင်းတယ်။ ဟဲ့ ... ဒါမျိုးနောက်တစ်ယောက်ရှိရင် share လိုက်နော်"

"ဟင် ... ဘာလုပ်ဖို့လဲ"

"ဩော် ... တစ်ခါတည်း ဆွဲစိထားမလို့ပေါ့ဟ"

ရွှေဆင်း စကားကြောင့် စိမ့်ပန်းတို့က တဟားဟားဖြင့် ပွဲကျအောင် ရယ်မောပျော်ရွှင်နေစဉ်မှာ စိမ့်ပန်းတို့ဆီ ရောက်ချလာတာကတော့ မာန်ထက်ပဲဖြစ်၏။ သူက စိမ့်ပန်းကို ခပ်နက်နက် စိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို လက်ထပ်ခွင့် မရတော့လို့ မစားရတဲ့အမဲ သဲနဲ့ ပက်တာ မဟုတ်ဘူး စိမ့်ပန်း။ ကိုယ် အခုပြောတဲ့စကားကို မင်း စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါ။ မင်းကိုမပြောဘူးဆိုရင် မင်းဘဝတစ်ခုလုံး လူလိမ်လက်ထဲမှာ နစ်မြုပ်သွားတော့မှာမို့လို့ ကိုယ် စေတနာနဲ့ ပြောတာနော်"

စိမ့်ပန်းက ဘာတွေပြောနေမှန်း မသိတဲ့သူ့ကို စကားမပြောချင်ပေမယ့် ချမ်းနဲ့ စိမ့်ပန်းကို ဘာမှအနှောင့်ယှက်မပေးဘဲ အေးဆေးဖြစ်သွားတာကို ကျေးဇူးတင်သောအားဖြင့် သူပြောမယ့်စကားတို့ကို အားနာပါးနာဖြင့် ဆက်နားထောင်လိုက်လေသည်။

"ဒီမှာ စိမ့်ပန်း ... မင်း Hero တစ်ယောက်လို ကိုးကွယ်ပြီး သိပ်ချစ်လှပါချည်ရဲ့ဆိုတဲ့ မင်းဘေးနားမှာရှိနေတဲ့ ကောင်က မင်းရည်းစား ချမ်းဝီရလို့ မင်းထင်နေလား"

သူ့စကားတွေဟာ တစ်ဆိတ်တော့ လွန်လာပြီမို့ စိမ့်ပန်းက ဟူးခနဲ လေပူမှုတ်ထုတ်ကာ ...

"ကိုမာန်ထက် ... ဘာပြောချင်တာလဲ။ ကျွန်မလည်း လုပ်စရာ အလုပ်လေးတွေ ရှိနေသေးလို့"



"ကောင်းပြီ စိမ့်ပန်း။ မင်း စိတ်တော့ ခိုင်ခိုင်ထားနော်။ မင်းဘေးနားမှာ ရှိနေတဲ့ မင်းရဲ့ရည်းစား ချမ်းဝီရက မင်းရည်းစားအစစ် မဟုတ်ဘူး။ အခု မင်းအနားက ကောင်က ချမ်းဝီရရဲ့အမြွှာအစ်ကို ချမ်းသီဟ"

"ဘာ ... ဘာပြောတယ်"

"ဟုတ်တယ် စိမ့်ပန်း။ မင်းနဲ့ ချစ်ခဲ့တဲ့ ချမ်းဝီရက လွန်ခဲ့တဲ့ နှစ်လလောက်က ကားအက်ဆီးဒင့်ကြောင့် ဆုံးသွားပြီ။ အခု မင်းအနားကလူက ချမ်းသီဟပဲ"

"ဘယ် ... ဘယ်လို"

စိမ့်ပန်းသည် ကြားရတဲ့စကားတွေအတွက် မိုက်ခနဲ တောင် ဖြစ်သွားရသည်။ ဘုရား ... ဘုရား ... သူ ... သူဘာတွေပြောနေတာလဲ။ ချမ်းက စိမ့်ပန်းချစ်သူလေ။ ချမ်းဝီရပါ။ ဘယ်က ချမ်းသီဟတွေက ပါလာရတာလဲ။ ပြီးတော့ ဘာတွေလဲ။ နမိတ်မရှိစကားတွေ။

"ကိုယ် တကယ်ပြောတာ စိမ့်ပန်း။ ကိုယ် ဒီကိစ္စကို ခုနကလေးတင် သိခဲ့ရတာ။ ချမ်းဝီရကို သိပ်မသက်ာလို့ ရန်ကုန်က ကိုယ့်တပည့်ကို စုံစမ်းခိုင်းထားတာ။ အခု မင်း

www.burmeseclassic.com

www.burmeseclassic.com



အနားကကောင်က မင်းရည်းစား မဟုတ်ဘူး။ မင်းရည်းစားက ဆုံးသွားပြီ။ ရော့ ... ဒီသတင်းစာ ဖတ်ကြည့်လိုက်"

စိမ့်ပန်းသည် သူလှမ်းပေးသော သတင်းစာကိုယူလိုက်ကတည်းက ရင်ထဲမှာ တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်။ မဟုတ်ပါဘူးဆိုတဲ့ အသိစိတ်ရယ်၊ ဟုတ်နေလားဆိုတဲ့ သိချင်စိတ်ရယ် ပေါင်းစပ်ရောနှောနေတဲ့ စိမ့်ပန်းရဲ့ကြောက်စိတ်တွေသည် သတင်းစာရဲ့နောက်ကျောပိုင်းက နာရေးစာမျက်နှာထက်က နာမည်တစ်ခုကို ရှာဖွေလို့ တွေ့သွားလျှင် တုန်လှုပ်သောစိတ်၊ ယူကျုံးမရသောစိတ်တွေဖြင့် လူက တဆတ်ဆတ် တုန်ယင်လာကာ ဘာစကားမှ မပြောနိုင်သေးပေ။

"စိမ့်ပန်း ... သူငယ်ချင်း စိမ့်ပန်း"

မျက်ရည်ဥတွေ ဝိုင်းရစ်လာသော မျက်ဝန်းတွေကို မငိုဖို့ အားတင်းထားရင်းက အေးစက်အက်ခွဲနေသော လေသံဖြင့် သူ့ကိုမေးမိလေသေးသည်။

"ချမ်း ... ချမ်းက တကယ် ... တကယ်ပဲ အဲဒီလိုဖြစ်သွားပြီလား။ ဟင့်အင်း ... မဖြစ်နိုင်ဘူး။ ကျွန်မကို ရှင်လိမ်နေတာ"





"ဆောရီးပဲ ... စိမ့်ပန်း။ ဒီစကားတွေ အခုလိုပြောရတာ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ အခြေအနေတစ်ခုအပေါ် အခွင့်အရေးယူနေတဲ့လူကို စိမ့်ပန်းက ကိုယ့်ချစ်သူထင်ပြီး ယုံကြည်နေတာကို မဖြစ်သင့်ဘူးထင်လို့ ကိုယ်လာပြောရတာပါ ...

အခု မင်းရဲ့အနားကသူဟာ ချမ်းသီဟပဲ။ မင်းချစ်သူက တကယ်ပဲ ဒီလောကထဲမှာ မရှိတော့ပါဘူး ...

ကိုယ့်ကို သွားခွင့်ပြုပါဦး"

စိမ့်ပန်းက အရုပ်ကြိုးပြတ် ထိုင်ချကာ တွေတွေကြီး သတင်းစာကို စိုက်ကြည့်နေခဲ့မိသည်။ ချမ်း ဆုံးသွားပြီတဲ့။ ချမ်း ဒီလောကမှာ မရှိတော့တာ နှစ်လတောင် ပြည့်ခဲ့ပြီ။ အခု စိမ့်ပန်း အနားက သူက ချမ်း မဟုတ်ဘူးတဲ့။

စိမ့်ပန်းသည် ဝမ်းနည်းနာကျင်မှုတွေ ရောထွေးနှိပ်စက်နေတာကြောင့် နှလုံးသားတစ်ခုလုံးက ဆို့နေပြီး ဘာပြောရမှန်းကို မသိတော့ချေ။

"စိမ့်ပန်း ... သူငယ်ချင်း၊ စိတ်ကို အဲဒီလိုကြီး တင်းမထားနဲ့။ နင့်စိတ်တွေကို လျှော့ချလိုက်။ ငိုလိုက် သူငယ်ချင်း။ ငိုချလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ပီယနဲ့ ရွှေဆင်းက စိမ့်ပန်းကို ခပ်တင်းတင်းဖက်ထားကာ အတင်းနှစ်သိမ့်ပေးနေကြလျှင် စိမ့်ပန်းဟာ ဘယ်လိုမှ ခံနိုင်ရည်အား မရှိတော့စွာဖြင့် မျက်ရည်တွေက ပေါက်ပေါက်, ပေါက်ပေါက် ကျလာလေတော့သည်။

ချမ်း ... ချမ်းက ဒီကမ္ဘာလောကကြီးမှာ မရှိတော့ဘူးတဲ့။ သူ ဆုံးသွားပြီဆိုသော အတိအကျသတင်းသည် စိမ့်ပန်းကို နင့်နေအောင် ခံစားရသဖြင့် နလုံးသားကို လေဟပ်သွားစေပါသည်။

✣ ○ ✣





၁၉

သူ့ကို စိမ့်ပန်းက တွေ့ချင်တယ် ဆိုသောကြောင့် သူဟာ စိမ့်ပန်းနဲ့ ချိန်းထားတဲ့နေရာကို သွားလိုက်လျှင် စိမ့်ပန်းကို သူမရဲ့သူငယ်ချင်းနှစ်ယောက်နဲ့ အတူတွဲတွေ့လိုက်ရလေသည်။ စိမ့်ပန်း ဘာဖြစ်လို့ပါလိမ့်။ အဝေးကကြည့်ရုံနှင့် ဖျော့တော့နေသည့် စိမ့်ပန်း မျက်နှာလေးဟာ တစ်ခုခုကို ကြေကွဲနေမှန်း သိသာပါသည်။ သူဟာ ဘာများဖြစ်လို့ပါလိမ့်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ စိမ့်ပန်းရှေ့သို့ ရောက်သွားလေသည်။

"စိမ့်ပန်း"

သူ့အသံကြောင့် စိမ့်ပန်းဟာ ပါးပျဉ်းထောင်ထလာသော မြွေဟောက်ပျိုလေးတစ်ကောင်လို အဆိပ်ပြင်းပြင်းမျက်နှာ



www.burmeseclassic.com

တွေဖြင့် သူ့ကို ဆတ်ခနဲ မော့ကြည့်လေသည်။ စိမ့်ပန်း ဘာဖြစ်လို့ပါလိမ့်။ သူဟာ ဘာမှန်း နားမလည်သေးစွာဖြင့် စိမ့်ပန်းကို ငေးကြည့်နေမိသည်။ စိမ်ပန်းရဲ့မျက်လုံးတွေဟာ နီရဲအစ်မို့နေလေသည်။ လေတွေတဖြူးဖြူးတိုက်နေလို့ပဲ မျက်လုံးစပ်လို့ စိမ့်ပန်း မျက်ဝန်းလေးတွေ နီရဲနေတာများလား။

"စိမ့်ပန်း ... ဘာဖြစ်လို့လဲဟင်"

သူ့ရဲ့မေးခွန်းအဆုံးသတ်မှာ သူဟာ မျက်နှာတစ်ခုလုံး ချာခနဲ လည်ထွက်သွားရတော့သည်။ ပူပြင်းစူးရှတဲ့ နာကျင်မှုဟာ သူ့ပါးပြင်ပေါ်မှာထက် သူ့နှလုံးသားမှာ ပိုနာကျင်ရလေသည်။ ဘာတွေဖြစ်ကုန်ပြီလဲဆိုတဲ့ ပဟေဠိအတွက် သူ့ကို စိမ့်ပန်းက နာနာကြည်းကြည်း စိုက်ကြည့်ကာ အက်ကွဲရှတသောလေသံဖြင့် တစ်ခွန်းချင်း ပြောလေသည်။

"လူလိမ် ... လူယုတ်မာ"

ဒီလောက်ဆို အခြေအနေက ဘာဆိုတာ သူသဘောပေါက်လေသည်။ ဒီကနေ့ အဖြစ်အပျက် တစ်နေ့မှာ ဖြစ်လာလိမ့်မယ်လို့ သူ့ဘက်က ကြိုတင်တွက်ဆထားပြီးသားဖြစ်သည်။ စိမ့်ပန်းကို သူဟာ ရှင်းပြဖို့တော့ လိုအပ်ပါလိမ့်မည်။

"စိမ့်ပန်း ... ကိုယ် ရှင်း ..."





"တော်တော့၊ ရှင့်အသံကို မကြားချင်ဘူး ချမ်း ... သီ ... ဟ ...။ ရှင့်ရဲ့စိတ်ဓာတ်ကို ကျွန်မ ... ကျွန်မ ဘယ်လိုပြောရမလဲ။ သိပ်အောက်တန်းကျတယ်။ ကျွန်မက ရှင့်ညီရဲ့ချစ်သူပါ။ အခုလို ရှင်လုပ်တာဟာ ..."

စိမ့်ပန်းက ဆို့နေတာကြောင့် စကားသံဆက်မထွက်လာတော့ဘဲ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာလေသည်။ သူဟာ စိမ့်ပန်းရဲ့စွဲချက်တွေအတွက် မျက်ရည်အဝဲသားနဲ့ပဲ ရပ်ငေးနေရသည်။ စိမ့်ပန်းရဲ့ရှိုက်ကြီးတငင် ငိုကြွေးမှုကို သူက လျစ်လျူရှုမထားနိုင်စွာဖြင့် စိမ့်ပန်း ပခုံးကို ခပ်ဖွဖွကိုင်မိသွားလျှင် သူမက ဆတ်ခနဲ ပုတ်ထုတ်ကာ သူ့ကို အင်မတန်မှ ရွံရှာစက်ဆုပ်သော အကြည့်ဖြင့် ကြည့်လေသည်။

"ကိုယ် ဘာလို့ ဒီလိုလုပ်ခဲ့တာလဲဆိုတာ မင်းကို မပြောတော့ပါဘူး စိမ့်ပန်း။ ဒါပေမဲ့ ကိုယ့်ညီရဲ့ဆန္ဒနဲ့ မင်းရဲ့အခက်အခဲတွေကို ဖြေရှင်းပေးချင်တာ။ အဲဒီအတွက် ဝီရမရှိတော့ပေမယ့် ဝီရရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ ကိုယ် ဒီလိုဖန်တီးခဲ့တာ"

"ချမ်း ... ချမ်းက ဘယ်လိုဖြစ်သွားတာလဲဟင်"

www.burmeseclassic.com



သူဟာ နာကျင်ရတဲ့ အတိတ်ကို ပြန်လည်တူးဆွကာ စိမ့်ပန်းကို ပြောပြရလေသည်။

"သူ ချောင်းသာက ပြန်အလာ လမ်းမှာ ကားအက်စီးဒင့်ဖြစ်ခဲ့တယ်။ ကံဆိုးစွာပဲ ဝီရက အသက်မမီတော့ဘူး။ ကိုယ်တို့ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား ဝီရကို ဘယ်လိုမှ ကယ်လို့မရတော့ဘူး ...

ကိုယ်နဲ့ ဝီရက သုံးမိနစ်ပဲခြားတဲ့ အမြွှာတွေပါ။ သူမျှားညီအစ်ကို ချစ်တာထက် ကိုယ်တို့က ပိုချစ်ခဲ့ကြတာ။ မင်းကို ကိုယ် ဘယ်တုန်းကမှ မယုတ်မာခဲ့ဖူးဘူး စိမ့်ပန်း"

"တော်တော့ ... တော်ပါတော့။ ရှင့်ကို ကျွန်မသိပ်အံ့ဩသလို သိပ်လည်းမုန်းတယ်။ ချမ်းရဲ့နေရာကို အစားထိုးဝင်လာခဲ့တဲ့ရှင်က လူလိမ်။ ဖြစ်နိုင်ရင် ရှင့်ကို သတ်ပစ်လိုက်ချင်တယ်။ အခု ချမ်း မရှိတော့"

စိမ့်ပန်းရဲ့ခံစားချက်တွေကို သူစာနာနားလည်ပေးလို့ရပါသည်။ အရမ်းကို သည်းခြေပျက်ငိုနေတဲ့ စိမ့်ပန်းရဲ့အခြေအနေကို ရိပ်စားမိသော ရွှေဆင်းက စိမ့်ပန်းကို ခေါ်သွားလေတော့သည်။ ကျန်နေခဲ့သည့် ဝီယကို သူက နာကျင်စွာသော မျက်ဝန်းတွေဖြင့်ကြည့်ကာ ...





"စိမ့်ပန်းကို ဂရုစိုက်လိုက်ပါ ဝီယ။ ခင်ဗျားတို့ ကျွန်တော့်ကို မုန်းမယ်ဆိုတာ သိပါတယ်။ ကျွန်တော်လည်း စိမ့်ပန်းရဲ့အဖြစ်ချင်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရတဲ့အတွက် ကျွန်တော့်တာဝန် ကျေသွားပါပြီ။ စိမ့်ပန်းကို ကျွန်တော်နှုတ်ဆက်သွားတယ်လို့ ပြောပေးပါ ဝီယ"

ဆွေးမြည့်နာကျင်သော နှလုံးသားသည် ကြေကွဲစွာဖြင့် ကျောခိုင်းတော့မည်ဖြစ်၏။ စိမ့်ပန်းရဲ့နှလုံးသားဟာ သူမသိပ်ချစ်ရှာသော ချမ်းအတွက် ဆွေးမြည့်နာကျင်ရှာလိမ့်မည်။ ဒါပေမဲ့ အခုချိန်မှာ စိမ့်ပန်းဟာ ချစ်သူကို ဆုံးရှုံးရခြင်းဟူသော နာကျင်ခံစားမှုတစ်ခုအတွက်ပဲ သီးသန့်ခံစားသူ ဖြစ်သွားတော့မည်။ အဲဒီအတွက် သူ ကျေနပ်ပေသည်။

ဝီရကို သိပ်ချစ်ရှာသော စိမ့်ပန်းမှာ ကြေကွဲစရာဆိုလို့ ဒီတစ်ခုပဲ ရှိတော့အောင် သူ ဖန်တီးပေးခဲ့ပြီးဖြစ်သည်။ အဲဒီအတွက် သူ တာဝန်ကျေတယ်ဟု သူကတော့ ယူဆလေသည်။

ကိုယ့်ကို မင်းစိတ်ကြိုက် လေစိမ်းတိုက်နိုင်ပါတယ် စိမ့်ပန်း။ အဲဒီအတွက် ကိုယ် ဘာမှအထွန့်တက်မှာ မဟုတ်ပါဘူး။

✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com







တစ်ပတ်ကြာပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com



"စိမ့်ပန်း ... စာလာတယ်"

စိမ့်ပန်းသည် ပီယလက်ထဲက စာအိတ်အရှည်ကြီး တစ်ခုကို လှမ်းကြည့်လိုက်လျှင် ရင်ထဲမှာ ဆစ်ခနဲ နာကျင်ရလေသည်။ ပြီးတော့ ခေါင်းအသာယမ်းလိုက်ကာ ...

"လွှင့်ပစ်လိုက်ဟာ။ ငါ့အတွက် ဘာစာမှ အရေးမပါဘူး"

ပီယက စိမ့်ပန်းရဲ့ဘေးနားသို့ ဝင်ထိုင်ကာ စိမ့်ပန်းရဲ့ ပခုံးကို ခပ်ဖွဖွဖက်၍ စာအိတ်ကို ခုတင်ဘေးက ခုံပုလေးမှာတင်လိုက်ပြီးမှ ...

"ငါ့ဆီကို တစ်နေ့က ကိုချမ်းသီဟရဲ့သူငယ်ချင်း ကိုရောင်စင် ဖုန်းဆက်တယ်ဟ။ ဒီစာအိတ်ထဲမှာ နင် သူ့ကိုနားလည်နိုင်မယ့် အကြောင်းတွေ ပါတယ်တဲ့။ ဘာပဲဖြစ်ဖြစ်ပေါ့ဟာ။ ငါတို့ နင့်ခံစားချက်ကို နားလည်ပါတယ်။ ဒါပေမဲ့ ဖွင့်တော့ ကြည့်သင့်တယ်"





"တော်ပြီဟာ။ ငါ့ကို ဘာမှမပြောပါနဲ့တော့။ ငါ့ရဲ့စိတ်ကို တောင် မနည်းကြီးတောင့်ခံပြီး ငါယိုင်လဲမသွားအောင် လုပ်နေရတဲ့အချိန်မှာ ငါ ဘာကိုမှ နားမလည်နိုင်ဘူး။ နင်တို့ ငါ့ကို စာနာတယ်ဆိုရင် အဲဒီနာမည်ကို ငါ့ရှေ့မှာ ဘယ်တော့မှ မပြောပါနဲ့ဟာ။ ငါ့ကို အဲဒီတစ်ခုတော့ ကူညီပေးပါ"

"စိမ့်ပန်းရယ်"

စိမ့်ပန်းက မျက်ရည်တွေ ဝေ့သီကာ ဝရန်တာဘက်သို့ ထွက်သွားလေတော့သည်။ ဖောက်ဖတ်မယ့်သူ ကင်းမဲ့နေတဲ့ စာအိတ်အညိုလေးကိုကြည့်ကာ ပီယက လေပူတစ်ချက် မှုတ်ထုတ်လိုက်မိလေသည်။ ပြီးတော့ စိမ့်ပန်းစိတ်တွေ အေးဆေးဖြစ်သွားတဲ့အချိန်မှာ ဖတ်ရင်ဖတ်နိုင်ဖို့ စိမ့်ပန်းရဲ့စာကြည့်စားပွဲ အံဆွဲလေးထဲသို့ ထည့်ပေးခဲ့လေသည်။

စိမ့်ပန်းသည် ဝရန်တာမှာ တွေတွေကြီးရပ်ကာ အဝေးကို ငေးမောနေလျှင် နှစ်သိမ့်ပေးဖို့အတွက် ပီယက အနားသို့သွားလိုက်လျှင် ...

"ငါ သူ့ကို အရမ်းမုန်းတယ်။ ပြီးတော့ ချမ်းခမျာ သနားဖို့ကောင်းလိုက်တာဟာ။ ငါက ချမ်းကို သစ္စာဖောက်မိသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ်။ အဲဒါ သူ့ကြောင့် ... တောက်... မုန်းလိုက်တာဟာ"

စိမ့်ပန်းက ချမ်းသီဟ ဆိုသောလူရဲ့ မျက်နှာကို ပြန်လည်မြင်ယောင်လာမိလျှင် ရင်တွေကွဲအောင် ခံစားရလေသည်။ တောက် ... ယုတ်မာလိုက်တာ။ စိမ့်ပန်းသည် ပြီးခဲ့တဲ့ ကာလတွေတုန်းက သူ့ရဲ့ဟန်ဆောင်လိမ်ညာပြီး စိမ့်ပန်းအနား ရောက်လာခဲ့မှုအတွက် အရမ်းကို ရှက်မိသလို ဒေါသလည်း သိပ်ဖြစ်လေ၏။

အခုလည်း သူက စာပို့လိုက်တယ်တဲ့။ စိမ့်ပန်းသည် အရင်တုန်းက အမြတ်တနိုး ဖတ်ခဲ့ဖူးတဲ့စာတွေကို သတိရကာ အရမ်းကို ဝမ်းနည်းရပါသည်။

"ကိုယ်မြတ်နိုးလွန်းသူရဲ့လက်နဲ့ xxx ကိုယ်တိုင်ရေးလို့ထားရှာတယ် xxx အရင်တုန်းက ရင်ခုန်ဖူးခဲ့တဲ့ xxx စာလုံးဝိုင်းလေးတွေကို xxx ပြန်မြင်လိုက်ရတော့ xxx ကိုယ်တကယ်တွေ့လိုက်ရတယ် xxx

ဒီစာကို ဖွင့်လို့မဖတ်တော့ဘူး xxx ဒီစာကိုဖွင့်လို့ မဖတ်တော့ဘူး xxx ဒီစာကိုဖွင့်လို့ မဖတ်ကြည့်တော့ဘူးကွယ်"





ခပ်ဝေးဝေးဆီကနေ ပျံ့လို့လွင့်လာတဲ့ သီချင်းသံကြောင့် စိမ့်ပန်းရဲ့ ခံစားချက်တွေကို ပိုလို့တိုးစေပါ၏။ စိမ့်ပန်းလည်း အရင်တုန်းက သိပ်မြတ်နိုးရတဲ့ စာလေးတွေကို အခုတော့ ...။

ချမ်းရေ ... စိမ့်ပန်းရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးမယ်ဆိုပြီး ဘာလို့ အဝေးဆုံး ထွက်သွားရတာလဲဟင်။


✣ ○ ✣



www.burmeseclassic.com

www.burmeseclassic.com







တစ်လကြာပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှမရှင်းပြတော့ဘူးလား သီဟ။ ဒီအတိုင်းပဲ ပြီးဆုံးသွားပြီလား"

သူက ချစ်ကြီးကို အသာပြုံးပြကာ ပခုံးတစ်ချက် တွန့်ပြလိုက်သည်။ နာကျင်ပြီးသော နှလုံးသားဟာ နောက်တစ်ခါ ထပ်နာလည်း ထုံသွားပြီမို့ မထူးတော့ပါပြီ။

"ငါ့တာဝန်ပြီးသွားပြီပဲကွာ။ ဘာကို ရှင်းပြရဦးမှာလဲ။ ဝီရရဲ့ဆန္ဒကို ငါ ဖြည့်ဆည်းပေးပြီးပြီလေ။ အခုဆို စိမ့်ပန်းရဲ့ ဦးလေးနှစ်ယောက်လည်း အဆင်ပြေသွားပြီ။ မာန်ထက်ဆိုတဲ့ တစ်ယောက်လည်း လွှင့်သွားပြီ၊ ပြီးပြီလေ"

"ငါပြောနေတာက မင်းနှလုံးသားအတွက် အဲဒါကိုပြောနေတာ"

"ဘာလိုလို့လဲ ချစ်ကြီးရာ။ ဝီရ ချစ်တဲ့ကောင်မလေးကို ငါက ငါ့ကို ချစ်ပါဆိုပြီး တောင်းဆိုနေရမှာလား။ မဖြစ်





သင့်ဘူး။ ငါ ဘယ်တော့မှ အဲဒီလိုမလုပ်ဘူး။ နောက် ဘယ်တော့မှ အဲဒီလိုမပြောပါနဲ့ကွာ"

သူ့ရဲ့ခံစားချက်ကို အစမှအဆုံး နားလည်လေသော ချစ်ကြီးသည် သူ့အဖြစ်ကို စာနာနားလည်ပေးရှာပါသည်။ သူ့ရင်ထဲမှာ စိမ့်ပန်းနဲ့ပတ်သက်ပြီး ခံစားချက်များစွာ ရှိလေသည်။ ဒါပေမဲ့လည်း လျှို့ဝှက်ထားတာက အကောင်းဆုံးပဲ ဖြစ်ပေလိမ့်မည်။ သူ့မှာ စိမ့်ပန်းကို ချစ်ခွင့်မရှိပါ။ သူ့ညီ ဝီရကို သူ သစ္စာရှိရပေမည်။ သူ့ရဲ့မျိုသိပ်နိုင်မှုကြောင့် သူ အသည်းကွဲလည်းကွဲပါစေတော့။

အဲဒီအတွက် သူဟာ ခံစားနေရပေမယ့် ဘာမှမဖြစ်သလိုပဲနေမှာ ဖြစ်ပါသည်။

"သီဟ ... မင်းကို ငါ အရမ်းသနားတာပဲကွာ။ ဝီရရှိစဉ်တုန်းကလည်း မင်းက အသည်းကွဲခံပြီး စိမ့်ပန်းနဲ့နီးစပ်အောင် အားလုံးကူညီခဲ့တယ်။ ဝီရ ဆုံးသွားတော့လည်း မင်းက စိမ့်ပန်း ခံစားရမှာစိုးလို့ဆိုပြီး အဆုံးသတ်ကျအဖြေကို သိသိချည်းနဲ့ မင်း ဝီရဟန်ဆောင်ခဲ့ပြန်တယ်။ မင်းကွာ ... ဒီတစ်သက် မင်း စိမ့်ပန်းကို ချမ်းသီဟအနေနဲ့ ချစ်ခွင့်မပန်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူက မချိပြုံး, ပြုံးရင်းကနေ ချစ်ကြီးရဲ့ပခုံးကို ခပ်ဖွဖွပုတ်ကာ ပြန်ဖြေလိုက်လေသည်။

"မလိုပါဘူးကွာ။ အချစ်ဆိုတာ ရယူမှ အချစ်မဟုတ်ဘူး။ ပေးဆပ်လည်း အချစ်လို့ခေါ်တာပဲကွ။ ငါ စိမ့်ပန်းကို ချစ်နေရရင်ပဲ ကျေနပ်ပါပြီကွာ။ သူ ဘယ်သူ့ကိုပဲချစ်ချစ်၊ ဘယ်သူနဲ့ပဲ လက်ထပ် လက်ထပ် ငါ ပီတိဖြစ်ပေးလို့ရပါတယ်။ အခုချိန်မှာ ငါ့ကို စိမ့်ပန်းက အရမ်းကိုမုန်းတီးရွံရှာနေမှာပေါ့ကွာ"

အခုချိန်မှာ စိမ့်ပန်းကို အရမ်းလွမ်းနေရတာကြောင့် သူဟာ အလွမ်းစိတ်ဖြင့် ပိုမိုတည်ငြိမ်သွားသည်ဟု ထင်မိပါသည်။

✣ ○ ✣





သုံးလကြာပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com



"သီဟရေ ... စိမ့်ပန်း လက်ထပ်လိုက်ပြီတဲ့"

သီဟသည် ရောင်စင်သယ်လာတဲ့ သတင်းစကားကြောင့် လုပ်လက်စအလုပ်တောင် တုံ့ခနဲဖြစ်သွားလေသည်။ ဪ ... သူတောင် လက်ထပ်လိုက်ပြီတဲ့လား။ သူ့ရင်ထဲက နာကျင်မှုသည် ဆစ်ခနဲဖြစ်သွားရုံတင် မကဘဲ စူးခနဲအောင့်တက်လာတာကို မှတ်မှတ်ရရ သတိထားမိလိုက်ပါသည်။ ဒီအတောကာလအတွင်းမှာ ရောင်စင်က စိမ့်ပန်းရဲ့သူငယ်ချင်း ပီယနှင့် အကျွမ်းတဝင်တွေ ဖြစ်နေတာကြောင့် စိမ့်ပန်းရဲ့သတင်းတွေကို သူ မကြာမကြာကြားနေရပါသည်။

အခုလိုမျိုး စိမ့်ပန်းက လက်ထပ်သွားပြီဆိုတဲ့ သတင်းကြားလိုက်ရတော့ သူ တကယ်ပဲ ခံစားသွားရမေမယ့် ဟန်ဆောင်ပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြလိုက်ကာ ...



"ဟုတ်လား ... ဘယ်သူနဲ့ လက်ထပ်လိုက်တာလဲ"

"မာန်ထက်နဲ့လေ။ သီဟ ... မင်း တကယ်ပဲ မခံစားတော့ဘူးလား"

"ဟုတ်လား။ ဟင်း ... ဘာလုပ်မှာလဲကွာ။ ငါ့ကိုမြင်ရင် သူ့ခများ ဝီရကိုလည်း လွမ်းရဦးမယ်။ ပြီးတော့ ငါ့ကိုမုန်းတဲ့ဒေါသတွေလည်း ပေါ်လာဦးမယ်။ ငါ မခံစားရတော့ပါဘူးကွာ။ စိမ့်ပန်း လက်ထပ်လိုက်ပြီဆိုတာ ငါကြားရတဲ့အတွက် ထူးပြီးဝမ်းနည်းမနေတော့ပါဘူး။ ငါ့အတွက်တော့ စိမ့်ပန်းက အစကတည်းက မပတ်သက်ခဲ့ရတဲ့လူပဲ"

ရောင်စင်က သူ့ပခုံးကို နှစ်သိမ့်သလို အသာပုတ်ပေး၍ ...

"အေးကွာ ... တကယ်ကို ငါတို့ စိတ်မကောင်း ဖြစ်ရတယ်။ အခုချိန် ဝီရသာ ရှိခဲ့ရင် မင်းကို သူ ဘာပြောမလဲမသိဘူးနော်"

"ဝီရသာ ရှိခဲ့ရင် ငါ စိမ့်ပန်းနဲ့ ပတ်သက်စရာအကြောင်းကို မရှိပါဘူးကွာ။ ငါ စိမ့်ပန်းအပေါ်ထားတဲ့ သဘောထားကိုလည်း ဘယ်သူမှကို သိမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းကမှ သူဟာ ဝီရကို သတိရမိသွားလေသည်။ လွန်ခဲ့တဲ့ ကာလတွေတုန်းက ဝီရဟာ သူ့ idea တွေအတိုင်း စိမ့်ပန်းကို ရအောင်လိုက်ခဲ့တုန်းက သူဟာ ပျော်ရွှင်ခဲ့ရဖူးပါသည်။

အဲဒီကတည်းက သူ စိမ့်ပန်းကို ကြွေခဲ့ရတယ်ဆိုတာတော့ ဘယ်သူကမှ သိခဲ့တာမဟုတ်ပါ။

မင်းကို ကိုယ် ဘယ်တော့မှ ဖွင့်ပြောတော့မှာ မဟုတ်ပါဘူး စိမ့်ပန်းရယ်။

"ကိုသီဟ ... ညှော်သည်ရောက်နေတယ်ခင်ဗျ"

သူ့မန်နေဂျာက လာခေါ်လျှင် သူဟာ ဘော်ဒါတွေနဲ့ စကားစဖြတ်ကာ ထွက်လာခဲ့၏။ အလုပ်ကိစ္စညှော်သည် ဖြစ်နေတာကြောင့် သီဟသည် အလုပ်မှာပဲ စိတ်ကိုနှစ်ထားလိုက်တော့သည်။

"ဟာ ... ကိုသီဟ၊ ကျွန်တော့်ကို ကိုစည်သူ လွှတ်လိုက်တာပါ ခင်ဗျ"

"အင်း ... ထိုင် ညီလေး။ ဆို ... ကိုယ် ဘာကူညီပေးရမလဲ"





"ဒီလို အစ်ကိုရ၊ ဒီတစ်နှစ်အတွက် ဝန်ထမ်းတွေကို staff party လုပ်ပေးဖို့ကိစ္စကို ချောင်းသာမှာ လုပ်မယ်တဲ့။ အဲဒါ အစ်ကိုတို့ Agent ကပဲ ဟိုတယ်ကော ကားကော စီစဉ်ပေးဖို့ပါ"

ချောင်းသာ ...။ အဲဒီအတွက် သူ့နှလုံးသားတို့ဟာ ချက်ချင်းပင် ပူနွေးလို့ သွားလေ၏။ ချောင်းသာသည် သူ့နှလုံးသားရှိသည့် အရပ်ဒေသဖြစ်သလို သူ့အတွက် လေစိမ်းတိုက်နေရာပဲဖြစ်၏။

"ကိုသီဟ ... ကိုသီဟ"

"အင်း ... ဆောရီး ညီလေးရာ။ ကိုယ် အတွေးလွန်သွားလို့။ Ok ... Ok ... ကိုယ်တို့ဘက်က အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမယ်လေ။ ဖြစ်တယ် ... ဒါနဲ့ ဘယ်တော့သွားချင်တာလဲ"

"အင်း ... လာမယ့်ဆန်းဒေးလောက် ရမယ်ဆိုရင်တော့ အဆင်ပြေတာပေါ့ အစ်ကိုရာ။ ကျွန်တော်တို့က ငါးညအိပ်ခြောက်ရက်သွားမှာ ဆိုတော့လေ"

"ဟုတ်ပြီလေ။ ကိုယ် ဟိုတယ် date ချိတ်လိုက်မယ်။ ဒီအချိန်က ခရီးသွားရာသီဆိုတော့ ဘွတ်ကင်မနည်းလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတာကွ။ ကားကျတော့ Super Custom စီစဉ်ပေးလိုက်မယ်လေ"

"ဟုတ် ... အစ်ကို။ အစ်ကိုတို့ဘက်က အဆင်ပြေပြီဆို ကျွန်တော်တို့ဘက်ကို confirm လုပ်ပေးပါနော်"

"ဟုတ်ပြီ ... ညီလေး"

ကောင်လေး ထွက်သွားသောအခါ သူ့ဆီကိုဖုန်းက ထပ်ဝင်လာပြန်၏။

စည်သူ့ဆီက ဖြစ်ပါသည်။

"အေး ... စည်သူ၊ မင်းတပည့်လာသွားပြီ။ ငါ အားလုံး အဆင်ပြေအောင် စီစဉ်ပေးမှာပေါ့"

"အေးပါ ... တစ်လက်စတည်း မင်းကို ငါ အကူညီလည်း တောင်းချင်လို့ကွ။ ကူညီပါ သူငယ်ချင်းရာ။ လုံးဝ request"

"အေးပါကွာ၊ ပြောမှာသာ ပြောပါ"

"ဒီလိုကွ ... ငါတို့ staff party ကို ချောင်းသာမှာလုပ်မယ်ဆိုတော့ကွာ အားလုံးလည်း ပျော်ရအောင် အစီအစဉ်ဆန်းဆန်းလေးတွေ လုပ်ချင်တယ်။ ပြီးတော့ ငါတို့ဘော်ဒါတွေလည်း ဆုံချင်တယ်ကွာ။ အဲဒီတော့ မင်းပါ ချောင်းသာ လိုက်ဖို့ အကူညီတောင်းချင်တာ"





သူဟာ တော်တော်ကို အကျပ်ရိုက်ရတာဖြစ်၏။ တစ်ဖက်ကလည်း တကယ်ကိုတောင်းတောင်းပန်ပန်ကြီး request လုပ်တာဖြစ်သည်။ ငြင်းရင်လည်း မကောင်း၊ မငြင်းပြန်ရင်လည်း သူက ချောင်းသာကို လိုက်ရဦးမှာဖြစ်၏။ ဒီတစ်သက် ဘယ်တော့မှ ချောင်းသာမသွားတော့ဘူးလို့ သူက ဆုံးဖြတ်ထားတာဖြစ်သည်။

"ဟေ့ကောင် ... သီဟ။ ပြန်ပြောဦးလေကွာ။ မင်းကို ငါ တကယ် လိုက်စေချင်တယ်ကွာ။ ငါတို့တွေက ကျောင်းပြီးသွားကတည်းက သေချာကို မဆုံဖြစ်ကြတော့ဘူး။ အဲဒီတော့ ခရီးလေး ဘာလေး အတူသွားပြီး ကဲကြရအောင်ကွာ။ ဟိုကောင်တွေကိုပါ ငါရအောင်ခေါ်မှာပါကွာ။ လိုက်ခဲ့စမ်းပါ"

"ဟိုလေ ... စည်သူ ... ငါက ... ငါ ..."

"အာ ... ဘာမှပြောမနေနဲ့တော့ သီဟ။ မင်း လိုက်ပြီလို့ပဲ မှတ်လိုက်ပြီ။ ဟိုတယ်ကိစ္စ ချိတ်ပြီးတာနဲ့ ငါတို့လစ်မယ်ကွာ။ ငြင်းဖို့မကြိုးစားနဲ့။ ဒါပဲ ... ဟေ့ကောင် See You"

"ဟာ ... ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်ပြောချိန်တောင် မရတော့။ စည်သူက ဖုန်းချသွားလေတော့သည်။ သီဟသည် ဟားခန်းရေရွှတ်ကာ ဆုံလည်ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ပစ်လိုက်၏။ ချောင်းသာကို နောက်တစ်ခါ ထပ်သွားရဦးမည်။ လက်ထပ်သွားပြီဖြစ်တဲ့ ဘယ်တော့မှ မပိုင်ဆိုင်နိုင်မည့် ချစ်သူရှိရာအရပ်ကို သူ ထပ်သွားရမည့်အတွက် ပို၍ကြေကွဲရပါသည်။

✣ ○ ✣


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။






သီဟသည် ကားကိုရပ်လိုက်ပြီးနောက် YKKO ဆိုင်ထဲသို့ ဝင်လာခဲ့လေသည်။ ဘကြီးက ကြေးအိုးပါဆယ်ဆွဲခဲ့ပါဆို၍ သူက အနီးဆုံး YKKO မှာ ကြေးအိုးလာဝယ်တာဖြစ်သည်။ သူက ကြေးအိုးပါဆယ် စောင့်နေတုန်းမှာပဲ သူ့ကိုလာနှုတ်ဆက်မှုတစ်ခုကြောင့် မော့ကြည့်လိုက်လျှင်တော့ မထင်မှတ်ထားသော စိမ့်ပန်းနဲ့ မာန်ထက်ကို တွေ့ရလေသည်။

ဩော် ... ကြည့်ရတာ သူတို့ဇနီးမောင်နှံက ရန်ကုန်မှာပဲ အခြေချနေနေပြီထင်ရဲ့။ သီဟသည် သူတို့ကိုအပြုံးတစ်ခုဖြင့် တုံ့ပြန်ကာ ...

"မတွေ့တာ ကြာပြီနော်။ နေကောင်းကြရဲ့လား"

"နေကောင်းပါတယ် ကိုချမ်းသီဟ။ ရှင်ကော"

"ကောင်းပါတယ်၊ ကြေးအိုးလာစားကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကိုမာန်က ကြေးအိုးလိုက်တိုက်တာလေ။ ဒါနဲ့ ချောင်းသာ ထပ်မလာတော့ဘူးလား။ ကိုချမ်းသီဟကို တောင် ကျွန်မပွဲတုန်းက ဖိတ်ဖို့မေ့သွားတယ်။ ဆောရီး"

စိမ့်ပန်း ဘာကိုဆိုလိုတယ်ဆိုတာကို သိနေသော သူက ဟန်ဆောင်ထားသော အပြုံးကိုသာ ပြုံးထားရပါသည်။ မင်း ကိုယ့်ကိုသိပ်မုန်းနေမှာပေါ့ ကောင်မလေးရယ်။ သူ့နှလုံးသားကို အသေသတ်နေတဲ့ လေစိမ်းတိုက်ခြင်းတွေဟာ အရမ်းအရမ်းကြီးကို ပြင်းထန်လွန်းလှပါသည်။ သီဟသည် အောင်နိုင်သူအဖြစ် ပြုံးနေသော သူမတို့စုံတွဲကို တစ်ချက် ခေါင်းဆတ်ပြလိုက်ရင်း...

"ကျွန်တော် ချောင်းသာကို လာမယ့်ဆန်းဒေးမှာ သွားဖို့ ရှိပါတယ် စိမ့်ပန်း"

"ဩော် ... ဟုတ်လား။ အင်း ... ကဲ ... စိမ့်ပန်းတို့လည်း သွားလိုက်ဦးမယ်။ နောက်မှတွေ့တာပေါ့"

"သွားမယ်နော်။ Good Luck ကိုချမ်းသီဟ"

သူ့ကိုနှုတ်ဆက်သွားတဲ့ ပုံစံတွေဟာ အရမ်းကိုခံစားရစေပါသည်။ ရှုံးသွားပါတယ်ဆိုမှ ခံစားနေရလားဟင်ဆိုပြီး လာမေးသကဲ့သို့ မျက်နှာတွေမှာ လှောင်ပြုံးတွေပါနေသည်။ သူတို့နှစ်ယောက် ပေါင်းဖက်သွားပြီဖြစ်လို့ စိမ့်ပန်းရဲ့ဦးလေးနှစ်ယောက်ကတော့ အကျေနပ်ကြီး ကျေနပ်နေပေလိမ့်မည်။





အချစ်အတွက်ဆို အရာရာ ရင်ဆိုင်ရဲတဲ့သတ္တိတွေ ရှိလေသော ဒီကောင်မလေးကို သူ အမြဲတမ်း ချစ်နေမှာဖြစ်၏။ ပိုင်သူရှိသွားလည်း ချစ်နေမှာဖြစ်၏။

နောက်ပြီး ပြုံးချင်စရာတစ်ခုက ချစ်စရာကောင်းသော ကံကြမ္မာကြီးသည် လာမယ့်ဆန်းဒေး ချောင်းသာမှာ စိမ့်ပန်းနဲ့ မဆုံခိုင်းတော့ဘဲ ရန်ကုန်မြို့မှာ တိုက်တိုက်ဆိုင်ဆိုင် ဆုံပေးစေလေသည်။

✣ ○ ✣





www.burmeseclassic.com

www.burmeseclassic.com







ကိုယ်က ပင်လယ်ကြီးပဲ ဆိုပါစို့။

မင်းအတွက်ဆို

ငန်နေတဲ့ရေတောင် ချိုပေးပါ့မယ်။

မျက်စောင်းတော့ မထိုးပါနဲ့ ချစ်သူ။

မင်း လေစိမ်းတိုက်ရင်တော့

ပင်လယ်ကြီးလည်း အအေးတွေပတ်ပြီး

ဟတ်ချိုး ချီတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာကိုရောက်တာ ဒီနေ့နဲ့ဆို နှစ်ရက်တိတိ ရှိပြီဖြစ်၏။ သူတို့က Lai Lai မှာ တည်းနေတာဖြစ်သလို ဒီအချိန်ထိ ရေထဲလည်းမဆင်း၊ ကမ်းခြေလည်း ဆင်းလမ်းမလျှောက်တာမို့ သူဟာ ငေါင်နေရပါသည်။ စိမ့်ပန်းရဲ့ဦးလေးတွေကိုတွေ့ရင် သူက အားနာနေတာကြောင့်လည်း ကမ်းခြေဘက် မဆင်းဖြစ်တာဖြစ်၏။ စိမ့်ပန်းနဲ့ကတော့ တွေ့စရာမရှိတော့ပါ။

ချောင်းသာသူလေး စိမ့်ပန်းဟာ အခုချိန်မှာတော့ ရန်ကုန်သားနဲ့ အကြောင်းပါသွားပြီ ဖြစ်တာကြောင့် ရန်ကုန်မှာ ပျော်ရွှင်စွာ နေထိုင်နေပြီဖြစ်၏။ ဒီအချိန်တွေမှာ သူဟာ ဝီရကို အရမ်းသတိရမိနေသလို၊ စိမ့်ပန်းနဲ့ တစ်ခါက ပုံရိပ်တွေကိုလည်း ပြန်ပြန်မြင်ယောင်နေမိပါသည်။ သူ့ဘော်ဒါတွေကတော့ချောင်းသာ ရောက်ကတည်းက ရေသူထီးတွေ လုပ်နေကြတာဖြစ်၏။





ဟိုကောင် ရောင်စင်ကတော့ ပီယနဲ့ တော်တော့်ကို အိုခေနေပြီဖြစ်တာကြောင့် အရမ်းကို ဝမ်းသာစရာပဲဖြစ်သည်။

ဒီကနေ့တော့ သူဟာ တစ်ယောက်တည်း အခန်းထဲမှာ နေ,နေရတာ ပျင်းလာတာကြောင့် ဟိုနားဒီနား လမ်းလျှောက်ဖို့ ထွက်လာခဲ့၏။ မတော်တဆ သူ့ကိုသိတဲ့ တစ်စုံတစ်ယောက်နဲ့တွေ့နေမှာစိုးလို့ သူက အနှီးလက်ဦးထုပ်ဆောင်းထားလိုက်ကာ မျက်မှန်တပ်ပြီး ထွက်လာတာဖြစ်သည်။

ပင်လယ်၏ လတ်ဆတ်ချိုမွှေးသော ရနံ့သည် သူ့ခန္ဓာကိုယ်တစ်ခုလုံးကို လန်းဆန်းကြည်လင်အောင် ရေမွှေးဆွတ်ပေးလေသည်၊ ဒါပေမဲ့ ငွမ်းနေတဲ့ နှလုံးသားဟာ ဘယ်လိုပဲ လှုပ်နိုး လှုပ်နိုး အသက်မဝင်တော့ဘူးဖြစ်၏။

“ဒီက အစ်ကိုကြီး ပုစွန်ကင် ဝယ်ပါလားရှင့်။ ပုစွန်ကင် စားရင် ချစ်သူနဲ့ ညားတတ်တယ်တဲ့”

ဩော် ... အရေးထဲမှပဲ။ သီဟသည် ပုစွန်ကင် ရောင်းနေတဲ့ ချာတိတ်မလေးကို လက်အသာကာပြကာ ...

“မဝယ်သေးပါဘူး။ တခြားသွားရောင်းလိုက်နော်”

“အေးပေါ့ ... မဝယ်တော့ ချစ်သူနဲ့ ဘယ်ညားပါ့မလဲ”



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့ မညားဘူး ဆိုတာက သူ့နှလုံးသားနှင့် တိုက်ရိုက်ပတ်သက်နေတာကြောင့် သူဟာ ဒေါသတော့ ထောင်းခနဲ ထွက်သွားပါသည်။ ဒါပေမဲ့ စကားဆက်ပြောချင်စိတ် မရှိတာကြောင့် ခပ်သွက်သွက် ခြေလှမ်းတွေနဲ့ ထွက်လာတော့သည်။ အဲဒါတောင် ပုစွန်သည်မလေးသည် သူ့အနောက်ကနေ လိုက်လာလေ၏။

"အစ်ကိုကြီးရယ် ... ပုစွန်ကင်လေးက ချိုပြီးစားလို့အရမ်းကောင်းတာ။ လတ်ဆတ်ချက်ကလည်း နိုင်းလောက်ရှိတယ်"

"ဟား ... မဝယ်ပါဘူးဆိုကွာ"

"ဘယ်ဝယ်မလဲ။ ပုစွန်စားရင် Allergy ဖြစ်မှာမလို့လေ၊ ဟုတ်တယ်မှုလား။ ချောင်းသာသူကို ချစ်ရင်တော့ ပုစွန်မစားလို့ မဖြစ်ဘူး"

ဟား ... ဘာလဲကွာ။ သီဟသည် လွန်နေပြီဖြစ်သောကြောင့် ကောဖို့ လှည့်လိုက်ရင်တော့ သူ ရန်အတွေ့ကို စောင့်နေတဲ့ ဂိုက်ပေါက်မျက်နှာပေး ဖမ်းထားလေသော စိမ့်ပန်းကို တွေ့ရလေသည်။ ဘုရား ... ဘာတွေလဲ။

"စိမ့် ... စိမ့်ပန်း"





စိမ့်ပန်းက သူမလက်ထဲမှာ ကိုင်ထားတဲ့ တုတ်ထိုးပုစွန်ကင်လေးတွေကို ထောင်ပြကာ ...

"ဘာလဲ ... အမှန်တွေပြောနေတော့ ပုစွန်ကင်သည်လေးကို ရန်တွေ့တော့မလို့ပေါ့၊ ဟုတ်လား"

"စိမ့်ပန်း ... ဟို ... ဘယ်လိုဖြစ်ပြီးတော့ ..."

"ပြောမှာပေါ့။ မပြောခင် မေးရဦးမယ်။ အခု ကျွန်မတို့ဆုံတွေ့ခြင်းကို ရှင် ဘယ်လိုထင်ထားသလဲ"

သူက အံ့သြလွန်း၍ ဘာပြန်ပြောရမှန်းကို မသိတော့ချေ။ သူက ခေါင်းအသာယမ်းလေလျှင် စိမ့်ပန်းက သူ့ကို မျက်စောင်းတစ်ချက် ထိုးလိုက်ရင်းက ...

"မာန်ထက်နဲ့ ကျွန်မ ကွာလိုက်ပြီး ရှင့်ဆီလာခဲ့မယ်ဆိုရှင် လက်ခံမှာလား"

"ခင်ဗျာ"

"ဟင်း ဟင်း ... သိပ်ပြီး အံ့သြမနေစမ်းပါနဲ့၊ ဒီမှာ ... ချမ်းသီဟ၊ လူတစ်ယောက်ဟာ အလိမ်ခံရရင် ဘယ်လိုဖြစ်သွားလိမ့်မလဲလို့ ရှင် စဉ်းစားမိဖူးလား။ ခံကောခံစားဖူးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးအတွက် အနူးအညွတ်တောင်းပန်ပါတယ် စိမ့်ပန်း။ ကျွန်တော် လိမ်ခဲ့ရတာ စိမ့်ပန်းကို မခံစားစေချင်လို့ပါ။ ဝီရအတွက် မငိုစေချင်လို့ လိမ်မိသွားတာပါ"

စိမ့်ပန်းက သူ့ကို ခပ်နက်နက် စိုက်ကြည့်ကာ ...

"ဝီရ ဆုံးသွားတယ်ဆိုတာ ရှင် အမှန်အတိုင်း ပြောခဲ့ရင် အခြေအနေတွေ ဒီလိုဖြစ်လာမှာ မဟုတ်ဘူး ချမ်းသီဟ။ ကျွန်မဘဝမှာ ချမ်းကို သိပ်ချစ်ခဲ့တယ်။ ဒါပေမဲ့ ချမ်းဆိုတဲ့ ကျွန်မချစ်သူက နှစ်ယောက်တောင် ဖြစ်နေတယ်။ ရှင် ကိုယ်ချင်းစာကြည့်ပါ။ ကျွန်မဘက်က ဘယ်လောက်တောင် တုန်လှုပ်သွားမလဲ"

သီဟသည် ဘာမှဆက်မပြောနိုင်ဘဲ ခေါင်းကိုအသာ ငုံ့ထားမိလေသည်။ သူ သိပ်မှားခဲ့တာ သူ သိပါတယ်။ စိမ့်ပန်းကို မခံစားစေချင်တဲ့အတွက် သူ မှားသွားတာပါလို့ တောင်းပန်ရင်တော့ စိမ့်ပန်းက လက်ခံမှာမဟုတ်ပါ။

"ချမ်းသီဟ ... ရှင့်မှာ ဘာမှပြောစရာ မရှိတော့ဘူးလား ဟမ်"

သူက အာစေးမိထားသူ တစ်ယောက်လို ပြောရခက်နေလျှင် စိမ့်ပန်းကပဲ ဆက်ပြောလေသည်။





"ယောကျ်ားလေးတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောခွင့်ရတဲ့ အခွင့်အရေးကို ဘုရားက ဖန်ဆင်းထားပြီးသား။ ပြောခွင့်ရှိရဲ့သားနဲ့ မပြောဘဲ တွေဝေနေတာဟာ သတ္တိမရှိတာပဲ ...

အဲဒါဆိုလည်း ကျွန်မအနားကို ချမ်းအဖြစ်နဲ့ဘာလို့ ရောက်လာသေးတာလဲ"

"မပြောသင့်တဲ့စကားတွေ ရှိပါတယ် စိမ့်ပန်း။ ကျွန်တော်က ဘယ်တော့မှ ပြောလို့ရမှာ မဟုတ်ပါဘူး။ ကျွန်တော် စိမ့်ပန်းကို မနှောင့်ယှက်ပါဘူး။ စိမ့်ပန်းတို့ အိမ်ထောင်ရေးအတွက် ကျွန်တော်ဟာ ခလုတ်ကန်သင်းတစ်ခု မဖြစ်စေရပါဘူး"

သူက ခံစားချက်တွေ နင့်နေစွာဖြင့် ပြောပြီးသွားလျှင် စိမ့်ပန်းက တောက်တစ်ချက် ခတ်လိုက်ကာ ...

"အရူး ... ငတုံး။ ရှင် အလိမ်ခံရတဲ့အခါ ဘယ်လိုခံစားရသလဲဆိုတာ သိစေချင်လို့ မာန်ထက်နဲ့ လက်ထပ်လိုက်ပြီဆိုတာ လိမ်ပြောလိုက်တာ။ ကျွန်မ ဘယ်သူနဲ့မှ လက်မထပ်ရသေးဘူး"

"ဗျာ ... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



သီဟာသည် လိုက်မမီနိုင်တဲ့ အခြေအနေကို နားမလည်စွာဖြင့် စိမ့်ပန်းကို ကြည့်မိသွားလျှင် စိမ့်ပန်းက ဆက်ပြောလေသည်။

"ရောင်စင် ပို့ပေးတဲ့ ရှင့်ဒိုင်ယာရီကို ဖတ်ပြီးသွားပြီ။ ရှင့်ရဲ့ပေးဆပ်နိုင်တဲ့စိတ်ကို ကျွန်မ အရမ်းအံ့ဩတယ်။ ရှင်ချစ်တဲ့ ညီလေးအတွက် ရှင်နောက်ဆုတ်ပေးခဲ့တယ်။ ပြီးတော့ ကျွန်မ ခံစားရမှာစိုးလို့ဆိုပြီး သူ့အနေနဲ့ ရှင်ဟန်ဆောင်ခဲ့ပြန်တယ်။ ချမ်းသီဟ ... ရှင့်မှာ ကိုယ်ပိုင်နှလုံးသားနဲ့ ဆုံးဖြတ်ချက် မရှိတော့ဘူးလား"

"စိမ့်ပန်းရယ် ... ကိုယ်က ဝီရချစ်တဲ့ ကောင်မလေးကိုမှ ချစ်မိခဲ့တာကိုး။ ဝီရကို ကိုယ် စိတ်ချမ်းသာစေချင်ခဲ့တာပါ။ ပြီးတော့ ... စိမ့်ပန်း ..."

"ကျေးဇူးတင်ပါတယ်။ ရှင့်ကြောင့် လေးလေးတို့ အဆင်ပြေခဲ့တယ်။ ကျွန်မဘဝမှာ တစ်ယောက်တည်းကို သိပ်ချစ်ခဲ့တယ်လို့ ထင်နေမိတယ်။ ဒါပေမဲ့ အားလုံးကို ကွဲကွဲပြားပြား သိသွားတဲ့အချိန်မှာ ကျွန်မ ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်ကြည့်တော့ ကျွန်မချစ်ခဲ့တာ တစ်ထေရာတည်းတူနေတဲ့ လူနှစ်ယောက်ကိုပဲ ...





တစ်ယောက်က ကျွန်မကိုချစ်တယ်။ ဒါပေမဲ့ ကျွန်မကို ခွဲခွာသွားတယ်။ နောက်တစ်ယောက်ကလည်း ကျွန်မကိုချစ်တယ်။ ဒါပေမဲ့ သူက ပေးဆပ်တယ်ဆိုတဲ့ စကားလုံးနဲ့ သူ့အချစ်သူ ထောင်ချထားတယ်။ ဘယ်သူ ဘာဖြစ်နေတယ်ဆိုတာကို လှည့်မကြည့်တဲ့ လူစားမျိုး"

စိမ့်ပန်းရဲ့စကားလုံးတွေဟာ သူ့နှလုံးသားအတွက်တော့ အရမ်းကို ပူနွေးလို့သွားလေသည်။

ဒါဆိုရင် စိမ့်ပန်းက သူ့ကိုချစ်ခဲ့တယ်ပေါ့။ ချမ်းသီဟအနေနဲ့ကို ချစ်ခဲ့တာပေါ့။

"ဒီသုံးလအတွင်းမှာ ကျွန်မ ကိုယ့်ကိုယ်ကိုယ် mature ဖြစ်အောင် လုပ်ခဲ့တယ်။ ပြီးတော့ ရှင်နဲ့ပတ်သက်ပြီး ဝေဝါးနေတဲ့စိတ်တွေကို ရှင်းရတယ်။ အချစ်နဲ့ ကျွန်မတိုင်ပတ်နေတဲ့အချိန်မှာ ရှင်က ကျွန်မကို တစ်ချက်ကလေးတောင် မဆက်သွယ်ဘူးနော်။ တော်တော်ကို လေစိမ်းတိုက်တယ်"

"မဟုတ်ရပါဘူး။ ကိုယ်ကလည်း အဲဒီအချိန်တုန်းက စိမ့်ပန်း ကိုယ့်ကို အရမ်းမုန်းနေတယ်ထင်ပြီး ..."

"ချမ်း ... ကျွန်မလေ ဝီရအပေါ် တရားချင်မှ တရားလိမ့်မယ်။ ကျွန်မရဲ့စိတ်တွေ ချမ်းဆီမှာ ရှိနေတာ သေချာမှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဒီလိုဆုံးဖြတ်ခဲ့တာ။ လေးမောင်နဲ့ လေးအောင်ကော၊ မေမေကကော အချစ်ရေးမှာ ကျွန်မကို စိတ်တိုင်းကျဆုံးဖြတ်ခွင့်ပေးလိုက်ပြီ။ ကျွန်မကိုချစ်တဲ့သူနဲ့ ကျွန်မကချစ်တဲ့သူ တစ်ထပ်တည်း ကျနိုင်ရဲ့လားဟင်”

သူဟာ အရမ်းကို ရင်တွေခုန်လာကာ စိမ့်ပန်းရဲ့ လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လိုက်သည်။

“ကျေးဇူးပါပဲ စိမ့်ပန်း။ ကိုယ့်ကိုယ်ကိုယ် အိပ်မက်,မက်နေသလားတောင် ထင်မိတယ်။ စိတ်ချပါ စိမ့်ပန်းရယ်။ ကိုယ်က စိမ့်ပန်းရဲ့အခက်အခဲ မှန်သမျှကို ဖြေရှင်းပေးသွားမယ့် ချစ်သူအဖြစ် ထာဝရရပ်တည်သွားမယ့်သူပါ”

စိမ့်ပန်းရဲ့မျက်စောင်းနန့်က သူ့ဆီကျလာကာ အသာပြုံးလေသည်။

“တော်သေးတာပေါ့။ ချစ်သေးလို့။ ဒီတစ်ခါ လေစိမ်းတွေ တိုက်လိုက်ရင်တော့ တကယ်ပေးတော့မှာ။ အဲဒီစကားတွေ ပြောဖို့အတွက်ကို ရန်ကုန်လည်း တစ်ခါလာရသေးတယ်။ မာန်ထက်ကိုလည်း အကူညီတောင်းပြီး တွဲပြသေးတယ်။ ပြီးတော့ ရှင် အပြင်ထွက်လာဖို့ကိုလည်း နှစ်ရက်လောက် စောင့်ရသေးတယ်။ ကျွန်မ တော်တော်သိက္ခာကျနေပြီ သိရဲ့လား”



BURMESE CLASSIC .com



သူက အရမ်းကိုချစ်ဖို့ကောင်းသော စိမ့်ပန်းကို ချစ်မဝစွာ ငေးကြည့်ကာ သူမလက်ထဲက ပုစွန်ကင်တွေကို ယူလိုက်ကာ ချက်ချင်းစားပြလိုက်လျှင် စိမ့်ပန်းက အသည်းအသန် လှမ်းတားလေသည်။

“ဟယ် ... ချမ်း၊ Seafood Allergy ရှိတယ်ဆို။ မစားနဲ့လေ”

သူက အရသာရှိသော ပုစွန်ကိုဝါးနေရင်းက စိမ့်ပန်းကို ပြုံးပြလိုက်ကာ ...

“ချောင်းသာသား လုပ်မှတော့ Seafood ကြောက်စရာလား။ ဘာအလာဂျစ်ဖြစ်ဖြစ်ကွာ။ အချစ်က အလာဂျစ်ကိုလည်း ပျောက်စေတယ်တဲ့”

“အပိုတွေ ... အေးနော် မျက်နှာကြီး ယောင်လာရင် မချစ်တော့ဘူး”

“အာ ... ကြည့်လိုက်။ အချစ်က အလာဂျစ်မထစေဘူးကွ။ ချစ်သူက လေစိမ်းတိုက်မှ အလာဂျစ်တင်မကဘူး အအေးပတ်ပြီးဖျားမှာ။ စိမ့်ပန်း ချစ်နေသရွေ့တော့ ကိုယ် ဘာမှ မဖြစ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် စိမ့်ပန်းက သဘောကျစွာရယ်မောနေလေသည်။ သူတို့နှစ်ယောက်ရဲ့အချစ် အချိန်ကာလလေးတွေကို ဒီနေ့ကစပြီး ပျော်ရွှင်စွာ ဖြတ်သန်းသွားတော့မှာဖြစ်၏။

အချစ်ရဲ့လေစိမ်းတိုက်ကာလတွေ ကျော်လွန်ပြီးသောအခါ ပင်လယ်ပြင်နှင့် အနီးတစ်ဝိုက်တွင် ရာသီဥတုက လွန်စွာသာယာနေမည်ဆိုတာ လက်ခံပေးနိုင်မည် ထင်ပါသည်။

✣ ○ ✣

ကျေးဇူးတင်စွာဖြင့်

BURMESE CLASSIC .com

မယ်မင်းဘုံ
29. Feb. 2012. (Wed)
04:08 A.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com